The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 19, NO. 1 တနင်္လာနေ့တိုင်းထုတ်ဝေသည် January 7, 2019

# pdkufysKd;a&;u@zD;EdkifrSkwfckxGuf wdkufa&;twGufpD;ay;oHkpdkufysKd;a&;

စာမျက်နှာ - ၁၈



## ပြည်ဈေးကွက်သို့ ဆောင်းနှမ်းအသစ်များ စတင်ဝင်ရောက်

စာမျက်နှာ - ၅


## လျှာထားချက်ထက် ကျော်လွန်အောင် ဆောင်ရွက်နိုင်သည့် တာချီလိတ်ကုန်သွယ်ရေးစခန်း

စာမျက်နှာ - ၁၃

## ရှားစောင်းလက်ပပ်အပင် ဆေးဖက်ဝင် ဈေးကွက်ဝင်

စာမျက်နှာ - ၁၂





KTK Electrical Engineering Co., Ltd.
TRANSFORMER
ISO 9001:2008
CESI
CPRI
"LOW LOSSES, SUPER EFFICIENCY, DURABILITY"
PRESSURE RELEASE DIVICE
TAP CHANGER
LV BUSHING
NAME PLATE
CORRUGATED FIN
LOGO PLATE
CAPACITY PLATE
TERMINAL OF THE EARTH
FOUNDATION FRAME OF THE TANK
ARCING HORN
HV BUSHING
HV BUSHING NUT
OIL LEVEL INDICATOR
LIFTING EYE
TANK COVER BOLT & NUT
OIL DRAIN VALVE
Yangon Factory : No.307, 9th Lane, Yangon Industrial Park, Zaykabar Compound. Tel: 09-452103099, 09-452103100
Yangon Showroom : No.1042, 4 Quarter, Waizayandar Rd, South Oakalapa Tsp. Tel: 01-667245, 650045, 09-452103020~30~50




ပြည့်ပြည့်ကြီး မောက်မောက်ကြီး ကုမ္ပဏီလီမိတက်
Pyae Pyae Kyie Mauk Mauk Kyie Co.,Ltd.
JAS
PPK
ပင်လယ်ငါးဟင်းခတ်မှုန့်
ပင်လယ်ရေညှိဟင်းခတ်မှုန့်
KANESHICHI CO.,LTD
SINCE 1884
Made in Japan
Price
- 1kg ငါး/ရေညှိ = ၁၅၀၀၀ကျပ်
- 500g ငါး/ရေညှိ = ၈၆၀၀ကျပ်
- 200g ငါး/ရေညှိ = ၃၆၀၀ကျပ်
- 100g ငါးရေညှိ = ၂၀၀၀ ကျပ်
လူတိုင်းကိုယ်စီကျန်းမာဖို့
KANESHICHI BRAND ဟင်းခတ်မှုန့်ကိုသုံးကြစို့
ပြည့်ပြည့်ကြီး မောက်မောက်ကြီးကုမ္ပဏီ(PPK MMK Co.,LTd)
မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးလျက်ရှိပါသည်။
FDA ထောက်ခံချက်ရရှိပြီး IR-F/2015-B1/1537, IR-F/2016-B1/3296, IR-IF/2016-B13297, No.10, Thiri Street, 14 Quarter, Kyauk Kone, Yankin Tsp, Yangon. Tel : 09 253975229, 09 450065431, 09 261351476, 09 454887530

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ရန်ကုန်မြို့ရှိ နီပေါနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Bhim K.Udas အားလည်းကောင်း၊ မြန်မာနိုင်ငံ ဖရဲ၊ သခွားမွှေး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ကိုယ်စားလှယ်အဖွဲ့အားလည်းကောင်း သီးခြားစီလက်ခံတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ရန်ကုန်မြို့ရှိ နီပေါနိုင်ငံသံရုံး မှ သံအမတ်ကြီး H.E. Mr. Bhim K. Udas အား ဇန်နဝါရီ ၃ ရက်နံနက် ၁၁ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံ ဖရဲ၊ သခွားမွှေး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ကိုယ်စားလှယ်အဖွဲ့အား နံနက် ၁၀ နာရီတွင် လည်းကောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၌ သီးခြားစီလက်ခံတွေ့ဆုံခဲ့သည်။

နီပေါနိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်သည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးချဲ့နိုင်ရေးအတွက် အလားအလာရှိသောပို့ကုန်၊ သွင်းကုန်အမယ်များအား ဖော်ထုတ်သွားရေး၊ နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအကြား ဆွေးနွေးပွဲများဆောလျင်စွာ ကျင်းပသွားနိုင်ရေးနှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်တွင် နီပေါနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရေးအတွက် အားပေးသွားရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံ ဖရဲ၊ သခွားမွှေး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံစဉ် တရုတ်နိုင်ငံသို့ ဖရဲနှင့် သခွားမွှေးများ တင်ပို့ရာတွင် တစ်ဖက်နိုင်ငံ၏ နယ်စပ် ဝင်ထွက်ဂိတ်တွင် ဝင်ထွက်မှုစစ်ဆေးသည့် အစီအစဉ်သစ်အရ သစ်သီးတင်ကားများ နှစ်နိုင်ငံနယ်စပ်ဂိတ်တွင် ယာဉ်ပိတ်ဆို့မှု ဖြစ်ပေါ်လာသည့် အခြေအနေ၊ ဂိတ်များမှ ကုန်တင်ယာဉ်များ ဖြန့်ခွဲဝင်ထွက်ခွင့်ရရန် နှစ်ဖက်တာဝန်ရှိသူများ ဆွေးနွေးစီမံဆောင်ရွက်ပေးမှု အခြေအနေ၊ သက်ဆိုင်သည့် ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ နှစ်နိုင်ငံဝင်ထွက်ဂိတ်အသစ် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်မည့် အခြေအနေတို့အားအသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြ ကြောင်း သတင်းရရှိသည်။

**MOC(IR)**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၏ (၂၄)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



(၂၄) ကြိမ်မြောက် မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း နှစ်ပတ်လည်အသင်းသားစုံညီ အစည်း အဝေးကို ဒီဇင်ဘာ ၂၉ ရက် ညနေ ၁၆:၃၀ နာရီက ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် ဗိုလ်ချုပ်လမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်ရှိ Pan Pacific Hotel ၌ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်တက်ရောက် အမှာစကားပြောကြား သည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းသည် မြန်မာနိုင်ငံ၏ ပဲ၊ ပြောင်း၊ ဆီထွက်သီးနှံကဏ္ဍ တစ်ခုလုံးကို ဦးဆောင်၊ ဦးရွက်ပြုပြီး လွှမ်းခြုံကိုယ်စားပြုသော အသင်းကြီးဖြစ်သဖြင့် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်နေပြီး တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးသည် ပုဂ္ဂလိက ကဏ္ဍရဲ့ ဖွံ့ဖြိုးတိုးတက်မှုအပေါ် မူတည်နေပါကြောင်း၊ မိမိတို့၏ လယ်ယာထွက်ကုန် သီးနှံများအား ပြည်ပသို့တင်ပို့ရောင်းချရာတွင် ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားတို့နှင့် အပြိုင်တင်ပို့ရောင်းချနေပြီး ကုန်ပစ္စည်းများ အမျိုး အစားတူပါက အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းချိုသာရန်နှင့် စားသုံးသူများလိုအပ်သည့်အချိန်တွင် တင်ပို့ ရောင်းချနိုင်မှသာ တောင်သူများနှင့်ကုန်သည်များ အကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ သီးနှံများ အရောင်းအဝယ်ပြုလုပ်ရာတွင်လည်း ဝယ်ယူသူနှင့် ထုတ်လုပ်သူများအကြား ဆက်စပ်မှုရှိရန်နှင့် အာမခံချက်များ ရရှိရန်လိုအပ်သလို သီးနှံများရောင်းချရာတွင် ထွက်ရှိသည့် အတိုင်းရောင်းချခြင်း မပြုဘဲ၊ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်တင်ပို့ရောင်းချပါက အကျိုးအမြတ် ပိုမိုရရှိဖြစ်ထွန်းမှာဖြစ်ကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းက တာဝန်ရှိသူများ၊ ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် တောင်သူများ လာရောက်ရောင်းချတာကိုသာ စောင့်ဆိုင်းဝယ်ယူနေသည့် စနစ်မျိုးကို ဆောင်ရွက်နေခြင်းမပြုလုပ်ကြဘဲ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများနဲ့ ကုန်သည်လုပ်ငန်းရှင်များအကြား အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်ကြခြင်းအားဖြင့် ပဲမျိုးစုံကဏ္ဍဖွံ့ဖြိုးတိုးတက် ရေးကို ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းအနေဖြင့် ပြည်နယ်တိုင်းဒေသကြီး အသီးသီးရှိ ကုန်သည်များတွေ့ကြုံနေရသည့် အခက်အခဲများအား ပေါင်းစပ်ညှိနှိုင်းမှုပြုလုပ်ပေးရန်နှင့် လိုအပ်သည်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များ အသင်း နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ ပဲမျိုးစုံ နှင့် နှမ်းကုန်သည်များအသင်းမှ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အသင်းသားများ၊ ပြည်တွင်း၊ ပြည်ပမှ ကုန်သည်လုပ်ငန်းရှင်များ စုံညီစွာတက်ရောက်ကြကြောင်း သတင်းရရှိသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ ဦးဇော်မင်းဝင်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ ဥက္ကဋ္ဌ ဦးထွန်းလွင်က နှုတ်ခွန်းဆက် အမှာစကား အသီးသီးပြောကြား ပြီးအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။

**MOC(IR)**

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**

မြင့်လွင်

မင်းမင်း

ဦးဦးဟန်

မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**

သိန်းထွန်းဦး

**တာဝန်ခံစာတည်း**

-

**အုပ်ချုပ်ရေးမှူး**

အေးအေးမော်

**စာတည်းအဖွဲ့**

ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**

ယဉ်ယဉ်အေး၊ မော်မော်အောင်၊

ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**

သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)

ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊

ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊

မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊

ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)

ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊

မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)

စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**

ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**

ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**

ဦးမြတ်ထွန်းကျော်(၀၁၀၅၅)

အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊

ပန်းဘဲတန်းမြို့နယ်။ ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**

သန်းစိုး

**ဖြန့်ချိရေး**

ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊

အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**

ဝင်းမာသိန်း

သင်းသီရိအောင်

**Layout Design & Graphic Design**

CJ Design Group

**ပုံနှိပ်သူ**

ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**

commercejournal.editor@gmail.com

# ရန်ကုန်ဆန်စျေးကွက်ကို ရွှေဘိုပေါ်ဆန်းနဲ့ဆန်ကြမ်းအသစ်ထပ်မံဝင်ရောက်



ယခုတစ်ပတ် ရန်ကုန်ဆန်စျေးကွက်မှာ ဆန်ချောရော ဆန်ကြမ်းပါအသစ်များ ထပ်မံဝင်ရောက်လာပြီး ဆန်စျေးနှုန်း အတက်အကျသိပ်မရှိဘဲ ပုံမှန်အရောင်းအဝယ်ဖြစ်နေတယ်လို့ ဝါးတန်းဆန်ကုန်စည်ဒိုင်မှ သိရပါတယ်။

ကုန်စည်ဒိုင်ရဲ့ ဆန်လက်ကား စျေးနှုန်းများအရ ဖျာပုံပေါ်ဆန်းဆန် ထိပ်စတစ်အိတ်ကျပ် ၃၈၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၇၀၀၀၊ ပုသိမ်ပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ် ၄၂၀၀၀ နဲ့ လတ်စတစ်အိတ်လျှင် ကျပ် ၄၀၀၀၀၊ ကျိုက်လတ်ပေါ်ဆန်းဆန် ထိပ်စတစ်အိတ်ကျပ် ၃၅၀၀၀ နဲ့လတ်စတစ်အိတ်ကျပ် ၃၄၀၀၀၊ နယ်စုံပေါ်ဆန်းအသစ်တစ်အိတ်ကျပ် ၃၂၀၀၀-ကျပ် ၃၃၀၀၀၊ ကျားပျံ အသစ်တစ်အိတ်ကျပ်၃၅၀၀၀-ကျပ် ၃၇၀၀၀ရှိပြီး ယခင်တစ်ပတ်စျေးအတိုင်း မပြောင်းလဲကြောင်း သိရပါ တယ်။

ရွှေဘိုပေါ်ဆန်းဆန်အဟောင်းတစ်အိတ်လျှင် ကျပ် ၆၂၀၀၀ - ကျပ် ၆၄၀၀၀ရှိပြီး ထပ်မံဝင်ရောက်လာတဲ့ ရွှေဘိုပေါ်ဆန်းဆန်အသစ်တစ်အိတ်လျှင် ကျပ် ၄၈၀၀၀ - ကျပ် ၅၀၀၀၀ရှိကြောင်းနဲ့ ဆန်အဝင်ပုံမှန်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ရှိကြောင်း ကုန်စည်ဒိုင်မှသိရပါတယ်။

ယခုတစ်ပတ်ဆန်ကြမ်းစျေးကွက်တွင်လည်း ဆန်ကြမ်းအသစ်များ ထပ်မံဝင်ရောက်လာပြီး ဆန်စျေးနှုန်းလည်း အတက်အကျသိပ်မရှိကြောင်း သိရပါတယ်။ ဧည့်မထ ၂၅ မှတ်ဆန် တစ်အိတ်လျှင် ကျပ် ၂၁၀၀၀ - ကျပ် ၂၁၅၀၀၊ ရက်(၉၀)ဆန်တစ်အိတ်လျှင် ကျပ် ၂၉၀၀၀- ကျပ် ၃၁၀၀၀၊သီးထပ်(ရှယ်)တစ်အိတ်လျှင် ကျပ် ၂၃၀၀၀-ကျပ် ၂၄၀၀၀ရှိပြီး အသစ်ထပ်မံဝင်ရောက်လာတဲ့ဆန်ကြမ်းအသစ်က တစ်အိတ်လျှင် ကျပ် ၂၀၀၀၀- ကျပ် ၂၁၀၀၀ ရှိကြောင်း သိရပါတယ်။

ယခုတစ်ပတ် ကုန်စည်ဒိုင်မှာ ဆန်အဝင်ရော အရောင်းအဝယ်ပါ ပုံမှန်ရှိနေတယ်လို့ သိရပါတယ်။ **ယဉ်ယဉ်အေး**

## ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆန်ဟောင်း၊ ဆန်သစ်စပါးစျေးကွက် စျေးနှုန်းတည်ငြိမ် အရောင်းအဝယ်ပုံမှန်ရှိ

ဧရာဝတီတိုင်းဒေသကြီး (၂၆)မြို့နယ်အတွင်း ဆန်ဟောင်း/ဆန်သစ်စပါးစျေးကွက်မှာ ယခု ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ပထမပတ်မှာ အရောင်းအဝယ်ပုံမှန်ရှိ၍ စျေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း ၂၀၁၈ ပေါ်ဆန်းဆန်အဟောင်းစျေးမှာမြောင်းမြခရိုင်၊ ဖျာပုံခရိုင်၊ ပုသိမ်၊ ငပုတောမြို့နယ်များတွင် ကျပ် ၄၅၀၀၀ မှ ၅၅၀၀၀၊ ပေါ်ဆန်း ဆန်အသစ်စျေးမှာမြောင်းမြခရိုင်၊ ဖျာပုံခရိုင်၊ ပုသိမ်၊ ကန်ကြီးထောင့်၊ ငပုတောမြို့နယ်များတွင် ကျပ် ၃၅၀၀၀ မှ ၄၂၀၀၀ စျေးအတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိရာ ပေါ်ဆန်းဆန်အသစ်နှင့် အဟောင်းစျေးနှုန်းမှာ တစ်အိတ်လျှင် ကျပ် ၁၀၀၀၀ ဝန်းကျင်နှင့်အထက် စျေးနှုန်းကွာခြားမှုရှိပြီး စျေးကွက်တွင် ဆန် အသစ်/အဟောင်းပုံမှန် အရောင်းအဝယ်ရှိကြောင်း စျေးကွက်မှသိရသည်။

ပေါ်ဆန်းဆန်စျေးနှုန်း ကွာခြားမှုနှင့်အတူ ဧည့်မထဆန်အဟောင်းစျေးမှာတိုင်းအတွင်း မြို့နယ်များတွင် ကျပ် ၂၆၀၀၀ မှ ၂၈၅၀၀ စျေးဝန်းကျင်ရှိပြီး ဧည့်မထစပါးသစ်ဆန်စျေးမှာ ကျပ် ၁၉၀၀၀ မှ ၂၁၅၀၀ အတွင်းရှိ၍ ဧည့်မထဆန်အဟောင်းစျေးနှင့်ဆန်သစ်စျေးမှာ တစ်အိတ်ကို ကျပ် ၇၀၀၀ ကျပ်ဝန်းကျင် စျေးနှုန်းကွာခြားမှုရှိ၍ အရောင်းအဝယ်ပုံမှန်ရှိကြောင်းဆန်စပါးစျေးကွက်သတင်းများမှသိရသည်။ **မင်းမင်းဦး(ပသ)**

# ဒီဇင်ဘာလအတွင်း ဆန်နဲ့ဆန်ကွဲတန်ချိန် နှစ်သိန်းခြောက်သောင်းကျော်တင်ပို့

ဒီဇင်ဘာ ၂၂ ရက်မှ ၂၈ ရက်အထိ သီတင်းတစ်ပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၈၅၆ သန်း တန်ဖိုးရှိ ဧည့်မထဆန် ၂၉၆၃၉ တန် တင်ပို့ခဲ့ကြောင်းသိရပါတယ်။ စခန်းအလိုက် တင်ပို့မှုများမှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ၂၃၈၅၄ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ၁၈၇ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၅၅၉၈ တန် တင်ပို့ခဲ့ပါတယ်။ ဒီဇင်ဘာလတစ်လလုံးအတွင်းမှာ အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၇၅ သန်း တန်ဖိုးရှိ ဆန် ၁၁၆၆၅၈တန်တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး နိုဝင်ဘာလ တင်ပို့မှုထက် ၂၃၈၃၅ တန် ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။

ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုညဒသမ၀၁၈ သန်း တန်ဖိုးရှိ ဆန်ကွဲ ၆၄ တန်ကို လွယ်ဂျယ်စခန်းမှ တင်ပို့ခဲ့ပြီး ဒီဇင်ဘာလအတွင်းမှာ အမေရိကန်ဒေါ်လာ သုညဒသမ ၀၉၄ သန်း တန်ဖိုးရှိ ဆန်ကွဲ ၃၄၂ တန် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ နိုဝင်ဘာလအတွင်းက လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဆန်ကွဲ ၄၄၂ တန် တင်ပို့ခဲ့တဲ့အတွက် ယခုလ ဆန်ကွဲ တင်ပို့မှု တန်ချိန် ၁၀၀ လျော့ကျခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဒီဇင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၄၄၆ သန်း တန်ဖိုးရှိ ဧည့်မထဆန်၊ ငစိန်ဆန်နဲ့ ပေါင်းဆန် ၄၀၄၇၉ တန် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ ဖိလစ်ပိုင်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ပြီး တန်ချိန်အားဖြင့် ၂၄၅၁၀၊ အိုင်ဗရီကို့စ်နိုင်ငံသို့ တန်ချိန် ၇၀၀၀၊ ဂီနီနိုင်ငံသို့ တန်ချိန် ၅၁၀၊ ဘီနင်နိုင်ငံသို့ တန်ချိန် ၂၀၀၀၊ အီးယူနိုင်ငံများသို့ ၆၄၅၉ တန် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ဒီဇင်ဘာလအတွင်းမှာ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၂၀၇ သန်း တန်ဖိုးရှိ ဆန် ၁၂၀၁၅ တန်ကျော် တင်ပို့ခဲ့ပြီး ယခင်နိုဝင်ဘာလတင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုလမှာ ၆၃၉၃၂ တန် ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။

ယခုတစ်ပတ်ရေကြောင်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၆၁ သန်း တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၄၁၅၀ ကို အီးယူနိုင်ငံများသို့ တင်ပို့ခဲ့ပြီး ဒီဇင်ဘာလအတွင်းမှာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၄၆၈ သန်းတန်ဖိုးရှိ ဆန်ကွဲ ၂၆၅၉၅ တန် တင်ပို့ခဲ့ပါတယ်။ အနီးစပ်ဆုံး နိုဝင်ဘာလတင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုလမှာ ၁၁၄၃၆ တန် ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။

ဒီဇင်ဘာလအတွင်း ဆန်နဲ့ဆန်ကွဲတင်ပို့မှု စုစုပေါင်းမှာ ဆန် ၂၃၇၆၇၃ တန်နဲ့ ဆန်ကွဲ ၂၆၉၃၇ တန် တင်ပို့ခဲ့တာဖြစ်ကြောင်း သိရပါတယ်။ **ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်စျေးနှုန်းများ

၃-၁-၂၀၁၉ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၉၀ | ၃၇၉ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၀ | ၃၇၉ | △ | ၃၇၅ | ၃၇၀ | ▽ | ၃၇၀ | ၃၉၀ | △ | ၃၄၀ | ၃၅၁ | △ |
| ဆန်ဖြူ ၁၀% | ၃၇၀ | ၃၇၀ | □ | ၃၇၂ | ၃၆၀ | ▽ | - | - | - | ၃၄၃ | ၃၄၆ | △ |
| ဆန်ဖြူ ၁၅% | ၃၇၆ | ၃၇၆ | □ | ၃၇၀ | ၃၆၆ | ▽ | - | - | - | ၃၃၀ | ၃၄၁ | △ |
| ဆန်ဖြူ ၂၅% | ၃၇၀ | ၃၇၀ | □ | ၃၆၄ | ၃၆၄ | □ | ၃၆၀ | ၃၆၀ | □ | ၃၃၃ | ၃၃၄ | △ |
| ပေါင်းဆန် | ၄၀၆ | ၄၀၆ | □ | - | - | - | ၃၇၀ | ၃၇၀ | □ | ၄၀၀ | ၄၀၀ | □ |

*Source: liverice*

## ပြည်တွင်းမြို့ကြီးများ၏ (၃-၁-၂၀၁၉)ရက်နေ့ ဆန်၊ စပါးစျေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၅၃၀၀ | □ | ၂၁၅၀၀ | □ | ၈၅၀၀၀ | □ | ၄၃၀၀၀ | □ |
| ပုသိမ် | ၅၇၀၀ | □ | ၂၁၀၀၀ | □ | ၈၈၀၀၀ | □ | ၃၇၀၀၀ | □ |
| ပဲခူး | ၅၃၀၀ | □ | ၂၂၅၀၀ | □ | - | □ | ၅၃၀၀၀ | □ |
| ရွှေဘို | ၆၅၀၀ | □ | ၂၆၀၀၀ | □ | ၁၅၅၀၀ | □ | ၅၂၀၀၀ | △ |
| စစ်တွေ | ၅၀၀၀ | □ | ၂၂၀၀၀ | □ | ၇၆၀၀ | △ | ၃၄၀၀၀ | ▽ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၆၀၀၀ | □ | ၂၄၀၀၀ | □ | - | - | ၄၅၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၀၈၀ | □ | ၂၁၂၀၀ | □ | - | - | ၃၄၀၀၀ | □ |
| မန္တလေး | ၆၅၀၀ | □ | ၂၄၀၀၀ | □ | - | - | ၅၂၃၀၀ | □ |
| မကွေး | ၆၀၀၀ | □ | ၂၁၅၀၀ | ▽ | - | - | ၄၉၀၀၀ | □ |
| မော်လမြိုင် | ၆၃၀၀ | □ | ၂၂၀၀၀ | □ | ၁၁၀၀၀ | □ | ၃၈၀၀၀ | □ |
| လှိုင်ကော် | ၈၃၁၀ | △ | ၃၆၀၀၀ | □ | - | - | ၆၅၀၀၀ | □ |
| မြိတ် | ၈၀၀၀ | △ | ၂၅၀၀၀ | △ | - | - | ၄၀၀၀၀ | ▽ |
| ဘားအံ | ၅၅၀၀ | □ | ၂၁၅၀၀ | □ | - | - | ၅၀၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်စျေးမှာ နတ္တလင်းဆန်စျေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးစျေးမှာ သန်လျင် မြို့နယ်၏ စပါးစျေးနှုန်းဖြစ်ပါသည်။

## ၃၁-၁၂-၂၀၁၈ မှ ၄-၁-၂၀၁၉ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 113 | 14,003,988.500 |
| 2 | Form D | 46 | 5,138,572.450 |
| 3 | Form E | 89 | 3,446,154.680 |
| 4 | Korea GSP | 6 | 70,112.630 |
| 5 | Form AK | 45 | 3,127,037.110 |
| 6 | Form AJ | 6 | 147,667.600 |
| 7 | Form AI | 83 | 2,280,302.760 |
| 8 | Form AANZ | 9 | 190,002.050 |
| 9 | Form DFTP | 1 | 123,984.000 |
| 10 | Form CHINA | - | - |
| Grand Total | | 398 | 28,527,821.780 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၃-၁-၂၀၁၉ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၈/၁၂ | ၃/၁ | ပြောင်းလဲမှု | ၂၈/၁၂ | ၃/၁ | ပြောင်းလဲမှု | ၂၈/၁၂ | ၃/၁ | ပြောင်းလဲမှု | ၂၈/၁၂ | ၃/၁ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၂၅၅ | ၁၂၀၈ | ▼ | ၁၁၆၇ | ၁၁၆၇ | ■ | ၁၂၀၀ | ၁၁၅၀ | ▼ | ၁၂၀၀ | ၁၂၀၀ | ■ |
| ပဲစင်းငုံ | ၁၂၂၀ | ၁၁၉၂ | ▼ | ၁၁၆၇ | ၁၁၃၃ | ▼ | ၁၁၉၂ | ၁၂၇၅ | ▲ | ၁၃၁၅ | ၁၂၀၀ | ▼ |
| ပဲတီစိမ်း | ၁၅၈၀ | ၁၅၈၀ | ■ | ၁၀၆၇ | ၁၇၄၂ | ▼ | ၁၇၄၂ | ၁၆၅၇ | ▼ | ၁၇၆၅ | ၁၆၆၀ | ▼ |
| ကုလားပဲရိုးရိုး | ၁၈၂၅ | ၁၈၀၀ | ▼ | ၁၂၉၃ | ၁၃၃၃ | ▲ | ၁၂၆၃ | ၁၂၆၃ | ■ | ၁၃၁၅ | ၁၂၉၀ | ▼ |
| ပဲလွန်းဖြူ | ၁၁၃၀ | ၁၀၆၅ | ▼ | ၁၄၁၇ | ၁၃၀၀ | ▼ | ၁၇၀၉ | ၁၇၀၉ | ■ | ၁၁၃၅ | ၁၁၃၀ | ▼ |
| ထောပတ်ပဲ | ၂၄၃၀ | ၂၂၆၀ | ▼ | ၂၄၀၉ | ၂၃၆၄ | ▼ | ၂၁၀၅ | ၂၁၀၅ | ■ | ၂၃၇၀ | ၂၂၁၀ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၁.၁၈) မှ |
| | (၂၂.၁၂.၁၈)ထိ | (၂၉.၁၂.၁၈)ထိ | (၂၉.၁၂.၁၈) ထိ |
| မတ်ပဲ | ၅၈၃၇၀၂ | ၁၄၁၁၀ | ၅၉၇၈၁၂ |
| ပဲတီစိမ်း | ၁၂၃၀၀၅ | ၁၉၁၂ | ၁၂၄၉၁၇ |
| ပဲစင်းငုံ | ၁၈၇၃၃၅ | ၃၃၁၇ | ၁၉၀၆၅၂ |
| ကုလားပဲ | ၆၆၁၁၂ | ၂၀၄၅ | ၆၈၁၅၇ |
| ပဲလွန်းဖြူ | ၂၃၇၅၉ | ၂၃၆ | ၂၃၉၉၅ |
| မြေထောက်ပဲ | ၁၀၁၀၀ | ၁ | ၁၀၁၀၁ |

## ပြည်ဈေးကွက်သို့ ဆောင်းနှမ်းအသစ်များ စတင်ဝင်ရောက်

ယခုအပတ် ပြည်ဈေးကွက်သို့ ဆောင်းနှမ်းအသစ်များ အနည်းငယ် စတင် ဝင်ရောက်လာတာ တွေ့ရပါတယ်။ ဆောင်းနှမ်းနက်အသစ်ကို ပြည်ဈေးကွက်သို့ တစ်နေ့လျှင် အိတ် ၄၀-၅၀ လောက် စတင်ဝင်ရောက်လာတာဖြစ်လို့ ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ နှမ်းနက်သာ ဝင်ရောက်မှုရှိပေမယ့် နှမ်းနီမှာ ဝင်ရောက်မှုမရှိသေးတဲ့အတွက် နှမ်းနီဈေးမြင့်နေတာ တွေ့ရပါတယ်။ မန္တလေးဝယ်လက်များက စမုံနက်နှမ်းနှင့်နှမ်းနက်ကို ဝယ်ယူမှုရှိပေမယ့်ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ယခုတစ်ပတ် နှမ်းဈေးမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၅၆၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးမြင့်ခဲ့သော်လည်း နှမ်းနက်မှာ တစ်တင်းလျှင် ကျပ် ၆၃၀၀၀ နှင့် စမုံနက်နှမ်းတစ်တင်းလျှင် ကျပ် ၇၃၀၀၀ ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေတာတွေ့ရပါတယ်။ **ဝေဝေမင်း(ပြည်)**



## ဒီတစ်ပတ် ကုန်းလမ်းမှ နှမ်းတင်ပို့မှုပို

ယခုတစ်ပတ် ပင်လယ်ရေကြောင်းမှ နှမ်းတင်ပို့မှုတန်ချိန်လျော့ကျပြီး ကုန်းလမ်းမှတင်ပို့မှုပိုမိုခဲ့ပါတယ်။ တစ်ပတ်အတွင်း တင်ပို့မှုမှာ မူဆယ် ၁၀၅မိုင် ကုန်သွယ်ရေးဇုန်မှ နှမ်း ၁၅၇၃၆၅၀ ကီလို၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၅၆ သန်း တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်တင်ပို့မှုမှာ နှမ်း ၈၅၅၂၅၀ ကီလို၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၄၉ သန်း တင်ပို့ခဲ့သဖြင့် မူဆယ်မှ နှမ်းတင်ပို့မှုအနေဖြင့် ၇၁၈၄၀၀ကီလိုပိုမိုခဲ့ပါတယ်။

ပင်လယ်ရေကြောင်းမှ တင်ပို့မှုမှာ ယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ သုည ဒသမ ၈၈၇ သန်းတန်ဖိုးရှိ နှမ်းတန်ချိန် ၄၄၉ ဒသမ ၇၃၄ တန် တင်ပို့ခဲ့ကာ ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၆၄၁ သန်းတန်ဖိုးရှိ နှမ်းတန်ချိန် ၃၉၄ ဒသမ ၄၃၃ တန် တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ် ပင်လယ်ရေကြောင်းမှ ဂျပန်၊ စင်ကာပူ၊ ထိုင်း၊ ဟောင်ကောင်နှင့် ထိုင်ဝမ် တို့သို့တင်ပို့ခဲ့ပါတယ်။ မြန်မာ့နှမ်းနက်ကို ဂျပန်နိုင်ငံမှ အလွန်နှစ်သက်ကြောင်းကိုလည်း နှမ်းအသိုင်းအဝိုင်းမှသိရပါတယ်။

**ခင်လေးယု**

## ပခုက္ကူကုန်စည်ဒိုင်တွင် နှမ်းမျိုးစုံနှင့် ပဲမျိုးစုံ အရောင်းအဝယ်ဖြစ်နေ



ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် နှမ်းနက်(စမုံ)မှာ အရည်အသွေးကိုလိုက်၍ တစ်တင်းလျှင် ကျပ် ၅၃၀၀၀-၇၀၀၀၀-၇၃၀၀၀ ဖြင့် အိတ် ၁၀၀ မှ ၉၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ နှမ်းနက် (ဂွ)မှာ တစ်တင်းလျှင် ကျပ် ၆၃၀၀၀ ဖြင့် အိတ် ၅၀ မှ ၁၀၀ခန့်၊ နှမ်းဖြူ တစ်တင်းလျှင် ကျပ် ၅၆၀၀၀-၅၆၅၀၀ ဖြင့် အိတ် ၁၀၀ခန့်၊ နှမ်းညို တစ်တင်းလျှင် ကျပ် ၅၃၀၀၀ ဈေးဖြင့် အိတ် ၁၀၀ခန့်၊ နှမ်းနီ တစ်တင်းလျှင် ကျပ် ၅၃၅၀၀ဖြင့် အိတ် ၅၀ခန့် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

၂၀၁၈ ပဲစင်းငုံနီ တစ်တင်းလျှင် ကျပ် ၂၂၀၀၀ ဖြင့် အိတ် ၅၀ခန့်၊ ၂၀၁၉ ခုနှစ်ထွက် ပဲစင်းငုံနီ(အသစ်) တစ်တင်းလျှင် ကျပ် ၂၅၃၀၀-၂၅၈၀၀-၂၆၀၀၀ ဖြင့် အိတ် ၅၀ မှ ၁၀၀ကြား၊ ကုလားပဲ သုံးမျိုးမှာ ဈေးအနည်းငယ်ကျနေပြီး ကုလားပဲဝါ HL တစ်တင်းလျှင် ကျပ် ၂၄၀၀၀ ဖြင့် အိတ် ၅၀ခန့်၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင် ကျပ် ၂၃၅၀၀ ဖြင့် အိတ် ၅၀ခန့်၊ ကုလားပဲဝါလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၂၄၅၀၀ဖြင့် အိတ် ၅၀ခန့်၊ ပဲတီစိမ်းသေး တစ်တင်းလျှင် ကျပ် ၂၉၀၀၀-၃၀၀၀၀ ဖြင့် အိတ် ၅၀ မှ ၁၀၀ကြား ၊ ပြောင်းဖူးစေ့ CP တစ်တင်းလျှင် ကျပ် ၇၉၀၀ ဖြင့် အိတ် ၅၀ မှ ၁၀၀ ကြားအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကုန်စည်ဒိုင်မှ သိရပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ပဲတီစိမ်းအသစ်များ ဈေးပိုရလာပြီး တောင်သူများတွက်ခြေကိုက်နေ

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်နှင့်ရေနံချောင်းမြို့နယ်ရှိ ကျေးရွာများမှ ပဲတီစိမ်းများ နေ့စဉ်ဝင်ရောက်နေရာ ဒေသခံပွဲရုံပွဲစားများမှဝယ်ယူသည့်အပြင် ဈေးပိုရနေကြောင်းသိရသည်။

“ယခုနှစ်မှာနှမ်းစမုံနက်၊ မြေပဲစိုက်ခင်းမှာသီးညှပ်စိုက်ကြသလိုနွားစာလည်းရတယ်။ သီးခြားစိုက်သူတွေလည်း ရှိပါတယ်။ ယခုအသစ်ပေါ်နေပါပြီ။ ပွဲစားတွေကျေးရွာဆင်းပြီးဝယ်နေကြတာပါ။ဈေးကလည်းယခင်တစ်ပတ်မှာပဲတီစိမ်း တစ်တင်းကျပ် ၃၀၀၀၀ ရှိနေရာက ယခုတစ်ပတ်မှာ ကျပ်၃၃၀၀၀ နဲ့ဝယ်နေတယ်”ဟု ရေနံချောင်းမြို့နယ် ယင်းမချောင်းကျေးရွာမှတောင်သူတစ်ဦးကပြောသည်။

ပွဲစားတစ်ဦးက ‘ပဲတီစိမ်းကိုယာမြေစိုက်၊ ချောင်းမြေစိုက်၊ ကိုင်းမြေစိုက်ဆိုပြီးရှိတဲ့အနက်က ယခုယာစိုက်နဲ့ ချောင်းစိုက်ပဲတွေဝင်တာပါ။ နယ်ဝယ်လိုအားရှိတာကြောင့်ဈေးမှာပဲတစ်တင်းကျပ်၃၃၀၀၀ဈေးပေါက်တာပါ’ဟုပြောသည်။ **ရွှေစင်**

## ပဲလွန်းအသစ် လှိုင်လှိုင်ပေါ်နေ၍ ဈေးကောင်းရနေ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်နှင့်ချောက်မြို့နယ်များတွင် စိုက်ပျိုးသည့်ပဲလွန်းများအသစ်ပေါ်နေပြီး ပွဲစားများနှင့်မုန့်လုပ်ငန်းများကဝယ်ယူနေကြောင်းသိရသည်။

ချောက်မြို့နယ် ကြီးမြင့်ကျေးရွာ၊ ကြောင်လျှာတောကျေးရွာ၊ အေးရွာ၊ ကျောက်ရဲကျေးရွာ၊ ဆားလယ်ကျေးရွာ၊ အိုးဘိုရွာ၊ ကြံကံရွာစသည့် ကျေးရွာဆယ်ရွာကျော်နှင့်ရေနံချောင်းမြို့နယ်မှကျေးရွာဆယ်ရွာတို့မှပဲလွန်းများဆွတ်ခူးနေကြကာ ဈေးကွက်သို့ ဝင်ရောက်နေကြောင်းသိရသည်။

“ဒီနှစ် ပဲလွန်းဈေးပိုရတယ်။ ယခင်နှစ်ကာလတူမှာ ပဲလွန်းအဝါတစ်တင်းကျပ် ၂၃၀၀၀ပဲရတာ။ ယခုနှစ်မှာ ကျပ် ၂၇၀၀၀ ဈေးရတယ်။ ကိုယ်တိုင်မြို့တက်ပြီး လက်လီရောင်းရင် ကျပ် ၂၈၀၀၀ရတယ်။ ဈေးကောင်းတဲ့အတွက်အဆင်ပြေတာပေါ့” ဟုချောက်မြို့နယ်မှ တောင်သူတစ်ဦးကပြောသည်။

ပဲလွန်းကိုမုန့်လုပ်ငန်းများတွင် ယိုအဖြစ်အသုံးပြုကြသည့်အပြင် မြန်မာ့ရိုးရာအစားအစာတွင် ပဲကပ်ကြော်၊ ပဲမုန့်ကြော်အဖြစ် စားသုံးကြသဖြင့် လက်လီအဝယ်ရှိကြောင်း ပွဲစားတစ်ဦးက ပြောသည်။

လက်ရှိပဲလွန်းအဝါတစ်တင်းကျပ် ၂၇၀၀၀ပေါက်ဈေးရှိကြောင်းပဲဈေးကွက်မှသိရသည်။

**ရွှေစင်**

## ပြည်ဈေးကွက်သို့ ဆောင်းမြေပဲအသစ်များ စတင်ဝင်ရောက်

ပြည်ဈေးကွက်သို့ ဆောင်းမြေပဲအသစ်များကို ရွှေတောင်၊ မင်းတုန်းနှင့် ပြည်၊ အောင်လံကြား ကျေးရွာများမှ အနည်းငယ်စတင်ဝင်ရောက်လာတာ တွေ့ရပါတယ်။ ဆောင်းပဲများ ဝင်ရောက်လာသော်လည်း ယခင်တစ်ပတ်ကအတိုင်းဈေးငြိမ်နေတာတွေ့ရပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးမှာ ဆီဆန်(ဖြူ) တစ်ပိဿာ လျှင် ကျပ် ၂၄၀၀၀၊ (နီ) တစ်ပိဿာလျှင် ကျပ် ၂၅၅၀ ဖြင့် ပြည်ဆီစက်နှင့် ရန်ကုန် ဆီစက်များက အဝယ်ရှိလို့ တစ်နေ့လျှင် အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ပြီး လုံးဆန် (အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၆၅၀ ဖြင့် ရန်ကုန်ဝယ်လက်များက ယိုးဒယားပို့ရန် အဝယ်ရှိပြီး (အနီ) တစ်ပိဿာလျှင် ကျပ် ၂၈၀၀ ဖြင့် မြို့တွင်း အကြော်ဖိုသမားနှင့် မန္တလေးဝယ်လက်များက အဝယ်ရှိနေတာ တွေ့ရပါတယ်။

**ဝေဝေမင်း(ပြည်)**

## ပြည်ဘိုကိတ်ပဲသစ် လက်လီ/လက်ကား အရောင်းအဝယ်ဖြစ်

ပြည်ပဲဈေးကွက်မှာ ဆောင်းပဲသစ်အချို့ဝင်ရောက်မှုများရှိလာခဲ့လို့ ဘိုကိတ်ပဲသစ်များလည်း ပဲသစ်အဝင် ဆက်ရှိလာနေခဲ့ပါတယ်။ တစ်ရက်အိတ် ၁၀၀/၁၅၀ ကျော် ဝင်ရောက်မှုရှိလာပြီး ဝယ်လက်အနေဖြင့် ဒေသတွင်းဝယ်လက်များအပြင် ရန်ကုန်ဝယ်လက်ပါ ဝယ်ယူနေလို့ လက်လီလက်ကား အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ပဲဈေးနှုန်းမှာ တစ်တင်းကျပ် ၁၉၅၀၀ ဖြင့် ပဲအဝင်များလာသော်လည်း အဖွင့်ဈေးထက် သိသိသာသာ လျော့နည်းသွားခြင်းမရှိဘဲ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်နှစ်က ဘိုကိတ်ပဲသစ်ဈေးမှာ အဖွင့်ဈေးတစ်တင်း ကျပ် ၂၆၀၀၀ ရရှိခဲ့လို့ ယခုနှစ်ပဲသစ်ဈေးမှာ ယခင်နှစ်ဈေးနှုန်းကို မမီခဲ့ဘူးလို့သိရပါတယ်။ **ခင်ဆွေဝင်း (ပြည်)**

# နိုင်ငံ့ဝင်ငွေအများအပြား ရှာပေးနေသော မြိတ်၊ထားဝယ်ငါးလုပ်ငန်း

**ခင်မြနွယ် MYANTRADE (TIR)**

မြိတ်၊ ထားဝယ်ဒေသငါးလုပ်ငန်းက နိုင်ငံ့ဝင်ငွေတွေ အများအပြားရှာပေးနေပါတယ်။ ဒါပေမဲ့ ကောင်းမွန်တဲ့ အခြေခံအဆောက်အဦးတွေမရှိလို့ ထိုင်းနိုင်ငံက ဝယ်မယ့်သူတွေအပေါ်မှာ မှီခိုနေရပြီး ငါးဖမ်းလုပ်ငန်း ထင်သလောက် ခရီးမပေါက်ဖြစ်နေရပါတယ်။ တနင်္သာရီတိုင်းဒေသကြီးရဲ့ ထူးခြားတဲ့ပထဝီအနေအထားအရ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက ဒီဒေသရဲ့အဓိကဝင်ငွေဟာ ငါးဖမ်းလုပ်ငန်းဖြစ်ခဲ့တာပါ။

အထူးသဖြင့် မြိတ်၊ ထားဝယ်နဲ့ကော့သောင်းဒေသတွေဟာ ရေလုပ်ငန်းအထူးဖြစ်ထွန်းတဲ့ဒေသတွေဖြစ်တာကြောင့် တစ်ဖက်ထိုင်းနိုင်ငံကိုတင်ပို့ပြီး နိုင်ငံတော်အတွက်လည်း နိုင်ငံခြားဝင်ငွေရအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပါတယ်။ ဒါပေမဲ့လည်း အိမ်နီးချင်းထိုင်းနိုင်ငံကလွဲလို့ မြန်မာ့ရေထွက်ကုန်တွေ နိုင်ငံတကာဈေးကွက်ကို ထိုးဖောက်ဝင်ရောက်နိုင်ဖို့ လုံလောက်တဲ့အခြေခံ အဆောက်အဦတွေမရှိခဲ့တာကြောင့် ထိုင်းနိုင်ငံဘက်က အဝယ်ရပ်သွားတဲ့အချိန်မှာ တစ်ချိန်က ငါးဖမ်းလှေတွေနဲ့စည်းကားပြီး အရောင်းအဝယ်ဖြစ်ထွန်းခဲ့တဲ့ မြိတ်မြို့က Myanmar International Fish Auction Market မြန်မာနိုင်ငံတကာ ငါးလေလံဈေးကြီးဟာ လုံးဝရပ်ဆိုင်းပစ်လိုက်ရတဲ့အခြေအနေကို ရောက်သွားခဲ့ပါတယ်။ လွန်ခဲ့တဲ့ (၁၅)နှစ်လောက် ငါးလေလံဈေးကြီး ပိတ်ပစ်လိုက်ရတဲ့ အကြောင်းရင်းများက ထိုင်းမှာ အရေးအခင်းဖြစ်တဲ့အခါ ငါးမဝယ်တော့ဘဲ၊ ရပ်တဲ့အချိန် ငါးဝယ်ပို့နိုင်တဲ့ အနေအထားမှာ အခက်အခဲရှိသွားပါတယ်။ ရောင်းသူလာရောင်းတဲ့အချိန်မှာ ဝယ်သူက လုံးဝဝယ်ယူနိုင်တဲ့အနေအထားမှာ မရှိကြတဲ့အတွက် ရောင်းသူတွေက ရောင်းချဖို့အတွက် အခက်အခဲရှိလာပါတယ်။

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလမှာ ပြန်လည်ဖွင့်လှစ်ဖို့ ပြင်ဆင်နိုင်ဖို့အတွက်ကို ဧပြီလကစပြီးတော့ ဩဂုတ်လအထိ Maintaince အအေးခန်း၊ ရေ၊ လျှပ်စစ်၊ ရေသန့်တို့အဆင်သင့်ဖြစ်အောင် စီစဉ်ခဲ့ပေမယ့် လိုအပ်တဲ့ ပြင်ဆင်မှုတွေ မပြီးခဲ့တာကြောင့် အချိန်မီ ဖွင့်နိုင်ခဲ့ခြင်းမရှိပါဘူး။ ဒါပေမဲ့ နိုင်ငံတကာ ငါးလေလံဈေးရဲ့မန်နေဂျင်းဒါရိုက်တာ ဒေါ်ဌေးဌေးဝင်းက ဒီငါးလေလံဈေးကို လာမယ့်နှစ်ဆန်းပိုင်းမှာ ဖွင့်လှစ်ပြီး လုပ်ငန်းတွေကိုလည်ပတ်တော့မယ်လို့ မကြာသေးခင် ရက်ပိုင်းအတွင်းကပဲ မီဒီယာတွေကို ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။ ကုန်ကြမ်းကြီးပဲ ပြည်ပကို တင်ပို့နေတာထက် value added လို့ခေါ်တဲ့ ကိုယ့်နိုင်ငံအတွင်းမှာပဲ ကုန်ချောအဖြစ်ပြောင်းလဲပြီး၊ တန်ဖိုးမြှင့် ကုန်ချောပစ္စည်းတွေအဖြစ် ထုတ်လုပ်တင်ပို့နိုင်ဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။ ငါးလေလံဈေးကိုတော့ နိုင်ငံခြားက ရင်းနှီးမြှုပ်နှံလိုသူတွေရဲ့ အကူအညီနဲ့ပြန်လည်လည်ပတ်နိုင်ဖို့ဆောင်ရွက်နေကြပါတယ်။ အဓိကအားဖြင့်တော့ ပြင်သစ်နိုင်ငံက ရင်းနှီးမြှုပ်နှံထားတယ်လို့ သိရပါတယ်။ ငါးလေလံဈေးအတွက် လိုအပ်တဲ့ ရင်းနှီးမြှုပ်နှံငွေ အမေရိကန်ဒေါ်လာသန်း(၇၀)အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံက ခွင့်ပြုချက်ရထားပြီး ဒေါ်လာဆယ်သန်းရင်းနှီးမြှုပ်နှံပြီး ဖြစ်တယ်လို့သိရပါတယ်။

နိုင်ငံတကာငါးလေလံဈေးအတွက် ပြည်ပက ရင်းနှီးမြှုပ်နှံမှု(၆၀)ရာခိုင်နှုန်း၊ မြန်မာအစိုးရငါးလုပ်ငန်းဦးစီးဌာနက(၃၀) ရာခိုင်နှုန်းနဲ့ တိုင်းရင်းသားလုပ်ငန်းရှင်တွေဘက်က (၁၀) ရာခိုင်နှုန်းအသီးသီး ရှယ်ယာပါဝင်တယ်လို့သိရပါတယ်။ လုပ်ငန်းတွေတကယ်ဆောင်ရွက်တဲ့နေရာမှာ ပွင့်လင်းမြင်သာမှုရှိစွာ လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ ဒီလေလံဈေးကြီး ပြန်ဖွင့်မယ်ဆိုရင်တော့ နိုင်ငံတော်က ဝင်ငွေအများကြီးရမယ်။ နောက်လူတွေလည်း အလုပ်အကိုင်အခွင့်အလမ်း အများကြီး ရလာမယ်။

လေလံဈေးအနေနဲ့ ဖွင့်မယ်ဆိုတာတော့ ဈေးကွက်စီးပွားရေးစနစ်အရ အပြိုင်အဆိုင်တော့ရှိမှာပဲ။ ဒါပေမဲ့ စနစ်တကျ နိုင်ငံတော်က ဘယ်လိုနည်းလမ်းနဲ့ အခွန်ပိုရနိုင်မလဲ။ အဲဒီနည်းလမ်းကို အသုံးချစေချင်တယ်။ ဒါ့အပြင် အရေးကြီးတဲ့အချက်က ဥပဒေစည်းမျဉ်းစည်းကမ်းအတိုင်း ပြည်သူကလည်း လက်ခံနိုင်တဲ့၊ နိုင်ငံတကာကလည်း လက်ခံလိုက်နာနိုင်တဲ့ စံချိန်စံညွှန်းတွေနဲ့လုပ်တဲ့ဟာတော့ ပိုပြီးဖြစ်စေချင်တယ်။ ဈေးကွက်စီးပွားရေး ကတော့အပြိုင်ရှိမှာပဲ၊ သို့ပေမယ့် ဥပဒေစည်းကမ်း လိုက်နာတဲ့နေရာ၊ နိုင်ငံတကာကလည်း လက်ခံပေးနိုင်တဲ့ဟာမျိုးကို ပိုပြီးဖြစ်စေချင်တယ်လို့လည်း သိရပါတယ်။

နိုင်ငံတကာ ငါးလေလံဈေး ရာနှုန်းပြည့် လည်ပတ်နေချိန်တုန်းက (၇၅) ရာခိုင်နှုန်းလောက်ကို ထိုင်းနိုင်ငံဘက်ကို တင်ပို့တာဖြစ်ပြီး ကျန်(၂၅) ရာခိုင်နှုန်းကတော့ ပြည်တွင်းဈေးကွက်ကို တင်ပို့တယ်လို့သိရပါတယ်။မြိတ်မြို့ရဲ့ ငါးလေလံဈေးဟာ တစ်ချိန်က တစ်နေ့ကို ငါးတန်ချိန်(၂၀၀) အထိ လက်ခံဝယ်ယူနိုင်တဲ့အခြေအနေရှိခဲ့ပါတယ်။

မြန်မာနိုင်ငံက ငါးလေလံဈေးကြီး ပိတ်ထားရပြီး လက်ရှိအချိန်အထိ ဖမ်းထားသမျှ ငါးတွေကို ထိုင်းနိုင်ငံဘက်ကို ကုန်ကြမ်းအဖြစ်နဲ့ တင်ပို့နေရာမှာ ဈေးနှိမ်ခံရတဲ့ အခက်အခဲကို ကျော်လွှားနိုင်ဖို့ သီးခြား ငါးလေလံဈေးသစ်တစ်ခုတည်ဆောက်ဖို့ ငါးလုပ်ငန်းရှင်များအသင်းဘက်က စီစဉ်နေတယ်လို့လည်း သိရပါတယ်။ မြိတ်ကဖမ်းတဲ့ ငါးတွေအားလုံးကို ယိုးဒယား၊ ရနောင်းကို အဓိကပို့နေတာဖြစ်ပါတယ်။ ကုန်ကြမ်းအဆင့်နဲ့ပဲ ပို့နေပါတယ်။

မြိတ်မှာဈေးမရှိ၊ အအေးခန်းမရှိတော့ အခုလုပ်သားများနဲ့ ရေလုပ်ငန်းရှင်တွေ စုစည်းပြီးတော့ ငါးလေလံဈေးသစ်ဆောက်ဖို့ စီစဉ်နေပါတယ်။ ငါးဈေးလုပ်ဖို့ ငါးတံတားတွေ အအေးခန်းစက်ရုံတွေကို ရေရှည်(၅)နှစ် စီမံကိန်းနဲ့လုပ်မှာဖြစ်ပြီး နိုင်ငံတော်က ခွင့်ပြုချက်ရရင် တံတားကို နှစ်နှစ်လောက်အတွင်း ပြီးအောင်ဆောက်လုပ်သွားမှာဖြစ်ပါတယ်။ ငါးလှေတွေအားလုံး ကိုစုစည်းပြီး ကုမ္ပဏီတစ်ခုဖွဲ့ကာ အဲဒီကုမ္ပဏီနဲ့ငါးလုပ်ငန်း ငါးဈေးလုပ်မယ်လို့သိရပါတယ်။ငါးလေလံဈေး ထပ်ဖွင့်ရေးကိစ္စဟာ တနင်္သာရီတိုင်းအတွင်းမှာ လူပြောအများဆုံး အကြောင်းအရာတစ်ခုဖြစ်နေပါတယ်။

အရင်ရှိခဲ့တဲ့ ငါးလေလံဈေးဟောင်းကို ပြင်ဆင်ပြီး ဖွင့်လှစ်မယ့်လူတွေရှိသလို၊ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်ကလည်း ဥက္ကဋ္ဌ ဦးလှသန်းဦး ဦးဆောင်ပြီး လက်ရှိ ငါးလေလံဈေးဘေးမှာ နိုင်ငံတကာအဆင့်မီ ငါးလေလံဈေးအသစ်ထပ်ဖွင့်ဖို့ ပြင်ဆင်နေတာလည်း ရှိနေပါတယ်။ ဒါ့အပြင် တိုင်းဒေသကြီးအစိုးရက ဦးဆောင်ပြီး ထားဝယ်မြို့အနီးက သရက်ချောင်းအရပ်မှာ ငါးလေလံဈေးအသစ်ထပ်ဖွင့်ဖို့စီစဉ်နေတာလည်းရှိနေပြန်တော့ငါးလုပ်ငန်းအပေါ် အများကြီးမှီခိုအားထားနေရတဲ့ ဒေသခံတွေအကြားလူပြောများပြီး စိတ်ဝင်တစားဖြစ်စေရာ၊ အခြေအတင်ငြင်းခုန်စရာကိစ္စရပ်ဖြစ်နေပါတယ်။ အမြင်သဘောထား ကွဲပြားမှုတွေ အများဆုံးဖြစ်နေတာကတော့ တိုင်းဒေသကြီးအစိုးရက ဦးဆောင်တည်ဆောက်မယ့် ငါးလေလံဈေးသစ်ကိစ္စပဲ ဖြစ်ပါတယ်။ တစ်ဖက်မှာ တနင်္သာရီတိုင်း ငါးလုပ်ငန်းအဖွဲ့ချုပ်က ဦးဆောင်ဖွင့်လှစ်မယ့် ငါးလေလံဈေးကတော့ အစိုးရက ခွင့်ပြုချက် ကျထားပေမယ့် တပ်မြေဖြစ်နေတာကြောင့် မြေနေရာအတွက် ပါမစ်ကျဖို့ စောင့်နေတယ်လို့လည်း သိရပါတယ်။ ငါးဈေးများလာရင် ပြိုင်ဆိုင်မှုရှိလာပြီး ဈေးများလေ ကောင်းလေဖြစ်ပါတယ်။ ပြိုင်ဆိုင်မှုရှိမှ အောက်ခြေက ဖမ်းတဲ့ လုပ်သားလည်း ဈေးပိုရမှာဖြစ်ပါတယ်။ “များမှကောင်းမှာ တစ်ခုတည်းလုပ်ရင်သူက တံဆိပ်နှိပ်ထားလို့ရတယ်။ များများလုပ်နိုင်လေ ကောင်းလေဖြစ်ပါတယ်”လို့လည်း ဒေသခံတွေက ဆိုပါတယ်။ ဥပဒေနဲ့အညီ လုပ်ထုံးလုပ်နည်းနဲ့အညီ လုပ်ကြဖို့ လိုအပ်ပါတယ်။

နိုင်ငံတကာအဆင့်မီ အဆင့်မြင့် ငါးလေလံဈေးတွေ ဘယ်နှစ်ခုပဲဆောက်ဆောက်ဈေးကွက်ရဲ့ လိုအပ်ချက်ကိုပြည့်မီအောင် တင်သွင်းနိုင်ရေး၊ တံငါသည်တွေဘက်က ဖမ်းစရာငါးရှားနေရင်တော့ အဲဒီလေလံဈေးတွေဟာလည်း အလုပ်မဖြစ်ဘဲ၊ အရင်လိုပဲ ပိတ်ပစ်ရမယ့်ကိန်းဆိုက်နိုင်ပါတယ်။ ဒါကိုပဲ ငါးဖမ်းသမားတွေဘက်က စိုးရိမ်နေကြတာပါ။

ငါးဖမ်းဖို့အတွက် ဒီဇယ်ဈေးတွေ တက်လာပေမယ့် လွန်ခဲ့တဲ့ နှစ်အနည်းငယ်အတွင်း ငါးဈေးတက်မလာတဲ့အပြင် ဖမ်းစရာငါးလည်း တဖြည်းဖြည်း ရှားပါးလာပါတယ်။ မြိတ်မြို့ ရဲ့စီးပွားရေးဟာ ရေလုပ်ငန်းပေါ် အများကြီးမူတည်နေတာကြောင့်ဒေသခံတွေရဲ့ လူမှုဘဝဖွံ့ဖြိုးတိုး တက် ရေးဟာလည်း ရေလုပ်ငန်းပေါ်မှာပဲ အများကြီးမူတည်နေပါတယ်။ ပြောင်းလဲ လာနေတဲ့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးစနစ်နဲ့ ဈေးကွက်စီးပွားရေးအရကြောင့် အခုလို ပြိုင်ဆိုင်မှုတွေ ထွက်ပေါ်လာတာဟာ ကောင်းမွန်တဲ့လက္ခဏာပါ။

ဒါပေမဲ့ ရှိနေတဲ့ ငါးမျိုးတွေ မပျက်သုန်းရလေအောင် နိုင်ငံတော်အစိုးရအနေနဲ့ ငါးဖမ်းလိုင်စင်တွေကို ချပေးတဲ့နေရာမှာ စနစ်တကျ လုပ်ဆောင်ပေးဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် ပင်လယ်ပြင်ထဲမှာ တရားမဝင် ငါးဖမ်းနေတာတွေကိုလည်း အချိန်မီ ဟန့်တားပေးနိုင်ဖို့ လိုအပ်ပါတယ်။ အဲဒီလိုမှ မလုပ်ဆောင်နိုင်ဘူးဆိုရင်တော့ နောင်လာမယ့် မျိုးဆက်တွေအတွက် ငါးမျိုးစိတ်တွေ ပျက်သုန်းပြီး မြိတ်မြို့ရဲ့အဓိကလုပ်ငန်းဖြစ်တဲ့ ရေလုပ်ငန်းလည်း ပျက်စီးသွားမယ့်အလားအလာ ရှိနေကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

## မြန်မာ့ဆိပ်ကမ်းတွင် ၂.၁.၂၀၁၉ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| စက်မှုဆိပ်ကမ်း(၄) | - TOVE MAERSK | ကုန်သေတ္တာ ၁၂၈တင်ဆဲ |
| သူးလေဆိပ်ကမ်း (၁) | - ELPIDA.GR | ဆန် ၂၄၅၀၀ တင်ဆဲ |
| သူးလေဆိပ်ကမ်း(၃) | - RAINBOW IVY | ဆန် ၁၀၀၀၀ တင်ဆဲ |
| သူးလေဆိပ်ကမ်း(၅) | - TAN BINH-127 | ဆန် ၁၁၀၀၀ တင်ဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၁) | - HOANG PHUONG LUCKY | Urea (In Bulk) ၂၈၈၄ ချဆဲ |
| MIPL ဆိပ်ကမ်း | - CHANG SHUN II | Fertilizer&Steel Product ၂၇၂၆၅ ချဆဲ |
| သီလဝါဆိပ်ကမ်း (၅) | - ALBION BAY | Steel Product ၂၁၈၈၄ ချဆဲ |
| MMTM JETTY | - MT FLY MARLIN | Mogas(92 Ron) 8593 ချဆဲ |
| Green Asia JETTY | - MT GLORY STAR | Diesel Oil ၁၂၀၂၃ ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| DA HONG XIA | G/C ၂၀၃၇ ကုန်ချရန် | CHINA | ၂.၁.၂၀၁၉ |
| YAAN BYAE | Steel Bar ၂၂၃၀၀ ကုန်ချရန် | IRAN | ၁၀.၁.၂၀၁၉ |
| STL HAR VEST | Steel 2579 ကုန်တင်ရန် | JAPAN | ၁၁.၁.၂၀၁၉ |
| MODERN LINK | Unit Vehicle (RO/RO)၅၂၂ကုန်ချရန် | SINGAPORE | ၁၅.၁.၂၀၁၉ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| IAL - 001 | SINGAPORE | အေးရှားဝေါ်လ်ဆိပ်ကမ်း | ၂.၁.၂၀၁၉ |
| SINAR BANDA | SINGAPORE | အေးရှားဝေါ်လ်ဆိပ်ကမ်း | ၂.၁.၂၀၁၉ |
| UNI AMPLE | SINGAPORE | အေးရှားဝေါ်လ်ဆိပ်ကမ်း | ၃.၁.၂၀၁၉ |
| KOTA HASIL | SINGAPORE | သီလဝါ/အေးရှားဝေါ်လ်ဆိပ်ကမ်း | ၃.၁.၂၀၁၉ |
| OCEAN PROBE | SINGAPORE | စက်မှုဆိပ်ကမ်း | ၄.၁.၂၀၁၉ |
| RATANA THIDA | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၆.၁.၂၀၁၉ |
| MCC SEOUL | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၇.၁.၂၀၁၉ |
| MCC HALONG | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၇.၁.၂၀၁၉ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.OCEAN WINNER | MOGAS(92)RON | - | ၂၇.၁၂.၂၀၁၈ |
| MT.TASCO-1 | BITUMEN | MALAYSIA | ၁.၁.၂၀၁၉ |
| MT.TAK SAORN | P'Oil(In Bulk) | INDINESIA | ၁.၁.၂၀၁၉ |
| MT.OCEAN MANTA | Diesel | SINGAPORE | ၁.၁.၂၀၁၉ |
| MT.OCEAN PORPOISE | Diesel | SINGAPORE | ၁.၁.၂၀၁၉ |
| MT.CHAO ANOMA | P'Oil(In Bulk) | INDONESIA | ၁.၁.၂၀၁၉ |
| MT.OCEAN WINTER | Diesel&MOGAS (92)RON | SINGAPORE | ၁.၁.၂၀၁၉ |
| MT.YU HAI | Diesel&MOGAS(92)RON | SINGAPORE | ၁.၁.၂၀၁၉ |
| MT.PRIMROSE | P'Oil(In Bulk) | INDONESIA | ၁.၁.၂၀၁၉ |
| MT.YU DONG | Diesel&MOGAS (92)RON | SINGAPORE | ၂.၁.၂၀၁၉ |
| MT.OCEAN COO | Diesel&MOGAS (92)RON | SINGAPORE | ၂.၁.၂၀၁၉ |
| MT.ORCA PACIFIC | Diesel | SINGAPORE | ၃.၁.၂၀၁၉ |
| MT.OCEAN MORAY | MOGAS (92)RON | SINGAPORE | ၃.၁.၂၀၁၉ |
| MT.ALASSA | P'Oil(In Bulk) | INDONESIA | ၄.၁.၂၀၁၉ |
| MT.BLUE LINE-1 | P'Oil(In Bulk) | INDONESIA | ၅.၁.၂၀၁၉ |
| MT.OCEAN MARLIN | Diesel | INDONESIA | ၅.၁.၂၀၁၉ |
| MT.GLORY OCEAN | Diesel | SINGAPORE | ၆.၁.၂၀၁၉ |
| MT.ARMONIA | P'Oil(In Bulk) | INDONESIA | ၆.၁.၂၀၁၉ |
| MT.PHUBAI PATTRA-2 | Diesel | SINGAPORE | ၇.၁.၂၀၁၉ |
| MT.GREAT DIAMOND | Diesel | SINGAPORE | ၇.၁.၂၀၁၉ |
| MT.ATALANTA | Diesel | SINGAPORE | ၉.၁.၂၀၁၉ |
| MT.FLY SEAL | Diesel | SINGAPORE | ၉.၁.၂၀၁၉ |

## ကြက်သွန်

# သာယာဝတီဈေးကွက်သို့ ကြက်သွန်နီအသစ်များ စတင်ဝင်ရောက်လျက်ရှိ

၂၀၁၉ ခုနှစ် နှစ်ဆန်းပိုင်း ယခုလအတွင်း သာယာဝတီဈေးကွက်အတွင်းသို့ ကြက်သွန်နီ(အသစ်)များ စတင်ဝင်ရောက်လာပြီး တစ်ခရိုင်လုံးအနေဖြင့် ပြည်ဘက်မှတစ်နေ့လျှင် ပိဿာချိန် ၁၅၀၀ ခန့်ထိ ဝင်ရောက်လာသော်လည်း အစိုဓာတ်ရှိကာ အရည်အသွေးမကောင်း၍ အဝယ်မလိုက်ကြောင်း သိရှိရပါတယ်။ ဈေးနှုန်းအနေဖြင့် လက်လီတစ်ပိဿာကို ကြီး/သေး ကျပ် ၈၀၀ ခန့်မှ ကျပ် ၁၀၀၀ခန့်ထိရှိပြီး ကြက်သွန်နီအဟောင်းနဲ့လည်း ဈေးမကွာတဲ့အတွက် အဟောင်းများသာဈေးကွက်အတွင်း အဝယ်လိုက်နေကြောင်း လေ့လာသိရှိရပါတယ်။

**ဝေဝေဖြိုး(သာယာဝတီ)**

# ပြည်ဈေးကွက်အတွင်း ကြက်သွန်နီ(အသစ်)များ ဝင်ရောက်မှုများပြားလျက်ရှိ

ပြည်ဈေးကွက်သို့ ကြက်သွန်နီ(အသစ်) များ ယခုတစ်ပတ်တွင် ပိဿာ ၃၀ ဝင်အိတ် ၅၀၀-၅၅၀ ခန့် နေ့စဉ်ဝင်ရောက်မှုရှိနေသည့်အတွက် ယခင်အပတ်များထက် အိတ် ၁၅၀-၂၀၀ ခန့် ပိုမိုဝင်ရောက်ကာ အဝင်များပြားလျက်ရှိနေကြောင်း သိရပါတယ်။

ရေနံချောင်း၊ ဆိပ်ဖြူ ပခုက္ကူဘက်မှ ကြက်သွန်နီ(အသစ်)များ ဝင်ရောက်လျက်ရှိကာ အရည်အသွေးမှာ အနည်းငယ်သာ ကောင်းမွန်မှုရှိနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ပွဲရုံများတွင် ပုံမှန်ဒေသတွင်းဝယ်လက်များ၊ အိတ်ဆွဲဝယ်ရောင်းသမားများနှင့် ဇရာဝတီ၊ ရခိုင်တို့သို့ တင်ပို့မှုအပါအဝင် တစ်ရက်ကို ဝင်ရောက်မှုရဲ့ ထက်ဝက်ကျော် အရောင်းအဝယ်ဖြစ်နေကြောင်းလည်း သိရပါတယ်။ ဈေးနှုန်းအနေနဲ့ ပွဲရုံများတွင် တစ်ပိဿာကို (ကြီး) ကျပ် ၁၀၀၀-၁၁၀၀၊ (လတ်) ကျပ် ၉၀၀-၁၀၀၀၊ (သေး) ကျပ် ၇၀၀-၈၀၀ ရှိပြီး လက်လီဈေးအသေးများတွင် တစ်ပိဿာကို (ကြီး)ကျပ် ၁၃၀၀-၁၄၀၀၊ (လတ်) ကျပ် ၁၂၀၀-၁၃၀၀၊(သေး) ကျပ် ၁၀၀၀-၁၁၀၀ စသည်ဖြင့် အသီးသီးရောင်းဝယ်လျက်ရှိနေကြောင်း သိရပါတယ်။ အချို့လက်လီဈေးများတွင် ကြက်သွန်နီ(အဟောင်း) များရောင်းချလျက်ရှိကြောင်း တွေ့ရှိရပြီး တစ်ပိဿာလျှင် အရည်အသွေးပေါ်မူတည်၍ ကျပ်၁၀၀၀-၁၁၀၀-၁၂၀၀စသည်ဖြင့် ရောင်းဝယ်နေကြကြောင်းလည်း သိရပါတယ်။

**ဝင်းလှဲ့ဝါ(ပြည်)**



# ပခုက္ကူနှင့်ဆိပ်ဖြူ ကုန်စည်ဒိုင်တို့တွင် မိုးစိုက်(ဉစိုက်) ကြက်သွန်နီများ လှိုင်လှိုင်ဝင်ရောက်နေပြီး မြန်မာပြည်အနှံ့ တင်ပို့လျက်ရှိ

ယခုတစ်ပတ်ပခုက္ကူခရိုင်အတွင်းသို့ မိုးစိုက်(ဉစိုက်) ကြက်သွန်နီအသစ်များလှိုင်လှိုင်ဝင်ရောက်နေပြီး ကြက်သွန်နီ စိုက်ပျိုးထွက်ရှိရာဒေသများဖြစ်သော ပေါက်၊ ရေပြာ၊ ကမ္မ၊ ရေပြာနယ်များနှင့် ပခုက္ကူကျွန်းများမှ ကြက်သွန်နီ ကုန်ဝယ်ဒိုင်သို့ နေ့စဉ်ကုန်ချိန် တစ်သိန်းကျော် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

ပခုက္ကူကျွန်းများမှ မြိတ်စားကြက်သွန်နီများ တစ်ဆယ်ကျပ်သားတစ်စည်းလျှင် ၇၅ ကျပ်မှ ကျပ် ၁၀၀ ဈေးဖြင့် ပခုက္ကူမြို့မဈေးနှင့် အမှတ်(၂) ဈေးတို့တွင် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

ယခုတစ်ပတ် ကြက်သွန်နီကုန်ဝယ်ဒိုင်၏လက်ကားဈေးနှုန်းများမှာ ထိပ်စတစ်ပိဿာလျှင် ၇၁၅-၇၂၅-၇၃၅ ကျပ်၊ အလတ်စတစ်ပိဿာလျှင် ၅၀၀-၅၅၀ ၊ အနိမ့်စ တစ်ပိဿာလျှင် ၁၀၀-၂၀၀-၃၀၀ ကျပ်ဈေးဖြင့် ကုန်ချိန် ၈၀၀၀၀ မှ ၁၃၈၀၀၀ ခန့်ဉပုသ်နေ့မှလွဲ၍ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိပြီး မန္တလေး၊ ရန်ကုန်နှင့် မြန်မာပြည်အောက်ပိုင်းဒေသများသို့ တင်ပို့လျက်ရှိပါသည်။ ကြက်သွန်နီ စိုက်တောင်သူများအနေဖြင့်လည်း ယခုနှစ်တွင် ကြက်သွန်နီ ဈေးမကောင်းသော်လည်း ထိုက်သင့်သည့် အမြတ်အစွန်းရနေကြောင်းကိုလည်း ကြက်သွန်နီစိုက်တောင်သူများမှ သတင်းရရှိပါသည်။

ဆိပ်ဖြူကုန်စည်ဒိုင်၏ ယခုတစ်ပတ် ကြက်သွန်နီဈေးနှုန်း မှာ ထိပ်စတစ်ပိဿာလျှင် ၅၅၀ ကျပ်၊ အလတ်စတစ်ပိဿာလျှင် ၄၂၅ ကျပ်၊ အနိမ့်စတစ်ပိဿာလျှင် ၃၀၀ ကျပ်ဖြင့် နေ့စဉ်ကုန်ချိန်၁၅၀၀၀ ကျော် အရောင်းအဝယ်ဖြစ်နေပြီး ဆိပ်ဖြူဒေသမှ ထွက်ရှိသည့် ကြက်သွန်နီများကို ရန်ကုန်၊ မူဆယ်၊ မော်လမြိုင်၊ပုသိမ်မြို့များသို့ ကုန်ချိန် တစ်သိန်းကျော် တင်ပို့လျက်ရှိကြောင်း သတင်းရရှိပါသည်။

**လှိုင်ဉမ္မာဦး(ပခုက္ကူ)**

# မွေးမြူရေးအစာများဈေးနှုန်းတက်လာ၍ သားငါးဈေးနှုန်းများ မြင့်တက်လာ

ယခုတစ်ပတ်ပဲခူးမြို့ သား/ငါးလက်လီဈေးကွက်တွင် မွေးမြူရေးအစာဈေး တက်သော်လည်း နေ့စဉ်ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဝက်သား တစ်ပိဿာလျှင် ကျပ် ၈၀၀၀၊ ဆိတ်သားတစ်ပိဿာလျှင်ကျပ် ၁၅၀၀၀၊ အမဲသား တစ်ပိဿာလျှင် ကျပ် ၉၀၀၀၊ ကြက်သား(CP) တစ်ပိဿာလျှင်ကျပ် ၇၀၀၀၊ ကြက်သား (ဒေသတောကြက်)တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀၊ ငါးသားလောက် တစ်ပိဿာ လျှင်ကျပ် ၁၀၀၀၀၊ ငါးခူတစ်ပိဿာလျှင် ကျပ် ၈၀၀၀၊ ငါးရံ့တစ်ပိဿာလျှင် ကျပ် ၇၀၀၀၊ ငါးကြင်းဖြူတစ်ပိဿာလျှင် ကျပ် ၇၀၀၀ နှုန်းဖြင့် နေ့စဉ်ပုံမှန် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရှိပါသည်။

**သန်းသန်း(ပဲခူး)**

## နနွင်း

# နနွင်း ပုံမှန်တင်ပို့

ဒီဇင်ဘာ ၂၃ ရက်မှ ၂၉ ရက် သီတင်းပတ်အတွင်း နနွင်း၇၈ ဒသမ ၉၈၅တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ပါကစ္စတန်နိုင်ငံသို့ ၁၀ တန်၊ ရီမင်နိုင်ငံသို့ ၃၉ ဒသမ ၉၈၅ တန်နဲ့ နီပေါနိုင်ငံသို့ ၂၉ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ရီမင်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခင်သီတင်းပတ်က နနွင်း၇၇ တန် တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ရင်၁ဒသမ ၉၈၅ တန် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။ နနွင်း တစ်တန်ကို ပျမ်းမျှအမေရိကန်ဒေါ်လာ ၆၀၀-၇၂၀ အတွင်း ရရှိခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၁၀၂၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း**(DOT)

# ရှမ်းနနွင်း ပုံမှန်အရောင်းအဝယ်ရှိ

ရှမ်းနနွင်းက ချင်းသီးနှံလောက် အရောင်းအဝယ်မဖြစ်ပေမယ့် ပုံမှန်လေးတော့ အရောင်း အဝယ်ရှိနေပါတယ်။ အဝင်လည်းသိပ်မရှိဘူးလို့ သိရပါတယ်။ အရောင်းအဝယ်ပါးနေလို့ အဝယ်ရှိမှသာ မှာယူတယ်လို့လည်း သိရှိရပါတယ်။ ပြည်ပအဆွဲလည်းမရှိလို့ ဒေသတွင်းဝယ်လက်နဲ့ လက်လီသမားတွေလောက်သာ အဝယ်ရှိနေပါတယ်။ ဝယ်လက်များရဲ့ ပစ္စည်းအမှာပေါ်မူတည်ပြီး ပစ္စည်းမှာပေးတယ်လို့လည်းသိရပါတယ်။ နနွင်းဈေးကတော့ပစ္စည်းအမျိုးအစားပေါ်မူတည်ပြီး ဈေးအမျိုးမျိုးကွဲပြားပါတယ်။ နနွင်းဈေးကတော့တစ်ပိဿာကို ကျပ် ၉၀၀ ကနေ ကျပ်၃၀၀၀ထိ ဈေးရှိတယ်လို့လည်းသိရပါတယ်။ အရောင်းအဝယ်ကတော့တစ်ပတ်အတွင်းကို ပိဿာချိန်၁ ဒသမ ၃သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရှိရပါတယ်။

**စောယုထွေး(တောင်ကြီး)**

## ချင်း

# ဈေးပြန်ကောင်းလာတဲ့ ရှမ်းချင်း

ရှမ်း(တောင်)မှာလွန်ခဲ့တဲ့နှစ်နှစ်လောက်က ဈေးမကောင်းခဲ့တဲ့ချင်းဈေးဟာ ၂၀၁၈ခုနှစ်မှာတော့ ဈေးပြန်ကောင်းလာပါတယ်။ နှစ်စပိုင်းမှာဈေးမကောင်းပေမယ့် နှစ်ကုန်ခါနီးမှာတော့ချင်း ဈေးတွေကောင်းလာပါတယ်။ ပြည်ပအဆွဲလည်းရှိလာလို့ချင်းဈေးများ ကောင်းလာပါတယ်။ ချင်းဈေးကောင်းတာကြောင့် လှော်လက်များကလည်း ပစ္စည်းတွေထုတ်ရောင်းကြလို့အောင်ပန်း၊ ကလော၊ ဟဲဟိုးနားတစ်ဝိုက်မှထွက်တဲ့ ချင်းတွေက ပုံမှန်အဝင်ရှိနေပါတယ်။

၂၀၁၉ခုနှစ်ရဲ့ပထမအစမှာတော့ ပြည်ပအဆွဲမရှိလို့ရောင်းအားကျပေမယ့် ပြည်တွင်း ဝယ်လက်တွေဖြစ်တဲ့ ရန်ကုန်၊ တောင်ကုတ်၊ မန္တလေး၊ မုံရွာမြို့များက အဆွဲရှိတာကြောင့် ချင်းဈေးမာနေတယ်လို့ သိရှိရပါတယ်။ ချင်းဈေးကတော့ အဝင်ဈေးမှာတစ်ပိဿာကို ကျပ် ၈၀၀ မှ ကျပ် ၉၃၀ ထိရှိပြီး အရောင်းဈေးမှာ တစ်ပိဿာကို ကျပ် ၁၀၀၀- ၁၀၅၀-၁၁၀၀-ထိဈေးရှိတယ်လို့သိရှိရပါတယ်။ တစ်ပတ်အတွင်း ကုန်ချိန်လေးသိန်းကျော်ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရှိရပါတယ်။

**စောယုထွေး(တောင်ကြီး)**



# ချင်းတန်ချိန် ၁၀၀၀ကျော်တင်ပို့

ဒီဇင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းပတ်အတွင်း ချင်း ၁၀၉၉ ဒသမ ၄၇၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် အိန္ဒိယနိုင်ငံသို့ ၂၅ တန်၊ ဂျပန်နိုင်ငံသို့ ၃ ဒသမ ၉၇၅ တန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၁၀၇၀ ဒသမ ၅တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခင်သီတင်းပတ်က ချင်း၆၆၈ ဒသမ ၅ တန်တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၄၃၀ ကျော် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၄၆၀၁၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း**(DOT)

# စနစ်မှန်မှ စပါးကောင်းရမည်၊ စပါးကောင်းမှ ဆန်အရည်အသွေးကောင်းရမည်

အောင်ဆန်း (စိုက်ပျိုးရေး)

ပြည်ပရောင်းဝယ်မှုရော ပြည်တွင်းရောင်းဝယ်ဖောက်ကား စားသုံးမှုပါ အရည်အသွေးကောင်းဆန်ကို စကားပြောလာကြသည်။ ဆန်အရည်အသွေးကောင်းခြင်းသည် ဆန်၏အတွင်းလက္ခဏာ ကောင်းခြင်း၊ ပြင်ပလက္ခဏာကောင်းခြင်းတို့နှင့် ပြည့်စုံနေခြင်းကို ဆိုလိုသည်။ ဆန်အရည်အသွေးကောင်းခြင်းတွင် ဆန်၏အတွင်း အပြင်လက္ခဏာများ ကောင်းခြင်းများကို အပြင်မှ လွှမ်းမိုးနေသော အစိုဓာတ်၊ သန့်စင်မှု၊ မျိုးရောပါဝင်မှု၊ ဆန်အကျိုးအကြေပါဝင်မှု၊ အဖျင်းအမှော်ပါဝင်မှု၊ အရောင်ပျက်နှင့် ပျက်စီးနေသော ဆန်စေ့များ ပါဝင်မှုများကလည်း ဆန်၏အရည်သွေးကို အဆုံးအဖြတ်ပေးနေသည်ကို တွေ့ရသည်။ ဆန်၏ အရည်အသွေးကောင်းမှသာ ပြည်ပတင်ပို့မှု ရောပြည်တွင်းစားသုံးမှုပါ ဈေးကောင်းရ၍ မျက်နှာပန်းလှမည်ဖြစ်သည်။

ဆန်အရည်အသွေးကောင်းစေခြင်းသည် စပါးကောင်းခြင်းမှ စ၍ အခြေတည်သည်။ စပါးအရည်အသွေးမကောင်းဘဲ ဆန်အရည်အသွေးကောင်းစေအောင် ပြုပြင်ဖန်တီး၍မရနိုင်ပါ။ သို့အတွက် ဆန်အရည်အသွေးကောင်းစေရန်မှာ စပါးစိုက်ပျိုးထုတ်လုပ်ခြင်း၊ ပြုစု ထိန်းသိမ်းခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲထုပ်ပိုးခြင်း စသည့်လုပ်ငန်းအဆင့်ဆင့်မှစ၍ စနစ်မှန်အောင် လက်ဦးမှုရယူခဲ့ရန် အဓိက သော့ချက်ဖြစ်သည်။

တစ်ဖန် စပါး၏အရည်အသွေးကိုပါဝင်သော အစိုဓာတ်၊ စပါးစေ့တွင် အက်ကြောင်းပါဝင်မှု၊ စပါးစေ့အဖျင်းအမှော်ပါဝင်မှု၊ လုံးပိန်လုံးညှပ်ပါဝင်မှု၊ အရောင်ပျက်နှင့် ပျက်စီးနေသော စပါးစေ့ပါဝင်မှု၊ ပေါင်းစေ့များပါဝင်မှု၊ မျိုးကွဲစပါးစေ့များပါဝင်မှု၊ မအောင်မြင်သော စပါးစေ့များပါဝင်မှု၊ ပိုးမွှားအသေအရှင်များ ပါဝင်မှု၊ ရောဂါစွဲကပ်ပါဝင်မှုထိ အစေ့ (၁၀၀၀) အလေးချိန်တည်ရှိမှု၊ စပါးစေ့၏ အလျား၊ အနံနှင့် အလျားအနံအချိုးစသည်တို့က ချုပ်ကိုင်ထားသည်။ စပါးစေ့ အရည်အသွေးသည် စပါးမျိုးပေါ်တွင် မတည်မီဘဲ စပါးစိုက်ပျိုး ထုပ်လုပ်ခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်း၊ သယ်ယူပို့ဆောင်ကိုင်တွယ်ခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲထုပ်ပိုးခြင်း၊ သန့်စင်ခြင်း စသည့် လုပ်ငန်းစဉ်များတွင် စနစ်မှန်ကန်မှုရှိမရှိ အပေါ်တွင်သာ တည်မှီနေသည်။

စပါးစိုက်ပျိုးထုတ်လုပ်ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းစဉ်တွင် စပါးစေ့အတွင်း ပေါင်းစေ့များ ရောနှောပါမလာစေရန်အတွက် တမန်းပြင်ချိန်တွင် တမန်းကို ကောင်းအောင်၊ ညက်နေအောင်ပြုပြင်ပြီး တမန်းမျက်နှာပြင်ညီအောင်ညှိရမည်ဖြစ်သည်။ ၎င်းနောက် တမန်းတွင်း မြုပ်နေသော ပေါင်းပင်များ၊ မြက်ခေါင်းများ အပင် အစိတ်အပိုင်းများကို ထွန်စိတ်တိုက်၍လည်းကောင်း၊ လက်ဖြင့်လိုက်ကောက်၍လည်းကောင်း၊ ပြောင်စင်အောင်ဖယ်ရှား ပစ်ရန်လိုပါသည်။ ၎င်းပြင် စပါးစိုက်ပျိုးပြီးပါက စပါးခင်းကို စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေးနေပြီး ပေါင်းမြက်ပင်များကို ပန်းမပွင့်မီ သုံးကြိမ် ခန့်လိုက်နုတ်ပစ်ရန် လိုအပ်ပါသည်။ အကယ်၍ပေါင်းပင်များ ကျန်ရှိနေပါက ပန်းပွင့်ချိန်၊ အသီးစတင်သီးချိန်တွင် လက်ဖြင့်လိုက်နုတ်ခြင်း၊ ပေါင်းပင်၏ပန်းခိုင်များကို တံစဉ်ဖြင့် လိုက်ရိတ်ဖြတ်ခြင်းများ ဆောင်ရွက်ရန် လိုအပ်ပါသည်။

မျိုးကွဲစပါးစေ့များ ပါဝင်မှုမရှိစေရန်အတွက် မစိုက်ပျိုးမီ ကနဦးကတည်းကပင် ကန်သင်းပေါ်တွင် ပေါက်နေသော အခြား စပါးမျိုးများ၏ ကောက်လေကောက်လွင့်များနှင့် စပါးခင်းထဲတွင် ပေါက်နေသော အခြားစပါးမျိုးများ၏ ကောက်လေကောက်လွင့်များကို ပြောင်စင်အောင်သုတ်သင်ရှင်းလင်းခဲ့ရန် လိုအပ်ပါသည်။ စပါးမျိုးကွဲများ လက်ကျန်ရှိ၍ပေါက်ရောက်လာပါကလည်း ပင်ပွားချိန်တွင် တစ်ကြိမ်၊ မှိုကပ်ချိန်တွင် တစ်ကြိမ်၊ အနှံစုံချိန်တွင် တစ်ကြိမ်မျိုးကွဲ စပါးပင်များကို မဖြစ်မနေ နုတ်ပယ်ရန်လိုအပ်ပါသည်။ စပါးမျိုးကွဲ ပါဝင်မှုရှိပါက စပါးအရွယ်အစားမတူညီသဖြင့် အရည်အသွေးကျ ဆင်းစေသည့်အပြင် စပါးကြိတ်ခွဲရာတွင် ဆန်အောက်တန်းကျခြင်း၊ ဆန်စက်၏ အစိတ်အပိုင်းများ ထိခိုက်ခြင်း၊ ဆန်သားဖြူစင်မှုမညီခြင်း၊ ဆန်အရည်အသွေးကျဆင်းခြင်းများနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

စပါးစေ့တွင် လုံးပိန်လုံးညှပ်ပါဝင်မှု၊ မအောင်သော အစေ့များပါဝင်မှုသည် လုံးပိန်လုံးညှပ်နှင့် မအောင်မြင်သော အစေ့များ (အဖျင်း)မည်သည့်အချိန်တွင် ဖြစ်ပေါ်နိုင်သည်ကို ကြိုတင်သိရှိထားရန်လိုအပ်သည်။ စပါးအောင်စေ့များစေရန် အနှံသန္ဓေတည်ချိန်မှ စတင်သည်ဆိုသော်လည်း အခြေခံအုတ်မြစ်သည် ပင်ပွားစုံပြီး မှို



မကပ်မီ တစ်ပတ်အလိုမှ အစပျိုးခြင်းဖြစ်သည်။သို့ပါ၍ လုံးပိန်လုံးညှပ်နှင့် မအောင်မြင်သော အစေ့ဖြစ်စေရန် ပင်ပွားစုံပြီးချိန်မှ စတင်၍ စီမံရန် လိုအပ်ပါသည်။ ၎င်းအချိန်တွင် အနှံခက်များ စတင်သန္ဓေတည်သည်။ အာဟာရချို့တဲ့ခြင်း၊ ရေပြတ်ခြင်း၊ အပူချိန်လွန်ကဲခြင်း၊ အအေးလွန်ကဲခြင်း၊ အလင်းရောင်ရရှိမှုလွန်ကဲခြင်းများ ဖြစ်ပေါ်ပါက စပါးစေ့လုံးပိန်လုံးညှပ်နှင့် မအောင်မြင်သော အစေ့များဖြစ်စေသည်။ အနှံစေ့ဖြစ်ပေါ်ပြီးသည့်ကာလနောက်ပိုင်း မျိုးပွားအင်္ဂါဖြစ်ပေါ်တိုးတက်နေသည့်ကာလအတွင်း နိုက်ထရိုဂျင်ဓာတ် မြေဩဇာ ချို့တဲ့ပါက လုံးပိန်လုံးညှပ်နှင့် မအောင်မြင်စေ့များ ဖြစ်ပေါ်စေသည်။ အနီးကပ်ဆုံးအချိန်တွင် နိုက်ထရိုဂျင်ဓာတ်မြေဩဇာကို အပင်ပေါ်မှ အနည်းငယ်ထည့်ပေးခြင်း (Top Dressing) ဖြင့် ကုစားနိုင်သည်။ နိုက်ထရိုဂျင်ဓာတ်မြေဩဇာကို လည်ဆစ်တည်ချိန်တွင် တစ်ကြိမ်နှင့် မျိုးပွားအင်္ဂါများ ဖြစ်ပေါ်ချိန်နှင့် အနီးကပ်ဆုံးအချိန်တွင် တစ်ကြိမ် အပင်ပေါ်မှ ဖျန်းပေးပါက လုံးပိန် လုံးညှပ်အဖျင်းဖြစ်စေမှုကိုကာကွယ်နိုင်သည်။

**စပါးစေ့ အရည်အသွေးသည် စပါးမျိုးပေါ်တွင် မတည်မီဘဲ စပါးစိုက်ပျိုး ထုတ်လုပ်ခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်း၊ သယ်ယူပို့ဆောင်ကိုင်တွယ်ခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲထုပ်ပိုးခြင်း၊ သန့်စင်ခြင်း စသည့် လုပ်ငန်းစဉ်များတွင် စနစ်မှန်ကန်မှုရှိမရှိ အပေါ်တွင်သာ တည်မှီနေသည်။**

တစ်ဖန်ဖုံးတုံးလုံးတုံးစတင်ချိန် (ပန်းမပွင့်မီ ၂၀-၂၅ ရက်အတွင်း) နိုင်ထရိုဓါတ်မြေဩဇာ(ယူရီးယား) လွန်ကဲစွာ ထည့်ခြင်း၊ နေရောင်ခြည်စွမ်းအင်နည်းပါးခြင်းဖြစ်ပါက စပါးစေ့များ လွန်ကဲစွာ ဖြစ်ပေါ်ပြီး လုံးပိန်လုံးညှပ်အဖျင်းစေ့များ များစေသည်။ ရှောင်ရှားရန် လိုပါသည်။ နေရောင်ခြည်စွမ်းအင်ရရှိမှုနည်းပါက စပါးရွက်များ ချက်လုပ်မှု နှေးကွေးစေပြီး အနှံနှင့်အစေ့များကြီးထွားရန် အစာအလုံအလောက်ပို့နိုင်ခြင်းမရှိဘဲ ကောက်ရိုးထဲတွင်သာ စုစည်းနေခြင်း တို့ဖြစ်စေသည်။ နေရောင်ခြည်စွမ်းအင် ကောင်းစွာရရှိနိုင်သော အချိန်ကို ချိန်ကိုက် စိုက်ပျိုးရန် စီမံရမည်ဖြစ်သည်။

စပါးပင်သည် အစိုဓာတ်မလုံလောက်ခြင်း၊ အလင်းရောင်စွမ်းအင်ရရှိမှုနည်းခြင်း၊ အရွက်များဝါပြီး ကောင်းစွာအစာမချက်လုပ်နိုင်ခြင်းဖြစ်ပါက အနှံကောင်းစွာ တိုးမထွက်နိုင်ဘဲ (ဂုတ်မလွတ်ဘဲ) လုံးပိန်လုံးညှပ်နှင့် အဖျင်းဖြစ်ပေါ်စေပါသည်။ အထူးဂရုပြုရမည့် အချိန်ဖြစ်ပါသည်။ စပါးပန်းပွင့်ပြီးပါက အမဝတ်ဆံနှင့်အဖိုဝတ်မှုန် တို့သဘာဝ ကူးယှက်ပြီး သန္ဓေအောင်မှုဖြစ်ပါသည်။ (၂၀-၂၅) ဒီဂရီ စင်တီဂရိတ်သည် အစေ့အဆန်ပြည့်ဝပြီး အစေ့အလေးချိန်စီးစေရန် အကောင်းဆုံးဖြစ်ပါသည်။ အပူချိန် ၂၀ ဒီဂရီစင်တီဂရိတ်ထက်နိမ့်ပြီး ၃၅ ဒီဂရီစင်တီဂရိတ်ထက်ပြင်းပါက အသက်ရှုရှိုက်မှုနှုန်းများပြီး လုံးပိန်လုံးညှပ်နှင့် အဖျင်းဖြစ်ပေါ်မှုများ ဖြစ်စေပါသည်။ အပူချိန် (၁၀-၁၆) ဒီဂရီစင်တီဂရိတ်မြင့်ပါက အနှံမြုံခြင်း၊ အနှံထွက် နောက်ကျစေရန် တစ်လစ်တစ်လစ်ဖြစ်စေခြင်း၊ အပူချိန် ၂ ဒီဂရီစင်တီဂရိတ်ထက် လျော့ကျပါက အနှံစေ့များ လုံးဝမြုံသွား စေခြင်းများဖြစ်စေပါသည်။ ထို့အတူ ၃၅ ဒီဂရီစင်တီဂရိတ်ထက်ကျော်ပါက အမအင်္ဂါနှင့် အဖိုဝတ်မှုန်များ ပျက်စီးသွားစေပါသည်။

စပါး၏ အမအင်္ဂါနှင့် အဖိုဝတ်မှုန်သဘာဝကူးယှက်ပြီး သန္ဓေအောင်ပါက စပါးစေ့အခွံအတွင်း အစေ့ဖြစ်ရန် နို့ရည်ကြည်၊ နို့ရည်ပြစ်၊ နို့ရည်နောက်၊ နို့ရည်ခဲ၊ နို့ရည်မာ၊ ဆန်သားဖြစ်စေရန် ကစီဓာတ်ဖြည့်တင်းရပါသည်။ (နို့ရည်တည်သည်ဟုခေါ်ပါသည်) စပါးစေ့အတွင်း ကစီဓာတ်ဖြည့်တင်းရန်အရွက်များမှ ချက်လုပ်သော အစာ၏ ၇၅ ရာခိုင်နှုန်းကိုအသုံးချသည်။ ၎င်းအချိန်တွင် စပါးရွက်များ မဝါစေဘဲ စိမ်းစိုကျန်းမာနေအောင် အထူးဂရုပြုရမည်ဖြစ်သည်။ ၎င်းအချိန်တွင် ရေပြတ်ခြင်း၊ အာဟာရချို့တဲ့ခြင်း၊ အလင်းရောင်စွမ်းအင်ရရှိမှု နည်းခြင်း၊ ပိုးမွှားရောဂါကျရောက်ခြင်း၊ စပါးရွက်များ ဝါနေခြင်း ဖြစ်ပေါ်ပါက စပါးလုံးပိန်လုံးညှပ်နှင့် အဖျင်းဖြစ်စေရန် သေချာပါသည်။

ဆန်တွင် ဗိုက်ဖြူပါဝင်ပါက ဆန်အရည်အသွေးကျဆင်းစေပါသည်။ ဆန်တွင်ဗိုက်ဖြူပါဝင်ခြင်းသည် မျိုးရိုးဗီဇကြောင့်ဖြစ်ခြင်း၊ နို့ရည်တည်ချိန်တွင် အပူချိန်မြင့်လွန်းခြင်း၊ ရေငတ်ဒဏ်ခံရခြင်းကြောင့် ဖြစ်သည်။ မိုးရာသီအပူချိန် ၃၀ ဒီဂရီစင်တီဂရိတ်နှင့် နွေရာသီအပူချိန် ၃၇ ဒီဂရီစင်တီဂရိတ်ရှိပါက ဗိုက်ဖြူဖြစ်စေသည်။ သို့ပါ၍ ဗိုက်ဖြူပါဝင်မှုကို ရေပြတ်မခံခြင်း၊ အပူချိန်မြင့်မားချိန်နှင့် နို့ရည်တည်ချိန်လွတ်ကင်းအောင် စိုက်ပျိုးခြင်းများကိုဂရုတစိုက် စီမံရမည်ဖြစ်သည်။

စပါးအရောင်ပျက်စေမှု၊ စပါးစေ့ပျက်စီးမှု၊ စပါးတွင်အက်ကြောင်းဖြစ်စေမှုနှင့် အစိုဓာတ်ပါဝင်မှုတို့သည် စပါးစိုက်ပျိုးထုတ်လုပ်ပြုစုချိန်အတွင်း ဖြစ်နိုင်သလို စပါးရိတ်သိမ်းခြွေလှေ့ပြီးမှလည်း ဖြစ်ပေါ်စေနိုင်ပါသည်။ စပါးစေ့၏အရည်အသွေးကို အစိုဓာတ်ပါဝင်မှုက လွှမ်းမိုးထားသကဲ့သို့ စပါးရောင်းဝယ်ဖောက်ကားရာတွင်လည်း ဈေးနှုန်းစကားပြောဆိုရာတွင်လည်း အဆုံးဖြတ်ပေးသော အဓိက အချက်ဖြစ်ပါသည်။ အရည်အသွေးကောင်းစပါးစေ့၏ အစိုဓါတ်ပါဝင်မှုကို ၁၃-၁၄ ရာခိုင်နှုန်းဟု သတ်မှတ်ထားပါသည်။ ဤသို့သော သတ်မှတ်အစိုဓါတ်ရရှိရန်မှာ ရိတ်သိမ်းချိန်မှန်ကန်ခြင်းနှင့် ရိတ်သိမ်းပြီးချိန်ဆောင်ရွက်ရမည့် နည်းစနစ်များ မှန်ကန်ခြင်းများပေါ်တွင် မူတည်ပါသည်။

စပါးကိုအနှံထွက်ပန်းပွင့်ပြီး (၂၅-၃၀) ရက် (မောင်းညို့ချိန်) တွင် ရိတ်သိမ်းပါက စပါးအရည်အသွေးရရှိစေရန် သေချာပါသည်။ စပါးရိတ်သိမ်းပြီး စပါးစေ့အတွင်း အစိုဓါတ်သည် (၂၀-၂၅) ရာခိုင်နှုန်းခန့်ပါလာပါသည်။ ၎င်းအစိုဓာတ်ကို ၂၄ နာရီအတွင်းအစိုဓာတ် ၁၈ရာခိုင်နှုန်းထိလျှော့ချပေးပြီး ၄၈ နာရီအတွင်း အစိုဓာတ်(၁၃-၁၄) ရာခိုင်နှုန်းထိ လျှော့ချနိုင်ပါက အရည်အသွေးကောင်းဆန် ၆၅ ရာခိုင်နှုန်းထိ ရရှိနိုင်သည်ဟု သုတေသနရလဒ်က ဆိုထားပါသည်။ (ရေဆင်းသုတေသနအစီရင်ခံစာ-၂၀၀၂) သို့ပါ၍ စပါးကို ရိတ်ချိန်မှန်မှန် ရိတ်သိမ်းနိုင်ရန်နှင့် သတ်မှတ်အစိုဓာတ်ရရှိအောင် လျှော့ချနိုင်ရန်အတွက် မဖြစ်မနေ စီမံသင့်ပါသည်။

နောက်တစ်ချက် စပါးအရည်အသွေးကို ကျဆင်းစေသည့် အချက်မှာ စပါးအရောင်ပျက်ခြင်း၊ အစေ့အတွင်း ဆန်သားအက်ခြင်း၊ စပါးစေ့ပျက်စီးခြင်းများပင်ဖြစ်ပါသည်။ စပါးစေ့အရောင်ပျက်စီးခြင်းမှာ စပါးပင်ယိုင်လဲခြင်း၊ ရွှံ့နွံကပ်ခြင်း၊ စပါးနှံစုပ်ပိုးကျရောက်၍ အရောင်ပျက်ခြင်းများဖြစ်ပေါ်စေပါသည်။ အချို့စပါးအပြီး သီးထပ်စိုက်ပျိုးကြသောဒေသများတွင် သီးထပ်သီးနှံအချိန်မီစိုက်ပျိုးနိုင်ရန်အတွက် ရိတ်သိမ်းပြီး စပါးကောက်လှိုင်းများကို လယ်ကွက်ထဲတွင် ဘွဲ့မစီးဘဲ တာရှည်ထားခြင်း၊ ကန်သင်းပေါ်တွင် ကာလရှည်ကြာ ကောက်ဆိုင်ထိုးထားခြင်းများ ပြုလုပ်ကြပါသည်။

**စာမျက်နှာ - ၂၉ သို့**

## ဒီတစ်ပတ် ဓာတ်ဆီ၊ဒီဇယ်တန်ချိန် ၁၄၀၀၀၀ကျော်ဝင်

ဒီဇင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၂၁၆၁၂၀၅ တန်ဖိုးရှိ ဓာတ်ဆီ ၇၁၄၀၉ ဒသမ ၄၁ တန်နဲ့ အမေရိကန်ဒေါ်လာ ၄၁၄၂၈၆၉၈ တန်ဖိုးရှိ ဒီဇယ် ၇၅၄၂၂ ဒသမ ၃၇ တန်၊ စုစုပေါင်း ၁၄၆၈၃၁ ဒသမ ၇၈ တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း(92)နဲ့ အောက်တိန်း(95)တို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ် တန်ချိန် ၆၃၄၁၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၁၂၀၁၀ ကျော် အဝင်ပိုခဲ့သလို ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၃၅၉၉၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန်၃၅၄၁၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် ဒီဇယ်ရောဓာတ်ဆီပါ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာသုည ဒသမ ၆၇၈ တန်ဖိုးရှိ Re-export ဒီဇယ်၉၄၅ ဒသမ ၉၇ တန် တင်ပို့ခဲ့ပြီး မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၅၂၃၈၅ တန်ဖိုးရှိ ဒီဇယ် ၅၁၀၅ ဒသမ ၇၃ တန်၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၉၅၁၆၃ တန်ဖိုးရှိဒီဇယ် ၃၉၀ ဒသမ ၀၄ တန်နဲ့ အမေရိကန်ဒေါ်လာ ၁၇၂၀၇၅ တန်ဖိုးရှိ ဓာတ်ဆီ ၄၀၇ ဒသမ ၉၁ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း**(DOT)

## မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှ စုစုပေါင်းကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၁၄ သန်းပိုမို

ယခုတစ်ပတ်မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်တွင် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၃၇၄ သန်း၊ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၅ ဒသမ ၄၈၃သန်းဆောင်ရွက်နိုင်ခဲ့သဖြင့် စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၇၄ ဒသမ ၈၅၇ သန်းဖြစ်ကာ ယခင်တစ်ပတ်ထက် စုစုပေါင်းကုန်သွယ်မှု ၁၄ ဒသမ ၉၆၄ သန်းပိုမိုခဲ့ပါတယ်။ အဓိကပို့ကုန်ပစ္စည်းများမှာ နှမ်း၊ ပဲအမျိုးမျိုး၊ ပြောင်းဖူးစေ့၊ ဆန်၊ ကဏန်း၊ ရော်ဘာတို့ဖြစ်ပြီး ပြောင်းဖူးစေ့နှင့် ရော်ဘာတင်ပို့မှုမှာ ယခင်တစ်ပတ်ထက်လျော့နည်းခဲ့သော်လည်း ပဲတီစိမ်း၊ နှမ်း၊ ဆန် တင်ပို့မှုမှာ ပိုမိုတင်ပို့နိုင်ခဲ့တာကြောင့် ယခင်တစ်ပတ်ထက် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၆၇ သန်း ပိုမိုခဲ့ခြင်းဖြစ်ပါတယ်။

**ခင်လေးယု**

## ယခုတစ်ပတ် မောင်တောကုန်သွယ်ရေးစခန်းမှ ပို့ကုန်တန်ဖိုးအနည်းငယ်လျော့ကျ

ဒီတစ်ပတ်မောင်တော ကုန်သွယ်ရေးစခန်းမှ ပို့ကုန်တန်ဖိုးမှာ ယခင်တစ်ပတ်ထက်အမေရိကန်ဒေါ်လာ ၁၇၄၃၈ ဒသမ ၈၆၂ လျော့ ကျခဲ့တာကိုတွေ့ရပါတယ်။ ယခုတစ်ပတ်တင်ပို့မှုစုစုပေါင်းမှ အမေရိကန်ဒေါ်လာ ၁၆၈၅၄၅ ဒသမ ၇၅၈ ရရှိခဲ့ပြီး လယ်ယာထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်းများ ပိုမိုတင်ပို့ခဲ့တာကိုတွေ့ရပါတယ်။ ယခင်တစ်ပတ်ကတော့ ပို့ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၈၅၉၈၄ ဒသမ ၆၂ ရရှိခဲ့ကာ တင်ပို့မှုအနေဖြင့် အမေရိကန်ဒေါ်လာ ၁၇၈၂၀ ဒသမ ၉၃၂ ပိုမိုတင်ပို့ခဲ့ပါတယ်။ လယ်ယာထွက်ကုန်၊ သစ်တောထွက်ပစ္စည်းနှင့်ကုလားပဲ၊ ကွမ်းသီး၊ ဝါးကြီးနှင့် ဇီးယိုထုတ်တင်ပို့မှုများမှာ အနည်းငယ်လျော့နည်းခဲ့သော်လည်း ငါးမြစ်ချင်း၊ ငါးနီတူခြောက်၊ ငါးပါးခြားခြောက်၊ ငါးလေးခြောက်တို့ပိုမိုတင်ပို့ခဲ့တာကြောင့် ယခုလိုပို့ကုန်တန်ဖိုးပိုမိုခဲ့တာဖြစ်ပါတယ်။ ယခုတစ်ပတ်မှာတော့ ရေထွက်ပစ္စည်းတင်ပို့မှုတို့အနက် ငါးမြစ်ခြင်း၊ ငါးနီတူခြောက်၊ ငါးပါးခြားခြောက်၊ငါးလေးခြောက်နှင့် ထန်းလျက်ခဲတင်ပို့မှုများ လျော့နည်းခဲ့ပါတယ်။

**ခင်လေးယု**

## Energy NYMEX 3-1-2019

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 45.66 | -0.88 | -1.89 |
| Brent Crude Futr (USD/bbl) | 54.33 | -0.58 | -1.06 |
| Gasoline Rbob Fut (Cent/gal) | 130.80 | -1.76 | -1.33 |
| Natural Gas Futr (USD/MMBtu) | 2.91 | -0.05 | -1.66 |
| Heating Oil Futr (Cent/gal) | 168.90 | -1.16 | -0.68 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 31-December | - | - | - | - | - |
| 1-January | - | - | - | - | - |
| 2-January | 15.39 | 2518.73 | 1882.22 | 5984.96 | 793.00 |
| 3-January | 15.54 | 2476.19 | 1836.37 | 5894.60 | 793.00 |
| 4-January | 15.55 | 2456.36 | 1847.61 | 5873.66 | 794.00 |

## ပြည်တွင်းငွေလဲနှုန်း ဆက်လက်ကျဆင်း

ပြည်တွင်းငွေလဲဈေးကွက်သည် ယခုရက်သတ္တပတ်အတွင်း ဈေးနှုန်းကျဆင်းနေဆဲဖြစ်သော်လည်း ဈေးငြိမ်နေခဲ့ကြောင်း ပြည်တွင်းငွေလဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ရည်ညွှန်းငွေလဲနှုန်းကို ၂၀၁၈နှစ်ကုန်ပိုင်းက အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၅၀ ကျပ်မှ ဇန်နဝါရီ ၂ရက်တွင် ၁၅၄၆ကျပ်သို့လည်းကောင်း၊ ဇန်နဝါရီ ၃ရက်တွင် ၁၅၄၂ကျပ်သို့လည်းကောင်း သတ်မှတ်ခဲ့သည်။

ရွှေဈေးမြင့်တက်မှု၊ နိုင်ငံတကာကုန်သွယ်ရေးလောက အကျပ်အတည်းနှင့် အမေရိကန်စီးပွားရေး လောကအတွင်း အကျပ်အတည်းများ ရှိနေခြင်းတို့မှာ ဒေါ်လာငွေကြေးအပေါ် သက်ရောက်မှုရှိကြောင်း၊ ပြည်တွင်းငွေလဲဈေးကွက်မှာလည်း ဈေးကျဆင်းမှုများနှင့်ကြုံတွေ့နေရပြီး အရောင်းအဝယ်နည်းနေသေးကြောင်း၊ ပြည်သူများမှာလည်းငွေလဲနှုန်း ကျဆင်းခြင်းကြောင်း စက်သုံးဆီဈေးနှုန်းများပါ ကျဆင်းစေရန် မျှော်လင့်နေကြကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ၂၀၁၈ခုနှစ်ကုန်ပိုင်းက အမေရိကန် တစ်ဒေါ်လာရောင်းဈေး ၁၅၄၃ကျပ်၊ ဝယ်ဈေး ၁၅၄၁ကျပ်မှ ၂၀၁၉ခုနှစ် ဇန်နဝါရီ ၂ရက်တွင် ရောင်းဈေး ၁၅၄၁ကျပ်၊ ဝယ်ဈေး ၁၅၃၅ကျပ်သို့ကျဆင်းခဲ့သလို ဇန်နဝါရီ ၃ရက်တွင်လည်း အမေရိကန် တစ်ဒေါ်လာလျှင်ရောင်းဈေး ၁၅၄၁ ကျပ်၊ ဝယ်ဈေး ၁၅၃၆ကျပ်ဖြင့်သာ အရောင်းအဝယ်ရှိခဲ့ကြောင်း ဈေးကွက်သတင်းများအရ သိရသည်။

**သန်းထိုက်အောင်**

## နှစ်သစ်တွင် ပြည်တွင်းရွှေဈေးမြင့်တက်

၂၀၁၉ခုနှစ်ဆန်းချိန်တွင် ပြည် တွင်းရွှေဈေးနှုန်းသည် ဆက်လက်မြင့်တက်ခဲ့ကြောင်းသတင်းရရှိသည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာနောက်ဆုံးပတ်အတွင်း အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၄၁၅၀၀ရှိခဲ့ရာမှ ၂၀၁၉ခုနှစ် ဇန်နဝါရီလဆန်းပိုင်းအရောက်တွင် ကျပ်၁၀၄၈၀၀၀သို့ဆက်လက်မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

“ ပိတ်ရက်တွေများနေတာတောင် ဒီတစ်ပတ်ထဲမှာ ပြည်တွင်းရွှေဈေးက ဆက်တက်သွားတယ်။ နောက်တစ်ပတ်ထဲမှာကို ရွှေဈေးက ကျပ်ဆယ်သိန်းခွဲကို ရောက်တော့မလားပဲ။ ပြည်တွင်းရွှေလိုပဲ နိုင်ငံတကာမှာလည်း ကမ္ဘာ့ရွှေဈေးက ထိုးတက်လာတယ်။ဂလိုဘယ်စီးပွားရေးအလားအလာအပေါ် စိုးရိမ်မှုတွေနဲ့ စတော့ဈေးကျဆင်းမှုတွေက ရွှေကိုဝယ်လိုအားဖြစ်စေပြီး အာရှဈေးကွက်မှာလည်း ဈေးထိုးတက်သွားတယ်။ကမ္ဘာ့နိုင်ငံရေးမိုးလေဝသကလည်း မကောင်းဘူးလေ။ ကုန်သွယ်ရေးပဋိပက္ခတွေ၊ ဗြိတိန်ရဲ့ဥရောပသမဂ္ဂထွက်တော်မူခန်းနဲ့ အမေရိကန်အစိုးရယန္တရားယာယီရပ်တန့်နေမှုက ရွှေဈေးကို အမြင့်တန်းဆီ ပို့ပေးနေတာဖြစ်ပါတယ်” ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ၂၀၁၈နှစ်ကုန်ပိုင်း အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်၁၀၄၁၅၀၀ရှိခဲ့ရာမှ ၂၀၁၉ခုနှစ် ဇန်နဝါရီ ၂ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၀၄၅၅၀၀သို့ မြင့်တက်ခဲ့ပြီး ဇန်နဝါရီ ၃ရက်တွင် ကျပ် ၁၀၄၈၀၀၀ ဖြင့် ထပ်မံမြင့်တက်ခဲ့ကြောင်းသိရသည်။ ကမ္ဘာ့ရွှေဈေးကွက်မှာလည်း ၂၀၁၈ခုနှစ် နှစ်ကုန်ပိုင်းတွင် ရွှေတစ်အောင်စလျှင် ၁၂၇၇အမေရိကန်ဒေါ်လာရှိခဲ့ရာမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂ရက်တွင် တစ်အောင်စလျှင် ၁၂၈၇အမေရိကန်ဒေါ်လာသို့ မြင့်တက်ခဲ့ပြီး ဇန်နဝါရီ ၃ရက်တွင် တစ်အောင်စလျှင် ၁၂၈၉အမေရိကန်ဒေါ်လာသို့ ဆက်လက်မြင့်တက်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## အစုရှယ်ယာအရောင်းအဝယ်အေးခဲ့သည့် နှစ်သစ်ကူးကာလ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်အတွင်းရှိ အစုရှယ်ယာများသည် ယခုရက်သတ္တပတ်အတွင်း အရောင်းအဝယ်နည်းခဲ့ကြောင်း ရန်ကုန်အစုရှယ်ယာဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ရန်ကုန်စတော့အိတ်ချိန်း၏ ဇန်နဝါရီ ၃ရက်အရောင်းအဝယ်ဖြစ်ခဲ့သော အစုရှယ်ယာများအနက် ဈေးကွက်ပိတ်ချိန်တွင် FMIအစုရှယ်ယာတစ်စုလျှင် ကျပ် ၁၀၀၀၀၊ MTSH အစုရှယ်ယာတစ်စုလျှင် ကျပ် ၃၀၀၀၊MCB အစုရှယ်ယာတစ်စုလျှင် ကျပ် ၇၄၀၀၊ FPB အစုရှယ်ယာတစ်စုလျှင် ကျပ် ၂၃၀၀၀၊ TMHအစုရှယ်ယာတစ်စုလျှင် ကျပ် ၂၈၀၀ဖြင့် ဈေးပိတ်ခဲ့ကြောင်း သိရသည်။

ယခု ရက်သတ္တပတ်အတွင်း ရန်ကုန်စတော့အိတ်ချိန်းတွင် အရောင်းအဝယ်ဖြစ်ခဲ့သော အစုရှယ်ယာအရေအတွက်မှာ ဇန်နဝါရီ ၂ရက်တွင် ၃၅၅၈ စုရှိခဲ့ပြီး MTSH အစုရှယ်ယာရောင်းဝယ်မှုများခဲ့ကြောင်း၊ ဇန်နဝါရီ၃ရက်တွင် ၇၄၃စုရှိခဲ့ပြီး MTSHအစုရှယ်ယာသာလျှင်အရောင်းအဝယ်များခဲ့ကြောင်း၊ အစုရှယ်ယာဈေးနှုန်း အတက်အကျကွာဟချက်မှာလည်း ကျပ် ၅၀မှ ကျပ် ၁၀၀အတွင်းတွင်ရှိခဲ့ကြောင်း သိရသည်။နှစ်သစ်ကူးရုံးပိတ်ရက်ကာလဖြစ်သည့်အပြင် ခရီးသွားလာမှုများပြားသည့်ကာလဖြစ်သောကြောင့် အစုရှယ်ယာ အရောင်းအဝယ်နည်းခဲ့ခြင်းဖြစ်ကြောင်း အစုရှယ်ယာဈေးကွက်နှင့်နီးစပ်သူတစ်ဦးက ဆိုသည်။

ရန်ကုန်စတော့အိတ်ချိန်းကို မြန်မာ့ စီးပွားရေးဘဏ်၊ဂျပန်နိုင်ငံမှ Diawa Institute of Researchနှင့်Japan Exchange Groupတို့မှ ပူးပေါင်း တည်ထောင်ခဲ့ပြီး ၂၀၁၆ခုနှစ် မတ်လတွင် အစုရှယ်ယာရောင်းဝယ်မှုကို စတင်ခဲ့သည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

January 3, 2019
Base Currency is
United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.44 |
| BDT Bangladesh Taka | 84.50 |
| CAD Canada Dollars | 1.36 |
| CNY China Yuan Renminbi | 6.88 |
| EUR Euro | 0.88 |
| H KDHong Kong Dollars | 7.83 |
| I NR India Rupees | 70.40 |
| I DR Indonesia Rupiahs | 14475.62 |
| JPY Japan Yen | 106.89 |
| MYR Malaysia | 4.14 |
| PKR Pakistan Rupees | 139.81 |
| PHP Philippines Pesos | 52.72 |
| RUB Russia Rubles | 69.27 |
| SGD Singapore Dollars | 1.37 |
| KRWSouth Korea Won | 1129.27 |
| LKR Sri Lanka Rupe | 182.89 |
| THB Thailand Baht | 32.19 |
| GBP United Kingdom Pounds | 0.79 |
| VND VietnamDon | 23205.56 |

*Source:xe.com*

## World Gold Price

January- 2019 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 31 | - | - | - |
| 1 | - | - | - |
| 2 | 1289 | 1288 | 1287 |
| 3 | 1294 | 1291 | 1290 |
| 4 | 1292 | 1289 | 1288 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 31-12-2018 | - | - |
| 1-1- 2019 | - | - |
| 2-1- 2019 | 1043.00 | 1042.50 |
| 3-1- 2019 | 1048.00 | 1048.00 |
| 4-1- 2019 | - | - |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇန်နဝါရီလ ၂၀၁၉ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 31 | 6.87 | 32.32 | 83.60 | 69.60 |
| 1 | 6.86 | 32.12 | 83.70 | 69.40 |
| 2 | 6.85 | 32.32 | 83.65 | 69.59 |
| 3 | 6.88 | 32.19 | 84.50 | 70.40 |
| 4 | - | - | - | - |

## ဘိလပ်မြေ

# ယခင်သီတင်းပတ်ထက် ၁၀တန်ကျော် အဝင်ပိုခဲ့

ဒီဇင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၉၁၅၀၅ တန်ဖိုးရှိ ဘိလပ်မြေ ၆၃၉ဒသမ ၂၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် အိန္ဒိယနိုင်ငံမှ ၅၆ တန်၊ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံမှ ၅၂ တန်နဲ့ ထိုင်းနိုင်ငံမှ ၅၃၁ ဒသမ ၂၀ တန်တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေတန်ချိန် ၆၅၀ ကျော်နဲ့နှိုင်းယှဉ်ရင် ၁၀ တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

ဒီဇင်ဘာ ၂၂ ရက်မှ ၂၈ ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၁၀၂၇၅ တန်ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာတန်ချိန် ၇၈၈၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၃၉၀ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ ဘိလပ်မြေအဝင်ပိုခဲ့ပါတယ်။



# ဘိလပ်မြေဈေးကွက်အရောင်းပုံမှန်ရှိ

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** အရောင်းပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၅၀၅၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ-လက်သစ်)ကျပ် ၄၇၅၀၊ ကြံ့နှစ်ကောင် (အနီ) ကျပ် ၄၇၀၀၊ ကြံ့နှစ်ကောင်(အစိမ်း) ကျပ် ၄၄၀၀၊ စိန်(ထိုင်း) ကျပ်၅၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ပိတ်ရက်တွေကြောင့် အရောင်းအဝယ်က အေးတယ်။ ဈေးကွက်ထဲပစ္စည်းအဝင်များနေတာကြောင့် ဈေးလည်းငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ကျပ် ၄၄၀၀၊ ကြံ့နှစ်ကောင် ကျပ် ၄၇၀၀၊ အယ်လ်ဖာ ကျပ် ၄၄၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၀၀၀၊ အပါချီကျပ် ၄၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ် လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာ နှစ်သစ်ကူးပိတ်ရက်တွေကြောင့်တည်ဆောက်ရေးလုပ်ငန်းတွေလည်း နားတယ်။ ဒါကြောင့် အရောင်းအဝယ်လည်းပါးသလို ဈေးလည်း ငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာကျပ်၄၉၀၀၊ ကြံ့ကျပ် ၄၈၅၀၊ ဆင် (ထိုင်း) ကျပ် ၆၅၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ အပါချီ ကျပ်၄၈၀၀၊ ဘလူးဒိုင်းမွန်းကျပ်၄၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ် လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်နည်းနည်းအေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၇၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၀၀၀၊ ကမ္ဘောဇ ကျပ် ၃၉၀၀၊ နဂါး ကျပ် ၄၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

## ခတ်မြေသြဇာ

# ဒီတစ်ပတ်မြေသြဇာတန်ချိန် ၁၇၀၀၀ကျော်ဝင်

ဒီဇင်ဘာ ၂၃ ရက်မှ ၂၉ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၄၁၄၉၉၆ တန်ဖိုးရှိ မြေသြဇာ ၁၇၀၄၉ ဒသမ ၈၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံသို့ ၁၉၇၃ ဒသမ ၀၉ တန်၊ ဂျာမနီနိုင်ငံမှ ၃၄၉၂ တန်၊ ဂျပန်နိုင်ငံမှ ၁၀၅၀၀တန်၊ ကိုရီးယားနိုင်ငံမှ ၁၉၆ ဒသမ ၁၀ တန်၊ ဖိလစ်ပိုင်နိုင်ငံမှ တန်ချိန် ၃၀၀၊ စင်ကာပူနိုင်ငံမှ ၁၉ တန်နဲ့ ထိုင်းနိုင်ငံမှ ၅၆၉ ဒသမ ၆၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ် တင်သွင်းခဲ့တဲ့အမျိုးအစားများမှာ အမိုးနီးယားဆာလဖိတ်၊ နိုက်တြိုဂျင်၊ အမိုးနီးယမ်းကလိုရိုဒ်၊ ပိုတက်၊ ကွန်ပေါင်း(၁၅း၁၅း၁၅)၊ ကွန်ပေါင်း (၁၃း၁၀း၂၀)၊ အာမို (၁၆း၁၆း၈)တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေသြဇာတန်ချိန် ၇၆၆၀ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၉၃၈၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

# တောင်ကြီးမြေသြဇာဈေးကွက်အရောင်းအေး

ဒီဇင်ဘာ ၂၂ ရက်မှ ၂၈ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန်ချိန် ၁၈၂၀၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန် ၁၆၀၅၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၂၁၅၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ရေလမ်းမှရော နယ်စပ်လမ်းမှပါ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့မော်လမြိုင်နဲ့မကွေးမှာ အရောင်းပုံမှန်ရှိပြီး မန္တလေးနဲ့တောင်ကြီးမှာ အရောင်းအေးတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းပုံမှန်ရှိတယ်လို့သိရပါတယ်။ ဒီတစ်ပတ် ရွှေကောမတ်က ကျပ် ၁၅၀၀၊ ပိုတက်(မြန်မာသြဘာ)က ကျပ် ၃၀၀၀ ဈေးကျကာ ကျန်မြေသြဇာများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတောင်-တရုတ်) ကျပ် ၃၃၀၀၀၊ ပုလဲ-အကြီး(ထိုင်း) (မြင်းပျံ)ကျပ် ၃၂၀၀၀၊ ပုလဲ-အကြီး (မြန်မာ-အမ်ပီအီး) ကျပ် ၂၈၅၀၀၊ ကွန်ပေါင်း (ရွှေကောမတ်)(ထိုင်း) ကျပ် ၄၀၀၀၀၊ ကွန်ပေါင်း (အစိမ်းရောင်) ကျပ်၅၀၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၃၂၀၀၀၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၆၀၀၀၊ ပိုတက်(မြန်မာသြဘာ) ကျပ် ၃၅၀၀၀၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအေးပြီးဈေးလည်း ငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၃၂၀၀၀၊ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၉၂၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၃၀၀၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၄၀၅၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၉၅၀၀၊ ခတ်ဆား (တရုတ်) ကျပ် ၁၇၅၀၀၊ ပိုတက်(တရုတ်) ကျပ်၃၀၇၀၀၊ ယူရီးယား(ယူအေအီး) ကျပ် ၂၉၅၀၀၊ မြားကမ္ဘာကျပ် ၁၈၆၀၀၊ ရွက်ဖျန်းကျပ် ၃၀၀၀၊ ဆိုင်ကလုန်း ကျပ် ၃၀၀၀၊ ဆိုက်ပါ ကျပ် ၅၅၀၀ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းပုံမှန်ရှိပြီး ဈေးလည်းငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ်(၁၂း၁၃) ကျပ် ၁၉၀၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၁၀၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၈၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၉၅၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၈၅၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၉၂၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ကျပ် ၂၉၂၀၀၊ ဇာမနီကျပ် ၁၉၃၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၉၃၀၀၊ မြားကမ္ဘာ (၁၅း၇း၈) ကျပ် ၂၀၅၀၀၊တီစူပါကျပ်၂၄၀၀၀၊ တောင်သူမ ကျပ် ၁၈၈၀၀ ၊ တက်တိုး ကျပ် ၂၂၃၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ဒီတစ်ပတ် နို့ဆီတန်ချိန် ၃၀၀ကျော်နဲ့ နို့မှုန့်တန်ချိန် ၂၀ကျော်ဝင်

ဒီဇင်ဘာ ၂၃ ရက်မှ ၂၉ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၈၀၁၁၅ တန်ဖိုးရှိ နို့ဆီ ၃၄၀ ဒသမ ၂၂၄ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံမှ ၂၁၈ ဒသမ ၈၈တန်နဲ့ မလေးရှားနိုင်ငံမှ ၁၂၁ ဒသမ ၃၄၄တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဒွန်းနို့ဆီနဲ့ ပက်နို့ဆီတို့တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီတန်ချိန် ၃၇၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၃၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

အမေရိကန်ဒေါ်လာ ၅၅၄၉၃ တန်ဖိုးရှိ နို့မှုန့် ၂၅ ဒသမ ၂၀ တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် နယူးဇီလန်နိုင်ငံမှသာ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့်တန်ချိန် ၁၇၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၁၅၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီရော နို့မှုန့်ပါ အဝင်လျော့နည်းခဲ့ပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၂/၁၂ မှ ၂၈/၁၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၅/၁၂ မှ ၂၁/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | - | ၈·၀၀ | (-) | ၈·၀၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | တာချီလိတ် | ၇၇၀၀·၀၀ | ၇၈၀၀·၀၀ | (-) | ၁၀၀·၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၇၅·၀၀ | - | (+) | ၇၅·၀၀ |
| ၈။ | မြိတ် | ၂၅၀၀·၀၀ | ၇၅·၀၀ | (+) | ၂၄၂၅·၀၀ |
| | စုစုပေါင်း | ၁၀၂၇၅·၀၀ | ၇၈၈၃·၀၀ | (+) | ၂၃၉၂·၀၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ခတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၂/၁၂ မှ ၂၈/၁၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၅/၁၂ မှ ၂၁/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၈၁၅၈·၄၁ | ၆၃၅၆·၆၇ | (+) | ၁၈၀၁·၇၄ |
| ၂။ | လွယ်ဂျယ် | ၂၁၅·၀၀ | ၂၀၃·၀၀ | (+) | ၁၂·၀၀ |
| ၃။ | ချင်းရွှေဟော် | ၃၇၉၅·၄၀ | ၄၀၉၈·၈၃ | (-) | ၂၀၃·၄၃ |
| ၄။ | ကန်ပိုက်တီ | ၁၆၆·၀၀ | - | (+) | ၁၆၆·၀၀ |
| ၅။ | မြဝတီ | ၂၆၈၆·၃၅ | ၁၈၄၀·၀၉ | (+) | ၈၄၆·၂၆ |
| ၆။ | ကော့သောင်း | ၁၁·၃၆ | - | (+) | ၁၁·၃၆ |
| ၇။ | မြိတ် | ၇၅·၀၀ | - | (+) | ၇၅·၀၀ |
| ၈။ | ရိဒ် | ၃၀၀၀·၀၀ | ၃၅၂၅·၀၀ | (-) | ၅၂၅·၀၀ |
| ၉။ | တမူး | - | ၂၇·၀၀ | (-) | ၂၇·၀၀ |
| | စုစုပေါင်း | ၁၈၂၀၇·၅၂ | ၁၆၀၅၀·၅၉ | (+) | ၂၁၅၆·၉၃ |

ခင်မိုးသူ

# မူဆယ်မြို့တွင် စားဖိုဆောင်သီးနှံ(ကြက်သွန်နီ)ပို့ကုန်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲပြုလုပ်

ရှမ်းပြည်နယ်၊ မူဆယ်မြို့တွင် Mingalar Muse Information Center ၌စားဖိုဆောင်သီးနှံ(ကြက်သွန်နီ) ပို့ကုန်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာလ၁၄ရက်က ကျင်းပပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးမျိုးသူက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ရည်မှန်းချက်ဖြစ်တဲ့ ပို့ကုန်ဦးဆောင်သော မဟာဗျူဟာဖြင့် ကုန်သွယ်မှုလုပ်ငန်းများဖွံ့ဖြိုးလာစေရန်အတွက် အမျိုးသားပို့ကုန်မဟာဗျူဟာအား ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း၊ သီးနှံအမျိုးအစားအလိုက် ပို့ကုန်အလားအလာ သုံးသပ်ရေးအလုပ်ရုံဆွေးနွေးပွဲတွင်လည်း စားဖိုဆောင်သီးနှံအုပ်စုထည့်သွင်းဆွေးနွေးခဲ့ကြောင်း၊ တရုတ်ကြက်သွန်နီများ ဈေးကွက်ဝင်ရောက်နေကြောင်း၊ မြန်မာနိုင်ငံမှပြည်ပသို့ တင်ပို့နေသောအများဆုံးပို့ကုန်(၃၀)တွင်လည်း ကြက်သွန်နီပါဝင်နေကြောင်း၊ နယ်စပ်ကုန်သွယ်ရေးနည်းလမ်းများဖြင့် တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေသည့်အပြင် လေကြောင်း၊ပင်လယ်ရေကြောင်းမှပါ ကြက်သွန်နီတင်ပို့နိုင်ရေးပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ကြက်သွန်နီကို ပို့ကုန်(၃)ဆ တင်ပို့နိုင်ရေးဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ပို့ကုန်အလားအလာများကို စဉ်ဆက်မပြတ် သုံးသပ်ပြီး စီးပွားရေးသတင်းအချက်အလက်များ၊ နိုင်ငံတကာ၏သတင်းအချက်အလက်များသာမက စိုက်ပျိုးထွက်ရှိမှုအခြေအနေ၊ ပြည်တွင်းရှိ ကုန်သည်၊ တောင်သူ၊ အကျိုးအမြတ်ရရှိနိုင်မှုအခြေအနေများ၊ လက်ရှိကုန်သည်များ ဆောင်ရွက်နေမှုအခြေအနေများ၊ နိုင်ငံတကာ၏သတင်းအချက်အလက်များလေ့လာသုံးသပ်သွားရန် လိုအပ်ကြောင်း၊ သက်ဆိုင်သူများအားလုံးမှလည်း စည်းစည်းလုံးလုံးနှင့်ပူးပေါင်းဆောင်ရွက်ပြီး နိုင်ငံတော်အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်ခြေလှမ်းသစ်(၁)ရပ်အနေဖြင့် ခံယူဆောင်ရွက်သွားရန် လိုအပ်ကြောင်းနှင့် Ease of Doing Business အနေဖြင့်မြန်မာနိုင်ငံသည် နိုင်ငံပေါင်း ၁၉၀ တွင် အဆင့် ၁၇၁ ဖြစ်နေကြောင်း၊ အာဆီယံနိုင်ငံများတွင်စင်ကာပူနိုင်ငံကိုမီရန် နှစ်ဆ လိုအပ်နေသေးကြောင်း ပြောကြားခဲ့သည်။ ပို့ကုန်မြှင့်တင်ရေး ဆွေးနွေးပွဲပြုလုပ်ခြင်းကြောင့်

- ကြက်သွန်နီစိုက်ပျိုးသူတောင်သူများအနေဖြင့်ခေတ်မီစိုက်ပျိုးရေးနည်းလမ်းများသိရှိရန် လိုအပ်ခြင်း။
- မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ သုံးစွဲရာတွင် စနစ်တကျနှင့် အညွှန်းအတိုင်းသုံးစွဲရန်၊ မိမိနားမလည်နိုင်သော ဘာသာစကားဖြင့် ရေးသားထားသည့်ပိုးသတ်ဆေးများသုံးစွဲမိပါကတင်ပို့ရာတွင် အခက်အခဲရှိကြောင်း သိရှိနိုင်ခြင်း။
- ကုန်ပစ္စည်းများတင်ပို့သူများအနေဖြင့် တစ်ဖက်နိုင်ငံသို့ တင်ပို့ရာတွင် အခွန်သက်သာခွင့်ရရှိထားသော ကုန်ပစ္စည်း အမယ်များအတွက် သက်သာခွင့်လျှောက်ထားနိုင်ကြောင်းသိရှိနိုင်ခြင်း၊
- နောင်တွင်ကြက်သွန်စိုက်ပျိုးတောင်သူများ နည်းစနစ်တကျ စိုက်ပျိုး၍ ခွင့်ပြုမြေဩဇာများ၊ ပိုးသတ်ဆေးများအသုံးပြုကာ တစ်ဖက်နိုင်ငံ၏စံနှုန်းများအတိုင်း စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းတို့ကို သိရှိစေနိုင်မှာဖြစ်ပါသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်တွင်းအခွန်၊ အကောက်ခွန်ဦးစီးဌာန၊ ပညာရေး၊ အလုပ်ရုံအလုပ်သမား၊ ဥပဒေဌာန၊ အပင်ပိုးမွှား၊ ပို့ဆက်ဦးစီးဌာန၊ သာသနာရေး၊ လမ်းဦးစီးဌာနနှင့် ကြက်သွန်နီအသင်းတို့မှတာဝန်ရှိသူအင်အား ၄၀ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**စောမောင်(တောင်ကြီး)**

# မြိတ်မြို့၌ ကွမ်းဖတ်ဖြင့် တစ်ခါသုံးခွက်နှင့် ပန်းကန်များအပြင် အခြားလူသုံးကုန်များ ထုတ်လုပ်လာ

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ကွမ်းသီးပင်မှ ရရှိသောအဖတ်(ဒေသအခေါ် ဘုတ်ဖတ်)များကို အသုံးပြု၍ တစ်ခါသုံးဟင်းခွက်နှင့် ထမင်းပန်းကန်များ၊ အခြားလူသုံးကုန်ပစ္စည်းများကို တစ်ပိုင်တစ်နိုင် ထုတ်လုပ်ရောင်းချလျက်ရှိကြောင်းသိရသည်။ တစ်ခါသုံးဟင်းခွက်နှင့်ထမင်းပန်းကန်များကိုမြိတ်မြို့ ကန်ဖျားနယ်မြေ ဘုရားငါးဆူ အရှေ့ရပ်မိဘမဲ့ဂေဟာလမ်းနေ ဦးသန်းဇော်ဦး၏နေအိမ်၌ လုပ်ကိုင်လျက်ရှိသည်။

ယင်းကွမ်းသီးဖတ်များကို ယခင်က ကွမ်းသီးစိုက်တောင်သူများမှာ စွန့်ပစ်ရသောပစ္စည်းတစ်ခုဖြစ်ပြီး လက်ရှိမှာ ပြန်လည်အသုံးပြုနိုင်သည့် လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်လာရာမှ တောင်သူများမှာလည်း ဝင်ငွေတိုးလာကြောင်းသိရသည်။ ကွမ်းသီးဖတ်နှင့်ပန်းကန်ပြားများကို တီထွင်ထုတ်လုပ်သူ ဦးသန်းဇော်ဦးသည် အိန္ဒိယက ပညာရှင်တွေ တင်ထားတဲ့ အွန်လိုင်းဗွီဒီယိုဖိုင်တွေကိုကြည့်ပြီး ခွက်နှင့်ပန်းကန်ပြားတွေကို အချိန်တစ်နှစ်ကျော်ကြာ လေ့လာခဲ့ပြီး ထုတ်လုပ်လာနိုင်ခဲ့တာလို့သိရပါသည်။ အဆိုပါစွန့်ပစ်ပစ္စည်း ကွမ်းသီးဖတ်များမှ ထွက်ရှိလာသည့် ၈ လက်မခွဲရှိ ပန်းကန်ပြား တစ်ချပ်ကိုကျပ် ၈၀ နှင့် ၅ လက်မအရွယ်ရှိအရည်သောက်ဟင်းခွက် ၁လုံးကို ကျပ် ၆၀ ဖြင့် ပထမဆုံးထုတ်လုပ်လျက်ရှိပြီး လာမည့်ဇန်နဝါရီလမှာ နောက်ထပ် စားသောက်ကုန်များအား ထုပ်ပိုးရာတွင် အသုံးပြုနိုင်မည့် ကော်ဖီခွက်များ၊ ဇွန်း/ခရင်းနဲ့ အခြားသော အမျိုးမယ်ပေါင်း စုစုပေါင်း ၂၀ ကျော်ကို တီထွင်ထုတ်လုပ်သွားနိုင်ရန် စီစဉ်နေကြောင်းသိရသည်။ လက်ရှိမှာ ကွမ်းသီးဖတ် ၁ ရွက်ကို ၂၅ ကျပ်နှင့် ၃၅ ကျပ်အထိ ဒေသခံတောင်သူများထံမှ ဝယ်ယူလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ စွန့်ပစ်ပစ္စည်းဖြစ်သည့် ကွမ်းသီးဖတ်ကို လူသုံးကုန်ခွက်နှင့်ပန်းကန်ပြားများ အဆင့်ဆင့်ထုတ်လုပ်ရာတွင် ပထမဆုံးသန့်စင်အောင် ရေဆေးကြောရပြီး နေပူလှန်းကာ ဘလောက်တုံးစက်ကြီးနှင့်ဖိ၍ အပူပေးပြီး အဆင့်ဆင့် ပြုလုပ်ရကြောင်းသိရသည်။ လက်ရှိမှာ ၎င်းလုပ်ငန်းနဲ့ပတ် သက်ပြီး အွန်လိုင်းပေါ်တွင် ဈေးကွက်ကို စတင်မိတ်ဆက်ခဲ့ပြီး ယင်းလုပ်ငန်းကိုကြည့်ရှု လေ့လာသူများပြားခဲ့ရာမှ စိတ်ဝင်စားမှုမြင့်တက်ပြီး မြန်မာနိုင်ငံအသီးသီးမှဟိုတယ်များ၊ ခရီးသွားလုပ်ငန်းရှင်များ၊ စားသောက်ကုန်နှင့် ဆက်စပ်သူများက မှာယူမှုများပြားခဲ့သည်။

တစ်ခါသုံးဟင်းခွက်ကို တစ်ရက်လျှင် ဟင်းခွက် ၂၅၀ နှင့် ၃၀၀ ခန့်ထုတ်လုပ်နိုင်ပြီး တစ်ခွက်လျှင် ငွေကျပ် ၆၀ ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်တောင်ကြီး၊ အင်းလေးအထိ ဖြန့်ချိပေးလျက်ရှိကြောင်း၊ ပန်းကန်ကို တစ်ရက်လျှင် ပန်းကန်ပြား ၂၀၀ ချပ်ခန့်ထုတ်လုပ်နိုင်ကြောင်း သိရသည်။အော်ဒါတွေများလွန်းလို့ တစ်လလောက် ဆိုင်းငံ့ထားတာတွေတောင်ရှိနေပြီး အော်ဒါမှာယူသူအများစုမှာ ရန်ကုန်၊ မန္တလေး၊ အင်းလေး၊ နေပြည်တော်တို့ဘက်မှ ဖြစ်ကြသည်။ မြိတ်မြို့မှ ခရီးသွားလုပ်ငန်းတချို့၏ ကမ်းလှမ်းမှုလည်းရှိကြောင်းသိရသည်။ ပစ္စည်းအရေအတွက်သောင်းဂဏန်းအထိ မှာယူထားမှုများရှိနေပြီး စက်များတပ်ဆင်ပြီးစီးပါက ဆိုင်းငံ့ထားရသည့် အော်ဒါမှာပစ္စည်းများအား စတင်ထုတ်လုပ်သွားမည်ဖြစ်သည်။ အဆိုပါပစ္စည်းများကို ထုတ်လုပ်နိုင်ရန်နှင့် စက်များတပ်ဆင်ရန်အတွက် နည်းပညာကိုအချိန် တစ်နှစ်ခန့်ယူကာ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် လေ့လာသင်ယူထားရပြီး လိုအပ်သည့်စက်များကို ရန်ကုန်မြို့တွင် ပြုလုပ်ခဲ့ကြောင်း ဦးသန်းဇော်ဦးက ပြောပါသည်။လက်ရှိထုတ်လုပ်နေသည့် ပစ္စည်းခြောက်မျိုးအပြင် အခြားပစ္စည်းများကိုလည်း ထပ်မံထုတ်လုပ်သွားမည်ဖြစ်ပြီး စက်ရုံကို ရန်ကုန်မြို့တွင်အခြေစိုက်ရန် စီစဉ်နေကြောင်းသိရသည်။ ပစ္စည်းထုတ်လုပ်ရန် လိုအပ်သည့်ကုန်ကြမ်းဖြစ်သည့်ကွမ်းပင်ဘုတ်ဖတ်များကိုလည်း ဦးသန်းဇော်ဦး ဖုန်း-၀၉ ၄၅၁၂၉ ၀၂၁၃ ထံဆက်သွယ်ပြီး လာရောက်ရောင်းချနိုင်ကြောင်းသိရသည်။

**ခင်မြနွယ်** MYANTRADE (TIR)

## ပြည်တွင်းဆီဈေးနှုန်းများ (၃-၁-၂၀၁၉)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၈၀၀ | ၅၈၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| ရန်ကုန် | ၆၅၀၀ | ၆၅၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| မန္တလေး | ၆၀၀၀ | ၆၀၀၀ | □ | ၆၄၀၀ | ၆၅၀၀ | △ | ၁၈၀၀ | ၁၈၀၀ | □ |
| ပဲခူး | ၅၈၀၀ | ၅၈၀၀ | □ | ၅၈၀၀ | ၅၈၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၆၃၀၀ | ၆၀၀၀ | ▽ | ၇၀၀၀ | ၇၀၀၀ | □ | ၁၆၅၀ | ၁၉၀၀ | △ |
| မုံရွာ | ၅၅၀၀ | ၅၅၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| စစ်တွေ | ၆၀၀၀ | ၆၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၃-၁-၂၀၁၉ US$/Ton

| အမျိုးအစား | ဒီဇင်ဘာစတုတ္ထပတ် | ဒီဇင်ဘာပဉ္စမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၄၉၃.၅၀ | ၄၈၈.၀၀ | ▽ |
| RBD P.Olein | ၅၀၁.၅၀ | ၄၉၅.၀၀ | ▽ |
| RBD P.Stearin | ၄၇၈.၀၀ | ၄၈၀.၀၀ | △ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂-၁-၂၀၁၉ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၂၃.၅၈ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၅၆ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၁၂ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၆၈ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၈၁.၆၄ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၂.၃၁ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၅၆ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၅၆၉.၂၄၃ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂-၁-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max 565 ဒေါ်လာနှင့် USD ဈေး ၁၅၄၂ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂-၁-၂၀၁၉နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၄၂ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

Vol: 19, No.1 Monday January 7 2019



# ရှားစောင်းလက်ပတ်အပင် ဆေးဖက်ဝင် ဈေးကွက်ဝင်

♦ သင်းသင်းအေး (မုံရွာ) ♦

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာ များတွင် ရှားစောင်းလက်ပပ်အပင်ကို စိုက်ပျိုးလာကြသည်ကို တွေ့ရှိရသလို ရှားစောင်းလက်ပပ်ပင်သည် မြေကြီး အစိုဓာတ်အသင့်အတင့် ရရုံဖြင့် စိုက်ပျိုးနိုင်ပြီး နေ့စဉ်လုပ်အားခမကုန်၊ ရင်းနှီးစရိတ်မကုန်ဘဲ ဝင်ငွေရရှိနိုင်ပါတယ်။

## ရှားစောင်းလက်ပပ်စိုက်ပျိုးသင့်တဲ့မြေမျိုး

ရှားစောင်းလက်ပပ်အပင်ကို အဓိကအားဖြင့် ပြုစုပျိုးထောင်တဲ့အခါမှာ နေရောင်ခြည် လုံလုံလောက်လောက် ရရှိရပါမယ်၊ ရေလောင်းတဲ့အကြိမ်ရေကို လျှော့လောင်းရမယ်။ ရှားစောင်းလက်ပပ်စိုက်ပျိုးသင့်တဲ့ မြေအမျိုးအစားကတော့ လေဝင်လေထွက်ကောင်းစေတဲ့ မြေအမျိုးအစား၊ ရေစီးဆင်းလွယ်စေတဲ့အပြင် ရေအေးဓာတ်သိုမှီးထားနိုင်တဲ့ မြေမျိုးဖြစ်ရပါမယ်။ အိမ်မှာ အိုးနဲ့စိုက်မယ်ဆိုရင်တော့ ဈေးကွက်မှာ အလွယ်တကူဝယ်ယူ နိုင်တဲ့ အဆင်သင့်မြေတွေကို မြေဆွေးတွေနဲ့ ရောမွှေ၍ စိုက်ပျိုးလိုက်ရင်ရပါတယ်။ ရှားစောင်းလက်ပပ်ပင်ကို မြေနီ၊ မြေကျစ်၊ မြေပွမျာတွင် အစိုဓာတ်အသင့်အတင့်ရရှိရုံနှင့် စိုက်ပျိုးနိုင်ပါတယ်။ စိုက်ပျိုးမယ်ဆိုရင် မြေထဲမှာ သဲကြမ်းနည်းနည်း၊ သစ်ရွက်စေးမြေ နည်းနည်း၊ မီးသွေးမှုန့် နည်းနည်းဖြည့်စွက်ရော သစ်ရွက်ဆွေးမြေတွေထဲမှာ ဇီဝမြေဩဇာတွေ အများအပြား ပါဝင်နေတဲ့အတွက်အကောင်းစား မြေမျိုး ဖြစ်သွားမှာဖြစ်ပါတယ်။ ရှားစောင်းလက်ပပ်က အက်ဆစ်အချဉ် ဓာတ်နည်းပါးပြီး အယ်လ်ကာလီများတဲ့ မြေမျိုးကို နှစ်သက်ကြောင်း သိရပါတယ်။

## ရှားစောင်းလက်ပပ်စိုက်ပျိုးနည်းများ

ရှားစောင်းလက်ပပ်ကို ပန်းအိုးထဲထည့်စိုက်တဲ့နည်းနှင့် မြေကြီးမှာ တိုက်ရိုက်စိုက်တဲ့နည်းဆိုပြီး နှစ်နည်းရှိပါတယ်။ မိမိကြိုက်နှစ်သက်တဲ့နည်းနဲ့ စိုက်ပျိုးနိုင်ပါတယ်။ စိုက်နည်း မတူညီတဲ့အတွက် ပေါက်ရောက်ကြီးထွားမှုမှာလည်း ကွာခြားမှု ရှိတတ်ပါတယ်၊ မြေကြီးမှာချစိုက်တဲ့ ရှားစောင်းလက်ပပ်က ပန်းအိုးထဲထည့်စိုက်တဲ့ ရှားစောင်းလက်ပပ်ထက်ပိုပြီး အပေါက်မြန် အကြီးထွားသန်တာတော့ သဘာဝအတိုင်းအမှန်အကန်ပဲ ဖြစ်ပါတယ်။ ရှားစောင်းလက်ပပ်ပင်ကို တစ်ပင်နှင့် တစ်ပင် ၅ ပေကြား စိုက်ပျိုးရပါတယ်၊ စိုက်ပျိုးပြီး တစ်နှစ်သား အရွယ်မှာ အပင်လက်များ သန်မာထွားကျိုင်းကာ ဖြစ်ထွန်းအောင်မြင်လာပါတယ်။ အပင်အလက်များသည် နွေဥတု၌အတွင်းအနှစ် အနည်းငယ်သာရှိပြီး မိုးနှင့်၊ ဆောင်းဥတုမှာ အတွင်းအနှစ်များသည် ဂျယ်လီကဲ့သို့ ဖောင်းနေပြီး အပင်အလက်ကို ဓားဖြင့်လှီးဖြတ်လျှင် အတွင်းအနှစ်များသည် ဂျယ်လီသဏ္ဌာန် အိတွဲတွဲဖြင့် ဆေးဘက်ဝင်တယ်လို့ဆိုလိုပါတယ်။ ရှားစောင်းလက်ပပ်အပင်ကို အပင်ခြေရင်းတွင် ပြာအနည်းငယ်စီ ပုံပေးပါက ပို၍ ဖြစ်ထွန်းလွယ်တယ်လို့ဆိုပါတယ်။ ရှားစောင်း လက်ပပ်က စိုက်ပျိုးဖို့ အချိန်အခါကောင်းကဆောင်းကုန်ပြီး မြူနှင်းကင်းစင်တဲ့ မတ်လတွင် အကောင်းဆုံး စိုက်ပျိုးချိန်ဖြစ်ကြောင်းသိရပါတယ်။

## နေရောင်ခြည်

ရှားစောင်းလက်ပပ်ဟာ နေရောင်ခြည်ကို နှစ်သက်ပြီး၊ အရွက်ထဲမှာ အသားတွေနဲ့ ပြည့်ဖောင်းနေတဲ့အကြောင်းရင်းဟာ နေရောင်ခြည်လုံလောက်စွာ ရရှိလို့ဖြစ်ကြောင်း သိရပါတယ်။ ဒါပေမဲ့ ပျိုးပင်ဘဝအစမှာတော့ ပြင်းထန်တဲ့ နေရောင်ခြည်ဒဏ်ကို မခံနိုင်ကြောင်း သိရပါတယ်။

## မြေဩဇာမများစေနဲ့

ရှားစောင်းလက်ပပ်က စင်စစ်မှာတော့ မြေဩဇာမကျွေးလည်း ရှားစောင်းလက်ပပ်က ကြီးထွားမှာပါပဲ၊ ဒါပေမဲ့ သင့်လျော်တဲ့ မြေဩဇာနည်းနည်း ကျွေးပေးရင်တော့ ကြီးထွားမှုကို မြန်ဆန်စေပါတယ်၊ မြေဩဇာအကျွေးများလွန်းပြန်လျှင်လည်း အမြစ်ပုပ်သွားတတ်ပါတယ်။ မြေဩဇာကို သင့်ရုံလောက်သာထည့်ရပါတယ်။

## မြေကြီးမှာစိုက်ရင် လိုက်နာရမည့် အချက်များ

မြေကြီးမှာ ချစိုက်တဲ့ ရှားစောင်းလက်ပပ်က ပန်းအိုးထဲထည့်စိုက်တဲ့ ရှားစောင်းလက်ပပ်ထက် ပိုပြီးကြီးထွားလေ့ရှိပါတယ်။ ရှားစောင်းလက်ပပ်ကို အကောင်းဆုံးက နေရောင်ခြည် ကောင်းကောင်းရတတ်တဲ့ အရှေ့အရပ်နဲ့ တောင်အရပ်က စိုက်ပျိုးသင့်တဲ့ နေရာကောင်းတွေပါပဲ။ ရှားစောင်းလက်ပပ်ကို မိုးရေဝပ်တဲ့ နေရာမျိုးမှာ လုံးဝမစိုက်ပျိုးပါနဲ့၊ ဘာကြောင့်လဲဆိုတော့ ရှားစောင်း လက်ပပ်က သဲကန္တာရဒေသ ဇာတိပင်မျိုး ဖြစ်လေတော့ ရေများတာကို မကြိုက်ပါဘူး။ မိုးရွာပင်ရွာသော်လည်း ရေမြန်မြန်စီးပြီး ရေတင်မကျန် ရေမဝပ်ဖို့ သိပ်အရေးကြီးပါတယ်။

## အသစ်ပြန်စိုက်ပြီးတဲ့နောက် တစ်လ ရေမလောင်းပါနဲ့

ရှားစောင်းလက်ပပ်ကို အပင်ပြောင်းရွှေ့စိုက်တာပဲဖြစ်ဖြစ်၊ အသစ်စိုက်တာပဲဖြစ်ဖြစ်၊ အသစ်ပြန်စိုက်တာပဲဖြစ်ဖြစ်၊ ရေလုံလုံလောက်လောက်လောင်းရစမြဲပါ၊ ဒါပေမဲ့ ရှားစောင်းလက်ပပ်ကတော့ လုံးဝမတူဘဲ အသစ်ပြန်စိုက်ပြီးတဲ့နောက်တစ်လလုံး ရေလောင်းကို မလောင်းရပါဘူး။ တစ်လပြည့်ပြီးနောက်မှ ရေအဝ လောင်းရပါတယ်။ အဲဒီအချက်ကိုတော့ အထူးသတိပြုသင့်ပါတယ်။ ဆောင်းကာလကုန်လွန်တာနဲ့ နွေပေါက်ပြီဆိုရင် ရှားစောင်းလက်ပပ်ပင်ကို အသစ်ပြန်စိုက်လို့ရပါပြီ၊ အသစ်ပြန်စိုက်ပြီး နှစ်လကြာပြီးနောက် ပဲဖတ်၊ (သို့) နှမ်းဖတ်ကို တစ်ကော်၊ နှစ်ကော် (သို့) ကြက်ချေးခြောက်တစ်ကော်၊ နှစ်ကော် ကျွေးလိုက်ပါ၊ ဆောင်းတွင်းမှာတော့ ဘာမြေဩဇာမှ ကျွေးဖိုး မလိုပါဘူး။

## သားတက်ခွဲစိုက်နည်း

သားတက်ခွဲစိုက်နည်းကတော့ မိခင်အပင်မကြီးရဲ့ အမြစ်ကို မထိခိုက်စေဘဲ သားတက်ကို အမြစ်ပါနုတ်ယူပြီး အဲဒီ သားတက်ကို အမြစ်ပါ စိုက်တဲ့နည်းပဲဖြစ်ပါတယ်။ ပထမဆုံး သားတက်ကို နုတ်ယူပါ၊ လေဝင်လေထွက်ကောင်းပြီး နေရိပ်ရတဲ့ နေရာမှာ ရက်သတ္တတစ်ပတ်လောက် အခြောက်ခံထားပါ၊ သေသေချာချာ ခြောက်ပြီဆိုတော့မှ မြေထဲ ကိုစိုက်ထည့်လိုက်ပါ၊ ချက်ချင်း ရေမလောင်းပါနဲ့၊ အမြစ်တွေအသေအချာခိုင်လာမှ ရေလောင်းပါ။ မကြာခင် အပင်သစ်က အမြစ်ထွက်လာပါမယ်၊ အပင်သစ်ရဲ့ အရွက်နည်းနည်း အဝါရောင်သန်းလာပေမယ့် တစ်ခုခုဖြစ်သွားပြီလို့ မထင်လိုက်ပါနဲ့၊ စိတ်မပူပါနဲ့၊ အမြစ် တဖြည်းဖြည်းရှည်ထွက်လာရင် အရွက်လည်းပိုပြီး သန်လာပါလိမ့်မယ်၊ အရွက်ရဲ့ အရောင်ကလည်း အစိမ်းရင့်ရောင်ပြောင်းလဲလာပါလိမ့်မယ်၊ အဲဒီတော့မှ အသေအချာ စစ်ဆေးကြည့်ပြီးမှ ရေလောင်းပါလို့ အကြံပြုချင်ပါတယ်။

## တစ်ကြိမ်မှာ ဘယ်လောက်သုံးသင့်သလဲ

ရှားစောင်းလက်ပပ်ရည် အပါအဝင် အခုအခါမှာ ရှားစောင်းလက်ပပ်ထုတ်ကုန် ပစ္စည်းတွေ ဥပဒေနှင့်အညီ ထုတ်လုပ်လာကြတာ အများကြီးပါပဲ၊ စားကုန်သောက်ကုန်တွေအနေနဲ့ ရှားစောင်းလက်ပပ်သကြားလုံး၊ ရှားစောင်းလက်ပပ်ခြောက် (ရေနွေးကြမ်းလုပ်သောက်ဖို့)၊ ရှားစောင်းလက်ပပ်အမှုန့်၊ ရှားစောင်းလက်ပပ်လျက်ဆား၊ ရှားစောင်းလက် ပပ်ခေါက်ဆွဲ၊ ရှားစောင်းလက်ပပ် ပန်းဂျုံခေါက်ဆွဲ၊ ရှားစောင်းလက်ပပ် လက်ဖက်ခြောက်ထုပ် စတဲ့ ပစ္စည်းတွေဟာ ဈေးကွက်ထဲစုံနေအောင် ဝယ်လို့ရနေပါတယ်။



တခြားလူသုံးကုန်တွေအနေနဲ့ ရှားစောင်းလက်ပပ် ခေါင်းလျှော်ရည်၊ ရှားစောင်းလက်ပပ်ဆံပင်သန် ဆေးရည်၊ ရှားစောင်းလက်ပပ် အလှရည်၊ ရှားစောင်းလက်ပပ်ကိုယ်တိုက် ဆပ်ပြာ စတဲ့ နေစဉ်သုံးပစ္စည်းတွေမျိုးစုံကိုလည်း ထုတ်လုပ်နေပါတယ်။ ဒါပေမဲ့ အိမ်တွင်းမှာ ရှားစောင်းလက်ပပ်ကိုစိုက်ပြီး အသုံးပြုလိုကြတဲ့ လူတွေအတွက်တော့ နည်းနည်း ရှင်းပြချင်ပါတယ်၊ အရေးကြီးတဲ့ အချက်ကတော့ ဘယ်ရွေ့ဘယ်မျှသုံးစွဲသင့်တယ် ဆိုတာပါပဲ။ စားသုံးမယ်ဆိုရင် စစချင်း တစ်ခါတည်း အများကြီးမစားသင့်ပါဘူး၊ နည်း နည်းချင်းကနေ စတင်စားသင့်ပါတယ်၊ ရှားစောင်းလက်ပပ်က အရှမ်းဆေးစွမ်းထက်ပါတယ်။ စားသုံးသူရေးရာဦးစီးဌာန၊ ယခု ရေးသားတင်ပြတဲ့ ကျွန်မကိုယ်တိုင် ဓာတ်ချုပ်လို့ ရုံးဝန်းအတွင်းမှာ စိုက်ပျိုးထားတဲ့ ရှားစောင်းလက်ပပ် တစ်လက်ဖြတ်ပြီး စားလိုက်လျှင် မနက်အိပ်ရာထ ဝမ်းသွားပါတယ်။ ငရုတ်သီး အစားများလို့ ဝမ်းပူ၊ ရောဂါကြောင့် ဝမ်းပူတာပဲဖြစ်ဖြစ် ရှားစောင်းလက်ပပ်စား လိုက်လျှင် ဝမ်းအေးသွားပါတယ်။ ရှားစောင်းလက်ပပ်က အစာအိမ်ရောင်တာလို့ စားလျှင်လည်း ပျောက်ကင်းပါတယ်။ ဝမ်းကိုက်၊ ဝမ်းလျှော၊ ဝမ်းလွယ်တဲ့သူများကတော့ လျှော့စားသင့်ပါတယ်။ လျှို့ဝှက်ချက်ကတော့ မိမိခန္ဓာကိုယ်ရဲ့ အခြေအနေအရ သင့်တော်တဲ့နှုန်းကို လိုတိုးပိုလျှော့ လုပ်တတ်ဖို့ပါပဲ။ တစ်ယောက်နဲ့ တစ်ယောက်က ခန္ဓာကိုယ်မတူညီပါဘူး။ ရောဂါအခြေအနေလည်း မတူပါဘူး။ အဲဒီတော့ အကျိုးသက်ရောက်မှုကလည်း အများကြီး ကွာခြားသွားနိုင်ပါတယ်။

ရှားစောင်းလက်ပပ်ကိုမှ မှီဝဲချင်တယ်ဆိုရင်တော့ သုံးစင်တာမီတာ၁ ဒသမ ၁၈ လက်မ ဖြက်ရှိတဲ့အရွက်ကို တစ်နေ့တာ စားသုံးသင့်တဲ့နှုန်းက ၄ စင်တီမှတာကနေ ၅ စင်တီမီတာထက် မပိုတာအကောင်းဆုံးပါပဲ။ အမြန်ပျောက်ကင်းချင်တဲ့စိတ်နဲ့ လောကြီးပြီး တစ်ကြိမ်တည်း များများစားသောက်တာကို ရှောင်ကြဉ်ပါ။ 'တန်ဆေးလွန်ဘေးဆိုတဲ့စကားကို သတိမလစ်ဟင်းကြပါစေနဲ့လို့' အကြံပြုလိုပါတယ်။

## တဖက်တစ်လမ်းကဝင်ငွေတိုး

ယခင်နှစ်များတွင် ရှားစောင်းလက်ပပ်ပင်ကို အပင်လိုက် ဝယ်ယူရာ အလျားပေ ၄၀ မှ ၆၀ ဝန်းကျင်ရှိစိုက်ခင်းတစ်ခုကို ကျပ် ၅၀၀၀ ဝန်းကျင်ပေါက်ဈေးရှိပြီး အနိမ့်ဆုံးစိုက်ခင်းတစ်ခင်းကို အပင်ကိုကြည့်ပြီး ကျပ် ၁၅၀၀၀ ကျော်မှ ၂၀၀၀၀ ကျပ် ပေးဝယ်ကြောင်း သိရှိရပါတယ်။ ဖွံ့ဖြိုးတိုးတက်နေသော ခေတ်တွင် များသောအားဖြင့် ခြံဝန်းများကို အလဟဿမထားဘဲ တစ်ဖက်တစ်လမ်းက မိသားစုဝင်ငွေရဖို့ ရှားစောင်းလက်ပပ်ပင်ကို ဆေးဘက်ဝင်ပင်အဖြစ် စိုက်ပျိုးကြလို့ ဝင်ငွေရနေခြင်းဖြစ်ပါတယ်။

စာမျက်နှာ (၁၃)သို့

# ဗီယက်နမ်နိုင်ငံတွင် ပြည်တွင်းကုန်သွယ်မှု တိုးမြှင့်ဖို့ မဟာဗျူဟာလိုအပ်နေ

ဗီယက်နမ်နိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အကူအညီပေးခြင်း၊ ကုန်ပစ္စည်းလိုအပ်ချက်နှင့် ကိုက်ညီခြင်းနှင့် ထုတ်ကုန်များကို ဝယ်ယူသုံးစွဲခြင်းတို့တွင် ပြည်တွင်းကုန်သွယ်ရေးသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ကြောင်းပြောကြားခဲ့ပါတယ်။

၂၀၁၆-၂၀၁၈ခုနှစ်အတွင်း နိုင်ငံ၏ စုစုပေါင်းအလုပ်သမား ၁၂ ရာခိုင်နှုန်းမှ ၁၃ ရာခိုင်နှုန်းခန့်အတွက် အလုပ်အကိုင်များကို ဖန်တီးပေးခြင်းဖြင့် GDP ကို ပြည်တွင်းကုန်သွယ်မှု၏ ပျမ်းမျှအကူအညီပေးခြင်းက တစ်နှစ်တွင် ၁၀ ရာခိုင်နှုန်းထက် ပိုမိုပါကြောင်းနှင့် ၎င်းအပြင်လက်လီရောင်းချသည့်ကုန်သွယ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများမှရရှိသော စုစုပေါင်းဝင်ငွေမှာ ၂၀၁၆-၂၀၁၈ခုနှစ်အတွင်း တစ်နှစ်တွင် ၁၀ ဒသမ ၅၅ ရာခိုင်နှုန်း လျင်မြန်စွာတိုးတက်မှုကို တွေ့ရှိရပါကြောင်း ဝန်ကြီးဌာန၏ စာရင်းအင်းအချက်အလက်များက ဖော်ပြထားကြောင်း သိရပါတယ်။

သွင်းကုန်ပို့ကုန်လုပ်ငန်းများမှတစ်ဆင့် အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးကို တိုးမြှင့်ဖို့အပြင် အစိုးရက ပြည်တွင်းကုန်သွယ်ရေးကို တိုးတက်အောင် အလေးထား ဆောင်ရွက်ခဲ့ပါကြောင်း၊ "ဗီယက်နမ် ကုန်ပစ္စည်းများသည် ဗီယက်နမ်လူမျိုးများအတွက် ဦးစားပေး"ဟူသည့် လှုပ်ရှားမှုအစရှိသော ဈေးကွက် တိုးတက်ဖို့အချို့နှစ်ရှည်စီမံကိန်းများကို အစိုးရကခွင့်ပြုပေးခဲ့ပြီးဖြစ်ပါကြောင်း ဒုတိယဝန်ကြီးက ပြောကြားခဲ့ပါတယ်။

အပြည်ပြည်ဆိုင်ရာပေါင်းစည်းမှုနှင့် စပ်လျဉ်း၍ ၂၀၃၅ ခုနှစ် Vision အရ ၂၀၂၅ ခုနှစ်တွင် ပြည်တွင်းကုန်သွယ်မှုတိုးတက်ဖို့အတွက် မဟာဗျူဟာတစ်ရပ်ကို တည်ဆောက်ရန် ဝန်ကြီးဌာနကို အစိုးရက ညွှန်ကြားထားပြီးဖြစ်ပါကြောင်း သိရှိရပါတယ်။

ကုန်သွယ်မှုတွင် သိပ္ပံနှင့်နည်းပညာအသုံးချမှု နှေးကွေးနေပြီး Network ဖြန့်ဝေမှု အားနည်းနေသောကြောင့် မြင့်မားသောအလယ်အလတ်ကုန်ကျစရိတ်များကို ပြည်တွင်း ဈေးကွက်က ကြိုးပမ်းအားထုတ်နေရပါကြောင်း အဆိုပါဝန်ကြီးဌာနရှိပြည်တွင်းဌာနခွဲ အကြီးအကဲ၏ ပြောပြချက်အရ သိရှိရပါတယ်။

ထို့ပြင် တစ်နိုင်ငံလုံးအနှံ့တွင် ကုန်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အဦသည် ညီမျှစွာတိုးတက်မှု မရှိသဖြင့် မှောင်ခိုနှင့် အတုအပကုန်ပစ္စည်းများကို ထိန်းချုပ်နိုင်ခြင်း မရှိခဲ့ပါကြောင်းနှင့်ထိုအချိန်အတောအတွင်း ကျေးလက်ဒေသများတွင် ဈေးကွက်စနစ်ကို အဆင့်မမြှင့်နိုင်ခြင်းနှင့် ပြည်နယ်နှင့် ဒေသများအကြား ကြီးမားသော ဈေးနှုန်းကွာဟမှုရှိနေသေးကြောင်း သိရှိရပါတယ်။

အထူးသဖြင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖြစ်သော ပြည်တွင်းလုပ်ငန်းများ၏ ပြိုင်ဘက်များနှင့် ကောင်းစွာယှဉ်ပြိုင်နိုင်မှုများ တိုးမြှင့်ခြင်းကို မဟာဗျူဟာအဆောက်အဦက ကူညီမှာဖြစ်ပါကြောင်း၊ ကျေးလက်နှင့် မြို့ပြဒေသဆက်သွယ်မှု၊ လမ်းကြောင်းများဖြန့်ဝေမှုမှတစ်ဆင့် ထုတ်လုပ်မှုနှင့်ဝယ်ယူစားသုံးမှုတို့ တိုးမြှင့်ခြင်းတို့တွင် မဟာဗျူဟာကလည်း အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ပါကြောင်းနှင့် လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ချိတ်ဆက်ထားပြီး သတ်မှတ်ထားသော ပြောင်းလဲတိုးတက်မှုအဆင့်များတွင် မဟာဗျူဟာကို ခွဲခြားထားပါကြောင်းနှင့် မဟာဗျူဟာအတွင်းရှိ အဖြေများနှင့် စီမံကိန်းများက လမ်းကြောင်းများဖြန့်ဝေမှုပြဿနာများကို ဖြေရှင်းနိုင်လိမ့်မည်ဖြစ်ပါကြောင်းကို ပြည်တွင်းဌာနခွဲ အကြီးအကဲက ပြောကြားခဲ့ပါတယ်။

ဗီယက်နမ်နိုင်ငံက လက်မှတ်ရေးထိုးထားသော နှစ်နိုင်ငံကုန်သွယ်မှုနှင့် နိုင်ငံစုံကုန်သွယ်မှု သဘောတူညီချက်များအပြင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်းအောက်ရှိ ကတိပြုထားမှုများနှင့် သင့်တော်မည့်မဟာဗျူဟာအကြမ်းကိုလည်း တည်ဆောက်ထားပါကြောင်း သိရှိရပါတယ်။

ပြည်တွင်းဈေးကွက်တိုးတက်ဖို့အတွက် အရေအတွက်တိုးတက်ဖို့သာမက အရည်အချင်းတိုးမြှင့်ဖို့ကိုလည်း ရည်ရွယ်ပါကြောင်း၊ "ဗီယက်နမ်ကုန်ပစ္စည်းများသုံးစွဲဖို့ ဗီယက်နမ်လူမျိုးများဦးစားပေး" အစီအစဉ်သည် တိကျပြတ်သားသော ရလဒ်များကို မြင်ခဲ့ရပါကြောင်း၊ ထို့အပြင်ဗီယက်နမ်မှထုတ်လုပ်သော ကုန်ပစ္စည်းများအတွက် ဗီယက်နမ်လူမျိုးများကို အောင်မြင်နိုင်စေဖို့မူဝါဒများကို အဆင့်မြှင့်သင့်ပါကြောင်းတို့ကို ဗီယက်နမ် စီးပွားရေးတက္ကသိုလ်၏ former Director က ပြောကြားခဲ့ပါတယ်။

အရေးကြီးသော လုပ်ငန်းတစ်ခုအဖြစ် လက်လီရောင်းသည့်ဝန်ဆောင်မှုကဏ္ဍအတွက် တိကျသော မဟာဗျူဟာတစ်ရပ်ကို အစိုးရက ရှိသင့်ပါကြောင်း ဗီယက်နမ်လက်လီဖြန့်ချိသူများအသင်း၏ chairwoman က ပြောကြားခဲ့ပါတယ်။

**Source;vietnamnet.vn**

**ချိုချိုမာ(ပို့ကုန်)**

## ကော့သောင်း ကုန်သွယ်ရေးစခန်းမှ ဒီဇင်ဘာလအတွင်း ကုန်သွယ်မှုလျှာထားချက် ကျော်လွန်အောင် ဆောင်ရွက်နိုင်

မြန်မာ-ထိုင်းနယ်စပ်ရှိ ကော့သောင်းကုန်သွယ်ရေးစခန်းသည် ပို့ကုန်လျာထားချက် အမေရိကန်ဒေါ်လာ ၁၀ သန်းအပေါ် ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၆၂၄ သန်း၊ သွင်းကုန်လျာထားချက် အမေရိကန်ဒေါ်လာ ၂သန်းအပေါ် ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၈၆ သန်း၊ ကုန်သွယ်မှုပမာဏလျာထားချက် အမေရိကန်ဒေါ်လာ ၁၂ သန်းအပေါ် ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၀၁ သန်းဖြစ်၍ ဆောင်ရွက်နိုင်မှု ရာခိုင်နှုန်းမှာ ၁၄၁ ဒသမ ၇၅ ရာခိုင်နှုန်းဖြစ်သဖြင့် လျာထားချက်ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ကော့သောင်းကုန်သွယ်ရေးစခန်းသည် ဒီဇင်ဘာလတွင် လျာထားချက်ကျော်လွန်ဆောင်ရွက်နိုင်သော်လည်း အနီးစပ်ဆုံးကာလဖြစ်တဲ့ နိုဝင်ဘာလနှင့်နှိုင်းယှဉ်ပါက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၀၃ သန်း လျော့နည်းခဲ့ကြောင်း ကော့သောင်းကုန်သွယ်ရေးစခန်းမှ သိရသည်။

လျာထားချက်ကျော်လွန်အောင်ဆောင်ရွက်နိုင်ခြင်းမှာ အဓိက ပို့ကုန်ပစ္စည်းဖြစ်တဲ့ ငါးမျိုးစုံ၊ ပုစွန်၊ ကင်းမွန်၊ ကဏန်း၊ ပင်လယ်ငါးရှဉ့်၊ ရေဘဝဲ၊ အခြားရေထွက်ပစ္စည်းများ၊ ဆီအုန်းကြိတ်ဖတ်ကုန်ကြမ်းနဲ့ သွင်းကုန်ပိုင်းတွင် ဘိလပ်မြေ၊ ရေနံထွက်ပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များ၊ ဆပ်ပြာမှုန့်၊ သုတ်ဆေးပေါလစ်များ၊ ငါးဖမ်းပိုက်ကွန်များ၊ ပလပ်စတစ် ကုန်ကြမ်းပစ္စည်းများ၊ သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများတို့ကို တင်သွင်းခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ **ခင်မိုးသူ**

## လျာထားချက်ထက် ကျော်လွန်အောင် ဆောင်ရွက်နိုင်သည့် တာချီလိတ်ကုန်သွယ်ရေးစခန်း

တာချီလိတ်ကုန်သွယ်ရေးစခန်းသည် ဒေသအနေအထားအရ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ လာအိုနိုင်ငံ များနှင့် ဆက်စပ်လျက်ရှိသဖြင့် သုံးနိုင်ငံဖြင့် ကုန်သွယ်မှုပြုနိုင်သည့်စခန်းဖြစ်ပါသည်။ နှစ်စဉ် ပို့ကုန်၊ သွင်းကုန် ဆောင်ရွက်နိုင်မှုအခြေအနေကို လေ့လာပါက ပို့ကုန်ပမာဏထက် သွင်းကုန်ပမာဏ ပိုမိုကြောင်း သိရှိရပါသည်။

တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တစ်နှစ်စာ ပို့ကုန်၊ သွင်းကုန် လျာထားချက်မှာ ပို့ကုန် အမေရိကန်ဒေါ်လာ ၁၅ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၆၅ သန်း၊ ကုန်သွယ်မှုပမာဏ ၈၀ သန်းဖြစ်ပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ပို့ကုန်လျာထားချက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅၀ သန်းအပေါ် ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၉၅ သန်း၊ သွင်းကုန်လျာထားချက် အမေရိကန်ဒေါ်လာ ၅ ဒသမ ၅၅၀ သန်းအပေါ် ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅၇၅ သန်း၊ ကုန်သွယ်မှု ပမာဏလျာထားချက် အမေရိကန်ဒေါ်လာ ၆ ဒသမ ၆၀ သန်း အပေါ် ဆောင်ရွက်နိုင်မှု အမေရိကန်ဒေါ်လာ ၆ ဒသမ ၉၇၀ သန်းဖြစ်ပြီး ဆောင်ရွက်နိုင်မှုရာခိုင်နှုန်းမှာ ၁၀၅ ဒသမ ၆၁ ရာခိုင်နှုန်း ဖြစ်သဖြင့်လျာထား ချက်ထက်ကျော်လွန်ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် အဓိက တင်ပို့သော ပို့ကုန်ပစ္စည်းများမှာ သတ္တုရိုင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ရော်ဘာတို့ဖြစ်ကြောင်း၊ အဓိကတင်သွင်းသော သွင်းကုန် ပစ္စည်းများမှာ ဘိလပ်မြေ၊ ရေနံထွက်ပစ္စည်းများနှင့် ဆောက်လုပ်ရေးပစ္စည်းတို့ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၁၈ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတွင် လျာထားချက်ပြည့်မီခြင်းမရှိသဖြင့် တာထွက် မကောင်းခဲ့သော်လည်း ဒီဇင်ဘာလမှစ၍ အရှိန်အဟုန်ကောင်းဖြင့် လျာထားချက်ကျော်လွန်အောင် ဆောင်ရွက် နိုင်ရေး ဆက်စပ်ဌာနများ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

ထို့ပြင် ကုန်သွယ်မှုအထောက်အကူဖြစ်စေရေးအတွက် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း (၉၄) ကြိမ်မြောက် ထိုင်း-မြန်မာ နှစ်နိုင်ငံမြို့နယ်အဆင့် နယ်ခြားကော်မတီအစည်းအဝေးတွင် ကုန်သွယ်မှုဆိုင်ရာကိစ္စများထည့်သွင်း ဆွေးနွေးခဲ့ကြောင်း၊ (၉) ကြိမ်မြောက် လာအို-မြန်မာ ဒေသဆိုင်ရာနယ်ခြား ကော်မတီအစည်းအဝေးအား ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပပြုလုပ်ရာတွင်လည်း နှစ်နိုင်ငံ ကုန်သွယ်မှုကိစ္စရပ်များအား ထည့်သွင်း ဆွေးနွေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ဟု သိရှိရပါကြောင်း တင်ပြလိုက်ပါတယ်။

**ခိုင်(တာချီလိတ်)**

**စာမျက်နှာ (၁၂) ရှားစောင်းလက်ပပ်အပင် ဆေးဖက်ဝင် . . . . မှအဆက်**

ရှားစောင်းလက်ပပ်ကို စိုက်ပြီး အသုံးပြုလိုကြတဲ့ သူများက အပင်မှအလက်များကို ဓားဖြင့် လှီးဖြတ်၍ တစ်ထပ်ခြင်း၊ အစီအရီထပ်ပြီး ထည့်စရာတစ်ခုတွင်ထည့်ကာ ရှားစောင်းလက်ပပ် အတွင်းကအနှစ်ကို အသာအယာခြစ်ယူက အနှစ်ကို ပိသာဖြင့်ရောင်းချရသလို အပင်လိုက်၊ အခင်းလိုက် ပုတ်ပြတ်လည်း ရောင်းချကြရပါတယ်။ အခင်းလိုက်ပုတ်ပြတ် ဝယ်ယူသည့် ပွဲစားများက ကုန်ကြမ်းမှ ကုန်ချောသို့ ထုတ်လုပ်သူများထံ တစ်ဆင့်ရောင်းချပြီး မိမိတို့လိုသလောက် လာလာပြီး လူငှားများဖြင့် လှီးဖြတ်တာကို တွေ့ရှိရပါတယ်။

### ရှားစောင်းလက်ပပ်ကို စားသုံးနိုင်သည့် နည်းလမ်းများ

ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်တဲ့ လုပ်ငန်းရှင်များသည် ရှားစောင်းလက်ပပ်ကို ရှားစောင်းလက်ပပ်ယိုစုံ၊ အုန်းတစ်လုံးဆေး၊ ဆီးဆေး၊ ဝမ်းမှန်ဆေး၊ ပန်းနာရင်ကြပ်သမားများ၊ အစာအိမ်နာခြင်း အောင့်ခြင်းများအတွက် အထူးသက်သာပျောက်ကင်းစေတဲ့ဆေး၊ ဆီးပူခြင်း၊ မျက်စိပူခြင်း၊ အပူကန်ခြင်းအတွက်လည်း တကယ့်ဆေးစွမ်းကောင်း တစ်လက်ဖြစ်သလို ရှားစောင်းလက်ပပ်အချိုရည်၊ ခေါင်းလျှော်ရည်၊ စနိုး၊ ဂျယ်စသည့် ကျန်းမာရေးနှင့် ကိုက်ညီသော လူသုံးကုန်၊ အလှကုန်၊ စားသောက်ကုန်များစသည့် Value added များ အမျိုးမျိုး ပြုလုပ်၍ ထုတ်လုပ်လာကြပါတယ်။ ရှားစောင်းလက်ပပ်ကို သဘာဝ ပစ္စည်းများဖြစ်သော ပျားရည်တို့ဖြင့်ကျိုချက်စားပါက အမျိုးသမီးများအတွက် အသားအရည်လှပကာ ကျန်းမာဝဖြိုးအလှတိုးစေမှာဖြစ်ပါတယ်။ ရှားစောင်းလက်ပပ်ကို စိုက်ပျိုးခြင်းဖြင့် လူတို့ရဲ့ကျန်းမာရေး၊ စားသောက်ရေး၊ သုံးစွဲဖို့အရေး ထုတ်လုပ်တာဖြစ်တဲ့အတွက် 'ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ၊ ဆေးဘက်လည်းဝင်၊ ဈေးကွက်ဝင်'သော ရှားစောင်းလက်ပပ်ပင်သည် အရင်းအနှီးမလိုဘဲ တစ်ဖက်တစ်လမ်းက မိသားစု ဝင်ငွေတိုးရန် ချွေတာခြင်းအစ မီးဖိုချောင်က ဆိုလိုသလို မီးဖိုချောင် အသုံးစရိတ်ရရှိရန် နောင်များတွင် ရှားစောင်းလက်ပပ်ပင်သည် အလက်အထဲမှ အဖြူရောင်အနှစ် ဂျယ်လီလေးများသည် 'အနှစ်ကလေးကလည်းလှ၊ ဈေးလေးက လည်းကြွ'လာနိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

Vol: 19, No.1 Monday January 7 2019

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့်နိုင်ငံပေါင်း လေးနိုင်ငံရှိပြီး Sweden၊ Croatia၊ Chile နှင့် Romania နိုင်ငံတို့ဖြစ်ပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Sweden နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၁ ဒသမ ၄၀ရာခိုင်နှုန်းဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ဗီယက်နမ်၊ တရုတ်၊ ဘရာဇီး၊ ကနေဒါ၊ ဟန်ဂေရီ၊ ကင်ညာ၊ ကူဝိတ်နှင့် တောင်အဖရိက စသည့်နိုင်ငံများအပါအဝင် ၇၂ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံအနေဖြင့် ထိုင်း၊ လာအို၊ ဂျပန်၊ ဟောင်ကောင်၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ ထိုင်ဝမ်၊ နယ်သာလန်၊ နော်ဝေနှင့် ရုရှား စသည့်နိုင်ငံတို့ အပါအဝင်နိုင်ငံပေါင်း ၃၅ နိုင်ငံရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၆ ဒသမ ၆၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါ သည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၁ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် လာအိုနိုင်ငံတွင် ၆ ဒသမ ၆၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် ၁ ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကြောင်း လေ့လာသိရှိရပြီး ကျန်အာဆီယံနိုင်ငံတို့တွင် ဈေးနှုန်းတည်ငြိမ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် Poland နိုင်ငံသည် ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၄၀ ရာခိုင်နှုန်းထိ အမြင့်မားဆုံးအဖြစ် ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်တွင် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ဗီယက်နမ်၊ တရုတ်၊ နီပေါ၊ ပါကစ္စတန်၊ ကနေဒါ၊ ဘရာဇီး၊ ကင်ညာ၊ ကူဝိတ်နှင့် ဆွစ်ဇာလန် စသည့်နိုင်ငံများ အပါအဝင် ၆၉ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ဒီဇယ်ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ထိုင်း၊ လာအို၊ ဟောင်ကောင်၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ ဂျပန်၊ ထိုင်ဝမ်၊ ဆွီဒင်၊ နော်ဝေ၊ ဂရိ၊ ပြင်သစ်၊ နယ်သာလန်၊ နယူးဇီလန်နှင့် ဒိန်းမတ် စသည့်နိုင်ငံတို့ အပါအဝင် ၄၁ နိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၆ ဒသမ ၅၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်းနှင့် လာအိုနိုင်ငံသည် ယခင်တစ်ပတ်ဈေးနှုန်းထက် ၆ ဒသမ ၅၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ပြီး ယခုတစ်ပတ်တွင် ဈေးနှုန်းကျဆင်းမှုနှုန်း အမြင့်ဆုံးနိုင်ငံအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၁ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ထိုင်းနှင့် လာအိုနိုင်ငံတို့တွင် ဈေးနှုန်းကျဆင်းနေပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းတည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရပါသည်။ လာအိုနိုင်ငံသည် ၆ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ယခုတစ်ပတ်၏ ဈေးနှုန်းကျဆင်းမှုနှုန်း အမြင့်မားဆုံးနိုင်ငံအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် ၁လီတာ ဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ ၁ လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၉ နှင့် ဒီဇယ်ဆီ ၁ လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၃ရှိပြီး စက်သုံးဆီ ဈေးနှုန်းနိုင်ငံအလိုက် နည်း/များ တွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း ၁ လီတာ သုည ဒသမ ၅၀ ဒေါ်လာနှုန်းဖြင့် ၁၂ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း ၁ လီတာ သုည ဒသမ ၅၆ ဒေါ်လာနှုန်းဖြင့် ၁၉ နိုင်ငံမြောက်တွင်ရှိနေသောကြောင့် ကမ္ဘာ့နိုင်ငံများနှင့်နှိုင်းယှဉ်လျှင် စက်သုံး

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၈ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၁၃ ဖြင့် လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၈ ဖြင့် လည်းကောင်း၊ ဧည့်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၈ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၆၈ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၀၄ ဖြင့်လည်းကောင်း ရှိခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၄ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၅ ဖြင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၀ ဖြင့် လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၂ ဖြင့်လည်းကောင်း အသီးသီး ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဆန်ဈေးကွက်နှင့်စပ်လျဉ်းသည့် ပြည်ပသတင်းများအနေဖြင့် ဗီယက်နမ်နိုင်ငံသည် ယခုနှစ်အတွင်း ဆန်တန်ချိန် ၆ ဒသမ ၁၅ သန်း တင်ပို့နိုင်ခဲ့ရာမှ ပြည်ပဝင်ငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၅ ဘီလီယံ ရရှိနိုင်မည်ဖြစ်ပြီး နှစ်အလိုက် တန်ဖိုး ၁၉ ဒသမ ၆ ရာခိုင်နှုန်းနှင့် တန်ချိန် ၅ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်လာနိုင်မည်ဟု အစိုးရထုတ်ပြန်ချက်များအရ သိရှိရပါသည်။ ဗီယက်နမ်နိုင်ငံမှ ပြည်ပသို့ဆန်တင်ပို့မှုများအနက် တရုတ်နိုင်ငံမှ ၂၄ ဒသမ ၁ ရာခိုင်နှုန်း ဝယ်ယူခဲ့ပြီး အကြီးဆုံးပို့ကုန်ဈေးကွက်ဖြစ်ခဲ့သော်လည်း ယခုနှစ်ပထမလများအတွင်း အရှေ့အာရှ ဈေးကွက်သို့ဆန်တင်ပို့မှုမှာ နှစ်အလိုက် တန်ချိန် ၃၉ ဒသမ ၁ ရာခိုင်နှုန်းနှင့် တန်ဖိုး ၃၀ ရာခိုင်နှုန်းလျော့ကျခဲ့ကြောင်း သိရှိရပါသည်။

ဗီယက်နမ်နိုင်ငံမှ ဆန်တင်ပို့မှုများအနက် ဆန်ဖြူတင်ပို့မှု ၅၁ ရာခိုင်နှုန်း ပါဝင်ပြီး အခြားဆန်များမှာ ဂျက်စမင်ဆန် ၃၂ ရာခိုင်နှုန်း၊ ကောက်ညှင်းဆန် ၁၂ ရာခိုင်နှုန်းနှင့် ဂျပိုနီကာဆန် ၅ ရာခိုင်နှုန်းတို့ဖြစ်ကြောင်း သိရှိရပါသည်။ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်တို့သည် တင်ဒါများ၊ အစိုးရချင်းသဘောတူညီမှုများမှ တစ်ဆင့် ဗီယက်နမ်မှ ဆန်တင်သွင်းရန်စီစဉ်နေပြီး အီဂျစ်နိုင်ငံမှလည်း စပါးစိုက်ဧရိယာလျှော့ချခဲ့သဖြင့် နှစ်သစ်အတွက် ဆန်တန်ချိန် ငါးသိန်းဝယ်ယူမည်ဟု ခန့်မှန်းထားပါသည်။ ဆန်လုပ်ငန်းတွင် မကြာသေးမီကာလအတွင်းက ဆန်အရောင်းအဝယ်စာချုပ်များစွာ ချုပ်ဆိုနိုင်ခဲ့သဖြင့် ယခုနှစ်အတွင်း အပြုသဘောဆောင်သည့်အခြေအနေများဖြစ်ကြောင်း ဈေးကွက်ဖော်ဆောင်ရေး အာဏာပိုင်အဖွဲ့က ထုတ်ပြန်ခဲ့သည်ကို သိရှိရပါသည်။

ပြည်တွင်းဆန်စပါးဈေးကွက်အနေဖြင့် တရုတ်နိုင်ငံမှ ဆန်ဝယ်ယူရာတွင် သတ်မှတ်ထားသည့် ပါမစ်ဈေးနှုန်းမှာ ကြီးမြင့်နေ၍ တင်ပို့နိုင်မှုနည်းပါးနေပြီး ပင်လယ်ရေကြောင်း ကုန်သွယ်မှုကိုသာအားထားနေရကြောင်း ဆန်ကုန်သည်များထံမှ သိရှိရပါသည်။ တရုတ်အစိုးရအနေဖြင့် နိုင်ငံအတွင်း ဆန်လိုအပ်ချက် ဖြည့်ဆည်းနိုင်ရန် နိုင်ငံသားကုမ္ပဏီများမှတစ်ဆင့် ပါမစ်လျှောက်ထား ဆန်တင်သွင်းစေခြင်းဖြစ်ပြီး ပါမစ်ဈေးနှုန်းမှာ ဆန်တစ်အိတ်လျှင် ၂၅ ယွမ် မှ ၃၀ ယွမ်ခန့်အထိဖြစ်ပြီး မြန်မာ ကျပ် ၅၀၀၀ ကျော်ခန့်ဖြစ်ကြောင်း သိရှိရပါသည်။

တရုတ်အစိုးရသည် မြန်မာနယ်စပ်ရှိ လယ်ယာထွက်ကုန် တင်ပို့၊ တင်သွင်းသည့် ထွက်ပေါက်များအားလုံးကို လုံခြုံရေးအကြောင်းပြချက်ဖြင့် ယာယီပိတ်ထားခဲ့သည်မှာ သုံးလခန့်ကြာမြင့်နေပြီဖြစ်၍ ပြည်တွင်းတွင်ဆန်များပိုလျှံလာပြီး နယ်စပ်ဈေးကွက် ပျောက်ဆုံးနေကြောင်း ကုန်သည်များထံမှ သိရှိရပါသည်။ ယခုကဲ့သို့ဆန်တင်သွင်းခွင့် ဆက်လက်ပိတ်ထားလျှင် ပြည်တွင်းဆန်ဈေး၊ စပါးဈေးများ ကျဆင်းလာနိုင်ကြောင်း၊ ယခုအခါတွင် ကုန်သည်များမှာ ပင်လယ်ရေကြောင်း တင်ပို့မှုကိုသာအားထားတင်ပို့နေကြရပြီး အခက်အခဲများလည်း ကြုံတွေ့ရကြောင်း မန္တလေးဆန်စပါးကုန်သည်များအသင်းထံမှသိရှိရပါ သည်။

လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့ရာတွင် ပုံမှန်လမ်းကြောင်းဖြစ်သည့် ပင်လယ်ရေကြောင်းနှင့် နယ်စပ်လမ်းကြောင်း နှစ်ခုဖြင့်တင်ပို့ကြပြီး ပုံမှန်လမ်းကြောင်းမှတင်ပို့လျှင် နိုင်ငံအလျောက် သတ်မှတ်ထားသည့် အခွန်အခအတိုင်းပေးဆောင်ရ၍ ရောင်းချရာတွင် ဈေးကွက်တည်ငြိမ်သော်လည်း တစ်ဖက်တွင် ပြည်တွင်းစပါးဈေးကွက်အတွင်း ကုန်သည်များသည် ဈေးကောင်းကောင်းပေး မဝယ်နိုင်တော့ကြောင်း၊ လက်ရှိ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဆန်တင်ပို့မှု တိုးတက်လာသော်လည်း အထွေထွေကုန်ကျစရိတ် များပြားသည့် အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရှိရပါသည်။ နယ်စပ်လမ်းကြောင်းမှ ပုံမှန်တင်ပို့နိုင်မှုမရှိခြင်းကြောင့် ပြည်ပသို့ဆန်နှင့် ဆန်ကွဲတင်ပို့မှုသည် မျှော်မှန်းထားခဲ့သည်ထက် များစွာလျော့နည်းနိုင်ကြောင်း၊ မြန်မာ့ဆန်အတွက် ခိုင်မာသည့်ဈေးကွက်သစ်များ ရှာဖွေနိုင်ရန် လိုအပ်နေပြီဖြစ်ကြောင်း ကုန်သည်များထံမှ သိရှိရပါသည်။

ပြည်တွင်းစားသုံးပြီး တစ်နှစ်လျှင် ဆန်တန်ချိန် သုံးသန်းကျော်မှ လေးသန်းအကြား ပိုလျှံနေသောနိုင်ငံတွင် ပြည်ပဆန်တင်ပို့မှုလျော့ကျခြင်းသည် ပြည်တွင်းဆန်ဈေးနှင့် စပါးဈေးကို ထိခိုက်လာနိုင်ကြောင်း၊ လက်ရှိ ရန်ကုန်ဈေးကွက်တွင် ဝယ်သူအကြိုက် ဈေးကွက်ဖြစ်နေ၍ ဝယ်သူပေးသည့် ဈေးအတိုင်းရောင်းချနေကြရသည်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင်က ပြောကြားခဲ့သည်ကို သိရှိရပါသည်။

ဆန်ထွက်ပေါက်များဖြစ်သည့် မန္တလေး၊ မူဆယ်ရှိ ဂိုဒေါင်များတွင် ဆန်အိတ်ရေသိန်းကျော် သောင်တင်နေ၍ ဈေးများကျဆင်းနေကြောင်း၊ ရေရှည်တွင် နောက်ဆက်တွဲပြဿနာအနေဖြင့် စပါးအခြေခံ ဈေးနှုန်းသတ်မှတ်ချက် တင်း ၁၀၀ လျှင် ကျပ်ငါးသိန်းအောက်အထိ ကျဆင်းလာနိုင်ခြင်းကို ထိန်းထားနိုင်ရန် ကုန်သည်အဖွဲ့အစည်းများ၊ ကုမ္ပဏီများမှ ကြိုပွဲ့ငွဲ့ဝယ်ယူပေးရန် လိုအပ်လျက်ရှိပါသည်။ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အာဖရိကနိုင်ငံများဖြစ်သည့် ဂါနာ၊ ဘီနင်၊ အိုဗရီကို့စ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ကနေဒါ၊ စပိန်နှင့် ဖိလစ်ပိုင် ၊ ဆီရာလီယွန်နီ အပြင် ယူအေအီးနိုင်ငံများသို့တင်ပို့နေသော်လည်း ယခုအခါ အီးယူက GSP ရုပ်သိမ်းခြင်းနှင့် အခွန်အခ ပေးဆောင်ရန်အရေး မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ဆွေးနွေးလျက်ရှိကြောင်း သိရှိရပါသည်။

လက်ရှိတွင် တရုတ်နှင့်အီးယူနိုင်ငံများက မြန်မာ့ဆန်ဝယ်ယူရေး ရပ်ဆိုင်းလိုက်ပါက ဈေးကွက်အထိအခိုက်များလာနိုင်မည်ဖြစ်ပြီး နောက်ဆက်တွဲအနေဖြင့် တောင်သူလယ်သမား၏ အကျိုးစီးပွားထိခိုက်လာမည် ဖြစ်ခြင်းကြောင့် GSP မရုပ်သိမ်းရေး ကုန်သည်အသင်းချုပ်နှင့် မိတ်ဖက်အသင်းအဖွဲ့များမှ ကြေညာချက်ထုတ်ပြန်ထားသည်ကို သိရှိရပါသည်။ လက်ရှိတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်ထွက် ဧည့်မထအုပ်စုဝင် စပါးများသည်

စာမျက်နှာ ၁၆ သို့

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၀ | ၀.၅၆ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၄ | ၀.၈၄ |
| ၃ | ထိုင်း | လီတာ | ၁.၀၁ | ၀.၇၅ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၇၉ | ၀.၆၉ |
| ၅ | စင်္ကာပူ | လီတာ | ၁.၅၁ | ၁.၁၉ |
| ၆ | မလေးရှား | လီတာ | ၀.၅၂ | ၀.၅၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၀.၉၅ | ၀.၇၂ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၉၁ | ၀.၈၂ |
| ၉ | လာအို | လီတာ | ၁.၁၉ | ၀.၉၆ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

ဆီဈေးနှုန်းသက်သာသောနိုင်ငံများတွင် ပါဝင်ကြောင်း တွေ့ရှိရပါသည်။ ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံးနိုင်ငံများစာရင်းကို ၁ လီတာ ဈေးနှုန်းများဖြင့် တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓါတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓါတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၁ | ဟောင်ကောင် | လီတာ | ၂.၀၁ |
| ၂ | ဆူဒန် | လီတာ | ၀.၁၃ | Monaco | လီတာ | ၁.၉၈ |
| ၃ | အီရန် | လီတာ | ၀.၂၉ | Wallis and Futuna | လီတာ | ၁.၈၇ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၄ | Barbados | လီတာ | ၁.၈၅ |
| ၅ | အယ်ဂျီရီးယား | လီတာ | ၀.၃၅ | နော်ဝေ | လီတာ | ၁.၈၂ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၇ | Monaco | လီတာ | ၁.၉ |
| ၂ | ဆူဒန် | လီတာ | ၀.၀၉ | အိုက်စလန် | လီတာ | ၁.၇၈ |
| ၃ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | နော်ဝေ | လီတာ | ၁.၇၈ |
| ၄ | အယ်ဂျီးရီးယား | လီတာ | ၀.၁၉ | Wallis and Futuna | လီတာ | ၁.၇၄ |
| ၅ | Ecuador | လီတာ | ၀.၂၇ | ဆွစ်ဇာလန် | လီတာ | ၁.၇၂ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှု အများဆုံးဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၃ | ၀.၉၂ |
| ၂ | ဂျပန် | လီတာ | ၁.၂၃ | ၁.၀၆ |
| ၃ | အိန္ဒိယ | လီတာ | ၁.၀၁ | ၀.၉၂ |

Oil-Price. Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း Crude Oil နေ့စဉ်ဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-


## ကြယ်စင်(တန့်ဆည်မြေ)

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၂၈.၁၂.၂၀၁၈ | စည် | ၄၄.၆၁ |
| ၂ | ၃၁.၁၂.၂၀၁၈ | စည် | ၄၅.၃၃ |
| ၃ | ၁.၁.၂၀၁၉ | စည် | ၄၅.၄၁ |
| ၄ | ၂.၁၁.၂၀၁၉ | စည် | ၄၆.၅၄ |

source : http://www.oil-price.net/

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃ ရက်ထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုသည် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-




စာမျက်နှာ ၁၇ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ဗဟိုဘဏ်ရည်ညွှန်း ငွေလဲနှုန်းသည် ယခင်တစ်ပတ်ထက် အနည်းငယ် ကျဆင်းခဲ့ပြီး ဇန်နဝါရီ ၃ ရက်တွင် အမေရိကန် ၁ ဒေါ်လာလျှင် ၁၅၄၂ ကျပ်ရှိခဲ့သည်ကို တွေ့ရှိရပါသည်။ ပြည်တွင်းပြင်ပ ငွေကြေးဈေးကွက်တွင် အမေရိကန် ၁ ဒေါ်လာလျှင် ၁၅၄၄ ကျပ် ပေါက်ဈေးရှိခဲ့ကြောင်း လေ့လာသိရှိရပါသည်။ အမေရိကန်ဒေါ်လာငွေလဲလှယ်နှုန်းမှာ အနည်းငယ် ကျဆင်းခဲ့သော်လည်း ပြည်တွင်းရွှေဈေးကွက်တွင် ဇန်နဝါရီ ၃ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၀၄၈၅၀၀ အထိ ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ပြီးခဲ့သည့်ငါးလအတွင်း မြန်မာ့ရွှေဈေးနှုန်းကို ပြန်ကြည့်ပါက ဩဂုတ်လအတွင်းတွင် ဩဂုတ် ၆ ရက် ပြည်တွင်းရွှေဈေးနှုန်းမှာ အနိမ့်ဆုံးနှုန်း ကျပ် ၉၄၇၃၀၀ နှင့် ဩဂုတ် ၂၈ ရက်တွင် အမြင့်ဆုံး ကျပ် ၉၈၅၀၀၀၊ စက်တင်ဘာလအတွင်း ပြည်တွင်းရွှေဈေး အနိမ့်ဆုံးဈေးနှုန်းမှာ စက်တင်ဘာ ၂၈ ရက်တွင် ကျပ် ၉၆၅၀၀၀ နှင့် စက်တင်ဘာ ၂၀ ရက်တွင် အမြင့်ဆုံးဈေးနှုန်း ကျပ် ၁၀၄၇၇၀၀၊ အောက်တိုဘာလအတွင်း ပြည်တွင်းရွှေဈေး အနိမ့်ဆုံးနှုန်းမှာ အောက်တိုဘာ ၁ ရက်တွင် ကျပ် ၉၆၉၀၀၀၊ အောက်တိုဘာ ၃၁ ရက် အမြင့်ဆုံးနှုန်း ကျပ် ၁၀၄၀၀၀၀၊ နိုဝင်ဘာလအတွင်း အမြင့်ဆုံးဈေးနှုန်းမှာ နိုဝင်ဘာ ၂ ရက်တွင် ကျပ် ၁၀၄၂၅၀၀ ဖြစ်ပြီး အနိမ့်ဆုံး ဈေးနှုန်းမှာ နိုဝင်ဘာလ ၁၂ ရက်တွင် ကျပ် ၁၀၂၆၀၀၀ တို့ဖြစ်ပြီး ဒီဇင်ဘာတွင် အနိမ့်ဆုံးဈေးနှုန်းမှာ ဒီဇင်ဘာ ၃ ရက်တွင် ကျပ် ၁၀၁၀၀၀၀ ဖြစ်ပြီး အမြင့်ဆုံးဈေးနှုန်းမှာ ဒီဇင်ဘာ ၃၁ ရက်တွင် ကျပ် ၁၀၄၂၀၀၀ ဖြစ်ကြောင်း တွေ့ရှိရသဖြင့် ဒီဇင်ဘာလအတွင်း ရွှေဈေးနှုန်း ပြောင်းလဲမှု ကျပ် ၃၂၀၀၀ အထိရှိကြောင်း တွေ့ရှိရပါသည်။ ယခုလ ဇန်နဝါရီ ၁ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၀၄၃၅၀၀၊ ဇန်နဝါရီ ၂ ရက်တွင် ကျပ် ၁၀၄၅၅၀၀၊ ဇန်နဝါရီ ၃ ရက်တွင်ကျပ် ၁၀၄၈၅၀၀ အထိ ဈေးနှုန်းမြင့် တက်လာခဲ့ပြီး ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ၁၂၈၈ ဒေါ်လာဖြစ်ကြောင်း သိရှိရပါသည်။


စာမျက်နှာ ၁၇ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization ISO ၏ website ဖြစ်သော www.isosugar.org တွင်ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင်ဖော်ပြချက်များ အရ သကြားဖြူ White Sugar တစ်တန်လျှင် ၁၀-၁၂-၂၀၁၈ ရက်တွင် အမေရိကန်ဒေါ်လာ ၃၄၅ ဒသမ ၆၀ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက် ဖြစ်ပေါ် လျက်ရှိပြီး ဇန်နဝါရီလ ၁ ရက် နေ့တွင် အမေရိကန်ဒေါ်လာ ၃၃၄ ဒသမ ၄၀ သို့ ဖြစ်ပေါ်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 1-Jan-19 | 12.12 cts/lb | 12.53 cts/lb | 334.40 $/T | 15.17 cts/lb |
| 31-Dec-18 | 12.28 cts/lb | 12.58 cts/lb | 335.45 $/T | 15.22 cts/lb |
| 28-Dec-18 | 12.46 cts/lb | 12.63 cts/lb | 340.90 $/T | 15.46 cts/lb |
| 27-Dec-18 | 12.33 cts/lb | 12.64 cts/lb | 338.30 $/T | 15.35 cts/lb |
| 24-Dec-18 | 12.48 cts/lb | 12.70 cts/lb | 340.35 $/T | 15.44 cts/lb |
| 21-Dec-18 | 12.43 cts/lb | 12.74 cts/lb | 340.00 $/T | 15.42 cts/lb |
| 20-Dec-18 | 12.54 cts/lb | 12.77 cts/lb | 341.45 $/T | 15.49 cts/lb |
| 19-Dec-18 | 12.56 cts/lb | 12.80 cts/lb | 343.00 $/T | 15.56 cts/lb |
| 18-Dec-18 | 12.40 cts/lb | 12.83 cts/lb | 338.15 $/T | 15.34 cts/lb |
| 17-Dec-18 | 12.61 cts/lb | 12.83 cts/lb | 342.30 $/T | 15.53 cts/lb |
| 14-Dec-18 | 12.75 cts/lb | 12.83 cts/lb | 345.40 $/T | 15.67 cts/lb |
| 13-Dec-18 | 12.82 cts/lb | 12.82 cts/lb | 347.50 $/T | 15.76 cts/lb |
| 12-Dec-18 | 12.83 cts/lb | 12.81 cts/lb | 345.65 $/T | 15.68 cts/lb |
| 11-Dec-18 | 12.92 cts/lb | 12.81 cts/lb | 347.15 $/T | 15.75 cts/lb |
| 10-Dec-18 | 12.82 cts/lb | 12.78 cts/lb | 345.60 $/T | 15.68 cts/lb |
| 7-Dec-18 | 12.97 cts/lb | 12.79 cts/lb | 348.90 $/T | 15.83 cts/lb |
| 6-Dec-18 | 12.74 cts/lb | 12.78 cts/lb | 344.55 $/T | 15.63 cts/lb |
| 5-Dec-18 | 12.82 cts/lb | 12.78 cts/lb | 346.00 $/T | 15.69 cts/lb |
| 4-Dec-18 | 12.85 cts/lb | 12.78 cts/lb | 346.25 $/T | 15.71 cts/lb |
| 3-Dec-18 | 13.01 cts/lb | 12.78 cts/lb | 352.25 $/T | 15.98 cts/lb |

Source: www.isosugar.org




Source: www.isosugar.org

၂၀၁၉ ခုနှစ် ဇန်နဝါရီလပထမပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၄၃ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ဒေါ်လာ ၂၄၈၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၉-၃၈၄၊ အိန္ဒိယနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၄၃၉-၆၀၁ ဖြစ်ပြီး ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက တရုတ်နှင့် ပါကစ္စတန်နိုင်ငံများ၏ သကြားဈေးမှာ အနည်းငယ်ကျဆင်းခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဈေးနှုန်းအနည်းငယ်မြင့်တက်ခဲ့၍ အမေရိကန်နိုင်ငံတွင် ဈေးနှုန်းတည်ငြိမ်နေကြောင်း လေ့လာသိရှိရပါသည်။ မြန်မာ-တရုတ် နယ်စပ်ရှိ တစ်ဖက်နိုင်ငံဒေသပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၆၃၀ ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီလပထမပတ်အတွင်း မြန်မာ-တရုတ် နယ်စပ် မူဆယ်ဒေသ၌ သကြား ၁တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန် ဒေါ်လာ ၆၂၇ သာရှိပြီး တရုတ်နိုင်ငံတွင် သကြား ၁ တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၄၃ ပေါက်ဈေးရှိသောကြောင့် ၁ တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၁၆ ဒေါ်လာဈေးနှုန်း ကွာဟချက်ရှိပါသည်။ မြန်မာ-ထိုင်း နယ်စပ် မြဝတီမြို့တွင် သကြား ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၁ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၅၁၅ ဝန်းကျင်ခန့် ရှိကြောင်း လေ့လာသိရှိရပါသည်။

ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြား ၁ ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြား ၁ ပိဿာလျှင် ကျပ် ၁၈၀၀ဖြင့်

စာမျက်နှာ ၁၆ သို့

## စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

အမြင့်ဆုံး ဖြစ်ပေါ်နေပြီး၊ ဘားအံမြို့တွင် သကြား ၁ ပိဿာလျှင် ကျပ် ၁၁၀၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိ ရပါသည်။ မြန်မာနိုင်ငံ မြို့ကြီးများတွင် နေ့အလိုက်ဖြစ်ပေါ်နေသော ဈေးနှုန်းများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | မြို့အမည် | သကြား(ကျပ်/ပိဿာ) | |
|---|---|---|---|
| | | ဒီဇင်ဘာ ၂၈ | ဇန်နဝါရီ ၂ |
| ၁ | ၂ | ၃ | ၄ |
| ၁ | မြစ်ကြီးနား | ၁၅၀၀ | ၁၅၀၀ |
| ၂ | လားရှိုး | ၁၅၀၀ | ၁၅၀၀ |
| ၃ | ကျိုင်းတုံ | ၁၅၀၀ | ၁၅၀၀ |
| ၄ | တောင်ကြီး | ၁၄၀၀ | ၁၄၀၀ |
| ၅ | လွိုင်ကော် | ၁၆၀၀ | ၁၆၀၀ |
| ၆ | ဘားအံ | ၁၁၀၀ | ၁၁၀၀ |
| ၇ | မော်လမြိုင် | ၁၄၀၀ | ၁၄၀၀ |
| ၈ | ထားဝယ် | ၁၅၀၀ | ၁၅၀၀ |
| ၉ | မြိတ် | ၁၅၀၀ | ၁၅၀၀ |
| ၁၀ | ရန်ကုန် | ၁၈၀၀ | ၁၈၀၀ |
| ၁၁ | ပုသိမ် | ၁၄၀၀ | ၁၄၀၀ |
| ၁၂ | စစ်တွေ | ၁၆၀၀ | ၁၆၀၀ |
| ၁၃ | ဟားခါး | ၁၉၀၀ | ၁၉၀၀ |
| ၁၄ | မုံရွာ | ၁၅၀၀ | ၁၅၀၀ |
| ၁၅ | မန္တလေး | ၁၆၀၀ | ၁၆၀၀ |
| ၁၆ | ပခုက္ကူ | ၁၅၀၀ | ၁၅၀၀ |
| ၁၇ | မကွေး | ၁၅၀၀ | ၁၅၀၀ |
| ၁၈ | ပြည် | ၁၆၀၀ | ၁၆၀၀ |
| ၁၉ | ပဲခူး | ၁၅၀၀ | ၁၅၀၀ |
| ၂၀ | ပျဉ်းမနား | ၁၃၀၀ | ၁၃၀၀ |
| ၂၁ | နေပြည်တော် | ၁၄၀၀ | ၁၄၀၀ |
| ၂၂ | ကလေး | ၁၄၀၀ | ၁၄၀၀ |

Source:DACA-Domestic

Trading Economic Website တွင် ဖော်ပြချက်အရ ၂၀၁၉ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်ထက် ၃ ဒသမ ၇၁ ရာခိုင်နှုန်း ဈေးနှုန်း ကျဆင်းသွားခဲ့သည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ပထမပတ်အတွင်း သကြားဈေးနှုန်းမှာ သိသိသာသာ ပြောင်းလဲမှုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

# Tamil Nadu ပြည်နယ်၌ အလုပ်အကိုင်မြှင့်တင်ရန်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ ၃၁ သန်း ချေးငွေစာချုပ်ကို အိန္ဒိယအစိုးရနှင့် ADB တို့ လက်မှတ်ရေးထိုး

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် အိန္ဒိယအစိုးရနှင့် အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ်တို့သည် Tamil Nadu ပြည်နယ်၌ အလုပ်အကိုင်မြှင့်တင်ရန်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရေး၊ ခရီးသွားဝင်ရောက်မှု မြှင့်တင်ရေးတို့ကိုဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ ၃၁ သန်းချေးငွေစာချုပ်ကို နယူးဒေလီမြို့၌ ချုပ်ဆိုခဲ့ကြောင်း သိရှိရပါသည်။

၂၀၁၀ ခုနှစ် စက်တင်ဘာလတွင် အတည်ပြုခဲ့သည့် အမေရိကန်ဒေါ်လာ ချေးငွေ သန်း ၂၅၀ အသုံးပြု မည့် Infrastructure Development Investment Program for Tourism (IDIPT) သည် Tamil Nadu ပြည်နယ် အပြင် Punjap၊ Himachal Pradesh နှင့် Uttarakhand ပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်းအားဖြင့် ဒေသစီးပွားရေးကို တိုးတက်စေပြီး ဒေသတွင်း လူ့အဖွဲ့အစည်းများအတွက် အခွင့်အလမ်းများ တည်ဆောက်ပေးရန် ရည်ရွယ်ထားပြီး သဘာဝနှင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများအား ထိန်းသိမ်းကာကွယ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း၊ ဆက်သွယ်ရေး၊ စွမ်းဆောင်ရည်နှင့် အခြေခံအဆောက်အဦများ တည်ဆောက်ခြင်းတို့မှတစ်ဆင့် ရည်ရွယ်ချက်များ ပြည့်မြောက်အောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း သိရှိရပါသည်။

ယခုချေးငွေသဘောတူစာချုပ်သည် အဆိုပါ အမေရိကန်ဒေါ်လာ ချေးငွေ သန်း ၂၅၀ IDIPT အစီအစဉ်အောက်ရှိ လေးရစ်မြောက် ချေးငွေစာချုပ်ဖြစ်ကြောင်း၊ ၎င်းချေးငွေဖြင့် ဖော် ဆောင်မည့်စီမံကိန်းတွင် သမိုင်းဝင်အဆောက်အဦ ရှစ်ခု၊ ပြတိုက်တစ်ခု၊ ဘုရားကျောင်းသုံးခု၊ ရေကန်တစ်ကန်တို့ ပြုပြင်ထိန်းသိမ်းခြင်းပါဝင်ပြီး ခရီးသွားဒေသ၌ သတင်းအချက်အလက် စင်တာ၊ နားနေဆောင်များ၊ သန့်စင်ခန်းများ အပါအဝင်လိုအပ်သည့် အခြေခံအဆောက်အဦများတည်ဆောက်ခြင်းတို့လည်း ပါဝင်ကြောင်း၊ စီမံကိန်းတစ်ခုလုံး၏ ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၀၄ သန်းဖြစ်ရာ အစိုးရကအမေရိကန်ဒေါ်လာ ၁၃ ဒသမ ၀၄ သန်း ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ ယင်းစီမံကိန်းအား ၂၀၂၀ ပြည့်နှစ် ဇွန်လတွင်ပြီးစီးရန် ခန့်မှန်းထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့။**

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

အစိုးခါတ်ပါဝင်မှု အပေါ်မူတည်၍ တင်း ၁၀၀ လျှင် ကျပ် ၄၇၀၀၀၀ မှ ကျပ် ၇၀၀၀၀၀ အထိ ပေါက်ဈေးရှိနေကြောင်း သိရှိရပါ သည်။

မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၃ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ဘတ်လျှင် ၄၇ ကျပ်နှုန်းရှိပြီး၊ ဧည့်မထ ဆန်တစ်အိတ်လျှင် ကျပ် ၂၅၂၀၀ ခန့် ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။ မြန်မာ-တရုတ်နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ယွမ်လျှင် ၂၂၄ ကျပ်နှုန်းရှိပြီး ဧည့် မထဆန် ၂၅ မှတ် တစ်အိတ်လျှင် ၂၂၈၄၈ ကျပ်မှ ၂၃၀၇၂ ကျပ်ထိပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းအနည်းငယ်ကျဆင်းခဲ့ကြောင်း လေ့လာသိရှိရပါသည်။

USDA စာရင်းများအရ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလအတွင်း လေ့လာတွေ့ရှိချက်အရ ကမ္ဘာ့ဆန်အဓိကတင်သွင်းသော နိုင်ငံများ၏ တင်သွင်းနိုင်မည့် တန်ချိန်မှာ ဘီနင်း သုည ဒသမ ၆၅၀သန်း၊ ဘင်္ဂလားဒေ့ရှ် သုည ဒသမ ၆၀၀ သန်း၊ ဘရာဇီး သုည ဒသမ ၆၅၀ သန်း၊ ကင်မရွန်း သုည ဒသမ ၇၀၀ သန်း၊ တရုတ် ၅ သန်း၊ အိုင်ဗရီကို့စ် ၁ ဒသမ ၄၅၀ သန်း၊ EU ၂ ဒသမ ၀၅၀ သန်း၊ ဂါနာ သုည ဒသမ ၆၈၀ သန်း၊ အင်ဒိုနီးရှား ၁ ဒသမ ၂၀၀ သန်း၊ ဂျပန် သုည ဒသမ ၆၈၅ သန်း၊ အီရန် ၁ ဒသမ ၄၀၀ သန်း၊ အီရတ် ၁ ဒသမ ၃၀၀ သန်း၊ ကင်ညာ သုည ဒသမ ၇၅၀ သန်း၊ မလေးရှား ၁ သန်း၊ မက္ကဆီကို သုည ဒသမ ၈၈၀ သန်း၊ မိုဇမ်း ဘစ် သုည ဒသမ ၇၅၀ သန်း၊ နိုင်ဂျီရီးယား ၃ သန်း၊ ဖိလစ်ပိုင် ၁ ဒသမ ၈၀၀ သန်း၊ ဆော်ဒီအာရေဗျ ၁ ဒသမ ၃၀၀ သန်း၊ ဆီနီဂေါ ၁ ဒသမ ၂၅၀ သန်း၊ တောင်အာဖရိက ၁ သန်း၊ UAE သုည ဒသမ ၉၀၀ သန်း၊ US သုည ဒသမ ၈၇၅ သန်း တင်သွင်းမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကမ္ဘာ့ဆန်တင်ပို့သည့် နိုင်ငံများအနက် မြန်မာနိုင်ငံအနေဖြင့် တန်ချိန် ၃ သန်းတင်ပို့မည်ဟု USDA စာရင်းများအရ ခန့်မှန်းထားပါသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များအရ တစ်ပတ်အတွင်း ဆန်ဈေးနှုန်းများကို လေ့လာရာတွင် ဈေးနှုန်း အတက်အကျ အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ ဘုရင့်နောင် ကုန်စည်ဒိုင်တွင် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃ ရက်အတွင်းဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | |
|---|---|---|---|---|---|---|
| | | | ၂၈.၁၂.၂၀၁၈ | ၃၁.၁၂.၂၀၁၈ | ၂.၁.၂၀၁၉ | ၃.၁.၂၀၁၉ |
| ၁ | ဧယာ | ၅ | ၂၀၇၀၀ | ၂၀၅၀၀ | ၂၀၆၀၀ | ၂၀၆၀၀ |
| ၂ | ဧယာ | ၁၀ | ၂၀၂၀၀ | ၂၀၀၀၀ | ၂၀၂၀၀ | ၂၀၂၀၀ |
| ၃ | ဧယာ | ၂၅ | ၁၉၁၀၀ | ၁၈၈၀၀ | ၁၈၉၀၀ | ၁၈၈၀၀ |
| ၄ | ဧယာ | ၃၅ | ၁၈၈၀၀ | ၁၈၅၀၀ | ၁၈၆၀၀ | ၁၈၅၀၀ |
| ၅ | ဧည့်မထ | ၅ | ၂၀၈၀၀ | ၂၀၇၀၀ | ၂၀၇၀၀ | ၂၀၇၀၀ |
| ၆ | ဧည့်မထ | ၁၀ | ၂၀၄၀၀ | ၂၀၂၀၀ | ၂၀၃၀၀ | ၂၀၃၀၀ |
| ၇ | ဧည့်မထ | ၂၅ | ၁၉၁၀၀ | ၁၈၈၀၀ | ၁၈၉၀၀ | ၁၈၈၀၀ |
| ၈ | ဧည့်မထ | ၃၅ | ၁၈၈၀၀ | ၁၈၅၀၀ | ၁၈၆၀၀ | ၁၈၅၀၀ |

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ် ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဟားခါးမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ၂၄၂၅ ကျပ်ဖြင့် အမြင့်ဆုံးဈေးနှုန်းဖြစ်ပေါ်ခဲ့ပြီး ပုသိမ်မြို့ ဘားအံမြို့နှင့် ပြည်မြို့တို့တွင် ဧည့်မထဆန် (သစ်) တစ်ပြည်လျှင် ကျပ် ၉၅၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

မြန်မာနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားသည့် နိုင်ငံဖြစ်သည့် အားလျော်စွာ တိုးတက်ပြောင်းလဲလာသည့် Global စီးပွားရေးစနစ်တွင် စိန်ခေါ်မှုယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင်ကြုံ တွေ့နေရလျက်ရှိပါသည်။ စိုက်ပျိုးရေးနိုင်ငံဖြစ်သော မြန်မာနိုင်ငံတွင် စိုက်ပျိုး၊ မွေးမြူရေး ဘွဲ့ရများ၊ ပညာရှင်များ မွေးထုတ်နိုင်မှုသည် အရှေ့တောင်အာရှနိုင်ငံများနှင့် ဖွံ့ဖြိုးပြီးနိုင်ငံအချို့တို့၏ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်ဖြင့် ဘွဲ့ရရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ကြည့်လျှင် မြန်မာနိုင်ငံသည် သုည ဒသမ ၅ ရာခိုင်နှုန်းဖြင့် အနည်းဆုံးအခြေအနေတွင် ရှိနေသည်ကို လေ့လာသိရှိရပါသည်။ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်လျက်ရှိသော ဘာသာရပ်များ၏ ဘွဲ့ရ၊ ကျောင်းဆင်းများ၊ ပညာရှင်များအလွန်နည်းပါးနေကြောင်း၊ ပိုမိုသင်ကြားမွေးထုတ်ပေးနိုင်ရန် လိုအပ်ပါကြောင်း လေ့လာသိရှိရပါသည်။

မြန်မာ့လယ်ယာကဏ္ဍတွင်လည်း စိန်ခေါ်မှုယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင်ကြုံတွေ့နေရလျက်ရှိရာ ခိုင်မာသည့် ဈေးကွက်သစ်များ ရှာဖွေနိုင်ရန် လိုအပ်နေပြီဖြစ်ပါသည်။ နိုင်ငံတကာဆန်စပါးဈေးကွက်ကြီးများမှလည်း အပြိုင်အဆိုင် ဈေးကွက်ရရှိရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသည်လည်း အထွက်နှုန်း၊ နည်းပညာ၊ အရည်အသွေးနှင့် ဈေးကွက်ရှာဖွေမှုအပိုင်းများကို အရှိန်အဟုန်မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရန် ပိုမိုတွန်းအားပေးလုပ်ဆောင်ကြရမည်ဖြစ်ပါသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၄၀ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကို သိရှိရပါသည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလပထမပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်အကျ ပြောင်းလဲမှုများရှိသည်ကို လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

| စဉ် | မြို့အမည် | ဧည့်မထဆန်(ကျပ်/ပြည်) | |
|---|---|---|---|
| | | ၂၈.၁၂.၂၀၁၈ | ၂.၁.၂၀၁၉ |
| ၁ | ၂ | ၃ | ၄ |
| ၁ | မြစ်ကြီးနား | ၁၃၀၀(သစ်) | ၁၃၀၀(သစ်) |
| ၂ | လားရှိုး | ၁၃၅၀ | ၁၃၅၀ |
| ၃ | ကျိုင်းတုံ | ၁၆၀၀(သစ်) | ၁၆၀၀(သစ်) |
| ၄ | တောင်ကြီး | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |
| ၅ | လွိုင်ကော် | ၁၅၀၀(သစ်) | ၁၅၀၀(သစ်) |
| ၆ | ဘားအံ | ၉၅၀(သစ်) | ၉၅၀(သစ်) |
| ၇ | မော်လမြိုင် | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |
| ၈ | ထားဝယ် | ၁၇၀၀ | ၁၁၀၀(သစ်) |
| ၉ | မြိတ် | ၁၀၀၀(သစ်) | ၁၁၀၀(သစ်) |
| ၁၀ | ရန်ကုန် | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |
| ၁၁ | ပုသိမ် | ၉၅၀(သစ်) | ၉၅၀(သစ်) |
| ၁၂ | စစ်တွေ | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |
| ၁၃ | ဟားခါး | ၂၄၂၅ | ၂၄၂၅ |
| ၁၄ | မုံရွာ | ၂၂၀၀ | ၂၂၀၀ |
| ၁၅ | မန္တလေး | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) |
| ၁၆ | ပခုက္ကူ | ၁၂၀၀(သစ်) | ၁၂၀၀(သစ်) |
| ၁၇ | မကွေး | ၁၀၅၀(သစ်) | ၁၀၅၀(သစ်) |
| ၁၈ | ပြည် | ၉၅၀(သစ်) | ၉၅၀(သစ်) |
| ၁၉ | ပဲခူး | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |
| ၂၀ | ပျဉ်းမနား | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |
| ၂၁ | နေပြည်တော် | ၁၀၅၀(သစ်) | ၁၀၅၀(သစ်) |
| ၂၂ | ကလေး | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |

Source-DOCA-Domestic

## စာမျက်နှာ (၁၅) စက်သုံးဆီ . . . မှအဆက်

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား တစ်ဖက်ပါ အတိုင်း ဖော်ပြအပ်ပါ သည်-

ယခုတစ်ပတ်အတွင်း ကမ္ဘာ့စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ် ဆီ) ဈေးနှုန်းများမှာ အနည်းငယ်ကျဆင်း လာခဲ့သည်ကို တွေ့ ရှိရပါသည်။ အာရှဒေသနိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေး ရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ဗီယက်နမ်၊ တရုတ်နှင့် ပါကစ္စတန်နိုင်ငံများ၏ ဈေးနှုန်းများမှာ တည်ငြိမ်နေပြီး မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ကျဆင်းလာကြောင်း လေ့လာသိရှိရ ပါသည်။

www.global- petrolprices.com မှ ဖော်ပြချက်အရ ဓာတ်ဆီဈေးနှုန်းများမှာ နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် နိုင်ငံ ပေါင်း ၃၅ နိုင်ငံ တို့တွင် ဈေးနှုန်းကျဆင်းခဲ့ပြီး နိုင်ငံပေါင်း ၇၂ နိုင်ငံတို့တွင် ဈေးနှုန်း ပြောင်းလဲမှုမရှိတည်ငြိမ်နေခဲ့၍ လေးနိုင်ငံတွင်သာ ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်းများမှာ နိုင်ငံပေါင်း ၁၁၁ နိုင်ငံ အနက် နိုင်ငံပေါင်း ၄၁ နိုင်ငံတို့တွင် ဈေးနှုန်းကျဆင်းခဲ့ပြီး နိုင်ငံပေါင်း ၆၉ နိုင်ငံတွင် ဈေးနှုန်းပြောင်းလဲမှုမရှိ တည်ငြိမ်ခဲ့၍ ပိုလန်နိုင်ငံ တစ်နိုင်ငံတည်းသာလျှင် ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း လေ့လာသိရှိရပြီး ကမ္ဘာ့စက်သုံးဆီဈေးနှုန်းများ ဆက်လက်ကျဆင်းလာနိုင် ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

| စဉ် | မြို့အမည် | စက်သုံးဆီ(ကျပ်/ဂါလံ) | | | |
|---|---|---|---|---|---|
| | | ဓါတ်ဆီ | | ဒီဇယ်ဆီ | |
| | | ဒီဇင်ဘာ ၂၈ | ဇန်နဝါရီ ၂ | ဒီဇင်ဘာ ၂၈ | ဇန်နဝါရီ ၂ |
| ၁ | မြစ်ကြီးနား | ၃၈၃၄ | ၃၈၃၄ | ၄၂၉၇ | ၄၂၉၇ |
| ၂ | လားရှိုး | ၃၅၀၀ | ၃၅၀၀ | ၄၃၀၀ | ၄၁၅၀ |
| ၃ | ကျိုင်းတုံ | ၅၂၆၅ | ၄၅၀၀ | ၅၇၁၅ | ၄၉၅၀ |
| ၄ | တောင်ကြီး | ၃၅၅၀ | ၃၄၅၀ | ၄၂၀၀ | ၄၁၅၀ |
| ၅ | လွိုင်ကော် | ၄၃၀၀ | ၄၃၀၀ | ၄၅၀၀ | ၄၂၀၀ |
| ၆ | ဘားအံ | ၃၄၂၀ | ၃၃၀၈ | ၄၂၀၈ | ၄၁၆၃ |
| ၇ | မော်လမြိုင် | ၃၈၂၅ | ၃၇၈၀ | ၄၂၇၅ | ၄၂၅၂ |
| ၈ | ထားဝယ် | ၃၆၉၀ | ၃၆၉၀ | ၄၃၈၇ | ၄၃၈၇ |
| ၉ | မြိတ် | ၃၇၈၀ | ၃၆၀၀ | ၄၂၃၀ | ၄၁၄၀ |
| ၁၀ | ရန်ကုန် | ၄၀၅၀ | ၄၀၅၀ | ၄၂၉၆ | ၄၂၉၆ |
| ၁၁ | ပုသိမ် | ၃၇၈၀ | ၃၇၈၀ | ၄၂၇၅ | ၄၂၇၅ |
| ၁၂ | စစ်တွေ | ၄၂၄၀ | ၄၂၄၀ | ၄၀၈၀ | ၄၀၈၀ |
| ၁၃ | ဟားခါး | ၄၃၆၀ | ၄၃၆၀ | ၄၅၇၀ | ၄၅၇၀ |
| ၁၄ | မုံရွာ | ၄၂၀၀ | ၄၂၀၀ | ၄၅၀၀ | ၄၅၀၀ |
| ၁၅ | မန္တလေး | ၄၄၀၀ | ၄၄၀၀ | ၄၃၀၀ | ၄၃၀၀ |
| ၁၆ | ပခုက္ကူ | ၄၃၀၀ | ၄၂၀၀ | ၄၃၅၀ | ၄၂၅၀ |
| ၁၇ | မကွေး | ၃၄၅၀ | ၃၃၅၀ | ၄၂၅၀ | ၄၂၅၀ |
| ၁၈ | ပြည် | ၃၆၀၀ | ၃၆၀၀ | ၄၃၅၀ | ၄၃၀၀ |
| ၁၉ | ပဲခူး | ၃၅၆၀ | ၃၃၅၀ | ၄၂၀၀ | ၄၁၀၀ |
| ၂၀ | ပျဉ်းမနား | ၃၆၀၀ | ၃၆၀၀ | ၄၂၅၃ | ၄၂၅၃ |
| ၂၁ | နေပြည်တော် | ၃၆၀၀ | ၃၆၀၀ | ၄၂၅၃ | ၄၂၅၃ |
| ၂၂ | ကလေး | ၄၁၀၀ | ၄၁၀၀ | ၄၇၀၀ | ၄၇၀၀ |

Source : DOCA-Domestic


## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

ယခုတစ်ပတ်အတွင်း ကမ္ဘာ့ရွှေဈေးမြင့်တက်ခဲ့မှုနှင့်အတူ ပြည်တွင်း အခေါက်ရွှေဈေးသည် ယခုတစ်ပတ်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့ ကြောင်း တွေ့ရှိရပါသည်။ ဒီဇင်ဘာ ၁ ရက်မှ ဇန်နဝါရီ ၃ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေးအခြေအနေတို့ကို အောက်ပါ အတိုင်း တွေ့ရှိရပါသည်-

| စဉ် | နေ့စွဲ | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
|---|---|---|---|
| ၁ | ၁.၁၂.၂၀၁၈ | ၁၀၂၁၅၀၀ | ၁၂၂၃ |
| ၂ | ၂.၁၂.၂၀၁၈ | ၁၀၂၁၀၀၀ | ၁၂၂၃ |
| ၃ | ၃.၁၂.၂၀၁၈ | ၁၀၁၀၀၀၀ | ၁၂၃၁ |
| ၄ | ၄.၁၂.၂၀၁၈ | ၁၀၁၃၀၀၀ | ၁၂၄၀ |
| ၅ | ၅.၁၂.၂၀၁၈ | ၁၀၁၄၀၀၀ | ၁၂၃၅ |
| ၆ | ၆.၁၂.၂၀၁၈ | ၁၀၂၅၅၀၀ | ၁၂၃၆ |
| ၇ | ၇.၁၂.၂၀၁၈ | ၁၀၂၈၅၀၀ | ၁၂၄၈ |
| ၈ | ၁၀.၁၂.၂၀၁၈ | ၁၀၃၃၅၀၀ | ၁၂၄၇ |
| ၉ | ၁၁.၁၂.၂၀၁၈ | ၁၀၃၉၀၀၀ | ၁၂၄၈ |
| ၁၀ | ၁၂.၁၂.၂၀၁၈ | ၁၀၃၈၅၀၀ | ၁၂၄၅ |
| ၁၁ | ၁၃.၁၂.၂၀၁၈ | ၁၀၃၇၀၀၀ | ၁၂၄၄ |
| ၁၂ | ၁၄.၁၂.၂၀၁၈ | ၁၀၃၆၀၀၀ | ၁၂၃၉ |
| ၁၃ | ၁၇.၁၂.၂၀၁၈ | ၁၀၃၇၀၀၀ | ၁၂၄၀ |
| ၁၄ | ၁၈.၁၂.၂၀၁၈ | ၁၀၃၈၀၀၀ | ၁၂၄၉ |
| ၁၅ | ၁၉.၁၂.၂၀၁၈ | ၁၀၃၈၅၀၀ | ၁၂၄၉ |
| ၁၆ | ၂၀.၁၂.၂၀၁၈ | ၁၀၃၈၅၀၀ | ၁၂၅၅ |
| ၁၇ | ၂၁.၁၂.၂၀၁၈ | ၁၀၃၉၅၀၀ | ၁၂၅၈ |
| ၁၈ | ၂၄.၁၂.၂၀၁၈ | ၁၀၄၀၀၀၀ | ၁၂၆၂ |
| ၁၉ | ၂၅.၁၂.၂၀၁၈ | ၁၀၄၀၅၀၀ | ၁၂၇၀ |
| ၂၀ | ၂၆.၁၂.၂၀၁၈ | ၁၀၄၁၅၀၀ | ၁၂၇၃ |
| ၂၁ | ၂၇.၁၂.၂၀၁၈ | ၁၀၃၈၅၀၀ | ၁၂၇၄ |
| ၂၂ | ၂၈.၁၂.၂၀၁၈ | ၁၀၄၀၅၀၀ | ၁၂၇၈ |
| ၂၃ | ၃၁.၁၂.၂၀၁၈ | ၁၀၄၂၀၀၀ | ၁၂၈၃ |
| ၂၄ | ၁.၁.၂၀၁၉ | ၁၀၄၃၅၀၀ | ၁၂၈၃ |
| ၂၅ | ၂.၁.၂၀၁၉ | ၁၀၄၅၅၀၀ | ၁၂၈၇ |
| ၂၆ | ၃.၁.၂၀၁၉ | ၁၀၄၈၅၀၀ | ၁၂၈၈ |

Source: estimate of world's exchange rate and gold price page

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth 6.8 % ၊ Annual Rate of Inflation 6.66 % ၊ Year on Year Inflation က 8.33 % ရှိသည်ကိုလည်းလေ့လာသိရှိရပါသည်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ် မှ ထုတ်ပြန်ချက်အရ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၃ ရက်မှ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၃ ရက်အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့ သော အမေ ရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်းတန်ဖိုးများအား အောက်ပါ ဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




Source:Central Bank of Myanmar

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်မှ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်အထိ ရက်အလိုက်ဖြစ်ပေါ်ပြောင်းလဲခဲ့သော တစ်ပတ်အတွင်း အမေရိကန်တစ်ဒေါ်လာနှင့်ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်း များကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၈-၁၂-၁၈ | ၂-၁-၁၉ | ၃-၁-၁၉ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|
| ၁ | Myanmar | Kyat | ၁၅၅၀ | ၁၅၄၆ | ၁၅၄၂ | -၀.၅၁၆ | ⬇ |
| ၂ | Thai Baht | THB | ၃၂.၃၂၅ | ၃၂.၃၆၅ | ၃၂.၂၉၀ | -၀.၇၂၃ | ⬇ |
| ၃ | Singapore Dollar | SGD | ၁.၃၄၇ | ၁.၃၆၄ | ၁.၃၆၇ | ၁.၄၇၇ | ⬆ |
| ၄ | Malaysian Ringgit | MYR | ၄.၁၆၃ | ၄.၁၃၄ | ၄.၁၄၆ | -၀.၄၀၈ | ⬇ |
| ၅ | Indonesian Rupiah | IDR | ၁၄၅၅၉ | ၁၄၄၃၈ | ၁၄၄၃၅ | -၀.၈၅၂ | ⬇ |
| ၆ | Chinese Yuan | CNY | ၆.၈၆၆ | ၆.၈၇၈ | ၆.၈၆၂ | -၀.၀၅၈ | ⬇ |
| ၇ | Indian Rupee | INR | ၇၀.၃၆၂ | ၆၉.၄၅၂ | ၆၉.၉၉၉ | -၀.၅၁၆ | ⬇ |
| ၈ | Japanese Yen | JPY | ၁၁၀.၈၉၆ | ၁၀၉.၆၃၀ | ၁၀၇.၆၄၄ | -၂.၉၃၂ | ⬇ |
| ၉ | Austrialia Dollar | AUD | ၁.၄၂၁ | ၁.၄၂၀ | ၁.၄၄၃ | ၁.၅၄၈ | ⬆ |
| ၁၀ | Euro | EUR | ၀.၈၇၄ | ၀.၈၇၃ | ၀.၈၈၁ | ၀.၈၀၁ | ⬆ |
| ၁၁ | Pound Sterling | GBP | ၀.၇၉၁ | ၀.၇၈၄ | ၀.၇၉၇ | ၀.၇၅၉ | ⬆ |

Source:Central Bank of Myanmar

မြန်မာနိုင်ငံတွင် ယခုတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း သုည ဒသမ ၅၁၆ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကိုတွေ့ ရှိရပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ဒီဇင်ဘာ ၂၈ ရက်တွင် လေလံဈေးကွက်ဖြင့် ပုဂ္ဂလိကဘဏ်များမှ ကန်ဒေါ်လာ ၃ ဒသမ ၉၉ သန်းကျော်ကို တစ်ဒေါ်လာလျှင် ၁၅၅၀ ကျပ်ဖြင့်ဈေးကွက် ပေါက်ဈေးထက် ဈေးပိုပေးပြီး ဆက်လက်ဝယ်ယူခဲ့ကြောင်းသိရှိရပါ သည်။ ပြည်တွင်း ငွေကြေးဈေးကွက်တွင် ဒီဇင်ဘာ ၂၈ ရက်က တစ် ဒေါ်လာလျှင် ၁၅၄၅ ကျပ်မှ ၁၅၃၅ ကျပ်အကြား ဈေးဖွင့် ရောင်း ချခဲ့ပြီး ဒေါ်လာဝယ်လိုအားနည်းခြင်းကြောင့် ပြည်တွင်း ငွေကြေးဈေး ကွက်တွင် ဒေါ်လာ ဈေးကျဆင်းနေရခြင်းဖြစ်သည်ဟု ပြင်ပငွေလဲ ဝန်ဆောင်မှု လုပ်ကိုင်သူတစ်ဦးက ပြောကြားခဲ့ပါသည်။ ကောက်ပဲ သီးနှံပေါ်သည့် ရာသီချိန်ဖြစ်ပြီး လကုန်ရက်ပိုင်းဖြစ်နေခြင်းမှာ လည်း ဒေါ်လာတန်ဖိုးကို ကျဆင်းစေသည်ဟု စီးပွားရေးလုပ်ငန်းရှင် အချို့က သုံးသပ်ပြောကြားကြပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပုဂ္ဂလိကဘဏ်များမှ ဒေါ်လာဝယ်ယူရခြင်းသည် ပြည်တွင်းငွေကြေးဈေးကွက် တည်ငြိမ် ရန်၊ ဒေါ်လာငွေ အရန်အင်အားတောင့်တင်းစေရန်၊ ဒေါ်လာလိုအပ် ပါက ဗဟိုဘဏ်မှ ပြန်လည်ဖြည့်တင်းပေးနိုင်ရေး ဆောင်ရွက်ခြင်းဖြစ် သည်ဟု သိရှိရပါသည်။ ဒေါ်လာဈေး မတည်ငြိမ်မှုသည် တိုင်းပြည် စီးပွားရေးကို ထိခိုက်စေနိုင်ခြင်းကြောင့် ဒေါ်လာဈေးနှုန်း တည်ငြိမ် နေဖို့လိုအပ်ပါကြောင်း၊ အစိုးရအနေဖြင့် ပြည်တွင်း ကျပ်ငွေ တန်ဖိုး တည်ငြိမ်ရေးဆောင်ရွက်ရာ တွင်ရေရှည်တည်တံ့၍ စဉ်ဆက်မပြတ် အကျိုးသက်ရောက်မှုရှိစေမည့် စီမံချက်များချမှတ် အကောင်အထည် ဖော်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် ပြည်တွင်းဒေါ်လာ နှင့် ရွှေဈေးကွက် အပေါ်ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုများ အား စဉ်ဆက်မပြတ် စောင့်ကြည့်၍ လိုအပ်သည့် ထိန်းကျောင်းမှုများ ဆောင်ရွက်သွားသင့်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

■

# ချင်း(အစို)ပိုမို တင်ပို့မှုနှင့်အတူ ဒီဇင်ဘာလ ကုန်သွယ်မှု လျာထားချက် ပြည့်မီကျော်လွန်ခဲ့သည့် စစ်တွေ ကုန်သွယ်ရေးစခန်း

စစ်တွေကုန်သွယ်ရေးစခန်း၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒီဇင်ဘာလ ကုန်သွယ်မှု လျာထားချက်မှာ ပို့ကုန် သုည ဒသမ ၇၅၀ ဒေါ်လာသန်း၊ သွင်းကုန် သုည ဒသမ ၂၀၀ ဒေါ်လာ သန်း၊ စုစုပေါင်း သုည ဒသမ ၉၅၀ ဒေါ်လာသန်းဖြစ် ပြီး အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် ၁ ဒသမ ၁၉၉ ဒေါ်လာ သန်း၊ သွင်းကုန် သုည ဒသမ ၁၄၅ ဒေါ်လာသန်း၊ စုစုပေါင်း ၁ ဒသမ ၃၄၄ ဒေါ်လာသန်းဖြစ်၍ ကုန်သွယ်မှုလျာထားချက် အပေါ် ၁၄၁ ဒသမ ၄၇ရာခိုင်နှုန်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အဓိက တင်ပို့ခဲ့သော ပို့ကုန် ပစ္စည်းများအနက် ချင်းအစိုမှာ ၄၀၇ ဒသမ ၅၀ တန်၊ သုည ဒသမ ၃၁၀ ဒေါ်လာသန်းဖိုး တင်ပို့နိုင်ခဲ့ကြောင်းသိရှိရပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ၂၀၁၈ ခုနှစ် Mini Budget နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ယခု လအထိ လအလိုက် ချင်းအစို တင်ပို့ခဲ့မှုအခြေအနေများကို နှိုင်းယှဉ်ကြည့်ပါက ယခု ဒီဇင်ဘာလမှာ ချင်းအစိုတင်ပို့မှု အများဆုံးလဖြစ်ကြောင်း သိရှိရပါသည်။

တစ်ဖက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကုန်သည်များမှ ၎င်းတို့ နိုင်ငံတွင် ကျရောက်လာတော့မည့် ပွဲတော်များအတွက် ချင်း အစို ဝယ်ယူစုဆောင်းချိန်ရောက်ရှိလာပြီဖြစ်၍ ချင်းတင်ပို့ မှု ပိုမိုရခြင်းဖြစ်ကြောင်း ကုန်သည်များထံမှ သိရှိရပါသည်။ နောက်လာမည့်လများတွင်လည်း ချင်းအစိုနှင့် အခြားတင်ပို့ နေကျ ပို့ကုန်ပစ္စည်းများ၊ အမယ်သစ်ပို့ ကုန်ပစ္စည်း များ ယခု ထက်ပိုမိုတင်ပို့နိုင်ရေးအတွက် စစ်တွေကုန်သွယ်ရေးစခန်း အနေဖြင့် ကုန်သည်လုပ်ငန်းရှင်များအား တိုက်တွန်းစည်းရုံး ခြင်း၊ OSS ဌာနအဖွဲ့ ဝင်များနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့အောင် ကူညီပေးခြင်းတို့ ဆောင် ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။ **ညီညီအောင်(စစ်တွေ)**



# စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံစီးပွားတိုးတက်ရေးအတွက် ဦးစားပေးသီးနှံ စိုက်ပျိုးရေး

စောမောင် (တောင်ကြီး)


မြန်မာနိုင်ငံသည် ဒေသတွင်း တိုင်းပြည်များနှင့် နှိုင်းယှဉ်လျှင် ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံး တိုင်းပြည်စာရင်းတွင်ရှိနေပြီး အာဆီယံ ၁၀ နိုင်ငံတွင်လည်း မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု GDP သည် (၇) အဆင့်တွင်သာ ရှိနေပါတယ်။ တစ်ဦးချင်းဝင်ငွေရရှိမှုတွင်လည်း အိမ်နီးချင်းတရုတ်၊ ထိုင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက များစွာ နိမ့်ကျနေတာကို တွေ့ရပါတယ်။ ၂၀၁၅ ခုနှစ်စာရင်းအရ စီးပွားရေးလုပ်ကိုင်ရန် လွယ်ကူမှုအညွှန်းကိန်း (Ease Of Doing Business Index ) ကို အာဆီယံနိုင်ငံအလိုက် နှိုင်းယှဉ်လေ့လာလျှင် မြန်မာနိုင်ငံသည် အောက်ဆုံးအနေအထားတွင် တွေ့ရပါတယ်။ နိုင်ငံပေါင်း ၁၈၉နိုင်ငံအနက် မြန်မာနိုင်ငံ၏ အဆင့်သည် ၁၆၇ နေရာတွင် ရောက်ရှိနေပြီး ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်နိုင်မှု အညွှန်းကိန်း (Global Competitiveness Index) တွင် မြန်မာနိုင်ငံသည် နိုင်ငံပေါင်း ၁၄၄ နိုင်ငံတွင် အဆင့် ၁၃၄ တွင်သာ ရှိနေပါတယ်။

မြန်မာနိုင်ငံအား ဆင်းရဲမှုအနိမ့်ဆုံး နိုင်ငံများစာရင်းမှ လွတ်မြောက်ရန်အတွက် အုပ်ချုပ်သူအစိုးရအဖွဲ့အသီးသီးတို့က နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် နည်းလမ်းအမျိုးမျိုး၊ မူဝါဒအမျိုးမျိုး ရေးဆွဲချမှတ်ပေးလျက်ရှိကာ စီမံကိန်းအသီးသီးချမှတ်ပြီး ရုန်း ထွက်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ တိုင်း ဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အစိုးရအဖွဲ့များ၊ သက်ဆိုင်ရာဦးစီး ဌာနများနှင့် အသင်းအဖွဲ့များ ကုမ္ပဏီများမှလည်း မိမိတို့ရေမြေ ရာသီဥတုနှင့် ကိုက်ညီမယ့် စိုက်ပျိုးသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ထုတ်ကုန်များ ဈေးကွက်ချိတ်ဆက်နိုင်ရေးအတွက် Forum များ ကျင်းပခြင်း၊ Trade Fair များ၊ Business Matching အစီအစဉ်များနှင့် Business Plan Competition များကျင်းပကာ ကြိုးပမ်းဆောင် ရွက်နေကြပါတယ်။

ရှမ်းပြည်နယ်တောင်ပိုင်းတွင်လည်း ရှမ်းပြည်နယ်လယ်ယာ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကာလတိုစီမံကိန်းရေးဆွဲရေးအတွက် Forum ကို တောင်ကြီးမြို့ SSSCCI ရုံးခန်းအစည်းအဝေးခန်းမတွင် နိုဝင်ဘာ ၅ ရက်မှ ၆ရက်အထိ ကျင်းပခဲ့ပါတယ်။ အဆိုပါ Forum တွင် SSSCCI စိုက်ပျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီက ကာလတိုစီမံကိန်းရေးဆွဲနိုင်ရေးအတွက် တင်သွင်းခဲ့တဲ့ စာတမ်းကို ကောက်နုတ်ဖော်ပြသွားမှာဖြစ်ပါတယ်။ စာတမ်းရဲ့ ရည်ရွယ်ချက်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်းမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပြောင်း၊ ပဲပုပ်နဲ့ သကြားကို ကုန်ဖလှယ်မှုစနစ်ဖြင့် အစိုးရအချင်းချင်း သဘောတူညီမှုရယူကာ ခန့်မှန်းတန်ဖိုး အမေရိကန်ဒေါ်လာတစ်ဘီလီယံ ထုတ်လုပ်ရောင်းချနိုင်ပြီး ပြည်နယ်စီးပွားဖွံ့ဖြိုးတိုးတက်လာစေဖို့ဖြစ်ပါတယ်။

## ကမ္ဘာ့ပြောင်းထုတ်လုပ်မှုနှင့် ကုန်သွယ်ရေး

ကမ္ဘာ့ပြောင်းစိုက်ပျိုးထုတ်လုပ်မှုမှာ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် စုစုပေါင်း တန်ချိန် ၁ ဒသမ ဝ၈ ဘီလီယံ ရှိပြီး အမေရိကန်နိုင်ငံအနေဖြင့် ပြောင်းအများဆုံးထုတ်လုပ်သော နိုင်ငံဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့ကတော့ ဒုတိယနှင့် တတိယအများဆုံးထုတ်လုပ်သော နိုင်ငံများဖြစ်တယ်လို့ ဆိုပါတယ်။ ဥရောပသမဂ္ဂနှင့် အာဂျင်တီးနားနိုင်ငံတို့ကတော့ စတုတ္ထနှင့် ပဉ္စမနေရာရှိတာကို အောက်ပါဇယားမှာ ဖော်ပြထားပါတယ်။




ကမ္ဘာ့ပြောင်းဈေးကွက်မှာ ကုန်သွယ်မှုပြုနေတဲ့ ပြောင်းတန်ချိန် စုစုပေါင်းခန့်မှန်း ၁၂၅ မှ ၁၄၀ မီလီယံရှိပြီး ပို့ကုန်တန်ဖိုးအနေဖြင့် အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၈ ဘီလီယံရှိတယ်လို့ဆိုပါတယ်။ အမေရိကန် နိုင်ငံကတော့ ပြောင်းတင်ပို့မှု အများဆုံးနိုင်ငံဖြစ်ပြီး ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ၅၆ ဒသမ ၅ မီလီယံ တန်ရှိပါတယ်။ ဒုတိယ အများဆုံး တင်ပို့တဲ့နိုင်ငံကတော့ အာဂျင်တီးနားနိုင်ငံဖြစ်ပြီး ၂၁ ဒသမ ၆ မီလီယံတန်နဲ့ တတိယ အများဆုံးတင်ပို့သော နိုင်ငံကတော့ ဘရာဇီးနိုင်ငံဖြစ်ပြီး ၂၁ မီလီယံတန်ရှိကြောင်းကို တစ်ဖက်ပါဇယားမှာ ဖော်ပြထားပါတယ်။

Table (1) Top 10 Exporter of Corn in the World in 2016-17

| Rank | Exporter | 2016 Corn Exports | % World Total |
|---|---|---|---|
| 1. | United States | US$10.3 billion | 35.9% |
| 2. | Argentina | $4.2 billion | 14.5% |
| 3. | Brazil | $3.7 billion | 13% |
| 4. | Ukraine | $2.4 billion | 8.4% |
| 5. | France | $1.6 billion | 5.7% |
| 6. | Russia | $858.9 million | 3% |
| 7. | Romania | $773.8 million | 2.7% |
| 8. | Hungary | $671.8 million | 2.3% |
| 9. | Mexico | $477.6 million | 1.7% |
| 10. | Serbia | $371.7 million | 1.3% |

Source: International Trade Center (ITC) Trade Map[7]

ကမ္ဘာ့ပြောင်းသုံးစွဲမှု အများဆုံးနိုင်ငံတွေကတော့ အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့ဖြစ်ပြီး အောက်ပါဇယားမှာ ဖော်ပြထားပါတယ်။

Table (2) Change in Corn Demand in the major Consuming Countries

| Country | Consumption (MMT) in 2016-17 | Annual Growth Rate | Percent Growth during 1990-2016 |
|---|---|---|---|
| World | 1021 | 3.0% | 116% |
| USA | 315 | 2.8% | 105% |
| China | 226 | 4.2% | 189% |
| EU Countries | 77 | NA | NA |
| Brazil | 55 | 3.2% | 128% |
| Mexico | 37 | 3.6% | 153% |
| India | 23 | 3.6% | 153% |
| Egypt | 15 | 3.3% | 131% |
| Japan | 15 | -0.31% | -8% |
| Canada | 13 | 2.4% | 83% |
| Vietnam | 13 | 12.2% | 1897% |

## မြန်မာနိုင်ငံ ပြောင်းစိုက်ပျိုးထုတ်လုပ်မှုနှင့် ကုန်သွယ်ရေး

မြန်မာနိုင်ငံရဲ့ ခန့်မှန်းပြောင်း စိုက်ပျိုးထုတ်လုပ်မှုကတော့ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ၂ ဒသမ ၂၅ မီလီယံ မက်ထရစ်တန်ရှိပြီး စုစုပေါင်းစိုက်ပျိုးဧက ၁ ဒသမ ၂ မီလီယံရှိပြီးတော့ ရှမ်းပြည်နယ်မှာ ၅၂ ရာခိုင်နှုန်း၊ စစ်ကိုင်းတိုင်းမှာ ၂၂ ရာခိုင်နှုန်း၊ မကွေးတိုင်းမှာ ၁၀ ရာခိုင်နှုန်းခန့် အသီးသီးစိုက်ပျိုးကြတယ်လို့ဆိုပါတယ်။ ရှမ်းပြည်နယ်ရဲ့ ပြောင်းစိုက်ပျိုးထုတ်လုပ်မှုကို အောက်ပါဇယားမှာ ဖော်ပြထားပါတယ်-





Figure 3 Corn production (MT) in Northern, Southern and Eastern Shan State (2014-15 to 2016-17)

ရှမ်းပြည်နယ် တောင်ပိုင်းမှာ စုစုပေါင်း ပြောင်းစိုက်ဧက ၂၅၄၄၉၈ ခန့်ရှိပြီး ပြောင်းထွက်ရှိမှု ပမာဏမှာ ၄၀၁၁၄၃ မက်ထရစ်တန်ရှိပါတယ်။ ရှမ်းပြည်နယ် တောင်ပိုင်းတွင် ပြောင်းစိုက်ပျိုးထုတ်လုပ်မှုအများဆုံးမြို့နယ်ကတော့ တောင်ကြီးမြို့နယ်တွင် ၆၄၇၀၉ ဧကခန့်နှင့် ရပ်စောက်မြို့နယ်တွင် ၄၉၅၇၈ ဧကခန့်ရှိတယ်လို့ သိရပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းရဲ့ ပြောင်းစိုက်ပျိုးထုတ်လုပ်မှုကို အောက်ပါဇယားမှာ ဖော်ပြထားပါတယ်။





Figure (4) Sown area and Production of Corn in Different Township in Southern Shan

၂၀၁၆-၂၀၁၇ ခုနှစ်မှာ မြန်မာနိုင်ငံ စုစုပေါင်းပြောင်းထုတ်လုပ်မှု ၂ ဒသမ ၂၅ မီလီယံမက်ထရစ်တန်မှာ တစ်မီလီယံမက်ထရစ်တန်ကတော့ ပြည်တွင်းမွေးမြူရေးအစာ ထုတ်လုပ်ရေးမှာ အသုံးပြုပြီးတော့ ခန့်မှန်း တစ်မီလီယံမက်ထရစ်တန်ကိုတော့ တရုတ်နိုင်ငံသို့ မူဆယ်ဈေးကွက်မှတစ်ဆင့် တင်ပို့ရောင်းချပြီး ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၂၈၂၆၂ နှင့် မလေးရှားနိုင်ငံသို့ တန်ချိန် ၃၂၈၄ ခန့် တင်ပို့ရောင်းချခဲ့တယ်လို့ သိရပါတယ်။


## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပြောင်းထုတ်လုပ်သုံးစွဲမှု အခြေအနေ

၂၀၁၈ ခုနှစ်မှာ တရုတ်နိုင်ငံရဲ့ စုစုပေါင်းပြောင်းစိုက်ပျိုးထုတ်လုပ်မှုကတော့ ၂၂၀ မီလီယံမက်ထရစ် တန်ခန့်ရှိတယ်လို့ဆိုပါတယ်။ USDA ရဲ့အချက်အလက်များအရ တရုတ်နိုင်ငံဟာ တစ်နှစ်ပြောင်းတန်ချိန် ၂၀ မီလီယံ မက်ထရစ်တန် တင်သွင်းဖို့လိုအပ်ကြောင်း သိရပါတယ်။ ပြည်တွင်းပြောင်းတစ်တန်ဈေးနှုန်းမှာ ၁၆၀၀-၁၇၀၀ ယွမ် (ဒေါ်လာ ၂၃၈-၂၅၃) ခန့်ရှိပါတယ်။ အမေရိကန်ပြောင်းတစ်တန်ဈေးနှုန်းမှာခန့်မှန်းဒေါ်လာ ၁၅၀-၁၈၀ ရှိတယ်လို့ USDA ဈေးကွက်သတင်းအရ သိရပါတယ်။ တရုတ်နိုင်ငံရဲ့ ပြောင်းတင်သွင်းမှုကတော့ တိုးတက်ရန်ရှိနေတဲ့ အကြောင်းအရင်းနှစ်ရပ်ရှိတယ်လို့ ဆိုပါတယ်။ ပထမအကြောင်းရင်းကတော့ တရုတ်နိုင်ငံက ပြောင်းကို ethanol ထုတ်လုပ်မှုကို မြှင့်တင်နေခြင်းဖြစ်ပြီး ဒုတိယအကြောင်းအရင်းကတော့ တရုတ်အစိုးရက တောင်သူများကို ပြောင်းစိုက်ပျိုးမှုလျှော့ချခိုင်းပြီး ပဲပုပ်ကို တိုးချဲ့စိုက်ပျိုးရန် တွန်းအားပေးမှုများကြောင့်ဖြစ်ပါတယ်။

## ကမ္ဘာ့ပဲပုပ်ထုတ်လုပ်မှုနှင့် ကုန်သွယ်ရေး

အမေရိကန်စိုက်ပျိုးရေးဌာန (USDA)ရဲ့ ခန့်မှန်းချက်အရ ကမ္ဘာ့ပဲပုပ်ထုတ်လုပ်မှု စုစုပေါင်း ၃၄၆ မီလီယံ မက်ထရစ်တန်ရှိတယ်လို့ ဆိုပါတယ်။ အမေရိကန်၊ ဘရာဇီးနှင့် အာဂျင်တီးနားနိုင်ငံတို့ရဲ့ ပဲပုပ်ထုတ်လုပ်မှုမှာ

စာမျက်နှာ ၂၇ သို့


ALPINE
Purified Drinking Water
PROMISES PURITY

# မြန်မာနိုင်ငံ ကြံနှင့် သကြားစက်မှုလုပ်ငန်း

# a&&SfwnfwhEBcm;wp;vufapzkN



ကြံစိုက်ပျိုးရန်အတွက် စိုက်မြောင်းများ တူးဖော်နေပုံ

ကြံသီးနှံစိုက်ပျိုးရန်အတွက် မျိုးခုတ်ပိုင်း

ကြံစိုက်ပျိုးခြင်း

ယခင်တစ်ပတ်မှအဆက်

## သကြားစက်မှုလုပ်ငန်းတိုးတက်ဖွံ့ဖြိုးရေးအတွက် စိန်ခေါ်မှုများ

မြန်မာနိုင်ငံအတွင်း သကြားစက်မှုလုပ်ငန်း တိုးတက်ဖွံ့ဖြိုးရေး အတွက် စိန်ခေါ်မှုများမှာ အောက်ပါအတိုင်းဖြစ်ကြောင်း တင်ပြလိုပါသည် -

(က) မိမိနိုင်ငံ၏ သကြားစက်ရုံမှ ထွက်ရှိသော သကြားများကို အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တရားဝင် တင်ပို့နေသော်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တရားဝင် အသိအမှတ်မပြုဘဲ မှောင်ခိုအဖြစ်သာ တင်ပို့ကြရပါသည်။ မြန်မာနိုင်ငံဘက်မှ သကြားအဝင်များက ၎င်းနိုင်ငံရှိ သကြားစက်ရုံများ ကြံစိုက်တောင်သူများကို ကာကွယ်သည့်အနေဖြင့် အခါအားလျော်စွာ ဖမ်းဆီးပိတ်ပင်ခြင်းများ ပြုလုပ်နေခြင်းကြောင့် ရေရှည်အနေဖြင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ တရားဝင် သကြားတင်သွင်းခွင့် Quota သတ်မှတ်ချက် ပိုမိုရရှိရေးဆောင်ရွက်ပေးမည်ဆိုပါက ကြံစိုက်တောင်သူများနှင့် သကြားစက်ရုံများ ပိုမိုအကျိုးဖြစ်ထွန်းစေခြင်း။

(ခ) သကြားစက်များအနေဖြင့် Export Quality ပြည့်မီသော သကြားများ ကြိတ်ခွဲထုတ်လုပ်နိုင်ရန် ထပ်မံတိုးချဲ့တည်ထောင်ခြင်း မရှိဘဲ စက်ဟောင်းများဖြင့်သာ ထုတ်လုပ်နေခြင်း။

(ဂ) ပြည်တွင်းသကြားဈေးတည်ငြိမ်နေရန် လိုအပ်ပြီး သကြားဈေးပေါ်မူတည်၍ ကြံဈေးနှုန်းများ မကောင်းလျှင် ကြံစိုက်ဧရိယာများသည် လက်တလော အကျိုးအမြတ်ရှိသော နှင်းဆီစိုက်ခင်းများ၊ ငှက်ပျောစိုက်ခင်းများ၊ သရက်စိုက်ခင်းများ၊ ဟင်းသီးဟင်းရွက်စိုက်ခင်းများသို့ ပြောင်းလဲသွားနိုင်ခြင်းကြောင့် ကြံစိုက်ဧကများ သိသိသာသာ ကျဆင်းသွားနိုင်ခြင်း။

(ဃ) ကုမ္ပဏီများက Export Quality မီသော သကြားစက်များ တည်ထောင်မည်ဆိုပါကလည်း ကြံစိုက်ပျိုးသည့် တောင်သူများက ကြံတိုးချဲ့စိုက်ပျိုးရန် လိုအပ်မည်ဖြစ်ပြီး တောင်သူများ ကြံတိုးချဲ့စိုက်ပျိုးခြင်းမပြုလုပ်မည်ကို စိုးရိမ်နေကြခြင်း။

(င) ကြံစိုက်တောင်သူများအနေဖြင့် စက်ရုံကို အဓိကထား ရောင်းချရသော ကုန်ပစ္စည်း ဖြစ်သဖြင့် စက်ရုံကဝယ်ယူမှသာ ရောင်းချရသဖြင့် စက်ရုံနှင့် ကြံစိုက်တောင်သူများ နှစ်ဦးနှစ်ဖက်ယုံကြည်အားကိုးမှုရှိရန် လိုအပ်ခြင်း။

(စ) သကြားစက်ရုံ အခိုင်အမာရှိပြီး စက်ရုံက ကြံစိုက်တောင်သူများ၏ လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်လျှင် ကြံသီးနှံဈေးကွက် တည်ငြိမ်ပြီး ကြံစိုက်တောင်သူများ အကျိုးအမြတ်ရှိသဖြင့် ကြံသီးနှံအား ပိုမိုတိုးချဲ့စိုက်ပျိုးလာသည်ကို တွေ့ရှိရသဖြင့် စက်ရုံ၏ ပံ့ပိုးမှုသည် အဓိကလိုအပ်ချက်ဖြစ်ခြင်း။

(ဆ) ကြံစိုက်ပျိုးရာ၌ ပထမနှစ်တွင် အထွက်နှုန်းမှာ အရင်းကြေရုံသာထွက်ရှိပြီး ဒုတိယနှစ် ရောက်မှသာ အထွက်နှုန်းတိုးသဖြင့် အရင်းအနှီးစိုက်ထုတ်ရမှုများပြားခြင်း၊ နိုင်ငံတော်မှ ကြံစိုက်ပျိုးစရိတ် တစ်ဧက(၁)သိန်းသာ ချေးငွေရရှိပြီး ဧကမည်မျှရှိသည်ဖြစ်စေ(၁၀)ဧကအတွက် (၁၀)သိန်းသာချေးငွေရသဖြင့် စိုက်စရိတ်မလုံလောက်ခြင်း။

(ဇ) ကြံစိုက်ပျိုးအစနှစ်တွင် တစ်ဧကကုန်ကျစရိတ်မှာ ပျမ်းမျှ (၁၀)သိန်း ဝန်းကျင်ကုန်ကျသဖြင့် ပြင်ပကုန်သည်များထံမှ အတိုးနှုန်းကြီးစွာ ချေးငှားစိုက်ပျိုးရသဖြင့် ကြံစိုက် တောင်သူများအနေဖြင့် တွက်ခြေမကိုက်ခြင်း။

(ဈ) ကြံစိုက်ခင်းစိုက်ပျိုးသည်မှ ထွက်ရှိသည်အထိ ပြုစုလုပ်ကိုင်ရသဖြင့် အလုပ်သမား ရှားပါးသောကြောင့် အလုပ်သမားခဈေးကြီးမြင့်စွာ ငှားရမ်းရခြင်း၊ ကြံစိုက်တောင်သူ အများစုမှာ စက်များဖြင့် မလုပ်ကိုင်နိုင်သေးခြင်း။

### DOCA (Domestic)

(ည) ကြံစိုက်ပျိုးရာတွင် အသုံးပြုရသော ဓာတ်မြေဩဇာမှာ အရည်အသွေးမမီသည်များကို အကြွေးဝယ်ယူအသုံးပြုရခြင်း၊ ကြံတစ်တန်လျှင် စက်ရုံအရောက်ပျမ်းမျှ ၄၅၀၀၀ ကျပ်ဖြင့် ဝယ်ယူသည့်အတွက် ပုံမှန်တစ်ဧကကုန်ကျစရိတ်ဖြင့် တွက်ချက်ပါက တောင်သူအကျိုးအမြတ်ရရှိသော်လည်း ကြံခုတ်ရောင်းချိန်တွင် စက်ရုံမှ ကြံလက်ခံနိုင်သည့်အတိုင်းအတာထက် ကျော်လွန်သွားပါက ကျန်ရှိနေသည့် ကြံကားများသည် ရက်အနည်းငယ် ကြာသည့်အတွက် အလေးချိန်လျော့နည်းပြီး (၁၈)တန် ကားတစ်စီးလျှင် ကြံ(၁)တန်ခန့် လျော့နည်းသဖြင့် ငွေကြေးဆုံးရှုံးနစ်နာခြင်း။

(ဋ) ကြံဈေးနှုန်းနှင့် ကြံပွတ်ရည်၊ သကြားဈေးနှုန်းတို့မှာ နှစ်စဉ်တည်ငြိမ်မှုမရှိခြင်း၊ သကြားစက်ရုံများနှင့် ကုန်သည်များမှလည်း သကြားဈေး အတက်အကျပေါ်မူတည်၍ ဝယ်ယူခြင်း။

(ဌ) ယှဉ်ပြိုင်စွမ်းအားမြှင့်တင်ရေးကို ဆောင်ရွက်ရာမှာ ယနေ့ခေတ်ဟာ သတင်းခေတ်ဖြစ်သည့်အတွက် ပြည်တွင်းပြည်ပ သကြားဈေးကွက်၊ သတင်းအချက်အလက်များ၊ သကြား ဝယ်လိုအား၊ ရောင်းလိုအား အလျော့အတင်းများ၊ သကြားလက်ကျန်နှင့် သကြားစားသုံးမှုအချိုးအစားများ၊ ပြည်တွင်းပြည်ပ သကြားနှင့် ကုန်စည်ဈေးနှုန်းများကို အချိန်နှင့် တစ်ပြေးညီ သကြားလောကတစ်ခုလုံး သတင်းဦး၊ သတင်းထူးအမြန် ရပြီး ရောင်းဝယ်ရေး အကျိုးအမြတ်ရရှိအောင် ဆောင်ရွက်နိုင်ဖို့ လိုအပ်ခြင်း။

## အကြံပြုသုံးသပ်တင်ပြချက်

မြန်မာ့သကြားစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်ပါအချက်များ အကြံပြုတင်ပြလိုပါသည် -

(က) မည်သည့်တိုင်းပြည်မဆို မိမိတိုင်းပြည်အကျိုးစီးပွားအား ကာကွယ်လေ့ရှိပါသည်။ အခြားနိုင်ငံ၏ အကျိုးစီးပွား ထိခိုက်အောင် ဆောင်ရွက်လေ့ရှိပါသည်။ ဥပမာ- အိမ်နီးချင်းနိုင်ငံတစ်ခုသည် ပြည်ပသို့ တင်ပို့ရောင်းချသည့် သကြားဈေးအား လျှော့ချ၍ ပြည်တွင်းတွင် ရှိသည့် သကြားဈေးနှုန်းအား မြှင့်တင်ထားသည်ဆိုပါက ၎င်း၏ နယ်စပ်ချင်းထိစပ်နေသော နိုင်ငံ၏ သကြားထုတ်လုပ်မှုအပေါ် ဈေးနှုန်းအရ တစ်ပန်းသာစေသော အခြေအနေကို ဖန်တီးလျက်သာဖြစ်နေပါသည်။ ထိုင်းနိုင်ငံသည် ကမ္ဘာပေါ်တွင် သကြား အများဆုံး တင်ပို့ရောင်းချသည့် နိုင်ငံထဲကနိုင်ငံတစ်နိုင်ငံဖြစ်သဖြင့် ၎င်းနှင့် နယ်မြေချင်း ထိစပ်နေသည့်မြန်မာနိုင်ငံသည်လည်း ထိုင်းနိုင်ငံနှင့် ယှဉ်ပြိုင်စွမ်းအား ကောင်းစေရေးအတွက် သင့်လျော်သော ယှဉ်ပြိုင်အားကောင်းသော နည်းလမ်းများကို ချမှတ် ဆောင်ရွက်သင့်ပါသည်။

(ခ) ကြံစိုက်တောင်သူများ ပိုမိုများပြားလာစေရန် သွင်းအားစုများ၊ ကုန်ကျစရိတ်များကိုစက်ရုံများမှ ကြိုတင်ထုတ်ပေးသင့်ပါသည်။ (ဥပမာ-မြေဩဇာ၊ စိုက်စရိတ်၊ ထွန်ယက်ခ) ထိုကဲ့သို့ ဆောင်ရွက်နိုင်ရန်အတွက် ငွေရည်ပုလဲကုမ္ပဏီအုပ်စု၏ ဆင်းရွှေလီသကြားစက်များကဲ့သို့ “ကြံစိုက်တောင်သူနှင့် သကြားစက်ရုံတို့ နှစ်ဦးနှစ်ဖက်ပြိုင်တူ အကျိုးစီးပွား ဖြစ်ထွန်းရေး’ဟူသော မူဝါဒမျိုးဆောင်ရွက်သင့်ပါသည်။)

(ဂ) ကြံစိုက်ပျိုးဧက တိုးတက်လာစေရန် စက်မှုသီးနှံဌာနအနေဖြင့် စိုက်ပျိုးရေးဘဏ်(သို့) နိုင်ငံတကာငွေကြေးအဖွဲ့အစည်း (JICA) အဖွဲ့အစည်းများပေါင်းစပ်၍ သင့်တော်သော အတိုးနှုန်းထားဖြင့် ချေးငွေရရှိအောင် ဆောင်ရွက်ပေးသင့်ပါသည်။

(ဃ) သကြားဈေးနှုန်းတက်မှသာ ကြံဈေးနှုန်းတက်မည်ဖြစ်သဖြင့် စက်ရုံများကို Export Quality ဝင်သကြားစက်များဖြစ်အောင် ဆောင်ရွက်သင့်ပါသည်။ ကြံသယ်ယူရန် အခက်အခဲရှိပါက စက်ရုံများမှ လျင်မြန်စွာ ဆောင်ရွက်ပေးသင့်ပါသည်။

**စာမျက်နှာ (၃၁) သို့**

# ကျပ်တစ်သောင်းတန် ငွေစက္ကူအတုဂယက်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် တာဝန်ရှိ ပုဂ္ဂိုလ်တို့ ရှင်းလင်းပြောကြားချက်

[ မောင်လွင်ပြင် ]

အစိုးရဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်ခွဲများ အားလုံးသည် ဘဏ်သို့ ငွေစုငွေသွင်း လာရောက်ပြုလုပ်သည့် အခါငွေစက္ကူ အတုတွေ့ရှိပါက ငွေလာသွင်းသူအား ငွေစက္ကူအတုဖြစ်ကြောင်း သေချာစွာ ရှင်းလင်းပြသရမည်။ ငွေစက္ကူအတုကိုလည်း သတ်မှတ်ထားသည့် အချက်အလက်များ ဖြည့်စွက်ပြီး ထိန်းသိမ်းထားရမည်။ ယင်းသို့ ထိန်းသိမ်းထားကြောင်း မှတ်တမ်းမိတ္တူကိုလည်း ငွေလာသွင်းသူထံ ပြန်ပေးရမည် စသည်ဖြင့် နိုင်ငံတော် ဗဟိုဘဏ်က ၂၀၁၈ ခုနှစ် ဒီဇင်ဘာ နောက်ဆုံးပတ်တွင် ညွှန်ကြားချက် ထပ်မံ ထုတ်ပြန်ထားကြောင်း သိရ၏။

ငွေစက္ကူအတုနှင့်ပတ်သက်ပြီး ဘဏ်များအားလုံး လိုက်နာဆောင်ရွက်ရန် ကိစ္စကို ၂၀၁၇ ခုနှစ် ဇွန်လကတည်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ညွှန်ကြားထားပြီး ဖြစ်သည်။ သို့သော် ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် ငွေစက္ကူအတုများ ဆက်တိုက်ပေါ်ထွက်လာသဖြင့် ဗဟိုဘဏ်က ထပ်မံအသိပေးကြေညာခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ အစိုးရနိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များသို့ ပေးသွင်းငွေများတွင် ငွေစက္ကူ အတုများ တွေ့ရှိပါက ငွေပေးသွင်းသူ၏ အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ အပြည့်အစုံ၊ အကြောင်းအရာ အစုံအလင်ဖော်ပြ၍ လိုအပ်သလို စုံစမ်းစစ်ဆေးမှုများပြုလုပ်နိုင်ရန် ငွေစက္ကူအတုအားနီးစပ်ရာရဲစခန်းသို့ ပေးပို့အပ်နှံရန် ၂၀၁၇ ခုနှစ် မေ ၃၁ ရက် နေ့စွဲ ငွေကြေးဖြန့်ဝေစာဖြင့် ဗဟိုဘဏ်က ညွှန်ကြားထားပြီး ဖြစ်သည်။ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိက ဘဏ်များအားလုံးသည် ငွေစက္ကူ အတုတွေ့ရှိပါက ငွေပေးသွင်းလာသူအား ငွေစက္ကူအတုဖြစ်ကြောင်း သေချာရှင်းလင်းပြသရမည်။ ငွေစက္ကူအတု သိမ်းဆည်းအပ်နှံရန် သတ်မှတ်ထားသည့်ပုံစံတွင် ငွေပေးသွင်း၏ အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်(နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်)၊ ဖခင်အမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ ငွေစက္ကူအတု လက်ခံရရှိပုံ/ငွေစက္ကူအတုအမျိုးအစား၊ ရွက်ရေ၊ တန်ဖိုးနှင့် ငွေစက္ကူအတု အက္ခရာနံပါတ်များကို ပြည့်စုံမှန်ကန်စွာဖြည့်စွက်ရမည်။ ငွေစက္ကူအတုပေါ်တွင် 'ငွေစက္ကူအတု'ဟူသော တံဆိပ်တုံး ထုရမည်။ ငွေစက္ကူအတုကို ဘဏ်က သိမ်းဆည်းထားရမည်။ မှတ်တမ်းမိတ္တူကို ငွေပေးသွင်းသူထံပြန်လည် ပေးအပ်ရမည် စသည်ဖြင့် ဗဟိုဘဏ်က ဘဏ်များအားလုံးသို့ထပ်မံအသိပေးချက် ထုတ်ပြန်ထားသည်။

ဘဏ်ခွဲတာဝန်ခံသည် သတ်မှတ်ထားသော ပုံစံဖြင့် သိမ်းဆည်းထားသော ငွေစက္ကူအတုများကို ဘဏ်မှ ဖြည့်စွက်ရမည့် ပုံစံအတိုင်း ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်၍ လိုအပ်သည့် စုံစမ်း စစ်ဆေးမှုများပြုလုပ်နိုင်ရန် သက်ဆိုင်ရာ မြို့နယ်ရဲစခန်းသို့ ပေးပို့အပ်နှံ သွားရမည်။ ထို့ပြင် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ငွေကြေးလုပ်ငန်း အုပ်ချုပ်ရေး ဌာနနှင့် သတင်းနှင့် လုံခြုံရေးဌာနတို့သို့ မိတ္တူပေးပို့သွားရမည်ဖြစ်ကြောင်းလည်း ညွှန်ကြားထားသည်။ ထို့ပြင်လည်း နိုင်ငံပိုင်ဘဏ် များနှင့် ပုဂ္ဂလိကဘဏ်များအားလုံးသည် စုစုပေါင်းသိမ်းဆည်းခဲ့သော ငွေစက္ကူအတုများ၏ လချုပ်နှင့် နှစ်ချုပ်စာရင်းများအား သက်ဆိုင်ရာ ဘဏ်များ အားလုံး၏ ရုံးချုပ်မှ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ ငွေကြေး စီမံခန့်ခွဲမှု ဌာန နေပြည်တော်သို့ မပျက်မကွက် ပေးပို့သွားရမည်ဟုလည်း ထပ်မံထုတ်ပြန်ထားသော ညွှန်ကြားချက်ထဲတွင် ဖော်ပြထားကြောင်း လေ့လာသိရှိရသည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း ကျပ်တစ်သောင်းတန် ငွေစက္ကူအတုများ ရန်ကုန်မြို့အတွင်း ကိုင်တွယ်သုံးစွဲနေမှုများ ခပ်စိတ်စိတ် ပေါ်ပေါက်ခဲ့ပြီး ရှာဖွေဖမ်းဆီး တရားစွဲဆိုမှုများ ဖြစ်ပေါ်ခဲ့သောအခါ ပြည်သူလူထုကြားတွင် စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ခဲ့ရသည်။ ပြည်သူလူထုအကြား ကောလာဟလ သတင်းအချို့လည်း ပေါ်ပေါက်ပျံ့နှံ့ခဲ့၏။ ကျပ်တစ်သောင်းတန် ငွေစက္ကူများတွင် အတုများ ပြုလုပ်ဖြန့်ချိသုံးစွဲနေကြသဖြင့် တစ်သောင်းကျပ်တန် ငွေစက္ကူများ ပြန်လည်ရုပ်သိမ်းပြီး အသစ်ထုတ်ဝေတော့မည်ဟူသော ကောလာဟလသတင်းသည် အဆိုးရွားဆုံးပေါ်ထွက်ခဲ့သည်။ ထို့ပြင် ကျပ်တစ်သောင်းတန် ငွေစက္ကူအတုတစ်ရွက် တွေ့ရှိရုံဖြင့် အမှုဖြစ်မည်၊ တရားစွဲခံရမည်၊ နှစ်ရှည်ထောင်ဒဏ်ကျခံရမည်ဟူသော ကောလာဟလသတင်းကလည်း ပြည်သူအများ ကျပ်တစ်သောင်းတန် ကို လက်မခံချင်၊ ကိုင်မသုံးချင်လောက်အောင် ဖြစ်ခဲ့ရသည်။


ထိုကဲ့သို့ ပြည်သူလူထုအကြား ငွေစက္ကူအတု ကောလဟာလသတင်းများက စိုးရိမ်ပူပန်ဖွယ် ရိုက်ခတ်နေသောအခါ နိုင်ငံပိုင်သတင်းစာကြေးမုံသည်ပြည်သူအများ ကောလာဟလသတင်းများ ပပျောက်စေခြင်းငှာရည်ရွယ်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်း၊ မြန်မာနိုင်ငံတော်ဘဏ် ငွေကြေးစီမံခန့်ခွဲမှု ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်တို့နှင့် တွေ့ဆုံပြီး လက်ရှိပေါ်ပေါက်နေသော ငွေစက္ကူအတုကိစ္စများအား မေးမြန်းခဲ့သည်။

ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်း၏ ဖြေကြားချက်အချို့ကို ကောက်နုတ်တင်ပြပါမည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၁၀၁ အရမည်သူမျှ ဗဟိုဘဏ်က ထုတ်ဝေသည့် ငွေစက္ကူနှင့် ဒင်္ဂါးများကို အတုဖန်တီးသုံးစွဲခွင့် မပြုရ။ ယင်းပုဒ်မကို ဖောက်ဖျက်ကျူးလွန်လျှင် ငွေဒဏ်၊ သုံးနှစ်ထက်မပိုသော ထောင်ဒဏ် သို့မဟုတ် ဒဏ်နှစ်ရပ်စလုံး ဖြစ်စေ ချမှတ်ရမည်။ ပုဒ်မ ၁၀၂ အရ မည်သူမျှ ငွေစက္ကူနှင့် ဒင်္ဂါးအတုများကို ပြည်ပမှ တင်သွင်းခြင်း၊ တင်ပို့ခြင်း မပြုရ။ တားမြစ်ချက်ဖောက်ဖျက်ကျူးလွန်ပါက အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်မှ အများဆုံး အနှစ် ၂၀ အထိ ချမှတ်ရမည်။ ပြစ်မှုနှင့် သက်ဆိုင်သည့် ပစ္စည်းများကိုလည်း သိမ်းဆည်းရမည်ဟု ဆိုသည်။ အမှန်တော့ ငွေစက္ကူအတု လက်ဝယ်တွေ့ရှိခြင်းဆိုသည့် အချက်တစ်ခု၊ ကိစ္စတစ်ခုတည်းဖြင့် ပြစ်မှုမြောက်သည်ဆုံးဖြတ်၍ မရဟုဆို၏။ လက်ဝယ်တွေ့ရှိမှုသည် သဘောရိုးလား၊ မရိုးမဖြောင့် သဘောလား၊ အတုလုပ်ထား၍ လက်ဝယ်တွေ့ရှိခြင်းလား၊ အတုမှန်း သိလျက်ဖြင့် သုံးစွဲသည်လားဆိုသည့်အပေါ် မူတည်ဆုံးဖြတ်ရသည်ဟု ဆိုသည်။ ငွေစက္ကူအတုဆိုရာတွင် မြန်မာနိုင်ငံ ကျပ် ၁၀၀၀၀ တန်၊ ကျပ် ၅၀၀၀ တန် နှစ်မျိုး အတုပြုလုပ်ကြကြောင်း၊ ပုံစံဟောင်းကိုသာ အတုပြုလုပ်ကြခြင်းသာဖြစ်ကြောင်း၊ ကာလာပရင်တာ၊ ကာလာ ကော်ပီယာတို့ဖြင့် အတုပြုလုပ်တတ်ကြကြောင်းများကိုလည်း ပြောကြား၏။

ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်က ငွေစက္ကူအတုနှင့် အစစ်ကို ခွဲခြားရှင်းလင်း ပြသသည်။ အစစ်နှင့်အတု အလွယ်တကူ ခွဲခြားနိုင်သည့် အချက်များရှိ သည်။ ကျပ် ၅၀၀၀ တန် ပုံစံအဟောင်းနှင့် အသစ်နှစ်မျိုးစလုံးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် စာသားနှင့် ငွေတန်ဖိုးရှိသည့် စာလုံးကို ဖိဆွဲစမ်းသပ်လျှင် ကြမ်းရှရှခံစားရမည်။ ငွေစက္ကူကို ထောင်ကြည့်လျှင် ဆင်ဖြူတော်ရုပ်တုစာနှင့် ကျပ်ငါးထောင် ဆိုသည်ကို မြင်တွေ့ရမည်။ ငွေစက္ကူကို ဘယ်ဘက် စောင်းကြည့်လျှင် မြန်မာဂဏန်း ၅၀၀၀ ကို တွေ့ရမည်။ ငွေရောင် လုံခြုံရေးကြိုးကို ဖုံးလိုက်ဖော်လိုက် လုပ်ထားသည်ဟု ဆိုသည်။ ၅၀၀၀ ကျပ်တန် ပုံစံအသစ်တွင်း ငွေရောင်ကြိုးအစား ရောင်ပြန်ကြိုးထည့်ထားသည်။ ငွေစက္ကူကို ဗားနစ်ကာဗာလုပ်ထားသည်။ ကျပ် တစ်သောင်းတန်တွင်လည်း ပုံစံအဟောင်း၊ အသစ်နှစ်မျိုး ရှိသည်။ လက်ရှိအတုတွေ့ရ သည်မှာ ပုံစံအဟောင်းကို တုထားခြင်း ဖြစ်သည်။ ပုံစံအဟောင်းတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်စာသားနှင့် ငွေတန်ဖိုးတို့ကို ဖိဆွဲစမ်းသပ်လျှင် ကြမ်းရှရှခံစားရမည်။ ငွေစက္ကူကို ထောင်ကြည့်လျှင် ဘယ်ဘက်အလယ်၌ CBM က စာလုံးတွေ့ရမည်။ လုံခြုံရေးကြိုးကို ဖော်တစ်ဝက်ဖုံးတစ်ဝက် လုပ်ထားသည်။ ကြိုးကို စောင်းကြည့်လျှင် နီညိုရောင်၊ အစိမ်းရောင်များ တွေ့ရမည်။ ကျပ်တစ်သောင်းတန် ပုံစံအသစ်တွင်လည်း ယင်းအချက်များ အကုန် ပါဝင်သည်။ ပိုပြီး လုံခြုံရေးမြင့်ထားသည့် အချက်က ယာဘက်တွင်ရှိသည့် ကျပ်ငွေတစ်သောင်းစာသားကို ရောင်ပြန်ရိုက်နှိပ်ထားသည်။ ယင်းစာသားကို စောင်းကြည့်လျှင် အစိမ်းရောင်ပါရှိသည်ကို တွေ့ရမည်။ ငွေစက္ကူကို ဗားနစ်ကာဗာဖုံးအုပ်ရိုက်နှိပ်ထားသည် ဟု ရှင်းပြပါသည်။

ထို့ပြင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်က ကျပ် တစ်သောင်းတန်အတုမိ၍ ကျပ် ၁၀၀၀၀ ဆုံးရှုံးသွားရခြင်းနှင့် ပတ်သက်ပြီးလည်း ကျွန်တော်တို့ ဗဟိုဘဏ်အနေနဲ့ ထုတ်ဝေထားတဲ့ ငွေစက္ကူအစစ်ပေါ်မှာပဲ တာဝန်ရှိပါတယ်။ ဗဟိုဘဏ်က ထုတ်ဝေထားခြင်းမရှိတဲ့ ငွေစက္ကူအတု အပေါ်မှာ ဗဟိုဘဏ်အနေနဲ့ တာဝန်ယူလို့မရပါဘူး။ နစ်နာမှုမရှိအောင် ငွေစက္ကူအတု ကိုယ့်လက်ထဲရောက်မလာအောင် စစ်ဆေးဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ငွေစက္ကူအတုနဲ့ အစစ် ကွာခြားချက်သွင်ပြင် လက္ခဏာတွေကို ပြည်သူတွေ သိအောင် ငွေစက္ကူအသစ် စတင် ထုတ်ကတည်းက ပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ ပြီးတော့ ငွေစက္ကူနဲ့ပတ်သက်ပြီး စစ်ဆေးနိုင်တဲ့ အချက်တွေကို နည်းလမ်းပေါင်းစုံနဲ့ အသိပေးထားပြီး ဖြစ်ပါတယ်ဟု ပြောကြားခဲ့ပါကြောင်း ကောက်နုတ်တင်ပြလိုက်ရပါသည်။

Commerce ကာတွန်း



# တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ တက်ဟုန်ခရိုင်စားသုံးသူအကာအကွယ်ပေးရေးအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာန၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံး၊ ပြည်နယ်ဦးစီးမှူးအား လာရောက်တွေ့ဆုံဆွေးနွေး

ဒီဇင်ဘာ ၂၁ ရက်တွင် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ တက်ဟုန်ခရိုင် စားသုံးသူအကာအကွယ်ပေးရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စားသုံးသူရေးရာဦးစီးဌာန၊ ရှမ်းပြည်နယ် ဦးစီးမှူးရုံး၊ ပြည်နယ်ဦးစီးမှူး ဦးတင့်လွင်ဦးအား လာရောက်တွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ တက်ဟုန်စားသုံးသူအသင်းဥက္ကဋ္ဌ မစ္စတာကျိုးဝေးမှ အဖွဲ့ဝင်များနှင့် တစ်ဦးချင်း မိတ်ဆက်ပေးခဲ့ပြီး တက်ဟုန်အတွင်းရေးမှူး မစ္စတာချန့်ဟုန်းမှ တရုတ်နိုင်ငံအတွင်းနှင့် တက်ဟုန်ခရိုင်အတွင်း စားသုံးသူအကာအကွယ်ပေးရေးဆောင်ရွက်နေမှုအခြေအနေ၊ ပစ္စည်းအတု၊ အရည်အသွေးမမီကုန်စည်၊ စားသုံးရန်မသင့်အစားအစာများနှင့်ပတ်သက်၍ အသင်းအဖွဲ့များဖွဲ့၍ အပြစ်ပေး၊ အရေးယူဆောင်ရွက်မှု အခြေအနေများအား တင်ပြဆွေးနွေးခဲ့ပါသည်။



ဆက်လက်၍ ပြည်နယ် ဦးစီးမှူး ဦးတင့်လွင်ဦးက ပြည်နယ်ဦးစီးရုံးမှ ဆွေးနွေးပွဲသို့ တက်ရောက် တာဝန်ရှိဝန်ထမ်းတစ်ဦးချင်းအား တက်ဟုန်စားသုံးသူ အကာအကွယ်ပေးရေးအသင်း တာဝန်ရှိသူနှင့် မိတ်ဆက်ပေးခဲ့ပါသည်။

ထို့နောက် ရှမ်းပြည်နယ်အတွင်း စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်း ဆောင်ရွက်ထားမှုအခြေအနေ၊ ပြည်နယ်အတွင်း ဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုမရှိသောဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ စစ်ဆေးအရေးယူဆောင်ရွက်ထားမှုအခြေအနေ၊ နောက်ပိုင်းတွင် အရည်အသွေးမမီသော လျှပ်စစ်ပစ္စည်းများကို စတင်ဝင်ရောက်သည့်နေရာမှစ၍ စစ်ဆေးသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**ခင်မောင်သန်း (တောင်ကြီး)**

# ဒီဇင်ဘာလအတွင်း ရော်ဘာတန်ချိန် နှစ်သောင်းကျော်တင်ပို့

ဒီဇင်ဘာ ၂၂ ရက်မှ ၂၈ ရက်အထိ သီတင်းတစ်ပတ်အတွင်း မြန်မာ-တရုတ်နဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၃၀ သန်း တန်ဖိုးရှိ ရော်ဘာအမျိုးအစားအစုံ တန်ချိန် ၂၂၇၀ ခန့် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ မြန်မာ-တရုတ်နယ်စပ်မှ တင်ပို့မှုများမှာ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ RSS-3 အမျိုးအစား တန်ချိန် ၁၃၁၀ ကျော်နဲ့ MSR-20 အမျိုးအစား ၁၇၁ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS-3 အမျိုးအစား၆၈၈ တန်ခန့် တင်ပို့ခဲ့ပြီး မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ Latex 60 % DEC အမျိုးအစား တန်ချိန် ၁၀၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီဇင်ဘာလတစ်လလုံးအတွင်းမှာ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၅၄၄ သန်း တန်ဖိုးရှိ ရော်ဘာ ၁၇၄၇၅ တန်ကျော် တင်ပို့ခဲ့ကြောင်းနဲ့ အနီးစပ်ဆုံး နိုဝင်ဘာလ တင်ပို့မှုထက် ၆၄၉၈ တန် ပိုမိုတင်ပို့ခဲ့ကြောင်း သိရှိရပါတယ်။

ပင်လယ်ရေကြောင်းမှ ဒီဇင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၃၃ သန်း တန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၁၉၀၂ တန် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ နိုင်ငံအလိုက် တင်ပို့မှုများမှာ တရုတ်နိုင်ငံသို့ MSR-20 အမျိုးအစား ၆၁၄ တန်နဲ့ Synthetic Rubber အမျိုးအစား ၃၃၆ တန်၊ မလေးရှားနိုင်ငံသို့ RSS-3 အမျိုးအစား ၅၃၇ တန်၊ ကိုရီးယားနိုင်ငံသို့ TSR-20 အမျိုးအစား ၁၄၁ တန်၊ အိန္ဒိယနိုင်ငံသို့ MSR-20 အမျိုးအစား ၂၂၂ တန်နဲ့ အီးယူနိုင်ငံသို့ ၅၃ တန် တင်ပို့ခဲ့ပါတယ်။ ဒီဇင်ဘာလအတွင်းမှာ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၃၀၆ သန်း တန်ဖိုးရှိ ရော်ဘာ ၇၄၃၃ တန်ကျော်တင်ပို့ခဲ့ပါတယ်။ အနီးစပ်ဆုံး နိုဝင်ဘာလ တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုလမှာ တန်ချိန် ၄၁၁၀ ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။

ဒီဇင်ဘာလအတွင်း ရော်ဘာတင်ပို့မှုစုစုပေါင်းမှာ ၂၄၉၀၈ တန် ဖြစ်ကြောင်း သိရပါတယ်။ **ယဉ်ယဉ်အေး**

# ယခုတစ်ပတ်ဖြစ်ပေါ်ခဲ့သော မန္တလေး-မူဆယ် သယ်ယူခနှုန်းထားများ

ယခုတစ်ပတ်မန္တလေး-မူဆယ် သယ်ယူခနှုန်းထားများမှာ ပြောင်းတစ်ပိဿာ ၆၅ ကျပ်၊ ဆန်တစ်ပိဿာ ၆၅ ကျပ်၊ ပဲတီစိမ်းတစ်ပိဿာ ၆၅ ကျပ်၊ နှမ်းတစ်ပိဿာ ၆၅ ကျပ်၊ ရော်ဘာတစ်ပိဿာ ၇၂ ကျပ်ဖြစ်ကာ ယခင်တစ်ပတ်ကအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း သိရပါတယ်။သွင်းကုန်အနေဖြင့် အဓိကသွင်းကုန်များဖြစ်သော မြေဆီတစ်ပိဿာ သယ်ယူခမှာ ၃၈ ကျပ်နှင့် ကျပ် ၄၀ ကြားဖြစ်ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းအပြောင်းအလဲမရှိကြောင်း သိရပါတယ်။

**ခင်လေးယု**

# ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဆူဇူကီး/ဆွဖ် (၂၀၁၁) | M | ၁၇၅ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၂။ | အယ်လ်ဖတ် (၂၀၀၅) | L | ၄၄၀ သိန်း | ၃.၀ ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | အာပီအာ (၂၀၀၀) | I | ၃၆၀ သိန်း | ၁.၈ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၄။ | ဟွန်ဒါ/အပ်ဆိုဒ် (၂၀၀၉) | P | ၂၅၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ဟွန်ဒါဖစ် (၂၀၁၂) | ယာယီ | ၂၈၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ပရီမီယို (၂၀၁၁) | ယာယီ | ၄၁၅ သိန်း | ၁.၅ ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ဒီမီယို (၂၀၁၁) | L | ၁၇၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | ပရိုဘောက် (၂၀၁၂) | ယာယီ | ၂၁၀ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၉။ | ဝစ်ရှ် (၂၀၁၁) | L | ၃၆၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |

# အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်း | ၆၅၀ စ/ပေ | (၇) လွှာ ၊ ဟောလ် | ၃၁၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၂။ | တိုက်ခန်း | ဗိုလ်တထောင်မြို့နယ်၊ သော်မဆင်ရိပ်သာလမ်း | ၇၅၀ စ/ပေ | (၄) လွှာ ၊ ပြင်ဆင်ပြီး | ၄၆၀ သိန်း | ရပ်ကွက်/လမ်းသန့် | ၀၉/၂၅၀၃၇၆၃၇၉ |
| ၃။ | အိမ်/မြေ | ရန်ကင်းမြို့နယ်၊ ရတနာကျွန်းရိပ်သာ | ၄၈၀၀ စ/ပေ | RC (1) ထပ် | ၆၅၀၀ သိန်း | ရပ်ကွက်/လမ်းသန့် | ၀၉/၂၅၀၃၇၆၃၇၉ |
| ၄။ | မီနီကွန်ဒို | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၁၀၀ စ/ပေ | (၇) လွှာ၊ MB(1) BR (2) | ၇.၅ သိန်း (၁) လငှားခနှုန်း | ပြင်ဆင်ပြီး အသင့်နေ ဓာတ်လှေကားပါ | ၀၉/၄၀၂၀၇၁၉၂၂ |
| ၅။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း | (၃၀ X ၇၀)ပေ | (ပ) ထပ် | ၁၄ သိန်း | (၁) လငှားခနှုန်း | ၀၉/၄၀၂၀၇၁၉၂၂ |
| ၆။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ဂန္ဓမာလမ်း | (၁၃ X ၅၀)ပေ | (၄) လွှာ ၊ ဟောလ် | ၄၅၀ သိန်း | | ၀၉/၄၀၂၀၇၁၉၂၂ |
| ၇။ | အိမ်/မြေ | ဒဂုံ(မြောက်) မြို့နယ်၊ (၄၁) ရပ်ကွက် | (၄၀ X ၆၀)ပေ | RC (2) ထပ်၊ MB(1) ခန်း | ၇ သိန်း | ထောင့်ကွက် လမ်းသန့် | ၀၉/၄၀၂၀၇၁၉၂၂ |
| ၈။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂) ရပ်ကွက်၊ မယ်ညိုလမ်း | (၃၀ X ၅၀) ပေ | BN (1) ထပ် | ၂၃၅၀ သိန်း | မြေပိုပါ | ၀၉/၇၉၉၅၈၈၄၂၇ |
| ၉။ | အိမ်/မြေ | အိမ်/မြေ | (၃၀ X ၅၀)ပေ | RC (1) ထပ် | ၁၃၅၀ သိန်း | | ၀၉/၄၀၂၀၇၁၉၂၂ |

# ဧရာဝတီတိုင်းဒေသကြီး မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ် အသင်းနှစ်ပတ်လည်အခမ်းအနားကျင်းပ

ဧရာဝတီတိုင်းဒေသကြီး မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ (၁၈) ကြိမ်မြောက်နှစ်ပတ်လည် အခမ်းအနားကို ပုသိမ်မြို့၊ မြို့တော်ခန်းမတွင် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော တိုင်းအဆင့်ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ် (ဗဟိုအလုပ်အမှုဆောင်)များ၊ တိုင်းကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မွေးမြူရေးကုမ္ပဏီများ၊ မွေးမြူရေးတောင်သူ၊ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စားနပ်ရိက္ခာဖူလုံစေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းသော မွေးမြူရေးထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ ဇီဝလုံခြုံရေးနှင့်စိန်ခေါ်လျက်ရှိသည့် ကြက်ငှက်တုပ်ကွေးရောဂါ ရင်ဆိုင်ဖြေရှင်းနိုင်မည့် နည်းလမ်းများ အဖြေရှာရန်ဌာနဆိုင်ရာများ၊ မွေးမြူရေး လုပ်ငန်းရှင်များ၊ မွေး/ကုဆေးပညာရှင်များမှ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ရန်ရည်ရွယ်၍ ယခုလိုမွေးမြူရေးလုပ်ငန်း အဖွဲ့နှစ်ပတ်လည် အခမ်းအနားကျင်းပရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(ဗဟို)မှ ပြောကြားခဲ့ပါသည်။

**မင်းမင်းဦး (ပုသိမ်)**

# မန္တလေးလက်တွန်းထွန်စက် စက်ရုံသို့ လေ့လာရေးခရီးသွားရောက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး (မန္တလေး)တွင် ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ်(၈)ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၅ ရက်မှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်ထိ (၁၄) ပတ်ကြာ ဖွင့်လှစ်လျက်ရှိရာ စီးပွားရေး လုပ်ငန်းရှင် ၄၅ ဦး တက်ရောက်လျက်ရှိပါသည်။ သင်တန်းတွင် ကုန်သွယ်မှုဆိုင်ရာ ဘာသာရပ်များ သင်ကြားပို့ချလျက်ရှိရာ ကုန်သွယ်မှုလုပ်ငန်းများအား လက်တွေ့သိရှိပြီး မိမိတို့စီးပွားရေး လုပ်ငန်းများတွင် အကျိုးရှိစွာ လုပ်ကိုင်ဆောင်ရွက်စေရန်အတွက် ရည်ရွယ်၍ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် မန္တလေးမြို့ စက်မှုဇုန် (၁)ရှိ GOOD BROTHERS Co.,Ltd ၏ (မန္တလာ လက်တွန်းထွန်စက်စက်ရုံ)သို့ သင်တန်းသား/သူ ၄၀ ဦး၊ မိမိဌာနမှ အရာထမ်း၊ အမှုထမ်း ၃ ဦး၊ စုစုပေါင်း ၄၃ ဦးဖြင့် လေ့လာရေးခရီး သွားရောက်ခဲ့ပါသည်။



GOOD BROTHERS Co.,Ltd ၏ အစည်းအဝေးခန်း၌ တာဝန်ရှိသူမန်နေဂျာ ဦးခင်မောင်ရီက နှုတ်ခွန်းဆက်သပြီး စက်ရုံနှင့်ပတ်သက်သည့် အကြောင်းအရာများ ထုတ်လုပ်ပုံအဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြပါသည်။ ရှင်းလင်းတင်ပြရာတွင် မန္တလေးစက်မှုဇုန်သည် မြန်မာနိုင်ငံတွင် ပထမဆုံးဇုန်ဖြစ်ပြီး GOOD BROTHERS Co.,Ltd ကို ညီအစ်ကို (၅)ဦးဖြင့် တည်ထောင်ခဲ့ကြောင်း မိမိတို့စက်ရုံကို ၁၉၉၃ ခုနှစ်မှ စတင်တည်ထောင်ခဲ့ပြီး ၁၉၉၈ ခုနှစ်မှ ၁၉၉၉ ခုနှစ်တွင် အစီးရေ ၅၀ ခန့် ထုတ်လုပ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးရေးသည် အဓိကအရေးကြီးပါကြောင်း မိမိတို့စက်ရုံတွင် လုပ်သားအင်အား ၇၀ နဲ့ စတင်အကောင်အထည်ဖော်ခဲ့ပါကြောင်း၊ အင်ဂျင်နှင့်ဂီယာများကို တရုတ်ပြည်မှဝယ်ယူခဲ့ပြီး ကျန်အစိတ်အပိုင်းများကို မိမိတို့စက်ရုံမှ ထုတ်လုပ်ပါကြောင်း၊ ခေတ်စနစ်ပြောင်းလဲလာသည်နှင့်အမျှ စက်မှုလယ်ယာကဏ္ဍလည်း ဖွံ့ဖြိုးတိုးတက်လာသည့်အတွက် ယခုလက်ရှိ လုပ်သားအင်အား ၂၀၀ နှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်တွန်းထွန်စက်ကို တစ်လလျှင် အစီး ၄၀၀၊ ထော်လာဂျီ တစ်လလျှင် အစီး ၂၀၀၊ ရိတ်ခြွေစက်နှင့် ကောက်စိုက်စက်တပ်ဆင်ခြင်း တစ်လလျှင် ၂၀၊ ဝန်တင်ထော်လာဂျီ (ပုဇဉ်းခေါင်း)များကို ခွင့်ပြုမိန့်အရ ထုတ်လုပ်နေပြီဖြစ်ကြောင်း မြန်မာတစ်နိုင်ငံလုံး ကုမ္ပဏီရုံးခွဲပေါင်း ၃၀ ကျော်ဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့စက်ရုံအနေဖြင့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများကို အဓိကဖြန့်ဖြူးရောင်းချနေပြီး တောင်သူများအတွက် အတိုးနှုန်းအနည်းဆုံးဖြင့် ချေးငွေများလည်း ထုတ်ချေးပါကြောင်း၊ ဓာတ်မြေဩဇာကိုလည်း ဖြန့်ဖြူးပြီး တောင်သူတွေအပေါ် ရည်ရွယ်ချက်ကြီးကြီးဆောင်ရွက်ပေးလျက်ရှိပြီး၊ စက်ပစ္စည်းကိရိယာများဝယ်ရန် အခက်အခဲရှိသော တောင်သူများအတွက် အရစ်ကျစနစ်ဖြင့် ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ပြုလုပ်ပေးလျက်ရှိပါကြောင်းနှင့် မန္တလေးမြို့၊ နတ်ရေကန်မှာ အရောင်းစင်တာ ဖွင့်လှစ်ထားပါကြောင်း၊ နယ်တောင်သူများကို အင်ဂျင်အမျိုးမျိုး သုံးနိုင်ရန်အတွက် ဒေါင်ဖန်းကုမ္ပဏီမှ အင်ဂျင်နီယာများခေါ်ယူ၍ မြန်မာအင်ဂျင်နီယာများ ပေါင်းစပ်ထုတ်လုပ်ပြီး ရန်ကုန်ရွာသာကြီး စက်မှုဇုန်တွင် ပုဇဉ်းခေါင်းယာဉ်များ ထုတ်လုပ်လျက်ရှိပါကြောင်း၊ သာပေါင်းမြို့တွင် စပါးအခြောက်ခံစက် တည်ဆောက်ထားပြီး လုပ်ငန်းများတိုးချဲ့နိုင်ရန် ဆောင်ရွက်နေပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေး မူဝါဒများ ပြုပြင်ပြောင်းလဲဖို့လိုအပ်ပါကြောင်း၊ ယခုလာရောက်လေ့လာသော သင်တန်းသား/သူ စီးပွားရေး လုပ်ငန်းရှင်များအား နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ပါဝင်ဆောင်ရွက်စေလိုပါကြောင်း ပြောကြားခဲ့ပါသည်။ ထို့နောက် သင်တန်းသား/သူများမှ သိရှိလိုသည်များ မေးမြန်းမှုအပေါ် မန်နေဂျာ ဦးခင်မောင်ရီမှ ရှင်းလင်းပြောကြားခဲ့ပြီး စက်ရုံအတွင်းသို့ ကုန်ထုတ်လုပ်နေမှု အဆင့်ဆင့်အား လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိပါသည်။

**(KTDA-MDY)**

## USAID အကူအညီဖြင့် ICT နည်းပညာဆိုင်ရာသင်တန်းများ ဖွင့်လှစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန(ရုံးချုပ်)တွင် USAID အကူအညီဖြင့် ICT နည်းပညာဆိုင်ရာသင်တန်း(၅)ခုအား နိုဝင်ဘာ ၁၂ ရက်မှ ဒီဇင်ဘာ ၂၁ ရက်ထိ ဖွင့်လှစ်ပို့ချပေးခဲ့ပါသည်။ အဆိုပါသင်တန်းများသို့ စားသုံးသူရေးရာဦးစီးဌာန(ရုံးချုပ်)မှ သင်တန်းသား/သူ ၂၃ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများမှ သင်တန်းသား/ သင်တန်းသူ ၂၃ ဦး စုစုပေါင်း ၄၆ ဦး တက်ရောက်ခဲ့ပါသည်။ သင်တန်းများတွင် Database စနစ် အသုံးပြုပုံနှင့် ပတ်သက်သော Database Management System(DBMS)သင်တန်း၊ Networking သင်တန်း၊ Website ရေးသားခြင်းဆိုင်ရာ CMS & PHP သင်တန်း၊ Advanced Microsoft Office သင်တန်းနှင့် ကွန်ပျူတာနည်းပညာဆိုင်ရာအခြေခံဖြစ်သည့် A+ သင်တန်းတို့ဖြစ်သည်။ သင်တန်းများသို့ တက်ရောက်သော သင်တန်းသားများအနေဖြင့် IT နည်းပညာ ဆိုင်ရာလုပ်ငန်းများအား ပိုမိုတွင်ကျယ်စွာ လုပ်ဆောင်နိုင်ခြင်း၊ Website အား စီမံခန့်ခွဲနိုင်ခြင်း၊ ရုံးလုပ်ငန်းစာရင်းဇယားများအား ပိုမိုကျွမ်းကျင်စွာဆောင်ရွက်နိုင်ခြင်း၊ Network ချိတ်ဆက်မှုဆိုင်ရာ လုပ်ငန်းများတွင် သိရှိနားလည် လာနိုင်ခြင်း စသည့် e-Government လုပ်ငန်းများ ဆောင်ရွက်ရာတွင် များစွာ အထောက်အကူပြုသည့်ပညာရပ်များဖြစ်ပါသည်။ အဆိုပါသင်တန်းများသို့ တက်ရောက်သော သင်တန်းသားများအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိပါသည်။ **ဆွေဆွေဝင်း (ITQM, DOCA)**

### နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

### ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |


## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၂၆-၁၁-၂၀၁၈ မှ ၂-၁၂-၂၀၁၈ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေး လုပ်ငန်းများ တိုးတက်မှု အလားအလာရှိနေတတ်သည်။ ပရိဘောဂလုပ်ငန်း၊ ဖိမ်ခံပစ္စည်းများ၊ အလှကုန်ပစ္စည်းများ စသည်တို့ အကျိုးပေးအားကောင်းနေမည်။ ပညာရေးတွင် ဇီဝဗေဒ၊ ဓါတုဗေဒ ပညာရပ်များ အကျိုးပေးပါသည်။ အချစ်ရေးတွင် ရင်ခုန်လှုပ်ရှားစေနိုင်သော သူကို ချစ်မိနေတတ်သည်။ အိမ်ထောင်ရေးကံကောင်းမည်။ ကျန်းမာရေးအနေဖြင့် သွေး၊ လေချုပ်သော ရောဂါဖြစ်တတ်သည်ကို သတိရှိသင့်ပါသည်။

**ယတြာ။ ။ဘုရားတွင် အုန်းသီးလှူပါ။**



**တနင်္လာသားသမီးများအတွက်** ရိုးသားကြိုးစားစွာလုပ်ကိုင်တတ်သူတို့အား အထင်ကြီးလေးစားတတ်သလို ကိုယ်တိုင်လည်းရိုးသား၊ ကြိုးစားအားထုတ် လုပ်ကိုင်တတ်သည်။ စီးပွားရေး လုပ်ငန်းတို့တွင် အဆင်အပြေဆုံးဖြစ်အောင် လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းရှိသည်။ ချစ်သူအပေါ် သဝန်တိုစိတ်များနေမည်။ ပညာရေးတွင် အတွေးအခေါ်နက်ရှိုင်းမှုများနေမည်။ ကျန်းမာရေးတွင် မျက်စိဝေဒနာ ခံစားရတတ်သည်။ ခြေ၊ လက်တို့ ထိခိုက် ဒဏ်ရာရရှိတတ်ပါသည်။

**ယတြာ။ ။ အမိဌာန်တစ်ခုခုကို အားထားလုပ်ဆောင်ပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများကို အကြံဉာဏ်ကောင်းများနှင့် တိုးတက်မှု ရယူနေတတ်သည်။ မြေတွင်းထွက်ပစ္စည်းများ၊ ခရီးသွားလုပ်ငန်းများနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အကျိုးပေးနေတတ် ပါသည်။ ပညာရေးတွင် အောင်မြင်ရုံတင်မက ဂုဏ်ထူးတန်းပါရရှိလိမ့်မည်။ အချစ်ရေး၊ အိမ်ထောင်ရေး ကံကောင်းနေတတ်သည်။ ကျန်းမာရေးတွင် ကိုယ်လက်ကိုက်ခဲသော ဝေဒနာ ခံစားရတတ်သည်။**ယတြာ။ ။မိမိမွေးနံထောင့်ဘုရားတွင် ရောင်တော်ဖွင့်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** လူမျိုးခြား၊ ဘာသာခြားများနှင့် တွေ့ဆုံ၍ စီးပွားရေး ပူးတွဲလုပ်ဆောင်ရတတ်ပါသည်။ စားသောက်ကုန်၊ စားသောက်ဆိုင်များ၊ မုန့်မျိုးစုံလုပ်ငန်းများ အကျိုးပေးတတ်ပါသည်။ ပညာရေးတွင် ကြိုးစားမှုပြုရတတ်သည်။ ကျန်းမာရေး ဂရုစိုက်သင့်သည်။ ဆီးနှင့်ပတ်သက်သော ရောဂါ၊ ဆီးနည်းခြင်း၊ ဆီးချုပ်ခြင်း၊ ဆီးအောင့်ခြင်း၊ ဆီးလမ်းကြောင်းဆိုင်ရာ ပိတ်ဆို့တတ်သော ရောဂါတို့ သတိပြုသင့်ပါသည်။ **ယတြာ။ ။ကျောက်ကျောလှူပါ။ လိုရာဆုတောင်းပါ။**



**ကြာသပတေးသားသမီးများအတွက်** နေရာတကာ၌ လူတော်တော်များများနှင့် ဆက်ဆံပေါင်းသင်း၍ စီးပွားရေး လုပ်ကိုင်ရတတ်သည်။ အဓိကစီးပွားရေးလုပ်ငန်းတွင် ရွှေ၊ ငွေ၊ ပယင်း၊ စိန်၊ ကျောက်မျက်ရတနာပစ္စည်းများနှင့် အကျိုးပေးပါသည်။ ပညာရေးတွင် အောင်မြင်မှုများ ရတတ်ပါသည်။ မိသားစု အသိုင်းအဝိုင်းတွင်းမှ ချစ်သူရတတ်ပါသည်။ တိတ်တခိုးနှင့် ချစ်သူရှိတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် အသက်ရှူမဝခြင်း၊ အဆုတ်နှင့်ပတ်သက်သော ရောဂါတို့ဖြစ်တတ်ပါသည်။

**ယတြာ။ ။ဆွမ်းဆန်စိမ်းလောင်းလှူပါ။**



**သောကြာသားသမီးများအတွက်** ကိုယ်ချင်းစာနာတတ်သော စိတ်၊ ကူညီတတ်သောစိတ်ရှိနေမည်။ စီးပွားရေးလုပ်ငန်းတွင် ပန်းထိမ်လုပ်ငန်း၊ မြ၊ နီလာ၊ စိန်နှင့်ကျောက်မျက်ရတနာများ အကျိုးပေးပါသည်။ အလှအပနှင့်ဇိမ်ခံပစ္စည်းအကျိုးပေးမှုအားကောင်းလိမ့်မည်။ ပညာရေးပိုင်းတွင် ဝါသနာပါမှု စိတ်ဝင်စားမှုများ လိုအပ်နေပါသည်။ အချစ်ရေးတွင် မိမိအား စိတ်ဝင်စားသူရှိနေမည်။ ကျန်းမာရေးတွင် အပူလွန်ကဲသော ဝေဒနာခံစားရမှုရှိလိမ့်မည်။ **ယတြာ။ ။ သောက်သုံးရေလှူဒါန်းပါ။**



**စနေသားသမီးများအတွက်** လူမျိုးစုံ၊ အလွှာပေါင်းစုံတို့နှင့် ပေါင်းသင်းဆက်ဆံရသော စီးပွားရေးလုပ်ရတတ်သည်။ စက်ရုံ၊ အလုပ်ရုံ၊ ကားအပိုပစ္စည်းဆိုင်များ အကျိုးပေးပါသည်။ နည်းပညာသစ်များရရှိလိမ့်မည်။ အချစ်ရေး၊ အိမ်ထောင်ရေး ကံမကောင်းသေးပါ။ ကျန်းမာရေးတွင် ခေါင်းမူး၊ ခေါင်းကိုက်၊ ဇက်ကြောတက်ခြင်း၊ အမောမခံနိုင်ခြင်း၊ နှလုံးအားနည်းခြင်းတို့ ဖြစ်တတ်ပါသည်။

**ယတြာ။ ။အနောက်အရပ်တွင် ပင်စိမ်းပင်စိုက်ပါ။**

# ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၌ ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေး ဗဟိုဌာန ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့မှာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနဲ့ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့(ILO) တို့ပူးပေါင်းပြီး ရွှေ့ပြောင်း လုပ်သားများ ထောက်ပံ့ကူညီရေးဗဟိုဌာန (MRC) ဖွင့်ပွဲအခမ်းအနားကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်က ကျင်းပပြုလုပ်ခဲ့ရာ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများနဲ့ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)ကိုယ်စားလှယ်များ အပါအဝင် စုစုပေါင်း အင်အား ၅၀ ကျော် တက်ရောက်ခဲ့ကြတယ်လို့ သိရပါတယ်။

ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က အဖွင့်အမှာစကားပြောကြားရာတွင် ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေးဗဟိုဌာန (Migrant Resources Center-MRC) ကို ရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်းဆိုင်ရာ သိသင့်သိထိုက်သော သတင်းအချက်အလက်များရရှိပြီး အလုပ်အကိုင်အခွင့်အလမ်းများ မှန်ကန်စွာ ရရှိရေး၊ ရွှေ့ပြောင်း အလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်ပေးမှုအားကောင်းစေရေး၊ ဘေးကင်းလုံခြုံစွာ ရွှေ့ပြောင်း သွားလာလုပ်ကိုင်နိုင်စေရေး၊ ပြည်ပသို့ သွားရောက်လုပ်ကိုင်လိုသူများကို ဝန်ဆောင်မှုပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်း (IOM)နဲ့ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့(ILO) တို့ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားများ သက်ဆိုင်ရာ နိုင်ငံဥပဒေနဲ့အညီ အခွင့်အရေးများ ခံစားရရှိရေး၊ လူမှုကာကွယ် စောင့်ရှောက်ခွင့် ရရှိရေး၊ ခေါင်းပုံဖြတ်မခံရရေး၊ လူကုန်ကူးမှု မခံရရေး၊ လုံခြုံစိတ်ချရပြီး ကောင်းမွန်သော ရွှေ့ပြောင်း သွားလာမှုဖြစ်စေရေး၊ မှတ်ပုံတင်ထားသော ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ Agency များနှင့် ဆက်သွယ်ရမယ့် ဖုန်းနံပါတ်များစုံစမ်းခြင်း၊ ပြည်ပသို့ မသွားရောက်မီ ရွှေ့ပြောင်းသွားလာခြင်းနဲ့ စပ်လျဉ်းတဲ့ အကျိုးအပြစ်တွေကို လာရောက်ဆွေးနွေးနိုင်ခြင်း၊ မိသားစုလွှဲငွေများ စနစ်တကျ လွှဲပြောင်းပေးပို့နိုင်ရေး အခြေအနေများ မေးမြန်းခြင်းကို ဆောင်ရွက်နိုင်ကြောင်း၊ ပြည်ပမှာ ရောက်ရှိ လုပ်ကိုင်နေတဲ့ မြန်မာအလုပ်သမားများ အခက်အခဲရှိပါက ဆက်သွယ် အကူအညီတောင်းခံနိုင်ကြောင်း၊ MRC ရုံးများတွင်သာမက အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနက နေပြည်တော်နဲ့ ရန်ကုန်မြို့တို့မှာ ဖွင့်လှစ်ထားရှိတဲ့ Complaints Mechanism Center (067-430184, 067-430284, 01-650089, 01-650187) သို့ သိရှိလိုတဲ့ အချက်အလက်တွေကို မေးမြန်းစုံစမ်းနိုင်ကြောင်းနဲ့ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်းပြောကြားခဲ့တယ်လို့သတင်းရရှိပါတယ်။ **စောမောင် (တောင်ကြီး)**



# ရေနံချောင်းမြို့နယ်နှင့် နတ်မောက်မြို့နယ်တွင် သိုးမွေးမြူသူများ တွက်ခြေကိုက်နေ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်နှင့် နတ်မောက်မြို့နယ်ရှိ ကျေးရွာများ၌ သိုးကိုဈေးကောင်းပေး ဝယ်နေရာမွေးမြူသူများ တွက်ခြေကိုက်နေကြောင်း အဆိုပါဒေသခံမွေးမြူသူ များထံကသိရသည်။

ရေနံချောင်းမြို့နယ်မှ သိုးမွေးမြူရေးလုပ်ကိုင်သူတစ်ဦးက "ကျွန်တော်တို့ကျေးရွာမှာ အိမ်ခြေ ၁၀၀ ကျော်ရှိတယ်။ သိုးမွေးမြူသူဆယ်ဦးရှိပြီး အဓိက သိုးရဲ့အစာကငွေကုန်ကြေးကျ နည်းတယ်။ ဥပမာ သိုးကိုကျွန်တော်တို့ အညာမှာ အလေ့ကျပေါက်တဲ့ ဆူးချစ်ရွက်၊ ရွှေးရွက်၊ ဆီးရွက်၊ အပင်အရွက် များတယ်။ တစ်နေ့နှစ်ကြိမ် လွှတ်ကျောင်းစနစ်နှင့် မွေးမြူတယ်။ ဖြည့်စွက် အစားအစာကျွေးတယ်"ဟု ပြောသည်။

သိုးတစ်ကောင်လုံးကိုသားရေ အသားကအစ အသုံးပြုနိုင်ပြီးဈေးကွက်၌ သားသတ်လုပ်ငန်းများကုန်သည်များက ကျေးရွာအထိဆင်း၍ ဝယ်ယူနေသဖြင့် စရိတ်စကမကုန်ဘဲဝင်ငွေ ရနေကြောင်း နတ်မောက်မြို့နယ်မှ ဒေသခံ မွေးမြူသူများထံက သိရသည်။ အထည်အလိပ်ဈေးကွက်မှ သိုးမွေးထည်တွေအပြင် ပိုက်ဆံအိတ်၊ ကျောပိုးအိတ်၊ ဖုန်းအိတ်နှင့် အနွေးထည်များကို သိုးမွေးမှ ထုတ်လုပ်နေကြသလို သိုးဖြင့်ထုတ်လုပ်သည့်ပစ္စည်း၏တန်ဖိုးမှာ အနိမ့်ဆုံးကျပ် ၁၀၀၀၀ ကနေ တစ်သိန်းအတွင်းရှိကြောင်း သိရသည်။

ရေနံချောင်းမြို့နယ်မှ ဒေသခံ မွေးမြူသူတစ်ဦးက လက်ရှိပေါက်ဈေး သိုးတစ်ကောင်ကို ကျပ်တစ်သိန်းကနေ ကျပ်သုံးသိန်းအတွင်း ဈေးပေးဝယ်ယူပြီး ယခင်နှစ်ကာလတူတွင် ကျပ် ၈၀၀၀၀ ကနေ ကျပ်နှစ်သိန်းခွဲသာ ဈေးပေး ဝယ်တာကြောင့်ဒီနှစ်မှာဈေးကောင်းရကြောင်း သိရသည်။ အဆိုပါဒေသ၌ သိုးကို ယခင်က မွေးမြူသူနည်းခဲ့ပြီး ကျေးရွာတစ်ရွာတွင် တစ်ဦးနှစ်ဦးသာရှိခဲ့ပြီး ယခုနှစ်မှာ ဆယ်ဦးအထိ မွေးမြူနေကြောင်း သိရသည်။ **ဆန်းညွှန့်(ရေနံချောင်း)**

# ထန်းလျက် ကုလားထိုင် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

စစ်ကိုင်းခရိုင်၊ မြောင်မြို့နယ်၊ လက်ယက်မကျေးရွာမှ အိမ်တွင်းတစ်ပိုင်းတစ်နိုင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ထန်းလျက်လုပ်ငန်းရှင်အသင်းသို့ ဒီဇင်ဘာ ၂၆ ရက်နေ့တွင် စစ်ကိုင်းခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာနမှ သွားရောက်တွေ့ဆုံ မေးမြန်းဆွေးနွေးခဲ့ပါသည်။

ထန်းလျက် ကုလားထိုင်လုပ်ငန်းကို ၂၀၀၇-၂၀၀၈ ခုနှစ်မှ စတင်လုပ်ကိုင်ခဲ့ရာ ယခုအချိန်မှာ ရင်းနှီး မတည်ငွေ တစ်သိန်းကျပ်မှ ၁၅၀၀၀၀ ကျပ်ရှိပြီး တစ်ရက် ကုလားထိုင်နှစ်လုံးပြီးမြောက်ကြောင်း၊ ဈေးကွက်ကုန်ချောကို မြောင်မြို့နယ်၊ မြင်းမူမြို့နယ်များသို့ ရောင်းချကြောင်း၊ ကုလားထိုင်တစ်လုံး ကျပ် ၆၅၀၀ ရောင်းချပြီး ကုန်ကြမ်းကို ဒေသတွင်းမှာသာ ဝယ်ယူရကြောင်း၊ ကုလားထိုင် တစ်နေ့ နှစ်လုံးပြီးအောင် လုပ်သားနှစ်ဦးလုပ်ကိုင်ရပြီး လုပ်ခနှုန်းမှာ တစ်နေ့ ကျပ် ၅၀၀၀ ပေးရကြောင်း သိရသည်။

**သင်းယုနွယ် (စစ်ကိုင်း)**

# ၂၀၁၉ ရွေးကောက်ပွဲကို ရှေးရှုလျက် ကြက်သွန်နီစိုက်တောင်သူများအား စည်းရုံးနိုင်ရေး Maharashtra ပြည်နယ်ရှိ BJP အစိုးရဆောင်ရွက်

အိန္ဒိယတွင် လတ်တလော ကျင်းပ ပြီးစီးခဲ့သည့် ပြည်နယ်ကြီးသုံးခု၏ ရွေးကောက်ပွဲများ၌ BJP ပါတီ ရှုံးနိမ့်ခဲ့သည့် အဓိကအချက်မှာ လယ်ယာကဏ္ဍ အကျပ်အတည်းများ တိုးလာခြင်းကြောင့်ဟု လူအများက သုံးသပ်ယူဆခဲ့ပြီး နောက်ပိုင်းတွင် ယင်းပါတီ ဦးဆောင်နေသည့် Maharashtra ပြည်နယ်အစိုးရသည် ကြက်သွန်နီဈေး များထိုးကျနေခြင်းကြောင့် ကြက်သွန်နီစိုက်တောင်သူများ သက်သာရာရစေရန်အတွက် ex-gratia grant ကဲ့သို့သော ပြန်ဆပ်ရန်မလိုသည့် ထောက်ပံ့ခွင့်ပြုငွေများ၊ သယ်ယူပို့ဆောင်ရေးထောက် ပံ့ငွေများ စီစဉ်ပေးခြင်းတို့ကို ဆောင်ရွက်ရန် စဉ်းစားနေကြောင်း သိရှိရပါသည်။

BJP ပါတီသည် ပြီးခဲ့သည့် Chhattisgarh၊ Rajasthan နှင့် Madhya Pradesh ပြည်နယ်ရွေးကောက်ပွဲများ၌ ကျေးလက်ဒေသများ၌ အဓိကရှုံးနိမ့်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ၂၀၁၉ အထွေထွေရွေးကောက်ပွဲမတိုင်မီ တောင်သူလယ်သမားများ၏ အကျပ်အတည်းများကို ဖြေရှင်းရန် အကောင်းဆုံးအဖြေကို အာဏာရဗဟိုအစိုးရက ရှာဖွေနေကြောင်း သိရှိရပါသည်။

Maharashtra ပြည်နယ်သည် အိန္ဒိယတွင် ကြက်သွန်နီအဓိကစိုက်ပျိုးသည့် ပြည်နယ်များအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ လတ်တလော ကျင်းပနေဆဲဖြစ်သည့် ဆောင်းရာသီ လွှတ်တော်အစည်းအဝေး၌ အတိုက်အခံပါတီက တောင်သူလယ်သမားများ၏ အကျပ်အတည်းကိစ္စများနှင့် လျော်ကြေးများ ထုတ်ပေးရေးအဆိုကို မေးမြန်းတင်သွင်းရန် ဆုံးဖြတ်ထားပြီးဖြစ်သည့်အတွက် ဗဟိုအစိုးရနှင့် Maharashtra ပြည်နယ်အစိုးရ နှစ်ရပ် စလုံးက onion crisis ကို ရှောင်လွှဲလိုကြောင်း၊ သတင်းအရင်းအမြစ်များ၏ အဆိုအရ Maharasthra အစိုးရသည် ဗဟိုအစိုးရက ဖော်ဆောင်နေသည့် "Operation Green" အောက်တွင် exgratia grant ထောက်ပံ့ငွေနှင့် သယ်ယူပို့ဆောင်ရေးထောက်ပံ့ငွေများ ကဲ့သို့သော ကြားဝင်ဆောင်ရွက်ပေးသည့် လုပ်ငန်းစဉ်များကို အပြီးသတ် အတည်ပြုချက်ရရန် ဆောင်ရွက်နေသည်ဟု ပြောကြားထားကြောင်း သိရှိရပါသည်။

'Operation Green' အစီအစဉ်အား Food Processing Ministry က အကောင်အထည်ဖော်နေပြီး မကြာသေးမီကမှ စတင်ခဲ့သည့် အစီအစဉ်သစ်တစ်ခုဖြစ်ကာ ကနဦးမတည်ငွေ ရူပီးကုဋေ ၅၀၀ ဖြင့် ခရမ်းချဉ်သီး၊ ကြက်သွန်နီနှင့် အာလူးသီးနှံတို့၏ ဈေးနှုန်းများ ကမောက်ကမဖြစ်ချိန်တွင် တောင်သူများအား ကူညီပေးရန် ရည်ရွယ်ထားကြောင်း သိရှိရပါသည်။

လောလောဆယ်တွင် Maharashtra ၌ ကြက်သွန်ဟောင်းလက်ကျန်များစွာရှိနေပြီး ကြက်သွန်သစ်များလည်း ထပ်မံရောက်ရှိနေသည့်အတွက် ကြက်သွန်နီဈေးနှုန်းများ အဆမတန်ထိုးကျနေကြောင်း၊ ကြက်သွန်ဟောင်းများမှာလည်း အရည်အသွေးမကောင်းတော့သည့်အတွက် လက်ကားဈေးအနေဖြင့် တစ်ကီလိုလျှင် ၃-၄ ရူပီးသာရှိကြောင်း၊ ကြက်သွန်နီသစ်များမှာလည်း တစ်ကီလိုလျှင် ၁၀ ရူပီးဝန်းကျင်သာရှိသည့်အတွက် တောင်သူလယ်သမားများအနေဖြင့်ကောင်းကောင်း အနားယူ အိပ်စက်နိုင်သည့် အနေအထားမဖြစ်ခဲ့ကြောင်း၊ ယခင်နှစ် rabi ရာသီက ကြက်သွန်နီဈေးကောင်းခဲ့သောကြောင့် တောင်သူများက ယခုနှစ် kharif ရာသီတွင် ပိုမိုစိုက်ပျိုးခဲ့ကြရာ Maharashtra ပြည်နယ်၌ ၂၀၁၈-၁၉ သီးနှံရာသီအတွင်း ကြက်သွန်နီတန်ချိန် ၁၉ သိန်းထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။



အိန္ဒိယနိုင်ငံ၌ ကြက်သွန်နီ၊ ပဲအမျိုးမျိုးစသည့် အခြေခံမီးဖိုချောင်သုံး မရှိမဖြစ်ကုန်စည်များသည် အလွန်အရေးပါပြီး ကြက်သွန်နီသည် နိုင်ငံရေးသမားများအတွက် အဆိုးရွားဆုံး အတွေ့အကြုံရှိခဲ့သည့် သီးနှံဖြစ်ကာ အဆိုပါသီးနှံများသည် ရွေးကောက်ပွဲရလဒ်များကို ပုံဖော်ရာ၌ ၁၉၈၀ ပြည့် နှစ်များကတည်းက အဓိကကျသည့် အခန်းကဏ္ဍမှပါဝင်ခဲ့ကြောင်း၊ အတိတ်ကာလတွင်လည်း ကြက်သွန်နီအကျပ်အတည်း (onion crisis) ကြောင့် အစိုးရအပြောင်းအလဲများပြုတ်ကျခဲ့ဖူးသည့် သမိုင်းများလည်း ရှိဖူးကြောင်းဆိုထားသည်။

၂၀၁၄ ခုနှစ်တွင် ဗဟို၌ Narendra Modi ဦးဆောင်သည့် BJP ပါတီ အာဏာရပြီးကတည်းက ၎င်းပါတီသည် ရွေးကောက်ပွဲများတစ်ခုပြီးတစ်ခု အနိုင်ရခဲ့ကြောင်း၊ လတ်တလောက ဟိန္ဒူများ၏ ဗဟိုချက်ပြည်နယ်များဖြစ်သည့် Madhya Pradesh၊ Rajasthan နှင့် Chhattisgarth ပြည်နယ်ရွေးကောက်ပွဲများ၌ အတိုက်အခံ Congress အား ရှုံးနိမ့်မှုသည် မိုဒီ အာဏာရလာပြီးနောက် အာဏာရပါတီ၏ ပထမဆုံးနှင့် ကြီးမားသည့် ရှုံးနိမ့်မှုတစ်ခုဖြစ်ခဲ့သည်ဟု ဆိုထားပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့။**

# စကြံ့စီမံကိန်းအစီအစဉ်အောက်ရှိ အာဖရိက၌ ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းများကို အိန္ဒိယနှင့် ဂျပန်တို့ ရွေးချယ်သတ်မှတ်မည်

တရုတ်၏ခါးပတ်လမ်းမကြီးစီမံကိန်း (China's Belt and Road Initiative-BRI) နှင့်အပြိုင်ဟု မှတ်ယူနိုင်သည့် အိန္ဒိယနှင့် ဂျပန်တို့က ဖော်ဆောင်နေသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု စီမံကိန်းတစ်ခုဖြစ်သည့် Asia-Africa Growth Corridor (AAGC) စီမံကိန်းအောက်၌ အတူပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းများ ရွေးချယ်သတ်မှတ်ခြင်းလုပ်ငန်းစဉ်များကို အိန္ဒိယနှင့် ဂျပန်တို့ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရှိရပါသည်။

၎င်းတို့လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်မှာ ပြည်သူများအတွက် အကျိုးကျေးဇူးရှိစေမည့် အာဖရိကနိုင်ငံများရှိ စီမံကိန်းများကို ဦးစွာစတင်ရန်ဖြစ်ကြောင်း၊ စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရာ၌ အခြေခံမည့် မဏ္ဍိုင် (၄) ရပ်မှာ စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊ အရည်အသွေးကောင်းမွန်သည့် ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အဦနှင့် အဖွဲ့အစည်းများ ဖော်ဆောင်ခြင်း၊ စွမ်းဆောင်ရည်နှင့် ကျွမ်းကျင်မှု မြှင့်တင်ပေးခြင်းနှင့် ပြည်သူ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းတို့ဖြစ်ကြောင်း၊ အာဖရိက၌ AAGC စီမံကိန်းအောင်မြင်မှုကို အခြေခံ၍ အာရှရှိ ပူးတွဲစီမံကိန်းများကို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ လက်ရှိတွင် ဂျပန်သည် အိန္ဒိယအရှေ့မြောက်ဒေသရှိဆက်သွယ်ရေးနှင့် အခြေခံအဆောက်အဦ စီမံကိန်းများ၌ ရင်းနှီးမြှုပ်နှံမှု ပြုနေကြောင်း သတင်းအရင်းအမြစ်က ဆိုထားသည်။

အိန္ဒိယနှင့် ဂျပန်တို့ ပူးတွဲဖော်ဆောင်နေသည့် Asia-Africa Growth Corridor အစီအစဉ်မှာ တစ်ကမ္ဘာလုံးက အသိအမှတ်ပြုသည့် နိုင်ငံတကာစံနှုန်းများကို အခြေခံမည်ဖြစ်ကာ၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်၊ တရားဥပဒေစိုးမိုးမှု၊ ရိုးသားပွင့်လင်းမှု၊ ပွင့်လင်းမြင်သာမှုနှင့် သာတူညီမျှမှုတို့ကို အခြေခံမည်ဖြစ်ကြောင်း ၎င်းက ထည့်သွင်းပြောကြားထားပါသည်။

အိန္ဒိယအနေဖြင့် တရုတ်၏ Belt and Road Initiative မှ ကင်းကင်းနေသည့် အကြောင်းအရင်းများအနက်တစ်ခုမှာ အဆိုပါ စီမံကိန်းအား မစတင်မီ တရုတ်က အိန္ဒိယနှင့် မည်သည့် ညှိနှိုင်းတိုင်ပင်မှုမျိုးကိုမျှ မပြုလုပ်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ ယင်းစီမံကိန်းအားအိန္ဒိယကကန့်ကွက်ရသည့် အကြောင်းရင်းခံမှာ စီမံကိန်းအောက်ရှိ China-Pakistan Echonomic Corridor (CPEC) သည် ပါကစ္စတန် သိမ်းပိုက်ထားသည့် ကက်ရှ်မီးယားဒေသကို ဖြတ်ကျော်ဆောင်ရွက်ရမည်ဖြစ်သောကြောင့်ဖြစ်ကြောင်း သိရှိရပါသည်။

ဂျပန်အနေဖြင့် အိန္ဒိယနှင့်မတူသည်မှာ ၎င်းသည် တရုတ်၏ BRI သို့ ပူးပေါင်းဆောင်ရွက်ရန် သဘောတူထားကြောင်း၊ သို့ရာတွင် တရုတ်သည် BRI စီမံကိန်းတွင် ပါဝင်မည့် နိုင်ငံငယ်များအား အကြွေးနွံထဲသို့ ဆွဲသွင်းနေသည်ဟု ဝေဖန်မှုများ ဖြစ်ပေါ်လာပြီး နောက်ပိုင်းတွင် ဂျပန်အနေဖြင့် BRI အစီအစဉ်၌ စိတ်အားထက်သန်စွာဖြင့် ပူးပေါင်းဆောင်ရွက်မည့်အပေါ် အနုတ်သဘောဆောင်သည့် အနေအထားသဖွယ်ဖြစ်လာခဲ့ပြီး၊ တရုတ်နှင့်ဆက်ဆံမှု၌ ဂျပန်အတွက် ပြဿနာတစ်ရပ်ဖြစ်လာခဲ့ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**

# တောင်ကိုရီးယားအစိုးရ၏ ကုန်ပစ္စည်းစုစုပေါင်း ၇၉ မျိုးအတွက် ၂၀၁၉ ခုနှစ်တစ်နှစ်တာ အခွန်လျှော့ချမည့်အစီအစဉ် အတည်ပြု

တောင်ကိုရီးယားနိုင်ငံ၏ ပြည် တွင်းထုတ်ကုန်ပစ္စည်းများ ဈေးနှုန်း တည်ငြိမ်ရေးနှင့်စက်မှုလုပ်ငန်းများ ယှဉ်ပြိုင်နိုင်စွမ်းကို အားပေးနိုင်ရန်အတွက် ၂၀၁၉ ခုနှစ်တွင် ကုန်ပစ္စည်းစုစုပေါင်း ၇၉ မျိုးအတွက် အခွန်လျှော့ချပေးမည့်အစီအစဉ်တစ်ခုကို ဒီဇင်ဘာလအတွင်း အစိုးရအဖွဲ့က အတည်ပြုခဲ့သည်။ အဆိုပါအခွန်လျှော့ချသည့် အစီအစဉ်တွင် ရေနံစိမ်း၊ သဘာဝဓာတ်ငွေ့၊ cobalt sulfate စသည့် လျှပ်စစ်မော်တော်ကားများအတွက် ဘက်ထရီပြုလုပ်ရာတွင် အဓိကပါဝင်ပစ္စည်းများ ပါဝင်ကြောင်း တောင်ကိုရီးယားကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်ချက်များအရ သိရှိရ သည်။ အဆိုပါအစီအစဉ်သည် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်အထိ အကျုံးဝင်မည်ဖြစ်သည်။ ရေနံစိမ်းကို ယခင်အခွန် သုံးရာခိုင်နှုန်း ကောက်ခံရာမှ သုည ဒသမ ၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ cobalt sulfate ကို ယခင်အခွန် ငါးရာခိုင်နှုန်း ကောက်ခံရာမှ သုညရာခိုင်နှုန်းသို့လည်းကောင်း အသီးသီး လျှော့ချပေးသွားမည်ဖြစ်သည်။

တစ်ချိန်တည်းမှာပင် တောင်ကိုရီးယားအစိုးရအနေဖြင့် အခြားသော ကုန်ပစ္စည်း ၁၄ မျိုးပေါ်တွင် အခွန်တိုးမြှင့် ကောက်ခံခြင်းကိုလည်း ဆောင် ရွက်သွားမည်ဖြစ်သည်။ အဆိုပါ အခွန်တိုးမြှင့်ကောက်ခံမည့်ပစ္စည်းများတွင် ပေါင်းခံပြီးထမင်း၊ Pollock ခေါ် ငါး တစ်မျိုး၊ ငရုတ်သီးအနှစ်စသည့် စားသောက်ကုန်ပစ္စည်းများပါဝင်ပြီး လယ်ယာထွက်ကုန်နှင့်ရေထွက်ကုန်ပစ္စည်းများ၏ ပြည်တွင်းပြည်ပဈေးနှုန်း ကွာခြားချက်ကြောင့် ယင်းသို့ဆောင် ရွက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့။**



# Huawei က ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံ၏ ICT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီမည်

မြန်မာနိုင်ငံ ဒီဂျစ်တယ်လ် အပြည့်အဝ ဆက်သွယ်မှုတည်ဆောက်ရန် ရည်ရွယ်ချက်နှင့်အညီ ICT ကဏ္ဍစွမ်းရည်လိုအပ်မှုများ ကြီးထွားလာမှုဖြည့်ဆည်းရေး ကြိုးပမ်းမှုများအား ကူညီရန် ICT Talent Development Program အတွက် Huawei နှင့် ပညာရေးဝန်ကြီးဌာနတို့အကြား နားလည်မှုစာချွန်လွှာကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်က ရန်ကုန်မြို့၊ Melia Hotel တွင် သဘောတူ လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ နားလည်မှုစာချွန်လွှာအရ ပူးပေါင်းဆောင်ရွက်မှုဧရိယာ ခြောက်ခုအဖြစ် ပထမအကြိမ် အိုင်စီတီဒီပလိုမာ သင်ရိုးစနစ်စတင်ခြင်း၊ 'Seeds for the future'ပွဲ ပိုးပေးခြင်း၊ Huawei Authorized Information and Network Academy(HAINA) တည်ထောင်ခြင်း၊ ထူးချွန်တက္ကသိုလ် ကျောင်းသား ၅၀ဦးကို ICT Talent Scholarship ချီးမြှင့်ခြင်း၊ ICT နှင့် သက်ဆိုင်သည့် သိပ္ပံဆိုင်ရာသုတေသန ပွဲပိုးမှုနှင့် Huawei Customer Solution Inovation & Integration Center (CSIC) ၏ Youth Open Day တို့တွင် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"သတင်းနည်းပညာသည် ကဏ္ဍအားလုံးကို ထူးထူးခြားခြားအသွင်ပြောင်းလဲပေးကြောင်း၊ အာရုံခံသော၊ အရာအားလုံး ဆက်သွယ်သော၊ အရာအားလုံးကို ကိုယ်စားပြုသော သတင်းကမ္ဘာကြီးအတွင်းသို့ ဝင်ရောက်လျှက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ICT မျိုးစုံ ကျွမ်းကျင်သူများလိုအပ်မှုမှာ ၁ ဒသမ ၃ သန်းအထိ ရောက်ရှိလာမည်ဟု ခန့်မှန်းရကြောင်း၊ မြန်မာနိုင်ငံ၏လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအား တန်ဖိုးများဆက်လက်ဖြည့်ဆည်းပေးရေးနှင့် မျှော်မှန်းထားသော မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့သော စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရေးတို့အတွက် ပူးပေါင်းဆောင် ရွက်သွားမည်ဖြစ်ကြောင်း"ဟု Huawei မြန်မာ၏ အမှုဆောင်အရာရှိချုပ် Mr. Zhang Liman က ပြောသည်။

Huawei ကို ၁၉၈၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး နိုင်ငံပေါင်း ၁၇၀ ကျော်တွင် ဝန်ထမ်း ၁၈၀၀၀၀ ကျော်ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။ **သန်းထိုက်အောင်**

# ရင်ခွင်မဲ့ကလေးပြုစုစောင့် ရှောက်ရေးအသင်း (မြန်မာ) စတင်မိတ်ဆက်



ရင်ခွင်မဲ့ကလေး ပြုစုစောင့်ရှောက်ရေး အသင်း(မြန်မာ) စတင်မိတ်ဆက်ခြင်းအခမ်းအနားကို ရန်ကုန်မြို့ရှိ UMFCCI တွင် ကျင်းပခဲ့သည်။

အဆိုပါအသင်း တည်ထောင်ရခြင်းမှာ မြန်မာနိုင်ငံအနှံ့ ပြည်နယ်တိုင်းဒေသများမှ ရင်ခွင်မဲ့ကလေးငယ်များကို စောင့်ရှောက်မှုပေးနိုင်စေရန် ရည်ရွယ်၍ တည်ထောင်ခြင်းဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံအနှံ့မှာ အကြောင်းအမျိုးမျိုးနဲ့ ရင်ခွင်မဲ့ကလေးတွေ ရှိကြတယ်။ သူတို့လေးတွေကို ပြုစုစောင့်ရှောက်ဖို့အတွက် နိုင်ငံတော်အတိုင်ပင်ခံရဲ့ အကြံပြုချက်အရ ဒီအသင်းကို ဖွဲ့စည်း တည်ထောင်ခဲ့တာပါ။ အသင်းအနေနဲ့ ရည်ရွယ်ချက်တူ၊ လုပ်ငန်းတူ ဝန်ကြီးဌာ နတွေရဲ့ အကြံပြုချက်ကိုလည်း လက်ခံခဲ့သလို မွေးကင်းစကလေးတွေ များပြားလာတဲ့ အကြောင်းကိုလည်း လေ့လာဆန်းစစ်ခဲ့ပါတယ်"ဟု ရင်ခွင့်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးမှူး ဒေါက်တာမြသီတာက ပြောသည်။

ရင်ခွင်မဲ့ကလေးငယ်များ ကာကွယ်စောင့်ရှောက်ရာတွင် ရင်ခွင်မဲ့ကလေးများဖြစ်ခြင်းအား လျှော့ချရန် အသိပညာပေးလုပ်ငန်းစဉ်၊ ရင်ခွင်မဲ့ကလေးငယ်များအား ကာကွယ်စောင့်ရှောက်သောလုပ်ငန်းစဉ်နှင့် တစ်ကိုယ်ရေမိခင် (Single Mother)များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်စသည့် လုပ်ငန်းစဉ်သုံးရပ် ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကလေးငယ်များကို ကာကွယ်စောင့်ရှောက်ရန် အတွက်ကိုလည်း နေပြည်တော်ရှိ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနပိုင်မြေပေါ်တွင် ဂေဟာဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် ရင်ခွင်မဲ့ကလေးငယ်များ စောင့်ရှောက်ရေးဂေဟာအတွက် စေတနာရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ပြီး နိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ဇနီး၊ အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။ **ချောစု**

# နိုင်ငံခြားအာမခံကုမ္ပဏီများအား ပြည်တွင်းဈေးကွက်သို့ ဝင်ရောက်လုပ်ကိုင်ခွင့်ပြု

မြန်မာနိုင်ငံ ဈေးကွက်အတွင်း အာမခံလုပ်ငန်းများ လုပ်ကိုင်ရန် စိတ်ဝင်စားမှုရှိသော နိုင်ငံခြား အာမခံကုမ္ပဏီများကို လုပ်ကိုင်ခွင့်များ ချထားပေးမည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနက ဇန်နဝါရီ ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အရ နိုင်ငံတော်အတွင်း အာမခံလုပ်ငန်းများ လုပ်ကိုင်ရန် စိတ်ဝင်စားမှုရှိသော ပြည်တွင်းနှင့် နိုင်ငံခြားအာမခံ ကုမ္ပဏီများအား အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ပြုရေးအတွက် 'လုပ်ငန်းဆောင်ရွက်လိုမှု ဆန္ဒပြုလွှာ (Expression of Interest)'နှင့် 'အဆိုပြုလျှောက်လွှာ (Request for Proposal)'တို့ကို ဖိတ်ခေါ်သွားမည်ဖြစ်ပြီး ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနက သိလိုသည်များကို ရှင်းလင်းဖြေကြားပေးမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အသက်အာမခံနှင့် အထွေထွေအာမခံနှစ်မျိုးလုံး စုပေါင်း လုပ်ကိုင်လျက်ရှိသည့် ပြည်တွင်းအာမခံကုမ္ပဏီများအား အသက်အာမခံနှင့် အထွေထွေအာမခံလုပ်ငန်းများကို သီးခြားစီ လုပ်ကိုင်ရန် ညွှန်ကြားထားပြီးဖြစ်ရာ နိုင်ငံခြားအာမခံကုမ္ပဏီများသည် ပြည်တွင်းအာမခံကုမ္ပဏီများနှင့် ဖက်စပ် လုပ်ကိုင်နိုင်မည်ဟု သိရသည်။

နိုင်ငံခြား အာမခံကုမ္ပဏီများအား အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ပြုရာတွင် အသက်အာမခံလုပ်ငန်းကဏ္ဍ၌ ရွေးချယ်ခွင့်(၁)အဖြစ် နိုင်ငံခြား အသက်အာမခံကုမ္ပဏီများက ရာနှုန်းပြည့်ပိုင်ဆိုင်သည့် လက်အောက်ခံကုမ္ပဏီအဖြစ် ၃ ခုထက် မပိုသော အသက်အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေးခြင်း၊ ရွေးချယ်ခွင့်(၂)အဖြစ် ပြည်တွင်းတွင် ကိုယ်စားလှယ်ရုံးဖွင့်လှစ်ပြီးဖြစ်သော နိုင်ငံခြားအသက်အာမခံကုမ္ပဏီ သို့မဟုတ် အသက်အာမခံနှင့် အထွေထွေအာမခံ နှစ်မျိုးလုံး လုပ်ကိုင်လျက်ရှိသည့် နိုင်ငံခြားအာမခံကုမ္ပဏီကို ပြည်တွင်း အသက်အာမခံကုမ္ပဏီနှင့် ဖက်စပ်ဆောင်ရွက်လုပ်ကိုင်ခွင့်ပြုခြင်းဖြင့်လည်းကောင်း၊ အထွေထွေအာမခံ လုပ်ငန်းကဏ္ဍ၌ ပြည်တွင်းတွင် ကိုယ်စားလှယ်ရုံးဖွင့်လှစ်ပြီးဖြစ်သော နိုင်ငံခြား အထွေထွေ အာမခံကုမ္ပဏီ သို့မဟုတ် အသက်အာမခံနှင့် အထွေထွေအာမခံ နှစ်မျိုးလုံးလုပ်ကိုင်လျက်ရှိသည့် နိုင်ငံခြားအာမခံကုမ္ပဏီကို ပြည်တွင်း အထွေထွေအာမခံကုမ္ပဏီနှင့် ဖက်စပ်လုပ်ကိုင်ခွင့်ပြုခြင်းတို့ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

အသေးစိတ်သိရှိလိုပါက www.frd.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၂၀၁၃ ခုနှစ်အတွင်း ပြည်တွင်း ပုဂ္ဂလိကအာမခံကုမ္ပဏီ ၁၁ ခုကို လုပ်ငန်းလိုင်စင်များ ထုတ်ပေးခဲ့သည်။

**သန်းထိုက်အောင်**

■

# တည်ဆဲကုမ္ပဏီများနှင့် အဖွဲ့အစည်းများ သတ်မှတ်ချိန်အတွင်း ပြန်လည် မှတ်ပုံတင်နိုင်ရေး DICA တိုက်တွန်း


တည်ဆဲကုမ္ပဏီနှင့် အဖွဲ့အစည်းများအနေဖြင့် ဇန်နဝါရီ ၃၁ ရက်မတိုင်မီ မပျက်မကွက် ပြန်လည်မှတ်ပုံတင်ဆောင် ရွက်ရန်နှင့် ပြန်လည်မှတ်ပုံတင်ရန် ပျက်ကွက်ပါက မြန်မာကုမ္ပဏီများဥပဒေ ၂၀၁၇အရ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်သွားမည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက ဇန်နဝါရီ ၂ ရက်တွင် တိုက်တွန်းနှိုးဆော်ထားသည်။

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ၁၉၁၄ သို့မဟုတ် ၁၉၅၀ ပြည့်နှစ်အထူး ကုမ္ပဏီအက်ဥပဒေတို့နှင့် မှတ်ပုံတင်ထားသော တည်ဆဲကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များအားလုံးသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ နှင့်အညီ ကျင့်သုံးဆောင်ရွက်သည့် အီလက်ထရောနစ် မှတ်ပုံတင်စနစ် MyCO တွင် ၂၀၁၈ ခုနှစ်၊ ဩဂုတ် ၁ ရက်မှစ၍ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်ထိ ခြောက်လကာလအတွင်း သတ်မှတ်ပုံစံနည်းလမ်းများအတိုင်း ပြန်လည်မှတ်ပုံတင်ကြရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံကုမ္ပဏီများဆိုင်ရာ စည်းမျဉ်းများ ၂၀၁၈ အပိုဒ် ၄ (ဂ)တွင် 'ပြန်လည်မှတ်ပုံတင်ရန်ကာလအတွင်း တည်ဆဲကုမ္ပဏီသို့မဟုတ် အဖွဲ့အစည်းတစ်ခုခုသည် အီလက်ထရောနစ် မှတ်ပုံတင်စနစ်တွင် ပြန်လည်မှတ်ပုံတင်ခြင်းမပြုလုပ်ခဲ့ပါက မှတ်ပုံတင်အရာရှိသည် ထိုကုမ္ပဏီ၏ အမည်ကိုမှတ်ပုံတင်စာရင်းမှပယ်ဖျက်နိုင်ပြီး အဆိုပါအကြောင်းကိစ္စကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရမည်။ အဆိုပါအကြောင်းကြားစာကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြပြီးသောအခါ ကုမ္ပဏီသည် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပြီး ဖြစ်သည်'ဟု ဖော်ပြပါရှိသဖြင့်တည်ဆဲကုမ္ပဏီများအနေဖြင့် ဇန်နဝါရီ ၃၁ ရက်မတိုင်မီ မပျက်မကွက် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်နိုင်ပါရန်နှင့် ပြန်လည်မှတ်ပုံတင်ရန် ပျက်ကွက်ပါက ဥပဒေပါပြဋ္ဌာန်းချက်အရ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်သွားမည်ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက ကြေညာထားသည်။

အီလက်ထရောနစ်မှတ်ပုံတင်စနစ်တွင် ကုမ္ပဏီပြန်လည်မှတ်ပုံတင်ခြင်းအတွက် အခကြေးငွေပေးသွင်းရန် မလိုအပ်ကြောင်း သိရသည်။ **သန်းထိုက်အောင်**


စာမျက်နှာ (၁၈) စိုက်ပျိုးရေးကဏ္ဍ . . . မှအဆက်

ကမ္ဘာ့စုစုပေါင်း ပဲပုပ်ထုတ်လုပ်မှုရဲ့ ၈၂ ရာခိုင်နှုန်းရှိပြီး ပဲပုပ်သုံးစွဲမှုမှာတော့ တရုတ်နိုင်ငံဟာ အများဆုံး ဆိုတာကို အောက်ပါဇယားတွေမှာ ဖော်ပြထားပါတယ်။


Table 1. World Soybean Production (2017/2018)

| (Million Metric Tons) | |
|---|---|
| United States | 119.52 |
| Brazil | 112.00 |
| Argentina | 54.00 |
| China | 14.20 |
| India | 9.50 |
| Paraguay | 9.20 |
| Canada | 8.00 |
| Ukraine | 3.89 |
| Russia | 3.50 |
| Uruguay | 2.52 |
| Bolivia | 2.60 |
| Other | 21.8 |
| World | 346.92 |




Table 2. World Soybean Meal Use by Country (2017/2018)

| Millions Metric Tons | |
|---|---|
| China | 73.87 |
| United States | 31.12 |
| European Union | 30.34 |
| Brazil | 17.48 |
| Vietnam | 6.11 |
| Mexico | 6.05 |
| India | 5.45 |
| Indonesia | 4.35 |
| Thailand | 4.30 |
| Russia | 3.60 |
| Japan | 3.52 |
| Other | 36.87 |
| World Total | 233.60 |




## မြန်မာနိုင်ငံပဲပုပ်ထုတ်လုပ်မှုနှင့်ကုန်သွယ်ရေး

မြန်မာနိုင်ငံရဲ့ ပဲပုပ်စုစုပေါင်း ထုတ်လုပ်မှုကတော့ မက်ထရစ်တန် ၃ သိန်းခန့်ရှိပြီး ပဲပြားထုတ်လုပ်မှုမှာ အများဆုံးအသုံးပြုနေကြောင်းသိရပါတယ်။ ပဲပုပ်စိုက်ပျိုးခန့်မှန်းဧက ၂၅၀၀၀ ရှိပြီး အများဆုံးကတော့ ရှမ်းပြည်နယ်မှာ စိုက်ပျိုးထုတ်လုပ်ပါတယ်။ ပဲပုပ်ကြိတ်ဖတ်ကလည်း မြန်မာ့မွေးမြူရေးကဏ္ဍအတွက် လိုအပ်ချက်မြင့်မားနေပြီး ပြည်တွင်းမှာလည်း လုံလောက်စွာမထုတ်လုပ်နိုင်တဲ့အတွက် ပြည်ပက ပဲပုပ်ကြိတ်ဖတ် ခန့်မှန်းစုစုပေါင်းမက်ထရစ်တန်ချိန် တစ်သန်းတင်သွင်းနေရတယ်လို့ဆိုပါတယ်။ မြန်မာနိုင်ငံရဲ့ ပဲပုပ်ပြည်တွင်းစားသုံးမှု ဖူလုံမှုအပြင် တရုတ်နိုင်ငံရဲ့ ပဲပုပ်လိုအပ်ချက်မြင့်မားမှုကြောင့် စိုက်ဧကများတိုးချဲ့ဆောင်ရွက်ရန် လိုအပ်နေပါတယ်။

## ကမ္ဘာ့ကြံသကြား ထုတ်လုပ်မှုနှင့်ကုန်သွယ်ရေး

ကမ္ဘာ့သကြားထုတ်လုပ်မှုကတော့ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ စုစုပေါင်း မက်ထရစ်တန် ၁၈၈ မီလီယံခန့်ရှိပြီး လက်ကျန်သကြားမှာ ၄၉ မီလီယံမက်ထရစ်တန်ရှိတယ်လို့ အမေရိကန်စိုက်ပျိုးရေးဌာနက ထုတ်ပြန်ထားတာကို အောက်ပါဇယားတွေမှာ ဖော်ပြထားပါတယ်။

Elevated Production in 2018/19 Keeps Stocks High, Pressuring Prices




ကမ္ဘာ့သကြားထုတ်လုပ်မှု အများဆုံးနိုင်ငံကတော့ ဘရာဇီးနိုင်ငံဖြစ်ပြီး ၃၄ ဒသမ ၂ မီလီယံမက်ထရစ်တန်ခန့်ရှိပြီး ဒုတိယအများဆုံးထုတ်လုပ်တဲ့နိုင်ငံကတော့ အိန္ဒိယနိုင်ငံဖြစ်ပြီး ၃၃ ဒသမ ၈ မီလီယံမက်ထရစ်တန်ခန့်ရှိတယ်လို့ဆိုပါတယ်။ တတိယအနေဖြင့် ဥရောပသမဂ္ဂဖြစ်ပြီး ၂၀ ဒသမ ၃ မီလီယံမက်ထရစ်တန်ခန့်ဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံက ၁၀ ဒသမ ၈ မီလီယံမက်ထရစ်တန်ခန့်ဖြင့် စတုတ္ထအများဆုံးထုတ်လုပ်တယ်လို့ သိရပါတယ်။

ပြည်ပတင်ပို့မှုအများဆုံးနိုင်ငံတွေကတော့ ဘရာဇီး၊ ထိုင်း၊ အိန္ဒိယ၊ သြစတြေးလျနိုင်ငံတို့ဖြစ်ပြီး မီလီယံမက်ထရစ်တန် ၂၃ ဒသမ ၆၊ ၁၁၊ ၆ နှင့် ၃ ဒသမ ၇ အသီးသီးရှိကြောင်း သိရပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံကတော့ သကြားစားသုံးမှုခန့်မှန်းစုစုပေါင်းတန်ချိန် မီလီယံ ၁၅ ဒသမ ၇ ရှိတာကြောင့် နှစ်စဉ်သကြားတန်ချိန် စုစုပေါင်း ၅-၆ မီလီယံခန့် တင်သွင်းနေရတယ်လို့ဆိုပါတယ်။

## မြန်မာနိုင်ငံသကြားစားသုံးမှုနဲ့ထုတ်လုပ်မှု

မြန်မာနိုင်ငံရဲ့ သကြားစားသုံးမှုစုစုပေါင်း မက်ထရစ်တန်ချိန် ၇ သိန်းခန့်ရှိပြီး ပြည်တွင်းထုတ်လုပ်မှုကတော့ မက်ထရစ်တန်ချိန် ၄-၅ သိန်းခန့်သာရှိလို့ လိုအပ်တဲ့ တန်ချိန် ၂ သိန်းခန့်ကို ပြည်ပက တင်သွင်းနေရတယ်လို့ မြန်မာနိုင်ငံ ကြံနဲ့သကြားထုတ်လုပ်ရောင်းချသူများအသင်းက သိရပါတယ်။

## စိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ပြောင်း၊ ပဲပုပ်၊ ကြံသကြားစီမံကိန်း အကြံပြုတင်ပြချက်

ရှမ်းပြည်နယ် တောင်ပိုင်းရဲ့ စိုက်ပျိုးထုတ်လုပ်နိုင်တဲ့ မြေဧရိယာစုစုပေါင်း ဧက ၁၇ သန်းခန့်ရှိပြီးတော့ လက်ရှိမှာက ဧက ၂ သန်းခန့်သာ စိုက်ပျိုးထုတ်လုပ်နေပြီး ကျန် ၁၅ သန်းခန့်မှာ အသုံးမပြုနိုင်သေးဘဲ စိုက်ပျိုးထုတ်လုပ်ရန် ကျန် ရှိနေတယ်လို့ ဆိုပါတယ်။ ရှမ်းပြည်နယ်ရဲ့ မြေအသုံး ချမှုကို တစ်ဖက်ပါဇယားမှာ ဖော်ပြထားပါတယ်။

ဒါကြောင့် စိုက်ပျိုးစီးပွားဖွံ့ဖြိုး တိုးတက်ရေး ကော်မတီအနေဖြင့် စိုက် ပျိုးမြေဧက ၁ သန်းခန့်ကို ပြောင်း၊ ပဲပုပ်နဲ့ ကြံသကြား စီမံကိန်းအတွက် ရှမ်းပြည်နယ်အစိုးရနဲ့အတူ ပူးပေါင်းပြီး အကျိုးရှိစွာ အသုံးပြုရန် စီမံကိန်းရေးဆွဲလိုတယ်လို့ ဆိုပါတယ်။ ခန့်မှန်းခြေစိုက်ပျိုးမြေဧက ၁ သန်းက ပြောင်းတန်ချိန် ၂ ဒသမ ၅ မီလီယံမက်ထရစ်တန်၊ ပဲပုပ်တန်ချိန် ၁ ဒသမ ၂၅ မီလီယံမက်ထရစ်တန်နဲ့ သကြားတန်ချိန် ၁ ဒသမ ၂ သိန်းထုတ်လုပ်နိုင်ကြောင်း သိရပါတယ်။

Shan State Investment Opportunities Survey 2017

**Table 5: Land Utilization of Shan State (acre) in 2015 - 16**

| Sr. | Type of Land | Southern Shan | Northern Shan | Eastern Shan | Total |
|---|---|---|---|---|---|
| 1 | Net Sown areas | 1,310,878 | 1,230,784 | 475,569 | 3,017,231 |
| 2 | Fallow land | 91,229 | 344,087 | 25,383 | 460,699 |
| 3 | Cultivable Waste Land | 15,374,265 | 494,549 | 35,439 | 15,904,253 |
| 4 | Reserved Forests | 4,902,896 | 1,579,958 | 2,055,400 | 8,538,254 |
| 5 | Other Forests | 4,235,662 | 628,873 | 5,714,373 | 10,578,908 |
| 6 | Other | 12,618,098 | 3,282 | 3,354,439 | 15,975,819 |
| | **Total** | 28,209,730 | 4,281,533 | 9,997,90 | 38,207,420 |

*Source: Department of Agriculture, Ministry of Agriculture, Livestock and Irrigation*

ခန့်မှန်းတန်ဖိုး ပြောင်းတစ်တန်ကို အမေရိကန်ဒေါ်လာ ၂၀၀နဲ့ ပဲပုပ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၀၀နှုန်းဖြင့် တွက်ချက်ပါက စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ဝန်းကျင်ရှိပါတယ်။ ဒီတန်ဖိုးတွေကို ရောက်အောင်ထုတ်လုပ်နိုင်ရန်အတွက် မြေဧက ၁ သန်းကို အဆင့်မြင့်စက်မှုလယ်ယာ နည်းပညာများပေါင်းစပ်ထည့်သွင်းပြီး စီမံခန့်ခွဲရန် လိုအပ်ပါတယ်။ ပြောင်းနဲ့ ပဲပုပ်ကို သီးလှည့်စိုက်ပျိုးပေးခြင်းဖြင့် မြေဆီလွှာကို ရေရှည်ကောင်းမွန်စေရန် အကျိုးဖြစ်စေမည့်အပြင် စိုက်ပျိုးတောင်သူများအတွက်လည်း ဝင်ငွေတိုးစေမှာဖြစ်ပါတယ်။ ထွက်ရှိလာတဲ့ အမေရိကန်ဒေါ်လာ ၁ ဘီလီယံ တန်ဖိုးရှိတဲ့ ပြောင်း၊ ပဲပုပ်တန်ချိန် ၃ ဒသမ ၇၅ မီလီယံမက်ထရစ်တန်နဲ့ သကြားတန်ချိန် ၁ ဒသမ ၂ သိန်းခန့်ကို ရှမ်းပြည်နယ်အစိုးရနဲ့ တရုတ်နိုင်ငံရှိ သင့်လျော်သော ပြည်နယ်အစိုးရအဖွဲ့တစ်ဖွဲ့ဖြင့် Gorvenment to Gorvenment Bilateral Trade/ Aggreement ပြုလုပ်ပြီးတော့ တရုတ်နိုင်ငံက ဧက တစ်သန်းစီမံကိန်းအတွက် လိုအပ်တဲ့အရင်းအနှီး၊ နည်းပညာ၊ မြေသြဇာ စသည်ဖြင့် ပြန်လည်တင်သွင်းပြီး ဆောင်ရွက်သင့်တယ်လို့ တင်ပြထားပါတယ်။

၂၀၁၈ ခုနှစ် ဆန်းပိုင်းမှစတင်ပြီး ရှမ်းပြည်နယ်တောင်ပိုင်းရှိ လုပ်ငန်းရှင် ၁၅ ဦးခန့် စုပေါင်းပြီး ချယ်ရီရန်နံ့ကုမ္ပဏီကိုတည်ထောင်ကာ ပြောင်း၊ ပဲပုပ်စိုက်ပျိုးရေးကို တောင်ကြီးမြို့နယ် ဘန့်ကွဲကျေးရွာမှ တောင်သူ အစုအဖွဲ့များနဲ့ပူးပေါင်းပြီး ဧက ၁၀၀၀ကို အဆင့်မြင့်စက်မှုလယ်ယာနည်းပညာများ အသုံးပြုပြီး နမူနာအဖြစ် ရင်းနှီးမြှုပ်နှံရန် စိစစ်ဆောင်ရွက်နေတယ်လို့ဆိုပါတယ်။

အနှစ်ချုပ်အားဖြင့် တင်ပြလိုတာကတော့ ရှမ်းပြည်နယ်တောင်ပိုင်း ကုန်သည်များအသင်းရဲ့စိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ ရည်ရွယ်ချက်ဖြစ်တဲ့ ရှမ်းပြည်နယ်တောင်ပိုင်းမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပြောင်း၊ ပဲပုပ်ကို ကုန်ဖလှယ်မှုစနစ်ဖြင့်အစိုးရချင်း သဘောတူညီမှုစာချုပ်နဲ့ ခန့်မှန်းတန်ဖိုး အမေရိကန် ဒေါ်လာ တစ်ဘီလီယံထုတ်လုပ်ရောင်းချနိုင်ပြီး ပြည်နယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် ရှမ်းပြည်နယ် အစိုးရနဲ့အတူ ပူးပေါင်း ဆောင်ရွက်လိုကြောင်း တင်ပြထားမှုတို့ဖြစ်ပါတယ်။

## စီမံကိန်းအတွက် ရေတို–ရေရှည်လုပ်ဆောင်ရမည့်လုပ်ငန်းများ

အဆိုပါ အဖွဲ့အစည်းအနေဖြင့် စီမံကိန်းအတွက် ရေတို-ရေရှည် လုပ်ဆောင်ရမည့်လုပ်ငန်းများကိုလည်း တင်ပြခဲ့ကြပါတယ်။ လုပ်ငန်းစဉ်တွေကတော့-

၁။ ရှမ်းတောင်တွင် ပြောင်း၊ ပဲပုပ်နှင့် ကြံကို အဆင့်မြင့်စက်မှု လယ်ယာနည်းပညာဖြင့် စိုက်ပျိုးထုတ်လုပ်ရန်၊ အလားအလာရှိသော မြေနေရာများကို အထူးဇုန်အဖြစ် Geographic Information System Software များဖြင့် သတ်မှတ်ဖော်ထုတ်ရန်။

၂။ ဖော်ထုတ်သတ်မှတ်ထားသော မြေနေရာများတွင် ကုန်ထုတ်လမ်းများ/သယ်ယူပို့ဆောင်ရေးစနစ်များလည်း သတ်မှတ်ဖော်ထုတ်ရန်နှင့် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုကိုတွက်ချက်ရန်။

၃။ ၎င်းဒေသများတွင် စိုက်ပျိုးထုတ်လုပ်နေသော တောင်သူများကို အစုအဖွဲ့အားကောင်းစေရန်နှင့် သမအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရန်။

၄။ မြန်မာပြည် တရုတ်သံရုံးရှိ စီးပွားရေးဆက်ဆံရေးအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးပြီး Bilateral Trade Agreement ရရှိရေးကိုဆောင်ရွက်ရန်။

၅။ စီမံကိန်းကို အထောက်အကူပြုနိုင်ရန်အတွက် နိုင်ငံတကာဖွံ့ဖြိုးရေး ကူညီထောက်ပံ့မှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်။

၆။ စီမံကိန်းတွင် အဓိကပါဝင်မည့် တောင်သူအစုအဖွဲ့များနှင့် ကုမ္ပဏီများတွင် Corporate Government အားကောင်းစေရန် အသိပညာပေး သင်တန်းများဆောင်ရွက်ရန်။

၇။ စီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်မျာများကို ရှာဖွေစုစည်းတည်ဆောက်ရန်။

၈။ ငွေကြေးရင်းနှီးမြှုပ်နှံမှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာများကို စီမံကိန်းတွင် ပါဝင်မည့်တောင်သူအစု အဖွဲ့များနှင့် ကုမ္ပဏီများသို့ အသိပညာပေး ဆောင်ရွက်ရန်။

၉။ ပြောင်း၊ ပဲပုပ် ကုန်ချောထုတ်လုပ်နိုင်ရေးအတွက်လည်း ရေရှည်စီမံကိန်းရေးဆွဲပြီး သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်။

၁၀။ ပြောင်း၊ ပဲပုပ် စိုက်ပျိုးထုတ်လုပ်ရာတွင် ဓာတုမြေသြဇာများနှင့် တွဲဖက်အသုံးပြုရန်။

၁၁။ ပြောင်း၊ ပဲပုပ် မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးကိုလည်း ရေရှည်စီမံကိန်း ရေးဆွဲဆောင်ရွက်ရန်။

၁၂။ ပြောင်း၊ ပဲပုပ်စိုက်ပျိုးထုတ်လုပ်ထားသော မြေများတွင် နေကြာသီးလှည့် စိုက်ပျိုးခြင်းကိုဆောင်ရွက်ပြီး နေကြာဆီထုတ်လုပ်ရေးကိုလည်း စီမံကိန်းရေးဆွဲရန်တို့ကို စာတမ်းတင်သွင်းခဲ့ကြပါကြောင်းကို မြန်မာ့စိုက်ပျိုးရေးဘဏ္ဍာ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နိုင်စေရေးအတွက် ရည်သန်၍ ရေးသားဖော်ပြလိုက်ရပါတယ်။

**References:**
- Chery yanant's Market System Assessment and prefeasibility Study at Corn in Southern Shan.
- Shan State Investment Opportunities Survey Report, 2017
- USDA, China Grain and Feed Report
- China's 2018 Corn consumption expected tohit 224 million tonnes, Xinhua Net
- FAO Feed Price Monitoring and Analysis / - Sugar: World Markets and Trade, USDA

## မော်လမြိုင်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ (၄/၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

မော်လမြိုင်ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၄/၂၀၁၈) ကြိမ်မြောက်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်တွင်မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန ပြည်နယ် ဦးစီးမှူးရုံး၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးတွင် မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ် ဦးစီးမှူး ဦးခင်အောင်သွင်က အမှာစကားပြောကြားခဲ့ပြီး မော်လမြိုင်ခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်နွဲ့မူဆွေဦးက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ ခြောက်လပတ်အတွင်း မော်လမြိုင်ခရိုင် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ နိုဝင်ဘာလ အတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ယခင်အစည်းအဝေး ဆုံးဖြတ်ချက်မှ ဆောင်ရွက်ပြီးစီးမှုများ၊ ယခုအစည်းအဝေးတွင် ဆုံးဖြတ်ရန် အချက်များကို တင်ပြပါသည်။

ထို့နောက် ခရိုင်ဥပဒေရုံးမှ ဥပဒေအရာရှိ ဦးကျော်သိန်းလွင်က ခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူးမှ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းသွားသည့်အတွက် ဆောင်ရွက်မှုများကို သိရှိရပါကြောင်း၊ လုပ်ငန်းများ စုပေါင်းဆောင်ရွက်ရန်ရှိပါက အမြဲတမ်းပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

ထို့နောက်တက်ရောက်လာသူများမှ ယခုအစည်းအဝေးတွင် ဆုံးဖြတ်ရမည့်အချက်များအား ဆွေးနွေး ဆုံးဖြတ်ခဲ့ကြပါသည်။ အစည်းအဝေးသို့ မော်လမြိုင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင် ၁၆ ဦး တက်ရောက်ခဲ့ကြောင်း သိရပါသည်။

**မိုးမိုး (မွန်)**

## စစ်ကိုင်းခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့(၁၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

စစ်ကိုင်းခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့(၁၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်က စစ်ကိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပ ပြုလုပ်ခဲ့ရာ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် ခရိုင်စားသုံးသူရေးရာ ဝန်ထမ်းများ စုစုပေါင်း (၂၀) ဦး တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် စားသုံးသူရေးရာ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ (ကိုယ်စား) စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးတင်အောင်ကျော်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ယခင် (၁၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ဆုံးဖြတ်ချက် (၄) ချက် ချမှတ်ခဲ့သည့်အပေါ် ဆောင်ရွက် ပြီးစီးမှုများအား တင်ပြခဲ့ပြီး စစ်ကိုင်းခရိုင်အနေဖြင့် ကျောင်းများ၊ ဈေးများ ရပ်ကွက်များတွင် စားသုံးသူရေးရာအဖွဲ့များ ဖွဲ့စည်းလျက်ရှိရာ စုစုပေါင်း (၂၉)ဖွဲ့ ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ စစ်ကိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာန အနေဖြင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ဈေးကွက်အတွင်းရှိ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများအား သက်ဆိုင်ရာ တည်ဆဲဥပဒေ၊ ညွှန်ကြားချက်အတိုင်း လိုက်နာခြင်း ရှိ/မရှိနှင့် အရည်အသွေးပြည့်မီခြင်း ရှိ/မရှိ စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားရန် ညွှန်ကြားထားမှုအပေါ် စစ်ကိုင်းခရိုင်အတွင်းရှိစိုက်ပျိုးရေးဆေးဆိုင်များအား ကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်း အစီအစဉ်များအားလည်း စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ အတည်ပြုပေးပါရန်နှင့် အဖွဲ့ဝင်များအနေဖြင့် ဝိုင်းဝန်းကူညီပေးစေလိုပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသော စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဝင်များမှ ရှေ့ဆက်လက် ဆောင်ရွက်မည့်ကိစ္စများအား သက်ဆိုင်ရာကဏ္ဍအလိုက်အသီးသီး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ကေသီအောင် (စစ်ကိုင်း)**

## ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာနမှ အ ◦ မ ◦ က အမှတ်(၁၂) ကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲကျင်းပ

ပုသိမ်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစိုးဦးနှင့် ဝန်ထမ်းများသည် ဒီဇင်ဘာ ၂၆ ရက်တွင် ပုသိမ်မြို့ အမှတ်(၂)ရပ်ကွက်၊ အ. မ. က (၁၂)ကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့ပါသည်။

ခရိုင်ဦးစီးမှူး ဦးစိုးဦးက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပေါ်ပေါက်လာပုံနှင့်ဌာန၏ ရည်ရွယ်ချက် ရည်မှန်းချက်များ၊ စားသုံးသူနစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားနိုင်ရန် (CICC) ဖွင့်လှစ်ထားရှိမှုတို့ကို ဟောပြော၍ ဒုတိယခရိုင်ဦးစီးမှူး ဦးထွေးသိမ်းက သန့်ရှင်းလတ်ဆတ်မှုမရှိသော ရက်လွန်အစားအစာများ၊ ဓာတုဆိုးဆေးပါ စားသောက်ကုန်များ၊ FDA၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တားမြစ်ထားသော စားသောက်ကုန်၊ အလှကုန်နှင့် လူသုံးကုန်များ၊ စားသုံးသူများ၏ အခွင့်အရေးနှင့် တာဝန်များ၊ လုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့်တာဝန်များ၊ စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများကို ယခုလို ကျောင်းနေအရွယ်ငယ်စဉ်ဘဝမှစပြီး စားသုံးသူ အသိပညာဗဟုသုတများ ရရှိစေရန် ရည်ရွယ်၍ ဟောပြောရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

**ဇရာမြေ(ပုသိမ်)**

## ရွှေဘိုခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၀)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ရွှေဘိုခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့(၁၂/၂၀၁၈)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာလ (၂၇) ရက်က ရွှေဘိုခရိုင်စီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးတွင် ခရိုင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ အတွင်းရေးမှူး လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်ငွေက (၁၉)ကြိမ်မြောက်လုပ်ငန်း ညှိနှိုင်း အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများ၊ ဌာန၏လမ်းညွှန်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး၊ ဈေး၊ ကျောင်း၊ ရပ်ကွက်/ကျေးရွာများတွင် စားသုံးသူရေးရာအဖွဲ့ငယ်များ ဖွဲ့စည်းပြီးစီးမှုအခြေအနေနှင့် ကျန်ရှိနေသော အဖွဲ့များကို ဆက်လက်ဖွဲ့စည်းရန်၊ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများအား သက်ဆိုင်ရာ မိတ်ဖက်ဌာနများဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။ အဆိုပါအစည်းအဝေးသို့ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များနှင့် စားသုံးသူရေးရာဦးစီးဌာနမှ အမှုထမ်းများအပါအဝင်စုစုပေါင်း ၁၉ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**အေးသီဂီစိုး(ရွှေဘို)**

## ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ(၂)ရပ်တို့၏ (၁၁/၂၀၁၈)လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ကရင်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနပြည်နယ်ဦးစီးမှူးရုံးအစည်း အဝေးခန်းမ၌ ဒီဇင်ဘာ ၂၈ ရက်တွင် ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေးလုပ်ငန်း ကော်မတီနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီတို့၏ (၁၁/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ကြောင်း သိရပါသည်။

အဆိုပါ အစည်းအဝေးတွင် ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးက (၁၀/ ၂၀၁၈) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများအား ရှင်းလင်းတင်ပြခြင်း၊ ကရင်ပြည်နယ် စားသုံးသူ အငြင်းပွားမှုလက်ခံဆောင်ရွက်ရေးနှင့် လုပ်ငန်းကော်မတီ (၂)ရပ်တို့မှ အချို့အဖွဲ့ဝင်များမှာ ပြောင်းရွှေ့ခြင်း၊ ပင်စင်ယူခြင်းများရှိသည့်အတွက် အစားထိုး ပြင်ဆင်ဖွဲ့စည်းသွားမည်တို့ကို ဆွေးနွေးခဲ့ကြောင်း၊ ဒီဇင်ဘာလအတွင်း တိုင်ကြားစာနှစ်ခုအား လက်ခံဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဟောပြောပွဲများနှင့် စစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို အသေးစိတ်ဆွေးနွေးခဲ့ပါသည်။

တင်ပြဆွေးနွေးမှုအပေါ် အဖွဲ့ဝင်၊ ကော်မတီဝင်များမှ အကြံပြု ဆွေးနွေးခဲ့ပြီး ဆက်စပ်ဌာနအဖွဲ့အစည်းများမှလည်း ဆက်လက်၍ ပူးပေါင်း ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**ခင်ကြည်(ကရင်)**

## မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် လုပ်ငန်းကော်မတီ(၂)ရပ်တို့မှ (၁၂/၂၀၁၈)ကြိမ်မြောက် တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အစည်းအဝေးကျင်းပ

မကွေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အနေဖြင့် စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများကို အရှိန်အဟုန်မြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ (၁၂/၂၀၁၈)ကြိမ်မြောက် တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုအစည်းအဝေးကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်က မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ တိုင်းစားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ဆက်လက်၍ တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးထွန်းဝင်းက ဒီဇင်ဘာလအတွင်း စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေးခြင်းနှင့် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့မှု အခြေအနေများ၊ မကွေးတိုင်းဒေသကြီး CICC ရုံးသို့ တိုင်ကြားလာမှုများအပေါ် ဖြေရှင်းဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် ဆုံးဖြတ်ရန်အချက်များကို ရှင်းလင်းတင်ပြခဲ့ပါသည်။

ထို့နောက် အစည်းအဝေးမှ ဆုံးဖြတ်ရမည့် အချက်များကို အမှာစာများဖြင့် တင်ပြဆွေးနွေး ခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**စန္ဒာစိုးလွင်(မကွေး)**

# စားသုံးသူများရဲ့ မွန်မြတ်သည့် လုံခြုံရေးဝန်ထမ်းကောင်း

| မျိုးအေး (မြိတ်) |

ရုတ်တရက်ဆိုတော့ ကျွန်တော့်အား စိတ်ဆိုးကြလိမ့်မည်။ ငါတို့ စားသုံးသူ ရေးရာဦးစီးဌာနမှ ဝန်ထမ်းများကို လုံခြုံရေးဝန်ထမ်းနှင့် ခိုင်းနှိုင်းရပါမလားပေါ့။ ကျွန်တော့်အား ခွင့်လွှတ်ကြပါ။ ကျွန်တော်တို့ဌာနရဲ့ မျှော်မှန်းချက်ဟာ 'စားသုံးသူများ လုံခြုံစိတ်ချရဖို့'ဖြစ်ပါတယ်။ စားသုံးသူများရဲ့ အကျိုးစီးပွားမပျက်စီးစေရေး အသက်အန္တရာယ် မဖြစ်ပေါ်စေရေးကို ကာကွယ်စောင့်ရှောက်ကြရမှာဖြစ်ပါတယ်။ ကာကွယ်စောင့်ရှောက်နိုင်ဖို့ရာ လုံခြုံရေးဝန်ထမ်းများရဲ့ တာဝန်သာ ဖြစ်ပါတယ်။ ဌာနရဲ့ မျှော်မှန်းချက်ပါအတိုင်း ပြောရမယ်ဆိုရင် ကာကွယ် စောင့်ရှောက်ရမယ့်သူများဟာ ကျွန်တော်တို့ စားသုံးသူရေးရာဦးစီးဌာနရဲ့ ဝန်ထမ်းများ အဓိကကျပါတယ်။ ဒါကြောင့်လည်း စားသုံးသူရေးရာမှ ဝန်ထမ်းများအနေနဲ့ မွန်မြတ်တဲ့ လုံခြုံရေးဝန်ထမ်းကောင်းများ ဖြစ်တယ်လို့ ကျွန်တော် ယူဆမိပါတယ်။

ကျွန်တော်တို့နိုင်ငံအတွင်း မိမိတို့နှင့်သက်ဆိုင်ရာ နယ်မြေဒေသအတွက် စားသုံးသူပြည်သူများရဲ့ အစားအသောက်နှင့် ပတ်သက်ပြီး ဘေးဥပဒ်အန္တရာယ် မဖြစ်ပေါ်ရေး၊ ကုန်စည်များနှင့် ပတ်သက်ပြီး စားသုံးသူများရဲ့ အကျိုးစီးပွားမပျက်စီးစေရေး အလားတူဝန်ဆောင်မှုနှင့်ပတ်သက်ပြီး စားသုံးသူထိခိုက်နစ်နာဆုံးရှုံးမှုများ၊ လိမ်ညာလှည့်ဖြားမှုများ မခံရလေအောင် စားသုံးသူများရဲ့ ဘေးကင်း လုံခြုံရေးကိုစောင့်ရှောက်ရမည့်သူများမှာ စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများဟာ တာဝန်အရှိဆုံးဖြစ်မှာပါ။ နေရာတိုင်း၊ လုပ်ငန်းတိုင်းတွင် လုံခြုံရေးဝန်ထမ်း၊ အစောင့်ဝန်ထမ်းဟာ ရာထူးအားဖြင့် အနိမ့်ဆုံးလို့ သတ်မှတ်ကြပါတယ်။ သို့သော်လည်း ကြီးလေးတဲ့တာဝန်ကြီးကို သူ့ခေါင်းပေါ်ရွက်ထားရတာ သိကြမှာပါ။

စားသုံးသူ ဘေးကင်းလုံခြုံရေးနှင့် ပတ်သက်၍ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီမှ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈)နဲ့ ထုတ်ပြန်ကြော်ငြာခဲ့ပါတယ်။ အဆိုပါ အမိန့်ကြော်ငြာစာမှာ ထုတ်ပြန်ခဲ့တဲ့ ဦးစားပေး ကုန်စည်အမျိုးအစား (၉)မျိုးအား မြန်မာဘာသာဖြင့် ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ပါရှိရမယ်လို့ ထုတ်ပြန်ထားပါတယ်။ ပါဝင်ရမယ့် အချက်အလက်များကတော့ သုံးစွဲပုံအညွှန်း၊ ထားသို သိမ်းဆည်းပုံအညွှန်း၊ ဓာတ်မတည့်ကြောင်း ဖော်ပြချက်နှင့် ကြိုတင်သတိပေးချက်၊ ဘေးထွက်ဆိုးကျိုး စသည့်အချက်များ ပါရှိပါတယ်။ အမိန့်အာဏာသက်ရောက်တဲ့နေ့ကတော့ အဆိုပါ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး (၆) လပြည့်တဲ့နေ့မှစ၍ စတင်မှာ ဖြစ်ပါတယ်။ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေပုဒ်မ (၁၉)အရ အရေးယူဆောင်ရွက်သွားတော့မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ စားသုံးသူရေးရာ ဝန်ထမ်းများအနေနဲ့ ယခုထုတ်ပြန်ခဲ့တဲ့ ဦးစားပေးကုန်စည်(၉)မျိုးနဲ့ ပတ်သက်လို့ အမိန့် အာဏာသက်ရောက်မည့်နေ့မှာ ဘယ်လိုဆောင်ရွက်ရမှာလဲ၊ ဘယ်လိုဆောင်ရွက်ကြမလဲ၊ ကြိုတင်ပြင်ဆင်မှုတွေ ဘာတွေလုပ်ကြမလဲ စသည်ဖြစ်ပေါ့ စဉ်းစားထားဘို့၊ အမိန့်ညွှန်ကြားချက်များ အမြဲမပြတ်နားစွင့်ထားဖို့ အထူးလိုအပ်မှာဖြစ်ပါတယ်။ စားသုံးသူရေးရာ ဝန်ထမ်းတစ်ဦးရဲ့ တာဝန်ဟာ မျှော်မှန်းချက်ပါအတိုင်း စားသုံးသူများလုံခြုံစိတ်ချရမှုရှိစေရန် အကောင်အထည်ဖော်ဆောင်ရွက်ရမှာဖြစ်တာမို့ စားသုံးသူ အကျိုးစီးပွား ထိခိုက်ပျက်စီးဆုံးရှုံးမှု၊ အသက်အန္တရာယ်များ ထိပါးမှုကို လုံခြုံစိတ်ချမှုရှိအောင် ကာကွယ်စောင့်ရှောက်ရမှာဖြစ်တယ်လို့ ကျွန်တော်နားလည်မိပါတယ်။ တစ်နည်းအားဖြင့်ပြောရရင် စားသုံးသူများကို ကာကွယ်စောင့်ရှောက်ပေးမည့် မွန်မြတ်တဲ့ လုံခြုံရေးဝန်ထမ်းကောင်းများ ဖြစ်ကြပါစေကြောင်း နှစ်သစ်မှာ ဆန္ဒပြုလျက် တင်ပြအပ်ပါတယ်။

## ခင်ဦးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေး လူထုတွေ့ဆုံပွဲတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သင်းသင်းကြူ၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးဌေးတင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ကြည်ဆန်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမင်းအောင်၊ မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ ဦးခင်မောင်လေး တို့နှင့်အတူ ခင်ဦးမြို့နယ်၊ ရုံးစုကျေးရွာ၊ ကြာပင်အိုင်ကျေးရွာ၊ မှန်သာကျေးရွာများသို့ ဒေသဖွံ့ဖြိုးရေးပြည်သူများနှင့် ဒီဇင်ဘာ ၁၆ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် လွှတ်တော်ကိုယ်စားလှယ် ဒေါ်သင်းသင်းကြူမှ ဒေသဖွံ့ဖြိုးရေးအတွက် ပြည်သူများ၏ လိုအပ်ချက်များကို လွှတ်တော်တွင် မေးမြန်းခဲ့မှုများ၊ လွှတ်တော်၏ လုပ်ငန်းဆောင်ရွက်ချက်များကို အသေးစိတ်ဆွေးနွေးပြီး သက်ဆိုင်ရာဌာနများမှ မိမိတို့ဌာနနှင့်သက်ဆိုင်သည်များကို ဆွေးနွေးကြပြီး စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဦးဌေးတင့်မှ စားသုံးသူရေးရာဦးစီးဌာန ပေါ်ပေါက်လာပုံ၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်းနှင့် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈) တို့အား အသေးစိတ်ဟောပြောဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ဌေးတင့် (ခင်ဦး)**

## ဟသ်ာတခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာလ ၁၄ ရက် တွင် ဟသ်ာတခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပြီး အဖွဲ့ဝင်နှင့် ဖိတ်ကြားသူ စုစုပေါင်း ၃၀ ဦး တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် ဟသ်ာတခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က အဖွင့်အမှာ စကားပြောကြားခဲ့ပြီး ဆိုးဆေးသုံး စားသောက်ကုန်များကို စနစ်တကျစိစစ်နိုင်ရေး၊ စားသောက်ကုန်လုပ်ငန်းများ အားလုံးမှတ်ပုံတင်နိုင်ရေးအတွက် ဌာနများ ညှိနှိုင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ပါသည်။ ဆက်လက်၍ အတွင်းရေးမှူး ဦးကြည်ဟန်ကလည်း အထက်ဌာနလမ်းညွှန်ချက်များ၊ ဆုံးဖြတ်ချက်ရမည့်အမှာစာများ၊ ခရိုင်အတွင်း စားသုံးသူ အသိပညာပေးဟောပြောမှု၊ ကွင်းဆင်းစိစစ်မှု၊ ဈေးကွက်စောင့်ကြည့်မှု အခြေအနေများကို တင်ပြဆွေးနွေးခဲ့ပြီး ဖော်မလင် သုံးစွဲသည့် ပဲပြားစက်ရုံတစ်ရုံအား လုပ်ငန်းလိုင်စင်အပြီး ပိတ်သိမ်းမှု အခြေ အနေနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ အားတင်ပြဆွေးနွေးခဲ့ပါသည်။ ထို့နောက် တက်ရောက် လာသူများမှလည်း ဝိုင်းဝန်းဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**မောင်မောင်မြတ်ခိုင်**

စာမျက်နှာ (၈) စနစ်မှန်မှ စပါးကောင်းရမည် . . . မှအဆက်

အဆိုပါစပါး ကောက်လှိုင်းများသည် နေ့အချိန် နေပူလိုက်၊ ညအချိန်နှင်းကျလိုက်ဖြင့် နေ့ညအပူချိန်ကွာခြားမှုကြောင့် ပူလိုက်အေးလိုက်ဖြစ်ပြီး ကောက်လှိုင်းပုံအတွင်း မြေငွေ့ရိုက်အပူချိန်တက်လာပါသည်။ စပါးစေ့များ မှိုတက်အရောင်ပျက်စေပါသည်။ အောက်နံ့ရစေပါသည်။ စပါးစေ့အတွင်း ဆန်သားများလည်း အက်ကြောင်းထစေပါသည်။ စပါးစေ့ပျက်စေပါသည်။ ဆန်ဝါဖောက်မှုဖြစ်စေပါသည်။ ဤသို့သော စပါးစေ့များသည် အရည်အသွေးကောင်းဆန် မည်သို့မျှမရရှိနိုင် တော့ပါ။

နောက်တစ်ချက်မှာ စပါးအခြောက်လှန်းခြင်းဖြစ်ပါသည်။ အများသော တောင်သူလယ်သမားများသည် နေအပူချိန်ဖြင့်သာ အခြောက်လှန်းကြသည်ကို တွေ့ရပါသည်။ စပါးကို နံနက်မှသည် ညနေချိန်ထိ တောက်လျှောက်လှန်းကြသည်ကို တွေ့ရသည်။ နေ့လယ်နေပြင်းပြင်းပူချိန် စပါးစေ့အပေါ်သို့ ကျရောက်သော အပူချိန်သည် ၆၅ ဒီဂရီစင်တီဂရိတ်ကျော်ခန့်ရှိပါသည်။ ၎င်းအပူချိန်သည် ဆန်သားကို လောင်ကျွမ်းစေပြီး ဆန်သား အက်ကြောင်းထစေပါသည်။ ဆန်ကြိတ်လျှင် ဆန်ကွဲများသာ များများထွက်လာမည် ဖြစ် ပါသည်။ သို့အတွက် စပါးကို နံနက်ပိုင်းတွင် တစ်ကြိမ် ညနေပိုင်းတွင် တစ်ကြိမ် စပါးထု (၅-၆) လက်မထား၍ နှစ်ကြိမ်လှန်းသင့်ပါသည်။ နေ့လယ်နေပြင်းပြင်းပူချိန်တွင် စပါးမလှန်းမိစေရန် အထူး သတိပြုသင့်ပါသည်။ အချို့ကတ္တရာလမ်းပေါ်တွင် စပါးလှန်းခြင်းသည် အထက်မီးအောက်မီးပေးသကဲ့သို့ ဖြစ်ပြီး စပါးစေ့ နေလောင်ကျွမ်းပြီး အရည်အသွေးကျဆင်း သွားစေပါသည်။

အချို့သော လယ်သမားကြီးများသည် မိမိတစ်ဦးပိုင်အတွင်း စပါးမျိုးများစွာ ရောနှောစိုက်ပျိုးကြရာ ရိတ်သိမ်းခြွေလှေ့ချိန်တွင် သတိမမူဘဲ ဆောင်ရွက်ကြသဖြင့် မျိုးအုပ်စုမတူသော စပါးမျိုးများ ရောနှောသွားစေပါသည်။ ဆန်ကြိတ်ခွဲရာတွင် မျိုးများရောနှောနေသဖြင့် ဆန်သားမညီအရည်အသွေးမလှဖြစ်စေသည်။ စပါးတစ်မျိုးတည်းသာ တစ်ကွင်းတစ်စပ်တည်း စိုက်ပျိုးသင့်ပါသည်။

စပါးကို စက်ပိုင်းကုန်သည်၊ ပွဲစားများက ဝယ်ယူရာတွင်လည်း အမိုးအကာမရှိဘဲ ကွင်းပြင်တွင် ပိုင်ပုံဖြင့် ထားသဖြင့် နေ့ညအပူချိန်ကွာခြားမှုကြောင့် စပါးစေ့နေလောင်ခြင်း၊ စပါးစေ့အက်ကြောင်းထစေခြင်းများကြောင့် အရည်အသွေးကျဆင်းစေပါသည်။ တစ်ဖန်ဝယ်ယူရာတွင်လည်း စပါးမျိုးပေါင်းများစွာကို ဧည့်မထ အုပ်စုဝင်ဆိုပြီး ပိုင်ပုံတစ်ပုံတည်း ရောနှောပုံသဖြင့် စပါးမျိုးများစွာ ရောနှောနေသော စပါးပုံဖြစ်နေပါသည်။ ဆန်ကြိတ်ခွဲလျှင် စပါးမျိုးများစွာ ရောနှောနေသော 'သီလရှင်ဒါနဆန်' ဖြစ်နေမည်ဖြစ်ပါသည်။ စပါးပိုင်ပုံသည် အမိုးအကာမရှိပုံထားသဖြင့် ကြက်ကယက်၊ ခွေးကတက်၊ ဝက်ကပက်၊ ကြွက်ကဖျက်နှင့် စပါးသည် သန့်ရှင်းမှု မရှိတော့ဘဲ အရည်အသွေးကျသွားသည်။ စနစ်ကျသော သိုလှောင်ရုံများဖြင့် သိုလှောင်ထားသင့်ပါသည်။

စပါးရိတ်သိမ်းပြီးပါက အခြောက်မလှန်းမီ ဖုံ၊ ခဲ၊ သလဲ၊ ကျောက်ခဲစ၊ အမှိုက်၊ အဖျင်းအမှော်၊ စပါးပင်ဆစ်ကျိုး အပိုင်းအစများကို ပြောင်စင်အောင် သန့်စင်ရန် လိုပါသည်။ စပါးကို မည်သို့ပင် စိတ်တိုင်းကျ အခြောက်လှန်းခဲ့စေကာမူ ရောနှောပါဝင်နေသော အပိုပစ္စည်းများ၏ အစိုဓာတ်ကြောင့် စပါးစေ့များ အစိုပြန်၊ မှိုတက်၊ အရောင်ဖျက်၍ အရည်အသွေးကျဆင်းသွားစေနိုင်ပါသည်။ စပါးကို အခြောက်လှန်းပါက အစိုဓါတ်များနေလျှင် အပူချိန်ကိုနှိမ့်၍ အချိန်ယူ လှန်းရန်လိုပါသည်။ စပါးစေ့တွင် အစိုဓါတ်နည်းနေပါက အပူချိန်ကိုမြှင့်၍ အချိန်တိုအတွင်း အခြောက်လှန်းရန် လိုပါသည်။

စပါးရိတ်သိမ်းခြွေလှေ့ပြီး အိတ်သွပ်သိုလှောင်ရာတွင် အရည်အသွေးမကျစေရန်အတွက် အသုံးပြုမည့် အိတ်၊ သိုလှောင်ရုံများကို စနစ်တကျ ပိုးမွှားသန့်စင်ပြီးမှ သိုလှောင်ရန်လိုအပ်ပါသည်။ သိုလှောင်ရာတွင် သိုလှောင်ရုံအတွင်းရှိ အပူချိန်နှင့်စိုထိုင်းဆသည် နှစ်ခုပေါင်း (၁၀၀) ထက်မကျော်လျှင် သိုလှောင်ရန် ကောင်းမွန်သည်ဟု ဆိုပါသည်။ (ဒေါက်တာ ဟယ်ရီတန်) စပါးသိုလှောင်ရုံအတွင်း စိုထိုင်းဆ ၅၀ ရာခိုင်နှုန်းထက် များနေပါက ပိုးမွှားရောဂါလှုပ်ရှားမှုများစေသည်။ စိုထိုင်းဆ ၅၀ ရာခိုင်နှုန်းအောက်ရှိပါက လှုပ်ရှားမှုနည်းစေသည်။ စိုထိုင်းဆ ၃၅ ရာခိုင်နှုန်းထိ နိမ့်သွားပါက လှုပ်ရှားမှုလုံးဝရပ်ဆိုင်းသွားစေပါသည်။ စပါးစေ့သည် ၎င်း၏ ပတ်ဝန်းကျင်တွင် အစိုဓါတ်၊ ရေခိုးရေငွေ့ရှိနေပါက စုပ်ယူနိုင်သည့် အစွမ်းရှိပါသည်။ ၎င်း၏ပတ်ဝန်းကျင်တွင် ခြောက်သွေ့ပြီး အပူချိန်မြင့်နေပါက စပါးစေ့ထဲမှ အစိုဓာတ်သည်လည်း အပြင်သို့ပျံ့လွင့်ထွက်သွားနိုင်သည့် သတ္တိလည်းရှိပါသည်။ သို့ပါ၍ စပါးသိုလှောင်ရုံဝန်းကျင်ရှိ စိုထိုင်းဆ၊ အစိုဓါတ်တို့ကို အထူးသတိပြုဖယ်ရှားရန် လိုအပ်ပါသည်။ စပါးသည် ရိတ်သိမ်းချိန်လွန်နည်းပညာ (Post Harvest Technology) အပြည့်အဝအသုံးမပြုလျှင် အရည်အသွေး ကျဆင်းမှုဆုံးရှုံးခြင်းသည် (၃၀-၄၀) ရာခိုင်နှုန်းရှိသည်ဟု သုတေသန ရလဒ်က ဆိုထားပါသည်။

■



## အသင်းတွင် တိုက်စစ်မှူးကောင်းတစ်ဦး လိုအပ်နေကြောင်း ဆာရီဝန်ခံ

ချယ်လ်ဆီးအသင်းနည်းပြ ဆာရီက မိမိအသင်းတွင် တိုက်စစ်မှူးကောင်း တစ်ဦး မဖြစ်နေလိုအပ်နေပြီဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

ချယ်လ်ဆီးအသင်းသည် ပရီးမီးယားလိဂ် ပွဲစဉ်(၂၁)အဖြစ် ဆောက်သမ်တန် အသင်းနှင့် အိမ်ကွင်း၌ ကစားခဲ့သည့် ပွဲစဉ်တွင် တိုက်စစ်ပိုင်း အားနည်းမှုများနှင့် အတူ ဂိုးမရှိသရေသာ ကစားနိုင်ခဲ့သည့် ပွဲစဉ်အပြီးတွင် နည်းပြ ဆာရီက ထိုကဲ့သို့ ဖွင့်ဟဝန်ခံလိုက်ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းနည်းပြ ဆာရီက 'အသင်းမှာ တိုက်စစ်ကစားသမား မဖြစ်မနေလိုအပ်နေပြီဆိုတာ ကျွန်တော်သိလိုက်ရပါပြီ။ တစ်ချိန်လုံး ဟာဇက်ကိုသာ အားကိုးနေရတဲ့ အနေအထားမှာ သူမရုန်းနိုင်ရင် အသင်းဟာလည်း နိုင်ပွဲပျောက်တော့တာပဲ။ ဆောက်သမ်တန်နဲ့ပွဲမှာ ကျွန်တော်တို့အသင်း သေချာပေါက် နိုင်ပွဲရသင့်ပါတယ်။ ဒါပေမဲ့ တိုက်စစ်မှူးတွေ ဂိုးပေါက်ပျောက်နေသလို ဟာဇက်ကလည်း ထင်သလောက်ခြေစွမ်းပြနိုင်ခြင်း မရှိခဲ့ပါဘူး။ အဲ့ဒီပွဲဟာ ကျွန်တော်တို့အတွက် အရှုံးနဲ့မထိုက်တန်ပါဘူး။ ဒီလိုပွဲမျိုးကို နိုင်အောင်မကစားနိုင်ရင် ကျွန်တော်တို့ အသင်း ဘယ်လိုပွဲမျိုးကို နိုင်အောင်ကန်မှာလဲ။ သေချာတာတစ်ခုကတော့ အသင်းမှာ ထိပ်တန်း တိုက်စစ်မှူးတစ်ဦး မဖြစ်မနေ လိုအပ်နေတယ်ဆိုတာပါပဲ။ ဒီအတွက် အသင်းတာဝန်ရှိသူတွေနဲ့ ဆွေးနွေးနေပါတယ်'ဟု ပြောကြားလိုက်သည်။

## မန်ယူအသင်းမှ ထွက်ခွာလိုစိတ်မရှိတော့ကြောင်း ဆိုးလ်ရှားဖွင့်ဟ



လက်ရှိ မန်ယူအသင်း၏ ယာယီနည်းပြဖြစ်သူ ဆိုးလ်ရှားက မိမိအနေဖြင့် မန်ယူအသင်းမှ ထွက်ခွာလိုစိတ်မရှိတော့ဘဲ အမြဲတမ်းနည်းပြအဖြစ် မန်ယူအသင်းကို ကိုင်တွယ်လိုကြောင်း ဖွင့်ဟပြောကြားလာခြင်း ဖြစ်သည်။ မန်ယူအသင်းသည် ဆိုးလ်ရှားကို ယခုနှစ်ရာသီကုန်အထိသာ ကိုင်တွယ်ရန် ယာယီနည်းပြအဖြစ် ခန့်ထားခြင်းဖြစ်သည်။

ဆိုးလ်ရှားက 'ကျွန်တော်ဟာ မန်ယူအသင်းကို ရောက်လာတာ ယာယီဆိုတာကို နားလည်ပါတယ်။ မန်ယူအသင်းဟာ ကျွန်တော်နဲ့ မစိမ်းပါဘူး။ မန်ယူဟာ ကျွန်တော့်အိမ်ပါ။ မန်ယူအသင်းကို ကိုင်တွယ်ရတာ ပျော်ရွှင်နေသလို ကျွန်တော့်အတွက် အခွင့်အရေးတစ်ခုရခဲ့မယ်ဆိုရင်တော့ အသင်းကို အောင်မြင်မှုတွေလည်း ရယူပေးချင်ပါတယ်။ မန်ယူအသင်းရဲ့ ရွှေခေတ်ကို ပြန်ရောက်အောင် ဦးဆောင်ပေးချင်ပါတယ်' ဟု ပြောကြားခဲ့သည်။

ဆိုးလ်ရှားသည် မန်ယူအသင်းကို စတင်ကိုင်တွယ်ချိန်တွင် ကာဒစ်ဖ်အသင်းကို ၅-၁ ဂိုး၊ ဟက်ဒါဖီးလ်အသင်းကို ၃-၁ ဂိုး၊ ဘုန်းမောက်အသင်းကို ၄-၁ ဂိုးနှင့် နယူးကာဆယ်အသင်းကို ၂-၀ ဂိုး စသည်ဖြင့် လေးပွဲဆက်တိုက် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ရလဒ်ပိုင်းကောင်းမွန်အောင် ဦးဆောင်နိုင်ခဲ့သည့် ဆိုးလ်ရှားကို အသင်းတာဝန်ရှိသူများက အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်သွားရန် အစီအစဉ်မရှိကြောင်းသိရသည်။ သို့သော် လက်ရှိမန်ယူအသင်းကို ယာယီနည်းပြအဖြစ် ကိုင်တွယ်ခွင့်ရနေသည့် ဆိုးလ်ရှားက မန်ယူအသင်းကို အမြဲတမ်းနည်းပြအဖြစ် ကိုင်တွယ်သွားရန် လိုလားနေကြောင်း ၎င်း၏ဆန္ဒကို ထုတ်ဖော်ပြောဆိုလာခြင်းဖြစ်သည်။

## ဘောလုံးလောကသတင်းတိုများ

- အာဆင်နယ်အသင်းသည် ရီးရဲလ်မက်ဒရစ်အသင်း ဂိုးသမား နာဗစ်ကို ပေါင် ၁၄ သန်းဖြင့် ခေါ်ယူရန် နီးစပ်နေပြီဖြစ်ကြောင်း သိရသည်။
- **ချယ်လ်ဆီးအသင်း ကွင်းလယ်ကစားသမား ဖာဘရီဂက်စ်သည် ပြင်သစ်လီဂူးဝမ်းကလပ် မိုနာကိုအသင်းသို့ ပြောင်းရွှေ့ရန် ပြင်ဆင်နေကြောင်း သိရသည်။**
- ဘိုင်ယန်မြူးနစ်သည် ချယ်လ်ဆီးအသင်းမှ အသက်(၁၈)နှစ်သာ ရှိသေးသည့် လူငယ်တိုက်စစ်မှူး အိုဒွိုင်းကို ခေါ်ယူရန် ပေါင်သန်း ၂၀ ဖြင့် ကမ်းလှမ်းလိုက်ကြောင်း သိရသည်။
- **မန်ယူအသင်း နောက်ခံကစားသမား ဘိုင်လီသည် ဆီဗီလာအသင်းသို့ ပြောင်းရွှေ့ရန် ဆန္ဒရှိနေကြောင်း သိရသည်။**

## မက်ဆီကို မာရာဒိုနာ၊ ပီလီတို့နှင့် ခိုင်းနှိုင်း၍မရဟု ဇီကို ပြောကြား

ဘရာဇီးမှ ဂန္ထဝင်ကစားသမားတစ်ဦးဖြစ်သူ ဇီကိုက ဘာစီလိုနာအသင်းမှ မက်ဆီကို မာရာဒိုနာ၊ ပီလီတို့နှင့် ခိုင်းနှိုင်းခြင်းမပြုလုပ်သင့်ကြောင်း ပြော ကြားလိုက်သည်။

ဇီကိုက 'မက်ဆီဟာ လက်ရှိ ဘောလုံးလောကမှာ တစ်ကယ်တော်တဲ့ ကစားသမားတစ်ယောက်ပါ။ သူဟာ ပါရမီရှင်ကစားသမားတစ်ဦးဆိုရင်လည်း မမှားပါဘူး။ မက်ဆီဟာ အကောင်းဆုံးဆုတွေလည်း အကြိမ်ကြိမ်ရထားတယ်။ ဒါပေမဲ့ မက်ဆီဟာ ဘာစီလိုနာအသင်းအတွက်သာ ပေးဆပ်နေပြီး မိခင်နိုင်ငံ အာဂျင်တီးနားအတွက်ပေးဆပ်မှုက မရှိသလောက်ပါပဲ။ အာဂျင်တီးနားအသင်းကို အောင်မြင်မှုတွေရအောင် သူမလုပ်ပေးနိုင်ဘူး။ မာရာဒိုနာနဲ့ ပီလီတို့က မက်ဆီလိုမဟုတ်ကြဘူး။ မာရာဒိုနာဆိုရင် မိခင်နိုင်ငံအသင်း အာဂျင်တီးနားနဲ့ နာမည်ကြီး အောင်မြင်ခဲ့တယ်။ ပီလီဆိုရင်လည်း ဘရာဇီးအသင်းနဲ့ နာမည်ကြီး အောင်မြင်ခဲ့တယ်။ ကစားသမားတစ်ယောက်ဟာ ကလပ်အသင်းတစ်ခုတည်းမှာပဲ အောင်မြင်လို့မရပါဘူး။ သူ့ရဲ့စွမ်းဆောင်ရည်က နိုင်ငံအသင်းအတွက် ဘယ်လောက် ပေးဆပ်နိုင်လဲဆိုတာကိုလည်းကြည့်ပြီး အဲဒီကစားသမားရဲ့တန်ဖိုးကို ဆုံးဖြတ်ရပါလိမ့်မယ်' ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဇီကိုက မက်ဆီသည် မည်မျှပင်တော်သည့်၊ ထူးချွန်သည့် ကစားသမား ဖြစ်စေကာမူ မာရာဒိုနာ၊ ပီလီတို့ကို လိုက်မမီနိုင်သည့် ကစားသမားမျိုး ဖြစ်လာနိုင်စရာမရှိကြောင်း ထပ်မံပြောကြားလိုက်ခြင်းဖြစ်သည်။

မက်ဆီသည် ဘာစီလိုနာအသင်းနှင့်အတူ အောင်မြင်မှုများ ရရှိနေဆဲဖြစ်သော်လည်း မိခင်နိုင်ငံ အာဂျင်တီးနား လက်ရွေးစင်အသင်းအတွက် နောက်ထပ်ပွဲများ ပါဝင်ကစားရန်မှာ မသေချာတော့ကြောင်း သိရသည်။ သို့သော် လတ်တလော ထွက်ပေါ်နေသည့် သတင်းများအရ မက်ဆီသည် အာဂျင်တီးနားအသင်းအတွက် ပါဝင်ကစားပေးရန် စဉ်းစားနေကြောင်း သိရသည်။

ဟန်နေသစ် စုစည်းသည်




## ၂၀၁၉ အတွက် ပီတာစတွန်တန်၏ ကြိုတင်ဟောကိန်းများ

**အားကစား ကလောင်ရှင်တစ်ဦးဖြစ်သလို ဘောလုံးလောကသုံးသပ်ရာတွင် ကျွမ်းကျင်သူတစ်ဦးလည်းဖြစ်သူ ပီတာစတွန်တန်က ယခု ၂၀၁၉ခုနှစ်တွင် ဘောလုံးလောက၌ ဖြစ်လာနိုင်ဖွယ်ရာများကို ကြိုတင်သုံးသပ် ဟောကိန်းထုတ်ခဲ့သည်။**

(၁) ယခုနှစ် ၂၀၁၈-၂၀၁၉ ဘောလုံးရာသီ ဥရောပ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းက ဘာစီလိုနာ၊ မန်စီးတီး၊ လီဗာပူးနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ကို ကျော်ဖြတ်ပြီး ချန်ပီယံလိဂ်ချန်ပီယံ ဖြစ်သွားမည်ဟု သုံးသပ်ထားသည်။ ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဂျူဗင်တပ်အသင်းသည် ချန်ပီယံလိဂ်ဖလားရရန် ဘာစီလိုနာ၊ မန်စီးတီး၊ လီဗာပူးနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့လောက် ရေပန်းစားခြင်း မရှိသော်လည်း စီရိုနယ်ဒိုဦးဆောင်သည့် တိုက်စစ်ပိုင်းက တစ်ပွဲထက်တစ်ပွဲ ပိုမိုကောင်းမွန်လာသလို အသင်းလိုက်စုစည်းမှုကလည်း ကောင်းမွန်နေခြင်းကြောင့် ချန်ပီယံလိဂ်ဖလားရနိုင်သည်ဟု ပြောဆိုထားခြင်းဖြစ်သည်။



(၂) မန်ယူအသင်းမှ ထုတ်ပယ်ခြင်း ခံလိုက်ရသည့် နည်းပြမော်ရင်ဟိုသည် ၂၀၁၉ ခုနှစ် မကုန်ဆုံးမီတွင် ၎င်းကိုင်တွယ်ခဲ့သည့် အသင်းဟောင်း ရီးရဲလ်မက်ဒရစ်အသင်းသို့ပြန်လည်ရောက်ရှိမည်ဟု ဟောကိန်းထုတ်ထားသည်။ မော်ရင်ဟိုသည် ယခုနှစ် ဘောလုံးရာသီအကုန်တွင် နည်းပြလောကသို့ပြန်လည်ဝင်ရောက်မည်ဖြစ်ရာ ဘိုင်ယန်မြူးနစ်အသင်းသို့ ရောက်ရှိရန် ရေပန်းစားနေသလို အသင်းဟောင်း ရီးရဲလ်မက်ဒရစ်နှင့်လည်း ဆက်သွယ်မှု ပြန်ရှိနေကြောင်း သိရသည်။

(၃) အန်တိုနီယိုကွန်တီသည် လာမည့်ရာသီတွင် မန်ယူအသင်းနည်းပြ ဖြစ်လာရန် ရှိနေသည်ဟု ပီတာစတွန်တန်က ဟောကိန်းထုတ်ထားသည်။ မန်ယူအသင်းသည် လက်ရှိ ယာယီနည်းပြ ဆိုးလ်ရှားလက်ထက်တွင် လေးပွဲကစားရာ၌ လေးပွဲစလုံး နိုင်ပွဲရထားသည်။ မန်ယူအသင်းကို ရလဒ်ကောင်းအောင် စွမ်းဆောင်ပေးနေသည့် ဆိုးလ်ရှားကို ပရိသတ်အများစုက အမြဲတမ်းနည်းပြအဖြစ် မြင်တွေ့လိုကြသော်လည်း လာမည့်ရာသီတွင် မန်ယူနည်းပြအဖြစ် အန်တိုနီယိုကွန်တီကို မြင်တွေ့ရမည်ဟု ဆိုထားခြင်းဖြစ်သည်။

(၄) ဘာစီလိုနာအသင်းမှ အာဂျင်တီးနား တိုက်စစ်မှူး မက်ဆီသည် ၂၀၁၉ ခုနှစ်တွင် အကောင်းဆုံးရွှေဘောလုံးဆုကို ရရှိနိုင်မည်ဟု ပီတာစတွန်တန်ကဆိုသည်။ မက်ဆီသည်လတ်တလောကာလတွင်အသင်းအတွက် ပြည့်ဝသည့် စွမ်းဆောင်ရည်များဖြင့် ပေးဆပ်နိုင်ခြင်းမရှိသည်ကို ဝေဖန်နေကြသည်။ သို့သော် ဘာစီလိုနာအသင်းမှာ ယခုနှစ်တွင် စပိန်လာလီဂါချန်ပီယံဖြစ်မည်ဟု သုံးသပ်ထားသလို မက်ဆီသည်လည်း ကမ္ဘာ့အကောင်းဆုံး ဘောလုံးကစားသမားဆုကို ထပ်ရမည်ဟု ဟောကိန်းထုတ်ခံထားရခြင်းဖြစ်သည်။

(၅) ပီတာစတွန်တန်က ဂျာကင်ကလော့၏ လီဗာပူးအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် အင်္ဂလန်ပရီးမီးယားလိဂ် ချန်ပီယံဖြစ်မည်ဟု သုံးသပ်ထားသည်။ လီဗာပူးအသင်းသည်လည်း ပီတာစတွန်တန် ဟောကိန်းထုတ်ထားသလို ပရီးမီးယားလိဂ်တွင် ရာသီဝက်ချန်ပီယံဖြစ်ခဲ့သလို ရာသီကုန်တွင် ချန်ပီယံဆုကိုရရှိရန် အကောင်းဆုံး အနေအထားတွင်ရှိနေသည်။

# လယ်ယာထွက်ကုန်ပစ္စည်းများအပါအဝင် စိုက်ပျိုးရေးထုတ်ကုန်များရဲ့ ပြည်ပတင်ပို့မှုကျဆင်းခြင်းကို ကုစားနိုင်ဖို့ဆိုလျှင်...

## အလားအလာကောင်းသော လယ်ယာထွက်ကုန်များအား ပြည်ပတင်ပို့နိုင်ရေးနှင့် ပြည်ပပို့ကုန်များ ဆက်လက်မြင့်မားစေဖို့

ပြည်ပပို့ကုန်မြင့်မားရေးသည် စီးပွားရေးဖွံ့ဖြိုးမှု၏ အဓိကကျသော အကြောင်းတရား တစ်ခုပင်ဖြစ်ပြီး နိုင်ငံ၏ ပြည်တွင်းထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကိုလည်း စေ့ဆော်ပေးသည့် ကိစ္စရပ်တစ်ခုပင် ဖြစ်ပါသည်။ ပြည်တွင်းထုတ်လုပ်နိုင်မှု မြင့်မားမှသာလျှင် ပို့ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်မည် ဖြစ်ပါသည်။ ထုတ်လုပ်ခြင်းမှသည် တင်ပို့ခြင်းအထိ sypply chain တစ်လျှောက်လုံးတွင်ပါဝင်သော အဆင့်တိုင်း၌ အဆင်ပြေ ချောမွေ့စွာ ထုတ်လုပ်တင်ပို့နိုင်ရန်မှု ပါဝင်ပတ်သက်သူများအားလုံးက စနစ်တကျ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာလျှင် အချိုးညီစွာ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါသည်။ စာရေးသူတို့မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သောကြောင့် ပြည်ပပို့ကုန်တွင် လယ်ယာထွက်ကုန်များ၏ကဏ္ဍမှာ အဓိကအခန်းကဏ္ဍက ပါဝင်နေပေသည်။ မကြာသေးမီကာလက မြန်မာ့ လယ်ယာထွက်ကုန်အချို့ တင်ပို့မှု ကျဆင်းလာခဲ့သဖြင့် အဆိုပါတင်ပို့မှုကျဆင်းခြင်းကို ကုစားနိုင်ရေးအတွက် အလားအလာကောင်းလျက်ရှိသော ပို့ကုန်အမယ်များကို အလေးထားဆောင်ရွက်ကြရန် စဉ်းစားခဲ့ကြပါသည်။ သို့သော်လည်း အဆိုပါ အလားအလာကောင်းသည့် ပို့ကုန်အမယ်များကို ဦးစားပေး ဆောက်ရွက်ကြရမည့်နည်းတူ ပို့ကုန်အတွက် အလားအလာကောင်းလျက်ရှိသော အခြားစိုက်ပျိုးရေးထွက်ကုန်များကိုလည်း ပြည်ပတင်ပို့မှုမြင့်မားလာအောင် အလေးထားဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ပြည်ပတင်ပို့မှုတွင် အလားအလာကောင်းလျက်ရှိသော လယ်ယာထွက်ကုန်များမှာ ပြောင်း၊ နှမ်း၊ ရော်ဘာစိမ်း၊ ချဉ်ပေါင်ဖာလာနှင့် ဝဥခြောက်တို့ဖြစ်ပြီး ပဲအမျိုးမျိုးတွင် ကုလားပဲ၊ ပဲလွန်းဖြူ၊ မြေထောက်ပဲ၊ ထောပတ်ပဲ၊ ပဲယင်း၊ ပဲကြီး၊ ပဲကတ္တီပါ(စွန်တာနီ) နှင့် ပဲပုပ်တို့မှာလည်း ပြည်တွင်း စားသုံးမှုရှိသည့် အပြင်ပို့ကုန်အတွက် အလားအလာကောင်းလျက်ရှိသဖြင့် ထုတ်လုပ်မှု မြင့်မားအောင် ဆောင်ရွက်သင့်ပေသည်။

ထိုကဲ့သို့ အလားအလာကောင်းသော ထွက်ကုန်များကို ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေးအတွက် အလေးထားဆောင်ရွက်ကြသည့်နည်းတူ တင်ပို့မှုကျဆင်းလျက်ရှိသည့် ပဲ(၃)မျိုးအပါအဝင် လယ်ယာထွက်ကုန်များကိုလည်း ထုတ်လုပ်မှု၊ တင်ပို့မှုတိုးတက်လာရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ မိမိတို့ဝန်ကြီးဌာန၏ အဓိကမဏ္ဍိုင်ကြီး (၆) ရပ်အနက် ကုန်သွယ်မှု လွယ်ကူ ချောမွေ့စေရေးဟူသည့် မဏ္ဍိုင်အားသက်မှတ်ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းထုတ်ကုန်များ ဈေးကွက်ရရှိရေး၊ ပြည်ပဈေးကွက်များသို့ ထိုးဖောက်နိုင်ရေးအတွက် ပါဝင်ပတ်သက်သူများ၊ သက်ဆိုင်ရာ အစိုးရဌာနများ၊ စိုက်ပျိုးသည့်တောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များက စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ဈေးကွက်၏ လိုအပ်ချက်၊ စားသုံးသူများ၏ လိုအင်ဆန္ဒများအပေါ် မူတည်၍ ထုတ်ကုန်များ၏အရည်အသွေးအား ပိုမိုကောင်းမွန်စေရန် စနစ်တကျ စိုက်ပျိုးကြရပေမည်။ ထို့ပြင် ဈေးကွက်၏ လိုအပ်ချက်ပမာဏကို လွယ်ကူအဆင်ပြေစွာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် mass production ဖြစ်အောင် စိုက်ပျိုးထုတ်လုပ်ခြင်း၊ အရည်အသွေး မီထုတ်ကုန် များရရှိရေးအတွက် ခေတ်မီစိုက်ပျိုးနည်းစနစ်များဖြင့် စနစ်တကျစိုက်ပျိုးထုတ်လုပ်ခြင်း၊ ကုန်စည်စီးဆင်းမှုလွယ်ကူချောမွေ့စေရေးအတွက် လိုအပ်သောအခြေခံအဆောက်အဦများ၊ သီးနှံထွက်ကုန်များ သိုလှောင် ထိန်းသိမ်းထားနိုင်သည့် ခေတ်မီသိုလှောင်ရုံ အဆောက်အဦများ ဖြည့်ဆည်းဆောင်ရွက်ခြင်း၊ ဈေးကွက်၏လိုအပ်ချက်၊ အရည်အသွေးလိုအပ်ချက်နှင့် အခြားသော သတင်းအချက်အလက်များကို စိုက်ပျိုးသူများအထိ ရောက်ရှိပျံ့နှံ့စေရေးဆောင်ရွက်ခြင်း၊ ကုန်ကြမ်းများမှ ကုန်ချောအထိ ထုတ်လုပ်၍ တင်ပို့ခြင်း၊ လုပ်သာကိုင်သာရှိသော စီးပွားရေးဝန်းကျင်ကောင်းများ ဖန်တီးဆောင်ရွက်ခြင်း စသည်တို့ကို စနစ်တကျ ပြုလုပ်ဆောင်ရွက်ကြမည်ဆိုလျှင် အောင်မြင်သော စီးပွားရေးလုပ်ငန်းများ ဖြစ်ထွန်းနိုင်မည်ဖြစ်ပါသည်။



DOCA (Domestic)

နိုင်ငံတော်၏ စီးပွားရေးမူဝါဒ(၁၂)ရပ်တွင် ပြည်တွင်းနေနိုင်ငံသားများနှင့် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းမြင့်မားသော စီးပွားရေးလုပ်ငန်းများကို ကာလတိုအတွင်း ပိုမိုဦးစားပေးဆောင်ရွက်ရန်ဟု ပါရှိသည်။ ပြည်ပတင်ပို့မှု တိုးတက်လာခြင်း၊ ပြည်တွင်း ထုတ်လုပ်မှုမြင့်မားခြင်းတို့သည် ထုတ်လုပ်သူများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ Exporter များသာ အကျိုးစီးပွားဖြစ်ထွန်းရုံသာမက ဒေသခံပြည်သူများအတွက်လည်း သက်ဆိုင်ရာလုပ်ငန်းအဆင့်ဆင့်၊ ကဏ္ဍအသီးသီးတွင် အလုပ်အကိုင်များ ရရှိကြပြီး ပါဝင်ဆက်နွှယ်သူများအားလုံး အကျိုးဖြစ်ထွန်းကြမည် ဖြစ်ပါသည်။ ထို့ပြင် ပြည်တွင်း ကုန်သွယ်မှု လွယ်ကူချောမွေ့မှသာလျှင် ပြည်ပကုန်သွယ်မှု တိုးတက်အောင်မြင်နိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် ပြည်တွင်းကုန်သွယ်မှုအားကောင်းစေရေး၊ လွယ်ကူ အဆင်ပြေစေရေးတို့အတွက်လည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ကာ စနစ်တကျ လုပ်ဆောင်ရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ ဤသို့ဖြင့် လယ်ယာထွက်ကုန်ပစ္စည်းများအပါအဝင် စိုက်ပျိုးရေး ထုတ်ကုန်များ၏ ပြည်ပတင်ပို့မှု ကျဆင်းခြင်းကို ဤသို့ဤပုံကုစားဆောင်ရွက်ခြင်းဖြင့် ပြည်ပပို့ကုန်များ တိုးတက်မြင့်မားစေဖို့ ဝိုင်းဝန်းကြိုးပမ်းကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပေသည်။

**စာမျက်နှာ (၂၀) မြန်မာနိုင်ငံ ကြံနှင့် သကြားစက်မှုလုပ်ငန်း . . . . မှအဆက်**

(င) မြန်မာနိုင်ငံတွင် ကြံစိုက်တောင်သူများနှင့် သကြားစက်ရုံများကို အကာအကွယ်ပေးနိုင်သော ဥပဒေများ၊ နည်းဥပဒေများ အမြန်ဆုံးပြဋ္ဌာန်းပေါ်ပေါက်နိုင်ရေးအတွက် ပြည်သူ့ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ကြံ/သကြား အသင်းအဖွဲ့များ နိုင်ငံတကာ ကြံ/ သကြား အသင်းအဖွဲ့များနှင့် လေ့လာညှိနှိုင်း၍ မြန်မာနိုင်ငံနှင့် ကိုက်ညီသော ဥပဒေ၊ နည်းဥပဒေများကို ပြည်သူ့လွှတ်တော်တွင် အမြန်ဆုံးပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်သင့်ပါသည်။

(စ) ဒေသတစ်ခုတွင် သကြားစက်ရုံ(၁)ရုံသာရှိသဖြင့် ပြိုင်ဆိုင်မှု မရှိသောကြောင့် တစ်ခုတည်းသောစက်ရုံကို အားကိုးနေရသဖြင့် ရသင့်ရထိုက်သော ဈေးနှုန်းမရရှိဘဲ ကြံစိုက်တောင်သူများ ဈေးနှိမ်ခံရခြင်းတို့ကြောင့် ကြံစိုက်တောင်သူများ ယုံကြည်မှုရှိအောင် ပုဂ္ဂလိကကဏ္ဍမှ ခေတ်မီသကြားစက်ရုံများ တိုးချဲ့တည်ဆောက်နိုင်ရေးကို အားပေး ဆောင်ရွက်သင့်ပါသည်။

(ဆ) ကြံသီးနှံအထွက်တိုးရေးနှင့် တစ်ဧကထုတ်လုပ်မှု ကုန်ကျစရိတ်လျှော့ချနိုင်ရေးအတွက် တောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့်များရွေးချယ်စိုက်ပျိုးရန် လိုအပ်သလို ကြံစိုက်တောင်သူများသို့ ပညာပေးရေးအတွက် ကြံသုတေသနနှင့် နည်းပညာ ပြန့်ပွားရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။ ဤအတွက် အစိုးရဌာနများ၏ ဘတ်ဂျက်နှင့် မလုံလောက်ပါက Public-Private Partnership အဖြစ် ပုဂ္ဂလိကစက်ရုံနယ်မြေများတွင် ဆောင်ရွက်သင့်ပါသည်။

(ဇ) စက်မှုသီးနှံဌာနမှ ကျွမ်းကျင်ပညာရှင်များဖြင့် ကြံစိုက်တောင်သူများကို ကွင်းဆင်းပညာပေး ဆွေးနွေးခြင်း၊ စဉ်ဆက်မပြတ် ကွင်းဆင်း၍ စိုက်ပျိုးနည်းစနစ်များကို GAP, HACCP စနစ် ဖြင့် အသိပညာပေး သင်တန်းများ ဖွင့်လှစ်ပေးသင့်ပါသည်။

(ဈ) ကြံစိုက်တောင်သူများမှာ တစ်နှစ်ထက်တစ်နှစ် ကြံသီးနှံ၏ ခိုင်မာမှု၊ အာမခံရရှိမှုတို့အပေါ် ယုံကြည်ကိုးစားလာပါက စက်ရုံနှင့် ကြံစိုက်တောင်သူနှစ်ဦးနှစ်ဖက် အကျိုးစီးပွားဖြစ် ထွန်းလာမှုကို စံပြနမူနာယူ၍ အခြားနှစ်ဦးနှစ်ဖက် အကျိုးစီးပွား ဖြစ်ထွန်းမှုအားနည်းသည့် ကြံစိုက်ဒေသ၊ စက်ရုံများသို့ချပြ၍ ကြံစိုက်ပျိုးထုတ်လုပ်မှု မြင့်တက်လာအောင် ဆောင်ရွက်သင့်ပါသည်။

(ည) ပြည်တွင်းသကြားဈေးကွက်တည်ငြိမ်ရေးအတွက် Re-export နှင့် Import ကို မြန်မာနိုင်ငံမှ အမှန်တကယ် Export လုပ်နေသည့် သကြားပမာဏအား လစဉ်သုံးသပ်ကာ အမှန်တကယ် Export လုပ်နေသော သကြားပမာဏအောက် ရာခိုင်နှုန်းတစ်ခုသတ်မှတ်ကာ နောက်လတွင် သကြား Export ထုတ်ပေးသင့်ပါသည်။

မြန်မာ့သကြားစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကြံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရေးအတွက် နည်းပညာပေးသင်တန်းများ၊ ဒေသနှင့် ကိုက်ညီမည့် ကြံအထွက်ကောင်းမျိုးများဖြန့်ဝေ စိုက်ပျိုးလာစေခြင်း၊ ကြံပွက်ရည်၊ ကြံသကာ၊ တင်းလဲရည်မှ တစ်ဆင့် (Value Added) တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်တက်လာစေရန် နည်းပညာပေးဆောင်ရွက်ပြီး ဈေးကွက် ချိတ်ဆက်ပေးခြင်း၊ အရည်အသွေးမီသကြားများ နိုင်ငံတကာသို့ ထိုးဖောက်ရောင်းချနိုင်ရန် အဆင့်မီသကြားစက်ရုံများပေါ်ပေါက်ပြီး ကြံစိုက်တောင်သူများနှင့် သကြားစက်ရုံများကို အကာအကွယ်ပေးသော ဥပဒေများ၊ နည်းဥပဒေများ ပြဋ္ဌာန်းနိုင်ပါက ကြံစိုက်တောင်သူများ သကြားစက်မှုလုပ်ငန်း ဆောင်ရွက်နေသူများ၏ လူနေမှုဘဝများ မြင့်မားလာမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်ခင်ဗျား။

# ၂၀၁၉ တွင် အိန္ဒိယသည် ကမ္ဘာ့ ပဉ္စမမြောက် အကြီးဆုံးစီးပွားရေးရှိသည့် နိုင်ငံဖြစ်လာမည်ဟု လေ့ လာမှုတစ်ရပ်က ဆို

ကမ္ဘာ့ပဉ္စမမြောက် အကြီးဆုံး စီးပွားရေးရှိသည့် ဗြိတိန်အတွက် လာမည့်နှစ်သည် အီးယူမှနုတ်ထွက်မည့် အချိန်ဖြစ်ရာ ပြင်သစ်နှင့်အိန္ဒိယတို့၏ စီးပွားရေးက ၎င်းအားကျော်လွန်လာနိုင်ပြီး ဗြိတိန်အနေဖြင့် လက်ရှိအဆင့်မှလျှော့၍ အဆင့် (၇) သို့ရောက်ရှိနိုင်သည်ဟု PwC accountancy Firm ကသုံးသပ်ပြောကြားထားကြောင်း သိရှိရပါသည်။

PwC က ခန့်မှန်းရာ၌ ၂၀၁၉ ခုနှစ်တွင် ဗြိတိန်၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ ၁ ဒသမ ၆ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းခဲ့ပြီး ပြင်သစ်အနေဖြင့် ၁ ဒသမ ၇ ရာခိုင်နှုန်း၊ အိန္ဒိယအတွက် ၇ ဒသမ ၆ ရာခိုင်နှုန်းတို့ဖြစ်ကြောင်း၊ ဗြိတိန်နှင့်ပြင်သစ်တို့မှာ စီးပွားရေးအင်အားပမာဏ၌ တစ်လှည့်စီအထက်အောက်ရှိနေတတ်ရာ ၂၀၁၈ ခုနှစ်တွင် ဗြိတိန်၌တည်ငြိမ်သည့် တိုးတက်မှုနှုန်းရှိခဲ့သော်လည်း ၂၀၁၉ တွင် ဗြိတိန်ထက် ပြင်သစ်က အားသာလာနိုင်သည်ဟု PwC စီးပွားရေးပညာရှင် Mike Jakeman ကပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အိန္ဒိယသည် ကမ္ဘာပေါ်တွင် အလျင်မြန်ဆုံးနှုန်းထားဖြင့် တိုးတက်နေသည့် ကြီးမားသည့်စီးပွားရေးရှိပြီး များပြားသည့်လူဦးရေ၊ အားကောင်းသည့် သက်လတ်လူရွယ်အချိုးအစားနှင့် မူလကနဦး တစ်ဦးကျ ဂျီဒီပီနိမ့်ကျမှုကြောင့် ဖမ်းဆုပ်နိုင်သည့် အလားအလာ (High Catch-up Potential) လည်း မြင့်မားကြောင်း၊ သို့ရာတွင် လာမည့်နှစ်တွင် အိန္ဒိယအနေဖြင့် ဗြိတိန်၏နေရာအဆင့် (၅) သို့ အစားထိုးဝင်ရောက်နေရာယူနိုင်ရန် ပြင်သစ်အနေဖြင့် ယင်း၏ လက်ရှိနေရာ အဆင့် (၆) ၌ ဆက်လက်ရှိနေရန် လိုအပ်သည်ဟု သုံးသပ်ထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ နယူးဒေလီမြို့။**

# တရုတ်နိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေး ၂၇ ဒသမ ၂ ထရီလီယံ ယွမ်သို့ရောက်ရှိ

တရုတ်နိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေးသည် ၂၀၁၇ ခုနှစ်တွင် ၂၇ ဒသမ ၇ ထရီလီယံယွမ် (အမေရိကန်ဒေါ်လာ ၄ ထရီလီယံ နီးပါး) ထိ ရောက်ရှိခဲ့ပြီး စာရင်းအရ နိုင်ငံ၏ စုစုပေါင်း GDP တိုးတက်မှု၏ ၅၅ ရာခိုင်နှုန်းရှိကြောင်း တရုတ်နိုင်ငံ၏ Zhejiang ပြည်နယ်အရှေ့ပိုင်းတွင် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့၌ ပြုလုပ်ခဲ့သည့် (၅) ကြိမ်မြောက် World Internet Conference တွင် ထုတ်ပြန်ခဲ့သော အစီရင်ခံစာအရ သိရသည်။

အဆိုပါအစီရင်ခံစာတွင် သတင်းအချက်အလက်နည်းပညာသည် လူနေမှုဘဝ အခန်းကဏ္ဍအား ပိုမို၍ တိုးတက်ရေး၊ တီထွင်ဆန်းသစ်မှုမြင့်တင်ရေးနှင့် တစ်ဟုန်ထိုး တိုးတက်ဖွံ့ဖြိုးရေးကို ဆောင်ရွက်နေကြောင်း ဖော်ပြထားသည်။

၂၀၁၇ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ ဒစ်ဂျစ်တယ်စီးပွားရေးသည် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၉ ထရီလီယံ ရရှိခဲ့ပြီး တရုတ်နှင့် အမေရိကန်သည် ဖြန့်ဖြူးရောင်းချမှုတွင် ထိပ်ဆုံးတွင် ရပ်တည်နေကြောင်း၊ ကမ္ဘာ၏ e-commerce volume စုစုပေါင်းသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ထရီလီယံသို့ မြင့်တက်သွားချိန်တွင် အာရှ၊ လက်တင်အမေရိက၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိက အပါအဝင် ဈေးကွက်ထွက်ပေါ်လာရေးကို လှုံ့ဆော်နေကြကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ယခုနှစ်တွင် ဆိုက်ဘာလုံခြုံရေးကို ပိုမိုကောင်းမွန်စေရန်နှင့် အင်တာနက်တိုးတက်မှု ပို၍မြင့်မားလာစေရန် ဦးတည်လျက် အင်တာနက် အခြေခံအဆောက်အဦကို Upgrade ပြုလုပ်ရန် စတင်ခဲ့ကြောင်း အဆိုပါ အစီရင်ခံစာတွင် ဖော်ပြပါရှိသည်။

ဇွန်လတွင် တရုတ်နိုင်ငံသည် ၎င်း၏ 5G R & D အဖွဲ့သည် ကမ္ဘာ့ထိပ်ဆုံးအဆင့်တွင် ရောက်ရှိချိန်၌ 4 G အသုံးပြုမှု အများဆုံး ကမ္ဘာ့ထိပ်ဆုံးနိုင်ငံ ၅ နိုင်ငံတွင် ပါဝင်ခဲ့ပြီး တရုတ်နိုင်ငံသည် ကမ္ဘာ့အကြီးဆုံး e-commerce ဈေးကွက်ဖြစ်လာကြောင်း အဆိုပါ အစီရင်ခံစာအရ သိရသည်။ **အိသက်သက်စံ (WTO)**

# အမေရိကန်နှင့်အီးယူတို့က တရားဝင်ခွင့်ပြုပြီးဖြစ်သည့် ဆေးဝါးများအား တရုတ်ကတင်သွင်းခွင့်ပြုရန် အိန္ဒိယလိုလား



တရုတ်သည် အမေရိကန်၊ အီးယူနှင့် ဂျပန်တို့မှ ထောက်ခံချက်များအား အသိအမှတ်ပြုသည့်အတွက် အဆိုပါနိုင်ငံများရှိ ဆေးဝါးကွပ်ကဲရေး ဌာနများက တရားဝင် ခွင့်ပြုထားသည့် အိန္ဒိယဆေးဝါးများ တင်သွင်းခွင့်ပြုရေးကို တရုတ်အစိုးရအနေဖြင့် ခွင့်ပြုပေးရန်အိန္ဒိယက အဆိုပြုထားသည့်အပြင် အိန္ဒိယဆေးဝါးများအတွက် အထူးဈေးနှုန်းသတ်မှတ်ချက် (special price category) တစ်ခုရရှိရန်ကိုလည်း ကြိုးပမ်းနေကြောင်း သိရှိရပါသည်။

အိန္ဒိယဆေးဝါးပေါင်း ၁၅၀၀ နီးပါးမှာ အမေရိကန်၊ အီးယူနှင့် ဂျပန် စားသောက်ကုန်နှင့် ဆေးဝါးကွပ်ကဲရေး ဌာနများမှ တရားဝင်ခွင့်ပြုချက်များ ရရှိပြီးဖြစ်သော်လည်း တရုတ်၌ အိန္ဒိယဆေးအမယ်ပေါင်း ၅၃၅ ခုကိုသာ မှတ်ပုံတင်ထားပြီးဖြစ်ကာ ထိုသို့မှတ်ပုံတင်ပြီး ဆေးဝါးများကိုသာ တရုတ်နိုင်ငံ၌ တရားဝင်ရောင်းချနိုင်ကြောင်း သိရှိရပါသည်။

အိန္ဒိယသည် ကမ္ဘာပေါ်တွင် အထွေထွေဆေးဝါး အများဆုံးထုတ်လုပ်ရောင်းချသည့် နိုင်ငံဖြစ်သော်လည်း ကမ္ဘာ့ပို့ကုန်ရှယ်ယာ၏ ၂၀-၂၂ ရာခိုင်နှုန်းကိုသာ ရရှိထားကြောင်း၊ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် တရုတ်သို့ ဆေးဝါးပစ္စည်းပေါင်း အမေရိကန် ဒေါ်လာ ၄၁ ဒသမ ၀၇ သန်းဖိုးခန့် တင်ပို့ခဲ့ပြီး၊ လက်ရှိဘဏ္ဍာနှစ် ပထမနှစ်ဝက်တွင် အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၁ သန်းဖိုးသာ တင်ပို့နိုင်ခဲ့ကြောင်း၊ အိန္ဒိယကုန်သွယ်ရေးဦးစီးဌာန ထုတ်ပြန်သည့်အချက်အလက်များအရ တရုတ်၏ဆေးဝါး တင်သွင်းမှုပမာဏတွင် အိန္ဒိယ၏ဝေစုမှာ တစ်ရာခိုင်နှုန်းမျှသာရှိသည်ဟု ဆိုထားကြောင်း သိရှိရပါသည်။

တရုတ်သို့ အိန္ဒိယဆေးဝါးများ တင်ပို့ရေးနှင့်စပ်လျဉ်း၍ အိန္ဒိယက တောင်းဆိုထားသည့် အခြားကိစ္စရပ်တစ်ခုမှာ တရုတ်နိုင်ငံအတွင်းရှိ ပြည်နယ်တိုင်း၌ ဈေးနှုန်းအမျိုးမျိုး၊ မူဝါဒအမျိုးမျိုးရှိနေသည့်အတွက် မြူနီစီပယ်ခွင့်ပြုချက်နှင့်စပ်လျဉ်း၍ တောင်းဆိုထားခြင်းဖြစ်ကြောင်း၊ အိန္ဒိယဆေးဝါးများကို တင်သွင်းလိုသည့် တရုတ်ကုမ္ပဏီများအတွက် ပြည်နယ်ခွင့်ပြုချက်တောင်းခံရခြင်းအား လျှော့ပေါ့ပေးရန်ဖြစ်ကြောင်း၊ ပုံမှန်အားဖြင့်မူ တရုတ်၌ ဆေးဝါးတင်သွင်းရန်အတွက် ဗဟိုအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန (CFDA) က ခွင့်ပြုပြီးသည့်တိုင် သက်ဆိုင်ရာပြည်နယ်၏ ခွင့်ပြုချက်ကိုပါ တောင်းခံရန် လိုအပ်ကြောင်း သိရှိရပါသည်။

အိန္ဒိယအစိုးရ၏ ယခုလုပ်ဆောင်ချက်သည် တရုတ်သို့ အိန္ဒိယ ဆေးဝါးတင်ပို့မှုတိုးမြင့်လာစေရေး ရည်ရွယ်ထားပြီး၊ တရုတ်နှင့် ဖြစ်ပေါ်နေသည့် ကုန်သွယ်မှုလိုငွေအား လျှော့ချနိုင်ရန်ဖြစ်ကြောင်း၊ ၂၀၁၇-၁၈ တွင် တရုတ်သို့ အိန္ဒိယပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၃၃ ဘီလီယံထိရှိခဲ့ပြီး အိန္ဒိယသို့ တရုတ်ကုန်စည်တင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၇၆ ဒသမ ၂ ဘီလီယံထိရှိခဲ့သည့်အတွက် ပို့ကုန်ထက် သွင်းကုန်ပမာဏနှစ်ဆကျော် မြင့်မားခဲ့ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ နယူးဒေလီမြို့။**

# အီရန်ရေနံများကို ရုရှားပိုင် အိန္ဒိယရေနံသန့်စင်စက်ရုံက ဝယ်ယူရန် အိန္ဒိယအစိုးရက ခွင့်ပြုထားခြင်းမရှိကြောင်း အီရန်ဝန်ကြီးဆို

အိန္ဒိယသည် အီရန်ရေနံများကို ဝယ်ယူရန် အထူးအခွင့်အရေးရရှိထားသော်လည်း အမေရိကန်၏ အရေးယူပိတ်ဆို့မှုကြောင့် ရုရှားပိုင် အိန္ဒိယရေနံသန့်စင်စက်ရုံအား အီရန်ရေနံစိမ်းများ အသုံးပြုခွင့် ငြင်းပယ်ထားသည်ဟု အီရန်ရေနံဝန်ကြီး Bijan Zanganeh က ဒီဇင်ဘာ ၁၂ ရက်က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အီရန်နိုင်ငံပိုင်သတင်းဌာန တစ်ခုက ထုတ်လွှင့်သည့် အင်တာဗျူးတစ်ခု၌ Bijan Zanganeh အား အီရန်အနေဖြင့် ပြည်ပနိုင်ငံများ၌ ရေနံချက် စက်ရုံများ မဝယ်ယူရခြင်းအကြောင်းကို မေးမြန်းခဲ့စဉ်အတွင်း အဆိုပါ ကိစ္စရပ်ကို ဥပမာပြု၍ ယင်းက ဖြေကြားခဲ့ကြောင်း၊ နိုင်ငံတစ်နိုင်ငံသည် အခြား နိုင်ငံတစ်ခုတွင် ရေနံသန့်စင်စက်ရုံတစ်ရုံပိုင်ဆိုင်ထားသည့်တိုင် အဆိုပါစက်ရုံမှာ စက်ရုံတည်ရှိရာ နိုင်ငံ၏အချုပ်အချာအာဏာအောက်တွင်ရှိနေ မည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် ရုရှား ကုမ္ပဏီတစ်ခုသည် အိန္ဒိယနိုင်ငံ၌ Essar refinery ကို ဝယ်ယူထားကြောင်း၊ သို့ရာတွင် ယခုအခါ အီရန်မှ ရေနံများကို ဝယ်ယူရန် အဆိုပါစက်ရုံအား အိန္ဒိယအစိုးရက ခွင့်ပြုထားခြင်းမရှိဟု ပြန်လည်ဖြေကြားထားကြောင်း၊ အီရန်မှ ရေနံများကို တင်သွင်းရန် အခွင့်အရေးကို အိန္ဒိယကရရှိထားကြောင်း၊ သို့ရာတွင် အိန္ဒိယအစိုးရသည် အဆိုပါ အခွင့်အရေးအား နိုင်ငံပိုင်စက်ရုံများအတွက် အသုံးပြုခဲ့ပြီး ရုရှားပိုင် စက်ရုံများကိုမူ အီရန်ရေနံများဝယ်ယူရန် ခွင့်ပြုထားခြင်းမရှိဟု Bijan Zanganeh က ပြောကြားထားကြောင်း၊ ယင်းကိစ္စရပ်နှင့်စပ်လျဉ်း၍ မှတ်ချက်ပြုရန်အတွက် အိန္ဒိယအစိုးရတာဝန်ရှိသူများထံ ဆက်သွယ်ခဲ့သော်လည်း ဆက်သွယ်၍ မရခဲ့ကြောင်း သိရှိရပါသည်။

အမေရိကန်သည် အီရန်ရေနံများ ဝယ်ယူတင်သွင်းခြင်းမပြုရန် နိုင်ငံတကာအစိုးရများအား တွန်းအားပေးနေခဲ့သော်လည်း ရေနံစိမ်းဈေးနှုန်းများ အဆမတန်မြင့်တက်လာမည်ကို စိုးရိမ်သည့်အတွက် အီရန်၏ အကြီးဆုံး ရေနံဝယ်လက်များဖြစ်သည့် တရုတ်၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ ဂျပန်၊ အီတလီ၊ ဂရိ၊ ထိုင်ဝမ်နှင့်တူရကီတို့အား ကင်းလွတ်ခွင့်ပြုထားကြောင်း သိရှိရပါသည်။ **ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ နယူးဒေလီမြို့။**



# ကော်ပိုရိတ်ရင်းနှီးမြှုပ်နှံမှုအတွက် တောင်ကိုရီးယားနိုင်ငံက အခြေအနေကောင်းများ ဖန်တီး

ကော်ပိုရိတ်ရင်းနှီးမြှုပ်နှံမှု တိုးတက်လာအောင် အစိုးရက မြှင့်တင်ပေးရန် ကတိပြုထားပြီးဖြစ်သည့်အတွက် ယခုနှစ်အတွင်းမှာ တောင်ကိုရီးယားပုဂ္ဂလိကကုမ္ပဏီများက ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်လာကြလိမ့်မည်ဟု တောင်ကိုရီးယား ဘဏ္ဍာရေးဝန်ကြီးက ဇန်နဝါရီ ၄ ရက်တွင် ပြောကြောင်း ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။

“စီးပွားရေး ပြန်လည်နာလန်ထူလာအောင် ကော်ပိုရိတ်တွေက ရင်းနှီးမြှုပ်နှံလာကြဖို့အတွက် အခြေအနေကောင်းတွေ ဖန်တီးလာနိုင်အောင် ကျွန်တော်တို့ ဘက်ပေါင်းစုံက ကြိုးပမ်းသွားမှာပါ”ဟု ဆိုးလ်မြို့တွင် အခြားမူဝါဒရေးဆွဲသူတို့နှင့် ပြုလုပ်သောအစည်းအဝေးတစ်ခုတွင် စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး ဟောင်နမ်ကီက ပြောသည်။



ဆိုးလ်မြို့တောင်ပိုင်းတွင် ဟွန်ဒိုင်းမော်တာကုမ္ပဏီက အထပ် ၁၀၅ ထပ်အဆောက်အအုံတည်ဆောက်မည့် ဝမ် ၃ ဒသမ ၇ ထရီလီယံရှိ စီမံကိန်း အပါအဝင် ဝမ် ၆ ထရီလီယံ (အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ ဘီလီယံ) ရှိ ကော်ပိုရိတ် ရင်းနှီးမြှုပ်နှံမှုကြီးများ လျင်မြန်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် အုပ်ချုပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အစိုးရက ကတိပေးထားသည်။

ကားရောင်းအားအရ ပဉ္စမအကြီးဆုံးဖြစ်သော ဟွန်ဒိုင်းမော်တာဂရုသည် ၂၀၁၄ ခုနှစ်က ကုမ္ပဏီအမှတ်တရဖြစ်စေမည့် အဆောက်အအုံ တစ်ခုကို ဆောက်လုပ်ရေးအတွက် မြေနေရာကို ဝယ်ယူခဲ့သော်လည်း လုပ်ထုံးလုပ်နည်းတင်းကျပ်မှုများကြောင့် ယခုအချိန်ထိ ထူးထူးခြားခြား ဆောင်ရွက်နိုင်ခြင်း မရှိသေးပေ။

ကိုရီးယားမြေယာနှင့် အိုးအိမ်ကော်ပိုရေးရှင်းနှင့် အခြားသောအများပိုင်ကုမ္ပဏီများသည် ယခုနှစ်တွင် စုစုပေါင်း ဝမ် ၅၃ ထရီလီယံ (အမေရိကန်ဒေါ်လာ ၄၇ ဘီလီယံ) ရင်းနှီးမြှုပ်နှံမည်ဖြစ်ရာ ယခင်နှစ်ကထက်ဝမ် ၉ ဒသမ ၅ ထရီလီယံ ပိုမိုရင်းနှီးမြှုပ်နှံမည် ဖြစ်သည်။

ထို့ပြင် တောင်ကိုရီးယားအစိုးရသည် လောလောဆယ် ကမ္ဘာ့စတော့ဈေးကွက် မတည်မငြိမ်မှုဖြစ်နေချိန်တွင် ဖြစ်လာမည့် ဘဏ္ဍာရေးမတည်ငြိမ်မှုကို ကာကွယ်ပေးမည့် အစီအမံများကို သီးခြားအစီအစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်ပေးရန်လည်း ကတိပြုထားသည်။

အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့၏ ကုန်သွယ်မှုကြောင့် ဖြစ်ရသော မရေရာမှုများကလည်း ရင်းနှီးမြှုပ်နှံသူတို့၏ ယုံကြည်မှုကို ပျက်ပြားစေပြီး အပြန်အလှန်အားဖြင့် ကမ္ဘာ့စတော့ဈေးကွက်ကို အနှောင့်အယှက်ဖြစ်စေခဲ့သည်။ **စံမီအောင်**

# ထရမ့်၏ကုန်သွယ်ရေးစစ်ပွဲကနောက်ဆုံးမှာ ပြည်တွင်းလုပ်ငန်းတွေကိုထိခိုက်နိုင်

ကမ္ဘာ့ကုန်သွယ်မှုကို ပြန်လည်အထိုင်ချရန်ပြင်ဆင်နေသော အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ကြိုးပမ်းမှုကပြည်တွင်း၌ ကုန်ကျစရိတ်များကိုမြှင့်တက်စေပြီး အမေရိကန်ပြည်ထောင်စုကို တဖြည်းဖြည်းပြိုပျက်နေသော စီးပွားရေးအင်ဂျင်ကြီးအဖြစ် အထီးကျန် အနေအထားကိုရောက်ရှိစေခဲ့ကြောင်း အမေရိကန် နည်းပညာကုမ္ပဏီကြီးနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကြီးများဖြစ်ကြသော အက်ပဲလ်နှင့် ကားဂေးလ်တို့၏ရောင်းအားများကျဆင်းမှုက သက်သေပြနေသည်ဟု ရိုက်တာသတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံတွင် အရောင်းကျဆင်းမှုကြောင့် ကုမ္ပဏီ၏သုံးလပတ်ဝင်ငွေသည် စိတ်ပျက်စရာအခြေအနေကိုရောက်ရှိခဲ့ကြောင်း ကမ္ဘာ၏ နှစ်သက်မှုကို ခံယူရရှိထားသော နည်းပညာ ကုမ္ပဏီကြီးက ဇန်နဝါရီ ၂ ရက်က သတိပေး ပြောကြားခဲ့သည်။ ပုဂ္ဂလိကသီးနှံ ရောင်းဝယ်ရေးကုမ္ပဏီကြီးကားဂေးလ်ကလည်း တရုတ်နိုင်ငံ၌ ရောင်းဝယ်မှုအခြေအနေမှာ မူလခန့်မှန်းထားသည့်အောက်သို့ကျဆင်းခဲ့ကြောင်း ဇန်နဝါရီ ၃ ရက်က ကြေညာခဲ့သည်။

ကမ္ဘာတွင် ဒုတိယအကြီးဆုံးစီးပွားရေးဖြစ်သောတရုတ်နိုင်ငံသည် ယခင် ၂၀၁၈ ခုနှစ်ကစီးပွားရေးတိုးတက်နှုန်းမှာ ၆ ရာခိုင်နှုန်းကျော်ရှိမည်ဟု ခန့်မှန်းထားရာ ရှေ့ပိုင်းနှစ်များနှင့် နှိုင်းယှဉ်ပါက နှေးကွေးကျဆင်းခဲ့ပြီး မကြာသေးမီလများအတွင်းက တိုးတက်နှုန်းမှာ လွန်ခဲ့သော ဆယ်စုနှစ်က ဖြစ်ခဲ့သော ကမ္ဘာ့စီးပွား ပျက်ကပ်နောက်ပိုင်းတိုးတက်မှုအနှေးကွေးဆုံးကာလများ ဖြစ်ခဲ့သည်။

စီးပွားရေးခေါင်းဆောင်များ ဆယ်နှစ်ကျော်ထားခဲ့သော မျှော်မှန်းချက်ဖြစ်သည့် တရုတ်နိုင်ငံ၏ ဝယ်ယူမှုစွမ်းအား မြင့်တက်မှုက ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုကို မြင့်တက်စေလိမ့်မည်ဟူသော ရည်မှန်းချက်ကို အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲက ခြိမ်းခြောက် လျက်ရှိသည်။



တရုတ်စီးပွားရေး တစ်ဟုန်ထိုးကျဆင်းမှုနှင့် ကမ္ဘာ့နေရာ အသီးသီးတွင်တိုးတက်နှုန်းနိမ့်ကျမှုတို့ကလည်း အမေရိကန်သုံးစွဲသူများကို အမေရိကန်ဈေးကွက်အား စွန့်ခွာသွားစေရန်ခြိမ်းခြောက်လျက် ရှိသည်။ အမေရိကန်စားသုံးသူတို့၏သုံးစွဲမှုမှာ အမေရိကန် စီးပွားရေး လှုပ်ရှားမှုများတွင် သုံးပုံနှစ်ပုံပါဝင်နေပြီး အိမ်ထောင်စု ဝင်ငွေနှင့်လုပ်ခ မြင့်တက်နေသည့်အတွက် သုံးစွဲမှုက ကမ္ဘာ့စီးပွားရေး ကျဆင်းမှုအန္တရာယ်ကို အကာအကွယ်ပေးထားနိုင်မည့် အနေအထားဖြစ်သည်။

အစိုးရနှင့် ပုဂ္ဂလိကသုံးစွဲမှု နှင့် အသားတင်ပို့ကုန်အပါအဝင် အမေရိကန်စီးပွားရေးအတွက်အခြားမောင်းနှင်အားများမှာလည်း လာမည့်လများတွင် ကျဆင်းမည့်လက္ခဏာများ ရှိနေသည်။

ကမ္ဘာ့အကြီးမားဆုံးဖြစ်သော အမေရိကန်စီးပွားရေးသည် တိုးတက်နှုန်းမြင့်မားခဲ့သော ၂၀၁၈ ခုနှစ်ထက် နှေးကွေး ကျဆင်းနိုင်သော်လည်း ၂၀၂၀ နှစ်လယ်လောက်အထိ ဆက်လက်ခိုင်မာနေနိုင်ပြီး ရိုက်တာက စစ်တမ်းကောက်ယူခဲ့သော စီးပွားရေးပညာရှင်တို့၏ ခန့်မှန်းချက်အရ ၁ ဒသမ ၈ ရာခိုင်နှုန်းရှိမည်ဟု သိရသည်။

**စံမီအောင်**

## ဘတ်ငွေတန်ဖိုးမြင့်တက်မှုက ထိုင်းပို့ကုန်လုပ်ငန်းရှင်များနှင့် တောင်သူများကို ထိခိုက်စေ

အမေရိကန် ဒေါ်လာနှင့် ဖလှယ်ရာတွင် ဘတ်ငွေတန်ဖိုးမြင့်တက်နေသည်ကို ထိုင်းပို့ကုန် လုပ်ငန်းရှင်များက စိုးရိမ်နေပြီး ပြည်တွင်းစီးပွားရေးနှင့် ပြည်ပစီးပွားရေးနှစ်ခုစလုံး နှေးကွေးကျဆင်းနေချိန်တွင် ယင်းအခြေအနေက ထိုင်းပို့ကုန်လုပ်ငန်းများနှင့် လယ်ယာလုပ်ငန်းများ၏ ဝင်ငွေကိုထိခိုက်မည်ကိုစိုးရိမ်လျက်ရှိကြောင်း နေးရှင်းသတင်းတွင် ဖော်ပြသည်။

“အိန္ဒိယအပါအဝင် ဒေသတွင်းမှာ သုံးစွဲနေတဲ့ ငွေကြေးတွေရဲ့ တန်ဖိုးကျဆင်းနေချိန်မှာ ဘတ်ငွေတန်ဖိုးမြင့်နေတဲ့အတွက် ကျွန်တော်တို့ဆန်တွေရဲ့ ဈေးနှုန်းယှဉ်ပြိုင်နိုင်မှုကို ထိခိုက်စေနိုင်ပါတယ်”ဟု ထိုင်းဆန်တင်ပို့သူများအသင်း ဥက္ကဋ္ဌ ချာရိအန်း လာအိုသမ်မာတာက နေးရှင်းသတင်းကိုပြောသည်။ ဒီအခြေအနေက စပါးဈေးနှုန်းအထိ ရောက်သွားပြီး လယ်သမားတွေကို ထိခိုက်စေနိုင်ကြောင်း သူက သတိပေးသည်။

ဤပြဿနာကို ဆန်ပို့ကုန်လုပ်ငန်းများက ထိုင်းဗဟိုဘဏ်နှင့် ဆွေးနွေးရန်ရှိပါသလားဟူသော မေးခွန်းကို ဖြေကြားရာတွင် ပြဿနာကို ပို့ကုန်လုပ်ငန်းများက ဗဟိုဘဏ်နှင့် အကြိမ်ကြိမ် ဆွေးနွေးခဲ့သော်လည်း အိန္ဒိယရူပီး၊ တရုတ်ယွမ် စသည့် အခြားပြိုင်ဘက် ငွေကြေးများနှင့် နှိုင်းယှဉ်ပါက ဘတ်ငွေတန်ဖိုးမှာ မြင့်တက်နေဆဲဖြစ်ကြောင်း ချာရိအင်က ပြန်လည်ပြောကြားသည်။

ယခုနှစ် ဆန်တင်ပို့မှုသည် တန်ချိန် ၁၀ သန်းဝန်းကျင်သာ ရှိမည်ဖြစ်သဖြင့် ၂၀၁၈ ခုနှစ်အတွက် ခန့်မှန်းထားသော တန် ၁၁ သန်းနှင့် နှိုင်းယှဉ်ပါက ကျဆင်းနေသည်ကို တွေ့ရသည်။ ထိုင်းဗဟိုဘဏ် ခန့်မှန်းချက်အရ ဘတ်ငွေတန်ဖိုးသည် အမေရိကန် ဒေါ်လာနှင့် ဖလှယ်ရာတွင် ယခုနှစ်အတွက် ဒုတိယဈေးနေ့ဖြစ်သော ဇန်နဝါရီ ၃ ရက်က တစ်ဒေါ်လာကို ၃၂ ဒသမ ၂၅ ဘတ်နှုန်းရှိခဲ့ရာ ၂၀၁၈ ခုနှစ်နောက်ဆုံးဈေးနေ့ဖြစ်သော ဒီဇင်ဘာ ၂၈ ရက်က ရှိခဲ့သော အမေရိကန်တစ်ဒေါ်လာကို ၃၂ ဒသမ ၄၁၇ ဘတ်နှုန်းထက် တန်ဖိုးမြင့်မားခဲ့သည်ကို တွေ့ရသည်။

**စံမီအောင်**

C B BANK

# INTERNATIONAL TRADE SERVICES

## နိုင်ငံတကာ ကုန်သွယ်ရေး ဝန်ဆောင်မှု

### Import Services
### သွင်းကုန်ဝန်ဆောင်မှု

- ငွေလွှဲစာတမ်းဖွင့်လှစ်ခြင်း/ ပြင်ဆင်ခြင်း။
- ငွေလွှဲစာတမ်း အတွက် ငွေပေးချေခြင်း။
- ကောက်ခံရေးစနစ် (DP/DA) ဖြင့် ရောက်ရှိလာသော သွင်းကုန်ပစ္စည်းဗိုးအား ပေးချေခြင်း။
- သဘောတင်စာရွက်စာတမ်း အာမခံ ထုတ်ပေးသော ဝန်ဆောင်မှု။
- ပြည်တွင်း ငွေလွှဲစာတမ်းဖွင့်လှစ်ခြင်း။
- ကုန်ရောင်းငွေလွှဲစာတမ်းပေါ် အခြေခံ၍ ကုန်ဝယ်ငွေလွှဲ စာတမ်းအားပြန်လည် ဖွင့်လှစ်ပေးခြင်း။

### Export Services
### ပို့ကုန်ဝန်ဆောင်မှု

- ငွေလွှဲစာတမ်းနှင့် ငွေလွှဲစာတမ်းပြင်ဆင်ခြင်းအား အကြောင်းကြားပေးခြင်း။
- ငွေလွှဲစာတမ်းအတွက် ငွေတောင်းခံခြင်း။
- ကောက်ခံရေးစနစ် (DP/DA) ဖြင့် ပေးပို့သော ကုန်ပစ္စည်းများအတွက် ငွေတောင်းခံခြင်း။
- ကြိုတင်ရငွေ/ ပို့ကုန်ငွေလွှဲအားထည့်သွင်းပေးခြင်း။
- လွှဲပြောင်းနိုင်သော ငွေလွှဲစာတမ်း ဖွင့်လှစ်ခြင်း။

### Export/Import Financing
### ပို့ကုန်/သွင်းကုန် ငွေကြေးထောက်ပံ့မှု

**ပို့ကုန် ငွေကြေးထောက်ပံ့မှု**
**( Export Financing )**

- ကုန်ပစ္စည်းဝယ်ယူထုတ်လုပ်ရန် ကြိုတင်ငွေ ထုတ်ယူခြင်း။
- ကုန်တန်ဖိုး ငွေတောင်းခံလွှာပေါ်တွင် ချေးငွေထုတ်ယူခြင်း။
- ဆိုင်းငံ့ကာလစနစ် ထုတ်ကုန်ငွေလွှဲစာတမ်းပေါ်တွင် သဘောတင်စာရွက်စာတမ်းများ ဝယ်ယူခြင်း။
- ကောက်ခံရေးစနစ် (DP/DA) ဖြင့် ကုန်ပစ္စည်းတင်ပို့သော စာရွက်စာတမ်းများ ဝယ်ယူခြင်း။

**သွင်းကုန် ငွေကြေးထောက်ပံ့မှု**
**( Import Financing )**

- ယုံကြည်မှုဖြင့် ဝယ်ယူထားသောကုန်ပစ္စည်းအတွက် အချိန်ပိုင်း ချေးငွေ ထုတ်ပေးခြင်း။
- သွင်းကုန် ငွေတောင်းခံလွှာ ပေါ်တွင် ချေးငွေထုတ်ပေးခြင်း။
- ကောက်ခံရေးစနစ် (DP/DA) ပေါ် အခြေခံ၍ အချိန်ပိုင်း ချေးငွေဖြင့် ငွေပေးချေခြင်း။
- ကုန်ရောင်းသူ၏ အကြွေးစနစ်ပေါ်တွင်ငွေလက်ငင်းရရှိရန် ကြားခံဘဏ်များမှ ချေးငွေထုတ်ပေးခြင်း။

### International Remittance
### အပြည်ပြည်ဆိုင်ရာ ငွေလွှဲဝန်ဆောင်မှု

- ပြည်ပမှ ငွေလွှဲများဝင်ရောက်ခြင်း။
  ( Inward Remittance )
- ပြည်ပသို့ ငွေလွှဲများ ပေးပို့ခြင်း။
  ( Outward Remittance )



Call Centre : (+95) **1 231 777 0**

Contact Us : (95-1) 2317698, (95-9) 261997208
www.cbbank.com.mm
STU@cbbank.com.mm


GALANZ™
Classic
Adore
Whitening
hand & body cream
GALANZ™
Eau De Toilette
50ml
Whitening Talcum
100gm
BRIGHT BEAUTY TRADING CO.,LTD.
• No.60, OhnPin Street, KyeeMyinDaing Township, Yangon. Tel:(+95)-1-514392, 524714, 525687.
• No.26,11th Rd, Bet; 77th x 78th St, AungMyayTharZan Township, Mandalay.
Tel:(+95)-2- 4069432, (+95)-9-799630617, 402546345, 402546346.

# COMMERCE INTERNATIONAL

## ပြည်တွင်းဈေးနှုန်းအား ထိန်းညှိရန်အတွက် ပြောင်းဖူးစေ့တန်ချိန် တစ်သန်း တင်သွင်းရန် အိန္ဒိယအစိုးရ စဉ်းစားနေ

ပြည်တွင်း၌ ကုန်စည်ပြတ်လပ်မှုမရှိစေရန်နှင့် ဈေးနှုန်းမြင့်တက်လာခြင်းကို ထိန်းညှိရန်တို့အတွက် မျိုးရိုးပြုပြင်မထားသည့် ပြောင်းဖူးစေ့ (Non-genetically modified maize) တန်ချိန် (၁) သန်းခန့်အား သွင်းကုန်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခွင့်ပြုရေး လုပ်ငန်းရှင်များ၏ လိုလားချက်ကို အိန္ဒိယအစိုးရက အပြုသဘောဖြင့် စဉ်းစားသုံးသပ်နေကြောင်း သိရှိရပါသည်။

ပုံမှန်အားဖြင့်မူ အိန္ဒိယသည် ပြောင်းဖူးစေ့တင်ပို့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပြီးခဲ့သည့် ၂ နှစ်အတွင်း၌လည်း အဆိုပါသီးနှံအား တင်သွင်းခဲ့ခြင်းမရှိကြောင်း၊ လက်ရှိတွင်မူ ပြည်တွင်း၌ ယင်းသီးနှံ နည်းပါးနေသည့်အတွက် တန်ချိန် ၁ သန်း တင်သွင်းရန် လိုအပ်နေကြောင်းကို ကူးသန်းရောင်းဝယ်ရေးဝန်ကြီးထံ အသိပေးတင်ပြထားပြီးဖြစ်ကာ အစိုးရအနေဖြင့် အဆိုပါတင်ပြချက်အား အပြုသဘောဖြင့် စဉ်းစားမည်ဖြစ်ကြောင်းအား ပြည်ထောင်စုဝန်ကြီးက အခိုင်အမာ ပြောထားပြီးဖြစ်သည်ဟု Coimbatore အခြေစိုက် Suguna Holdings ၏ ဥက္ကဋ္ဌဖြစ်သူ Soundararajan က ပြောကြားထားကြောင်း သိရှိရပါသည်။

အိန္ဒိယ၌ လက်ရှိတွင် ပြောင်းဖူးစေ့တင်သွင်းမှုအပေါ် အစိုးရက သွင်းကုန်ခွန် ၆၀ ရာခိုင်နှုန်း သတ်မှတ်စည်းကြပ်လျက်ရှိရာ လုပ်ငန်းရှင်များက tariff rate quota (TRQ) အောက်မှ သွင်းကုန်ခွန် ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခွင့်ရရှိရန် လိုလားနေပြီး အစိုးရအနေဖြင့် ခွင့်ပြုပေးလိမ့်မည်ဟု လုပ်ငန်းရှင်များက မျှော်လင့်နေကြောင်း၊ အိန္ဒိယသည် ၂၀၁၆ ခုနှစ်တွင် TRQ ခေါင်းစဉ်အောက်မှ ပြောင်းဖူးစေ့တန်ချိန် ၂၂၅၀၀၀ ခန့် တင်သွင်းခဲ့ကြောင်း သိရှိရပါသည်။



၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် အိန္ဒိယနိုင်ငံ Maharashtra ပြည်နယ်၌ ပြောင်းဖူးစေ့ဈေးနှုန်းမှာ ၁ ကွင်တယ်လျှင် ၁၈၄၁ ဒသမ ၅၅ ရူပီးထိရှိလာပြီး နိုဝင်ဘာ ၂၁ ရက်တွင် ရှိခဲ့သည့် ဈေးနှုန်း ၁၅၄၉ ဒသမ ၄ ထက် ၁၈ ဒသမ ၈၅ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း၊ ယင်းနှုန်းထားသည် လွန်ခဲ့သည့် နှစ်နှစ်ခန့်က ပြည်တွင်း၌ ပြောင်းဖူးစေ့ နည်းပါးချိန်၌ ဖြစ်ပေါ်ခဲ့သည့် ဈေးနှုန်းဖြစ်ကြောင်း သိရှိရပါသည်။

အိန္ဒိယတွင် တိရစ္ဆာန်အစာအဖြစ် ပြောင်းဖူးစေ့ကို အဓိကအသုံးပြုကြရာ တိရစ္ဆာန်အစားအစာလိုအပ်ချက် စုစုပေါင်းပမာဏ၏ ၅၅-၆၅ ရာခိုင်နှုန်းထိရှိကြောင်း၊ ၎င်း၏ နောက်တွင် အဓိကအသုံးပြုသည့် တိရစ္ဆာန်အစားအစာပစ္စည်းမှာ soya meal ဖြစ်ပြီး ၂၅-၃၀ ရာခိုင်နှုန်းထိ ပါဝင်ကြောင်း၊ သို့ဖြစ်၍ ပြည်တွင်း၌ ပြောင်းဖူးစေ့ရရှိနိုင်မှု နည်းပါးနေပြီး ဈေးနှုန်းကြီးမြင့်နေမှုအားရေတိုဖြေရှင်းနိုင်ရေး ပြည်ပမှ တင်သွင်းခွင့်ပြုရန် အစိုးရအား တောင်းဆိုထားကြောင်း၊ သို့ရာတွင် ပြည်တွင်း၌ မွေးမြူရေးကဏ္ဍသည်လည်း နှစ်စဉ် ၆-၈ ရာခိုင်နှုန်းဖြင့် တိုးတက်နေသည့်အတွက် ပြောင်းဖူးစေ့ ထုတ်လုပ်မှုတိုးမြင့်လာစေရေး ရေရှည်အစီအမံ၊ ဖော်ဆောင်မှုများကို အစိုးရအနေဖြင့် ဖော်ဆောင်ရန် ၎င်းတို့က လိုလားသည်ဟု Compound Feed Manufacturers Association ၏ အမှုဆောင်ဒါရိုက်တာ Raghavan Sampathkumar က ပြောကြားထားကြောင်း သိရှိရပါသည်။

အစိုးရက ထုတ်ပြန်ထားသော အချက်အလက်များအရ ယခုနှစ် kharif ရာသီပြောင်းဖူးစေ့ထုတ်လုပ်မှုပမာဏမှာ ယခင်နှစ်ထက် မြင့်မားကြောင်း၊ ထို့ပြင် လက်ရှိစိုက်ပျိုးဆဲကာလဖြစ်သည့် rabi ရာသီတွင်လည်း ပြောင်းဖူးစိုက်ဧကမှာ လျော့ကျခြင်းမရှိကြောင်း၊ စက်တင်ဘာလတွင် အစိုးရက ထုတ်ပြန်ထားသည့် First advance estimates of kharif production အရ လက်ရှိ ၂၀၁၈-၂၀၁၉ ရာသီတွင် ပြောင်းဖူးစေ့တန်ချိန် ၂၁ ဒသမ ၄၇ သန်းခန့် ထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းထားပြီး၊ ပြီးခဲ့သည့်နှစ်တွင်မူ တန်ချိန် ၂၀ ဒသမ ၂၄ သန်းသာ ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ သို့ဖြစ်၍ ယင်းခန့်မှန်းပမာဏမှာ ပြီးခဲ့သည့် ၅ နှစ်အတွင်း ပျမ်းမျှထုတ်လုပ်နိုင်သည့် ပမာဏထက် တန်ချိန် ၄ ဒသမ ၄ သန်းကျော်မြင့်မားနေကြောင်း၊ လုပ်ငန်းရှင်များကမူ ယခုနှစ် ပြည်တွင်း၌ ပြောင်းဖူးစေ့ ထုတ်လုပ်နိုင်မှုပမာဏသည် ယခင်နှစ်ထက် လျော့နည်းမည်ဟု ခန့်မှန်းထားကြောင်း သိရှိရ ပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့။**

## ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀ ဖိုးအထိတင်ပို့နိုင်ရန် လျာထားသည့် ပထမဆုံးသော စိုက်ပျိုးရေးပို့ကုန်မူဝါဒကို အိန္ဒိယကက်ဘိနက် အတည်ပြု

အိန္ဒိယနိုင်ငံ၌ လယ်ယာပို့ကုန်ကဏ္ဍသည် တစ်နှစ်အတွင်း ၂၀ ရာခိုင်နှုန်းအထိ တိုးမြင့်လာခဲ့ရာ လက်ရှိတွင် စိုက်ပျိုးရေးပို့ကုန် ပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀ ဝန်းကျင်ခန့်ရှိမည်ဟု ခန့်မှန်းကြောင်း၊ သို့ဖြစ်၍ အစိုးရသည် နိုင်ငံ၏စိုက်ပျိုးရေးပို့ကုန် ပမာဏအား ၂၀၂၂ ခုနှစ်တွင် လက်ရှိပမာဏထက် နှစ်ဆခန့် အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀ ဖိုးအထိ တိုးမြှင့်နိုင်ရန် ရည်ရွယ်ကာ လယ်ယာကဏ္ဍအတွက် ပထမဆုံးသော ပို့ကုန်မူဝါဒတစ်ခုကို ဒီဇင်ဘာ ၇ ရက်က အတည်ပြုခဲ့ကြောင်း သိရှိရပါသည်။



အဆိုပါ မူဝါဒအရ အိန္ဒိယအစိုးရသည် အော်ဂဲနစ်နှင့်ပြုပြင်ပြီးစိုက်ပျိုးရေး ထွက်ကုန်အားလုံးတင်ပို့မှုအပေါ် တားဆီးပိတ်ပင်ကန့်သတ်ခြင်းများ မရှိ (no restrictions) တော့ကြောင်း၊ သို့ရာတွင် ကြက်သွန်နီကဲ့သို့သော အခြေခံစိုက်ပျိုးရေး ထွက်ကုန်များအတွက် ပို့ကုန်မူဝါဒကိုမူ ဈေးနှုန်းနှင့် ကုန်စည်ရရှိမှုအခြေအနေကိုမူတည်၍ ကိစ္စရပ်တစ်ခုချင်းစီအလိုက် အခါအားလျော်စွာ ပြန်လည်သုံးသပ်ဆန်းစစ် သွားမည်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံ သည်စိုက်ပျိုးရေးထွက်ကုန်များ အဓိကထုတ်လုပ်နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း အဆိုပါထုတ်ကုန်များအတွက် ပို့ကုန်မူဝါဒ မရှိခဲ့ကြောင်း၊ သို့ဖြစ်၍ အစိုးရသည် နိုင်ငံ၏ ပထမဆုံးသော စိုက်ပျိုးရေးပို့ကုန်မူဝါဒ "Agriculture Export Policy,2018"ကို ရေးဆွဲအတည်ပြုခဲ့ကြောင်း၊ ၎င်းမူဝါဒသည် တောင်သူလယ်သမားများ ဝင်ငွေနှစ်ဆတိုးလာစေရေး ရည်မှန်းဆောင်ရွက်နေသည့် အစိုးရအား များစွာအထောက်အကူပြုစေမည်ဖြစ်ကာ လက်ဖက်၊ ကော်ဖီနှင့်ဆန်စသည့် စိုက်ပျိုးရေးထွက်ကုန်များ တိုးမြှင့်တင်ပို့နိုင်ရန်နှင့် ကမ္ဘာ့စိုက်ပျိုးရေးထွက်ကုန်ကုန်သွယ်မှုပမာဏတွင် အိန္ဒိယ၏ရှယ်ယာတိုးလာစေရေး ရည်ရွယ်ထားကြောင်း သိရှိရပါသည်။

ယင်းမူဝါဒတွင် စိုက်ပျိုးရေးပို့ကုန်နှင့်သက်ဆိုင်သည့် ရှုထောင့်ပေါင်းစုံကို အဓိကထားပြီး အခြေခံအဆောက်အဦများ ခေတ်မီစေရေး၊ ထုတ်ကုန်စံသတ်မှတ်ချက်များ ခေတ်နှင့်လျော်ညီစေရေး၊ မူဝါဒများ ပြေပြစ်သွက်လက်ရေး၊ တွေးတောကြံဆမှုမရှိသည့် ဆုံးဖြတ်ချက်များ လျှော့ချရေးနှင့် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းတို့အပေါ် အလေးထားဆောင်ရွက်ရေး ပါဝင်ကြောင်း၊ ၎င်းမူဝါဒအား ဖော်ဆောင်ရန်အတွက် သုံးစွဲမည့်ဘဏ္ဍာငွေပမာဏမှာ ရူပီးကုဋေ ၁၄၀၀ ကျော်ဖြစ်ပြီး၊ ဈေးကွက်ရရှိရေး၊ ပို့ကုန်တင်ပို့ရာ၌ ကြုံတွေ့လာရသည့် အတားအဆီးများ ကိုင်တွယ်ရှင်းလင်းခြင်း၊ ပိုးသတ်မှိုင်းတိုက်ခြင်းဆိုင်ရာ ကိစ္စရပ်များ ချိတ်ဆက်ဆောင်ရွက်မည့် အဖွဲ့အစည်းတစ်ရပ်ကိုလည်း စီစဉ်ထားရှိမည်ဖြစ်ကြောင်း၊ ထိုမျှသာမက ပို့ကုန်အမယ်နှင့် တင်ပို့မည့်နိုင်ငံ တိုးလာစေရန်နှင့် တန်ဖိုးမြင့်ထုတ်ကုန်များ၊ တန်ဖိုးမြင့်ထုတ်ကုန်များ တိုးလာစေရေးတို့ ဆောင်ရွက်ရန် ယင်းမူဝါဒက ရည်ရွယ်ထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့။**

Don't use plastic and Be fantastic
ပတ်ဝန်းကျင် သာယာလှပစေရေး
ပလတ်စတစ်သုံးစွဲမှုကို ဆန့်ကျင်ပေး။